
www.burmeseclassic.com



www.burmeseclassic.com

စီစဉ်သူ ။ ကိုတင်ထွန်း

■

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဇန်နဝါရီလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Eagle*

■

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန်
(ဖြိုးဝေလျှံပုံနှိပ်တိုက်) (၀၀၂၃၈)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

■

ထုတ်ဝေသူ
ဦးတင်ထွန်း (မြဲ) (၀၀၄၃၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■

တန်ဖိုး - ၂၀၀၀ ကျပ်

၉၅၅. ၈၃
သိန်းဝင်း၊ ထောင်မှူးကြီး
ထောင်နှင့်အရေးအခင်း/ထောင်မှူးကြီးသိန်းဝင်း။ -ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၃၂-စာ ၊ ၁၃ စင်တီ × ၂၀. ၅ စင်တီ။
(၁) ထောင်နှင့်အရေးအခင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ထောင်ဆိုသည်မှာ | ၁ |
| ၂။ | အလုပ်စဝင်စဉ်က အင်းစိန်ထောင် | ၂၂ |
| ၃။ | ၁၉၈၆ခုနှစ် ကော့သောင်း ဆီအုန်းစခန်းမှ မိခင် အင်းစိန်ဗဟို အကျဉ်းထောင်သို့ ပြန်လည်ဝင်ရောက်စ အခြေအနေ | ၄၂ |
| ၄။ | အကျဉ်းဦးစီး သနွေ့မတွေ့ ပြင်ပမှ ဝင်ရောက်လာကြသည့် မိုးကျရွှေကိုယ်များကြောင့် ထောင်စည်းကမ်း ပျက်စီးခြင်းအစ | ၇၁ |
| ၅။ | ၁၉၈၈ ခုနှစ်၊ အရေးအခင်းစတင်ခြင်း | ၈၅ |
| ၆။ | သာယာဝတီထောင်သို့ စင်းလုံးငှားရထားကြီးဖြင့် အချုပ်သား (၄၀၀)ပို့ဆောင်ရခြင်း။ | ၉၆ |
| ၇။ | အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး မီးလောင်ခြင်း | ၁၂၇ |
| ၈။ | ၁၉၈၈ ခုနှစ် အရေးအခင်းပြီးနောက်အခြေအနေ | ၁၃[illegible] |
| ၉။ | သုံးကျောင်းပြောင်းသော ဘုန်းကြီး | ၁၉၃ |
| ၁၀။ | နိဂုံးပိုင်း | ၂၂၅ |


www.burmeseclassic.com

www.burmeseclassic.com

# ကျေးဇူးတင်ရှိခြင်း

၁။ ကျွန်တော့်ထံသို့ မန္တလေးမြို့မှ ထောင်ပိုင်ကြီးဦးစိန်ဌေး (အငြိမ်းစား ထောင်အရာရှိတစ်ဦး) က တကူးတက ပေးပို့လာသော 'ကျွန်တော်နှင့် နှစ်လေးလုံးကာလ အင်းစိန်ထောင်' ဟူသော ဆောင်းပါးပေါင်းချုပ် စာအုပ် အတွက် အထူးပင် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း။

၂။ ကျွန်တော်ရေးသားသော ဤ 'ထောင်နှင့်အရေးအခင်း' ဟူသော စာအုပ်မှာလည်း ထောင်ပိုင်ကြီး ဦးစိန်ဌေးနှင့်အတူ အင်းစိန်ထောင်၌ တာဝန် ထမ်းဆောင်ခဲ့စဉ်ကာလ ကိုယ်တွေ့ခံစားခဲ့ရသော အဖြစ်အပျက်အမှန်များ ဖြစ်ပါကြောင်း။

ထော်မှူးကြီးသိန်းဝင်း

# စာရေးသူ၏ အမှာစာ

အရေးအခင်းဟူသည်မှာ လူစုလူဝေးဖြင့် ဆူပူအုံကြွသည့် လှုပ်ရှား ဖြစ်သည်။ အင်အားကောင်းပြီး လူစုလူဝေးများလာသည်နှင့်အမျှ ထိန်း နိုင် သိမ်းမရ ပေါက်ကွဲမှုဖြစ်တော့သည်။ ကျွန်တော်တို့ ငယ်စဉ်ကပင် ချက်–မြန်မာအရေးအခင်း၊ အလုပ်သမားအရေးအခင်း၊ ကျောင်းသား အရေးအခင်းများကို ကြုံခဲ့ရသည်။ တက္ကသိုလ်ကျောင်းသားဘဝရောက် တော့ ၁၉၆၂၊ တက္ကသိုလ် ရွှေရတုသဘင်အရေးအခင်း၊ ဦးသန့်အရေးအခင်း တို့ကို ကြုံခဲ့သည်။

အကျဉ်းဦးစီးဌာနရောက်တော့လည်း ဖုန်းမော်အရေးအခင်းနှင့် ဆက်ပြီး ၁၉၈၈ ခုနှစ်၊ တစ်ပြည်လုံး ဆူပူကြသည်။ အရေးအခင်းကြီး ကိုယ်တိုင် ကြုံတွေ့ခဲ့ရပါတော့သည်။ ဆူပူအုံကြွသော အရေးအခင်းဟူ သည်မှာ လွန်စွာကြောက်စရာကောင်းလှသည်။ လူတစ်စုမှ စတင်ရာက များသွား တစ်တိုင်းပြည်လုံး ပျံ့နှံ့ကူးစက်သွားတော့သည်။

www.burmeseclassic.com

အရေးအခင်းကို ရန်ကုန်မြို့မှ စသည်က များသည်။ ရန်ကုန်မြို့တွင် မွေးပြီး ရန်ကုန်မြို့တွင် နေထိုင်ကြီးပြင်းရသော စာရေးသူအနေဖြင့် အရေးအခင်း ဆူပူအုံကြွမှုပေါင်းစုံ ကြုံတွေ့ရဖူးသော်လည်း မရိုးနိုင်ပါ။ တစ်ခုနှင့်တစ်ခု မတူပါ။ လွန်စွာ ကြောက်စရာကောင်း၍ သင်ခန်းစာ ယူစရာ ကောင်းလှပါသည်။

ယခင် အရေးအခင်းများက ကောက်ရိုးမီးလို ဟုန်းခနဲ ထလောင်၍ တုတ်ခနဲ ငြိမ်းသည်။ ရက်ပိုင်းလောက်သာဖြစ်သည်။ ၁၉၈၈ ခုနှစ်၊ တစ်တိုင်းပြည်လုံး ဆူပူအုံကြွသည့် အရေးအခင်း၊ လူထု အုံကြွမှုကတော့ ရက်ပိုင်းမဟုတ်၊ လနှင့်ချီ၍ကြာသည်။ ကိုယ်တိုင်လည်း ထဲထဲဝင်ဝင် ပါဝင်ခဲ့ရသောကြောင့် ကြုံတွေ့ခဲ့ရသမျှသော လူထုအုံကြွမှုအရေးအခင်းများထဲတွင် အကြီးမားဆုံးနှင့် ကြောက်စရာအကောင်းဆုံး အရှည်ကြာဆုံးသော အရေးအခင်းကြီးဟု မှတ်တမ်းတင်လိုပါသည်။

ထို့ကြောင့် ၁၉၈၈ခုနှစ်က ဖြစ်ပွားခဲ့သော အရေးအခင်းကြီးမျိုး နောင်တွင် မဖြစ်ပွားစေရန်အတွက် အုပ်ချုပ်သူရော အုပ်ချုပ်ခံလူတန်းစားပါ သင်ခန်းစာ ယူစေနိုင်ရန် ကိုယ်တွေ့ကြုံခဲ့ရသော ဤအဖြစ်အပျက်များကို ရေးသားဖော်ပြ၍ မှတ်တမ်းတင်ခြင်းဖြစ်သည်။

ဖောင်မြူးကြီးသိန်းဝင်း

## “ထောင်သို့သည်မှာ”

❑

ဝေါ်ကြီး (ဂ)ထပ်သည် ကျွန်ုပ်တို့ နေထိုင်ကြသော မဟာပထဝီ မြေကြီး၏အောက် အဆင့်ဆင့်တွင် တည်ရှိကြသည်။ အထူးသဖြင့် မဟာအဝီစိငရဲသည် အနက်ရှိုင်းဆုံး အောက်ထပ်တွင် တည်ရှိသည်ဟု ဆိုသည်။ ဝေါ်ကြီး (ဂ)ထပ်၏ ငရဲခန်းများကို တည်ဆောက်ရာတွင် နေမိဖာတ်တော်၌ ဥပမာပြ၍ ဖော်ပြထားသော်လည်း တကယ်တမ်းတော့ အဆန်းတကြယ် အံ့ဩဖွယ်ရာ ကောင်းလှသည်။

ဝေါ်ကြီး (ဂ)ထပ်တို့၏ မြို့တံတိုင်းက သံဖြင့် အတိပြီးသည်။ တံတိုင်းအထူက (၉)ယူဇနာရှိသည်။ တစ်မျက်နှာလျှင် တံခါးလေးပေါက်ရှိသည်။ မြို့အတွင်း မြေပြင်ကလည်း သံဖြင့်ပြီး၏။ မြို့အလျားအနံအားဖြင့် (၁၀၀)ယူဇနာရှိသည်။ မီးလျှံက ကမ္ဘာပျက်သည့်တိုင်အောင် တည်၏။

ငရဲခန်းတို့၏ တည်နေရာနှင့် အနေအထားမှာ စိတ်ဝင်စားဖွယ်ကောင်းလှသည်။ နေမိဖာတ်တော်ထဲပါ ငရဲခန်းများ အစိုင်အခဲနှင့် ဆောက်

www.burmeseclassic.com



တည်ပုံမှာ လူ့လောကရှိ 'ထောင်'ပုံသဏ္ဌာန်များအတိုင်း တည်ရှိနေခြင်းဖြစ်သည်။ ငရဲခန်းတို့၏ တံတိုင်းမှာ သံဖြင့် အတိပြီးသော်လည်း လူ့လောကရှိ 'ထောင်'များ၏ တံတိုင်းမှာ အုတ်၊ အင်္ဂတေတို့ဖြင့်ပြီး၍ အတွင်းအကျဉ်းခန်းများကတော့ သံတို့၊ သစ်တို့၊ အင်္ဂတေတို့ဖြင့် ပြီးလေသည်။ ငရဲခန်းများက လေးထောင့်ချည်းနှင်နှင်ပြီးသလို မျက်မှောက်ခေတ်ထောင်များမှာလည်း လေးထောင့်စပ်စပ်ပုံစံများသာ ဖြစ်ကြသည်။

ထို့ကြောင့် လူသားများက ထောင်အခန်းများနှင့် ငရဲခန်းများကို နှိုင်းနှိုင်းဆမ္မကြသည်။ ထောင်သားနှင့် ငရဲသားတို့ကို ပုံနှိုင်းပြဆိုကြသည်။ ငရဲခန်းက ဖြစ်ရပ်များနှင့် ထောင်အတွင်းက ဖြစ်ရပ်များကို ချိန်ထိုးကြည့်ကြသည်။ အကျဉ်းထောင်ဟူသည် ငရဲခန်းကို အတုယူပါသလော။ ငရဲမကြောက်သူသည် ထောင်ကိုလည်း မကြောက်ပါသလော။ မျက်မှောက်ခေတ်ထောင်များသည် အဘယ်ကြောင့် နေမိဇာတ်တော်ထဲမှ ငရဲခန်းတည်ဆောက်သည့်ပုံစံဖြင့် တူညီနေပါသနည်း။

သီရိမ္ဗာအသောကရာဇာမင်းကြီးသည် သာသနာပြုမင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်။ အလှူအတန်းရက်ရောသော မင်းမြတ်တစ်ပါးလည်းဖြစ်သည်။ သီရိဓမ္မာသောကမင်းကြီး၏ ကောင်းမှုကုသိုလ်များမှာ ယနေ့တိုင်အောင် တည်ရှိနေပေသည်။ နေမိမင်းကြီးမှာ ဒါနနှင့်သီလအကျိုးကြောင့် သက်ရှိထင်ရှား နတ်ပြည်သို့ သွားရောက်လည်ပတ်ရင်း သိဦးငရဲပြည်ကြီးကိုပါ ရောက်ရှိခဲ့၏။ ယခု သီရိဓမ္မအသောကရာဇာမင်းကြီးကတော့ ဘုန်းကြီးသော ဘုရင်တစ်ပါး ဖြစ်တော်မူသည်နှင့်အညီ မိမိပိုင်ဆိုင်အုပ်ချုပ်တော်မူသော နယ်မြေဒေသအသီးသီးကို လှည့်ပတ်ကြည့်ရှုတော်မူရင်း တောင်တန်းကြီးနှစ်ခုအကြား၌ သံဖြင့်ပြီးသော နံရံတံတိုင်းကြီးကဲ့သို့ ဝန်းဝိုင်းကာရံလျက် အပြစ်ရှိသော သူများကို အပြစ်ဒဏ်ခံစေသော ငရဲကို တွေ့မြင်ခဲ့ရလေသည်။

တရုတ်လူမျိုး ဗုဒ္ဓဘာသာ ရဟန်းတော် ဖာဟိန်း၏ မဇ္ဈိမဒေသဘုရားဖူးခရီးစဉ်စာအုပ်တွင် အထက်ပါအတိုင်း အစပြုထားသည်။ ဤနေရာတွင် တောင်တန်းကြီး နှစ်ခုကြား၌ သီရိဓမ္မာသောကရာဇာမင်းကြီး မြင်တော်



မူခဲ့သော ငရဲခန်းမှာ အကြောင်းအားလျော်စွာ မျက်မှောက်ခေတ်ထောင်များ၏ ပုံစံဖြင့် တူညီနေသည်ကို အံ့ဩဖွယ် တိုက်ဆိုင်စွာ တွေ့ရလေသည်။ ထို့ကြောင့် မင်းကြီးက မေးတော်မူရာ ပညာရှိအမတ်တို့က ငရဲခန်းဖြစ်ကြောင်း လျှောက်တင်လေလျှင် မင်းကြီးက ...

"ပါပမိစ္ဆရာဇာဘုရင်သည်ပင်လျှင် အပြစ်ရှိသော သူများကို အပြစ်ပေးရာ နေရာဌာနကို ပြုနိုင်စွမ်းလျှင် လူအများ၏ အရှင်သခင် ငါဘုရင်သည် တိုင်းပြည်အတွင်း၌ ဆိုးသွမ်းယုတ်မာသော သူများအတွက် အပြစ်ပေးနေရာကို အဘယ်ကြောင့် မပြုနိုင်ဘဲ ရှိပါအံ့နည်း"ဟု မိန့်တော်မူပြီး ယမမင်း၏ ငရဲခန်းအလား လူ့ပြည်တွင် 'ထောင်'တည်းဟူသော 'လောကငရဲခန်း'ကို ဆောက်လုပ်တော်မူလေသည်။

မြန်မာမင်း အုပ်ချုပ်ပုံစာတမ်းနှင့် ဘိုးတော်ဘုရား၏ ရာဇသတ်ခေါ် အမိန့်တော်ပြန်တမ်းကြီးကို ဖတ်ရှုရသည်မှာ ပျင်းရိငြီးငွေ့ဖွယ်မရှိ။ ဇာတ်နိပါတ် မဟာသမ္မတ တင်မြှောက်ခန်းဖြစ်သည်။ လူ့လောကကြီး၌ အုပ်ချုပ်မည့်သူနှင့် အုပ်ချုပ်ခံမည့်သူမရှိပါက အကွပ်မဲ့ကြမ်း ဗရမ်းဗတာဖြစ်မည်။ မဟာသမ္မတမင်းရှိမှသာ အပြစ်ရှိသူများအား မဟာသမ္မတမင်းက ဆုံးမအပြစ်ပေးနိုင်ပေလိမ့်မည်။

မကောင်းမှု ကျူးလွန်သူများအတွက် ဤဘဝမှာ 'ထောင်'၊ နောက်ဘဝမှာ 'ငရဲ'ဟု စွဲမြဲမှတ်သားကြသည်။ သို့ဖြစ်၍ ထောင်ဆိုသည်မှာ ရှိကောင်းသလော၊ မရှိကောင်းလားဟူသော အမေးကို အဖြေပေးရန် မလွယ်ကူပေ။ ထားတော့ ထောင်ဆိုသည်မှာ 'မရှိမကောင်း၊ ရှိမကောင်းသည့်'အရာဖြစ်သည်။ ထောင်ရှိတာ မကောင်းပါဘူးဟု ဆိုငြားသော်လည်း ကမ္ဘာနိုင်ငံတိုင်း၌ ခေတ်အဆက်ဆက်တွင် 'ထောင်'တွေ ရှိကြပါသည်။

ထောင်ဆိုတာ မကောင်းပါဘူးဟု ပြောရတာ လွယ်ကူပါသည်။ ထောင်စနစ်နှင့် ထောင်များကို အပြီးအပိုင် ဖျက်သိမ်းပစ်ဖို့ကျတော့ လွန်စွာခက်ခဲသော ကိစ္စဖြစ်သည်။ လောလောဆယ် အခြေအနေတွင် အရှင်းရှင်းနှစ်မှာရော ဆိုရှယ်လစ်စနစ်မှာပါ အကျဉ်းထောင်စနစ်ကို အပြီးအပိုင်

www.burmeseclassic.com

www.burmeseclassic.com



ဖျက်သိမ်းပစ်ဖို့ကို မစွမ်းသာဘဲ ရှိလေသည်။ ပြီးတော့ ထောင်ဆိုတာ သံသရာလည်တတ်ပါသည်။ မိမိအာဏာမိုင်သောအခါတွင် ထောင်ဆိုသည်မှာ သူတစ်ပါးအတွက်ဖြစ်သည်။ တစ်ဖန် မိမိ အာဏာလက်မဲ့ဖြစ်သောအခါတွင်မူ ထောင်သည် မိမိအတွက် ဖြစ်နေတတ်ပြန်သည်။

ထို့ကြောင့် လူနှင့်ငရဲသည် ကွေကွင်းနိုင်မည်မဟုတ်သလို 'ထောင်နှင့်လူသား'သည်လည်း ရှောင်ရှားရန်မရ ဖြစ်နေတတ်ပေသည်။ သာမန်လူတွေ ဆိုထားနှင့် ရှင်ဘုရင်တွေ၊ မိဖုရားတွေ၊ မှူးကြီးမတ်ရာ၊ သေနာပတိတွေ၊ သူဌေး၊ သူကြွယ်၊ အနုပညာရှင်တွေလည်း ထောင်နှင့်မကင်းကြချေ။ ဥပမာပြရလျှင် ထောင်ထဲရောက်ခဲ့ကြသည့် ဘုရင်များအနက် ဗိမ္ဗိသာရမင်းကြီး၏ အဖြစ်အပျက်မှာ ကြေကွဲစရာအကောင်းဆုံးဖြစ်သည်။

ထီးနန်းကိစ္စကြောင့် အာဏာကိစ္စကြောင့် အခြားသော ရှင်ဘုရင်မင်းညီမင်းသားများလည်း ထောင်ထဲရောက်ရှိခဲ့ကြ၏။ ဗိမ္ဗိသာရမင်းကြီးကတော့ သားတော် အဇာတသတ်ကို ထီးမွေနန်းမွေ လွှဲပြောင်းပေးပြီးမှ ထောင်နန်းစံရရှာသည်။ ထောင်ထဲသို့ ရောက်ပြန်တော့လည်း ကောင်းစွာမနေရ။ သူမတူအောင် မိမိသားအရင်း၏ နှိပ်စက်ညှင်းပန်းမှုကို ခံရပြန်လေသည်။ နောက်ဆုံး အကျဉ်းထောင်အတွင်း၌ပင် နတ်ရွာစံ ကံတော်ကုန်ရှာလေသည်။

ထောင်အခန်းဆိုသည်မှာ ကျဉ်းသည်၊ ကျပ်တည်းသည်။ မိမိနေထိုင်ခဲ့သော အိမ်ခန်းမဟုတ်၊ ထောင်ထဲ၌ အထူးသဖြင့် တိုက်ခန်းထဲ၌ အမှောင်ထုက လွှမ်းနေသည်။ ဇေကောင်းလေသန့်မရ။ ဆိုးဝါးသော အနံ့ပေါင်းစုံက လွှမ်းနေသည်။ ထို့ကြောင့် ထောင်အခန်းကျဉ်းထဲ၌ နေရစဉ် ဗုဒ္ဓ၏ ဓာရားတော်ကို နှလုံးသွင်းရင်း ကမ္မဋ္ဌာန်းထိုင် ဝိပဿနာတရားမှားများခြင်းကသာ ကိုယ်စိတ်နှစ်ပါး ချမ်းသာရာ ရပေလိမ့်မည်။ အကြောင်းအမျိုးမျိုးကြောင့် ခေတ်တိုင်းခေတ်တိုင်း အလုပ်သမားများ၊ သာမန်လူတွေလည်း ထောင်ထဲရောက်ကြသည်။

စာရေးဆရာများ၊ သတင်းစာဆရာများလည်း ထောင်ထဲရောက်ကြသည်။ ဤဖြစ်ရပ်များသည် နိုင်ငံတိုင်း၌ ရှိနေခဲ့သော ရှိနေဆဲဖြစ်သော ရှိနေဦးမည်ဖြစ်သော ဖြစ်ရပ်လည်းဖြစ်သည်။ မဆန်းသော ဖြစ်ရပ်တစ်ခုသာဖြစ်ပေသည်။ အင်္ဂလန်နိုင်ငံတွင် သေဒဏ်သေမိန့်ကို ပယ်ဖျက်ခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း ယခုအခါတွင်မူ လူအများအပြားကို သေစေသော ရာဇဝတ်မှုများ၊ လူသတ်မှုများ၊ ကျူးလွန်နေကြသဖြင့် သေဒဏ်ကို ပြန်လည်ထားသင့်မထားသင့် စဉ်းစားနေရသော ဘဝသို့ ရောက်ရှိနေလေသည်။



မြန်မာနိုင်ငံတွင် သေဒဏ်၊ သေမိန့်နှင့် ပတ်သက်၍ သေနတ်ဖြင့် ပစ်ခတ်စီရင်ခြင်း၊ အဆိပ်ဓာတ်ငွေ့ဖြင့် စီရင်ခြင်း၊ လျှပ်စစ်ကုလားထိုင်ဖြင့် စီရင်ခြင်းတို့ မရှိဘဲ ကြိုးစင်၊ ကြိုးဒဏ် တစ်ခုတည်းဖြင့်သာ သေဒဏ်ကို စီရင်ခြင်းဖြစ်သည်။ စာရေးဆရာ ရန်အောင်မောင်မောင်၏ ကြိုးဒဏ်စီရင်ခြင်းနှင့် ကြိုးစင်ပေါ်မှ မှတ်စုများစာအုပ်သည် ၁၉၆၆ခုနှစ်၌ စာပေဗိမာန်၏ ဝတ္ထုတိုပေါင်းချုပ် စာပေဆုရရှိခဲ့သည်။ စာပေဆု ရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်မှာ ကြိုးမိန့်ကျပြီး သူတစ်ယောက်၏ စိတ်ဝေဒနာခံစားမှုနှင့် ယင်း၏အခြေအနေကို ရေးသားထားသည်။ မှတ်စုစာအုပ်ဆိုသည့်အတိုင်း ကြိုးသမားတို့နှင့် ပတ်သက်သမျှ ထောင်တွင်းဘဝကို ဗဟုသုတဖြစ်စရွယ် သင်ခန်းစာယူဖွယ်ရာ ရေးသားထားသည်ဟု ဖော်ပြထားသည်။

အမှန်အားဖြင့် ဥပဒေအရ တာဝန်ဝတ္တရားအတိုင်း ကြိုးပေးသတ်ဖြတ်နေရသော်လည်း သက်ဆိုင်ရာ ထောင်အရာထမ်း၊ အမှုထမ်းတို့သည် ထိုကိစ္စကို များစွာစက်ဆုပ်ရွံရှာကြသည်။ ကြိုးဒဏ်ခံရသူနှင့် ကြိုးပေးရသည့်သူများမှာ တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စလည်းမရှိ၊ ခိုက်ရန်ဒေါသလည်း မဖြစ်ကြပါဘဲလျက် သွေးအေးအေးဖြင့် လူတစ်ယောက်၏အသက်ကို သတ်ဖြတ်ရခြင်းမှာ အမှန်ပင် တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ကြောင်း စာရေးဆရာ ရန်အောင်မောင်မောင်က အကျယ်တဝင့် ရေးသားတင်ပြထားသည်။ ယင်းအရေးအသား၏ ရည်ရွယ်ချက်မှာ သေဒဏ်ကို ဖျက်သိမ်းပစ်ရန် ဦးတည်ပေသည်။

နောက်တစ်ဦးမှာ စာရေးဆရာ မင်းသုဝဏ်ဖြစ်သည်။ 'ဘဝကြေး အတွေ့အကြုံများ' ဝတ္ထုတိုပေါင်းချုပ် စာအုပ်ဖြင့် ၁၉၆၄ခုနှစ်တွင် စာပေဆုရရှိခဲ့သည်။ စာရေးဆရာ မင်းသုဝဏ်သည်လည်း စာရေးဆရာ ရန်အောင်မောင်မောင်၊ မြောင်းမြမောင်ကိုတို့ကဲ့သို့ပင် ထောင်အရာရှိတစ်ဦး ဖြစ်ခဲ့သည်။

www.burmeseclassic.com



သူ၏ 'ဘဝကြေးမုံ အတွေ့အကြုံများ' စာအုပ်နှင့် ပတ်သက်၍ အချို့သော ရာဇဝတ်မှုများသည် စနစ်မကောင်းသဖြင့် ဖြစ်ပွားခဲ့ရသည်လည်း ရှိသည်။ အလုပ်သမား၊ လယ်သမားတို့၏ ပင်ကိုစိတ်ဓာတ်သည် ရိုးသား ဖြောင့်မတ်ကြသူများ ဖြစ်ကြသည်မှာ မှန်သော်လည်း ဖိနှိပ်လာသော အခြေအနေကြောင့် ယင်းတို့အား ထောင်နှုတ်ခမ်းသို့ တွန်းပို့ခဲ့ကြလေသည်။ အလားတူ စာပေဗိမာန် စာပေဆုရရှိခဲ့သော ထောင်အကြောင်းရေးသားသည့် စာအုပ်နှစ်အုပ်ရှိသေးသည်။

စာရေးဆရာ ထားဝယ်ကျော်မင်း၏ "သုံးထောင်စံ ကိုယ်တွေ့ မှတ်တမ်း"ဖြစ်ပြီး နောက်တစ်အုပ်မှာ စာရေးဆရာ ကျော်မြသန်း၏ 'သာယာဝတီထောင်မှ ငရဲခန်းများ'ဖြစ်သည်။ ယင်းစာအုပ်နှစ်အုပ်စလုံး ကိုယ်တွေ့ ထောင်နန်းစံခဲ့ရသည့် ကိုယ်တွေ့အဖြစ်အပျက်များ ဖြစ်ကြသည်။ ထားဝယ်ကျော်မင်းမှာ ဗြိတိသျှခေတ် ငြိမ်ဝပ်မှုကာကွယ်ရေးဥပဒေ (၂၆)အရ သခင်ခေါင်းဆောင်တစ်ဦးအနေဖြင့် ဖမ်းဆီးခံရခြင်းဖြစ်သည်။ ပထမ ၎င်း၏ဇာတိဖြစ်သော ထားဝယ်ထောင်၊ နောက် ပုသိမ်ထောင်သို့ ပြောင်းရွှေ့ပြီး နောက်ဆုံး ထိုခေတ်က နာမည်ကြီးသော ရွှေဘိုထောင်သို့ ရောက်ခဲ့ရသည်။

ဗြိတိသျှခေတ်တွင် ယင်းထောင်သုံးထောင်၌ ကြုံတွေ့ခံစားခဲ့ရသော ဒေါသဖြစ်စရာ၊ စိတ်ဆင်းရဲစရာ၊ ခံပြင်းစရာများကို ကိုယ်တွေ့ခံစား ရေးဖွဲ့ထားသော စာအုပ်ဖြစ်သည်။ ၁၉၆၉ခုနှစ်တွင် စာပေဗိမာန်ဆု ရရှိခဲ့သည်။ စာရေးဆရာ ကျော်မြသန်း၏ 'သာယာဝတီထောင်မှ ငရဲခန်းများ' ဝတ္ထုကတော့ လွတ်လပ်ရေးရပြီးမှ ကိုယ်တွေ့ကြုံခဲ့ရသော သာယာဝတီထောင် အကြောင်းဖြစ်သည်။ သာယာဝတီထောင်မှာ အင်းစိန်ထောင်နှင့် မန္တလေးထောင်လောက် မကြီးကျယ်သော်လည်း နာမည်ဆိုးဖြင့် ထင်ရှားကျော်ကြားသည်ကတော့ ကြီးကျယ်လွန်းလှသည်။

စာရေးဆရာ ကျော်မြသန်းသည် ယင်းစာအုပ်ဖြင့် ၁၉၇၀ ခုနှစ် စာပေဗိမာန်စာမူဆု ဆွတ်ခူးရရှိခဲ့သည်။ စာပေဆုရွေးချယ်ရေးအဖွဲ့၏ မှတ်ချက်ကတော့ လူသားချင်းချင်း နှိပ်စက်ညှင်းပန်းရာတွင် နာမည်ဆိုးဖြင့် ကျော်ကြားခဲ့သော သာယာဝတီထောင်တွင် စာရေးဆရာ ကျော်မြသန်း



ကိုယ်တိုင် အကျဉ်းကျခံခဲ့စဉ်က ကြုံတွေ့ခဲ့ရသည့် အဖြစ်အပျက်များကို မှတ်တမ်းတင်ခဲ့ခြင်းဖြစ်သည်။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးနောက် သာယာဝတီထောင်ကို နိုင်ငံရေးသမားများ ချုပ်နှောင်ထားရာ ထောင်အဖြစ် သတ်မှတ်ထားခဲ့သည်။ ယင်းစာအုပ်တွင် နိုင်ငံရေး အကျဉ်းသားများအား နှိပ်စက်ညှင်းပန်းခံရမှုများကို အသေးစိတ်ကိုယ်တွေ့ မှတ်တမ်းတင်ထားခြင်းဖြစ်သည်။ ထိုခေတ်ထိုအခါက ထောင်ထဲရောက် စာရေးဆရာများအနက် ထင်ရှားသူများမှာ (၁) သခင်နု၊ (၂) လူထုဦးလှ၊ (၃) သိန်းဖေမြင့်၊ (၄) ဗန်းမော်တင်အောင်၊ (၅)သခင်တင်မြ၊ (၆) သခင်မြသန်း၊ (၇) မြသန်းတင့်၊ (၈) သခင်ဖေမြေး (၉) မောင်နေဝင်း၊ (၁၀) ကျော်မြသန်းနှင့် (၁၁)တင်စိုးတို့ ဖြစ်ကြပါသည်။

ထိုခေတ်က သခင်နု၏ 'ရက်စက်ပါပေ့ကွယ်' ဝတ္ထုမှာ ထောင်ထဲ၌ အစအဆုံး ကိုယ်တိုင်ခံစားပြီး ရေးသားထားသော ဝတ္ထုဖြစ်၍ အတိတ်ခေတ်ထောင်တွင်းဝေဒနာကို ဖော်ကျူးရာတွင် အပီပြင်ဆုံး ဝတ္ထုဖြစ်ခဲ့သည်။ ယခုခေတ်တွင် ဖော်ပြခဲ့ပြီးသလို ထောင်နှင့်လူသားသည် အကြောင်းအမျိုးမျိုးကြောင့် မကင်းနိုင်ကြချေ။ ယခုမျက်မှောက်ခေတ်တွင် လူအများသည် ထောင်နှင့်မစိမ်းတော့။ မိသားစုဝင်ဖြစ်စေ၊ မိတ်ဆွေသင်္ဂဟ၊ ဆရာသမားသည့်ဖြစ်စေ ရောက်တတ်သဖြင့် အကျဉ်းထောင်ကို မုန်းတီးသော်လည်း ထောင်ကို စိတ်ဝင်စားကြသည်။ ရင်းနှီးကြသည်။

ထောင်ဆိုသည်မှာ တကယ်တော့ အသိပညာ၊ ဗဟုသုတသင်ခန်းစာနှင့် အတွေ့အကြုံပေါင်းစုံကိုပေးရာ ဘဝတက္ကသိုလ်ကြီးဖြစ်သည်။ ကောင်းမှု ဆိုးမှုကို အမွေပေးရာ ဌာနကြီးလည်း ဖြစ်ပေသည်။ သို့သော် ကောင်းမွေကိုတော့ ယူတတ်မှ ရပေလိမ့်မည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

□

ကျွန်တော်တို့ ငယ်စဉ်က သမိုင်းရပ်ကွက်တွင် နေထိုင်ကြသည်။ ကျွန်တော်တို့ ထိုရပ်ကွက်၌ပင် (၁၉၄၉)ခုနှစ်၌ မွေးသည်။ ကျွန်တော်တို့ခြံကြီးမှာ လွန်စွာကျယ်ဝန်းပြီး မိသားစုများ အိမ်ကိုယ်စီဖြင့် စုပေါင်းနေထိုင်ကြခြင်းဖြစ်ပါသည်။

ကျွန်တော့်ဖခင်ကြီး မိဘများကိုတော့ မမီလိုက်ပါ။ ဖခင်၏ ဇာတိမှာ မင်္ဂလာဒုံမြို့နယ် သဃန်းကျွန်းကြီးကျေးရွာ ဇာတိဖြစ်သည်။ မိခင်ကတော့ ငမိုးရိပ်ချောင်းတစ်ဖက်ကမ်းမှ မဒဆင်ဖုန်ဟူသော ကျေးရွာဇာတိဖြစ်သည်။ မိခင်နှင့် ဖခင်များမှာ လယ်သမားမျိုးရိုးများ ဖြစ်ကြပါသည်။ ဖခင်လက်ထက်တွင်တော့ အမြော်အမြင်ရှိသဖြင့် ကုန်သည်လုပ်ငန်းကို လုပ်ကိုင်သည်။

ထို့ကြောင့်လည်း မိသားစုများ တိုးတက်ကြီးပွားစေရန်အတွက်လည်းကောင်း၊ သားသမီးများ ပညာတတ်များ ဖြစ်စေရန်ဟူသော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ သဃန်းကျွန်းကြီးရွာမှ ရန်ကုန်မြို့ပေါ်သို့ တက်လာပြီး သမိုင်းရပ်ကွက်တွင် အခြေချ နေထိုင်ကြခြင်းဖြစ်ပါသည်။ အခြေကျသောအခါ မိခင်ဘက်မှ ဆွေမျိုးများနှင့်မိဘများကိုလည်း သမိုင်းရပ်ကွက်သို့ ပြောင်းရွှေ့စေပြီး မိသားစု သိုက်သိုက်ဝန်းဝန်း တွဲ၍နေထိုင်ကြပါသည်။



ထိုစဉ်အခါက သမိုင်းရပ်ကွက်ဆိုသည်မှာ ရန်ကုန်မြို့၏ အစွန်အဖျားရပ်ကွက်တစ်ခုသာ ဖြစ်ပါသည်။ အင်းစိန်မြို့ဆိုသည်က တောမြို့လေးသာဖြစ်ပြီး တညင်းခြံ၊ သရက်ခြံ စသော အပင်ကြီးများ စိုက်ပျိုးပြီး ခြံလုပ်ငန်း လုပ်ကိုင်ကြသည်။ ခြံနှင့်တောနှင့်ဖုံးလွှမ်းပြီး လူနေကျဲသော ဒေသများဖြစ်ပါသည်။

ကျွန်တော်၏ အဘိုးဦးရွှေမွန်းမှာ ဝါသနာအလျောက် လေ့လာလိုက်စားပြီး စေတနာနှင့် ဆေးကုပေးသော မိရိုးဖလာဆေးဆရာတစ်ဦးဖြစ်ပါသည်။ အဘိုးမှာ ရောဂါမျိုးစုံ ကုသနိုင်သော်လည်း အဆိပ်ရှိသော မြွေကိုက်သည့် လူနာများကို ကယ်တင်ရာတွင် အလွန်အစွမ်းထက်ပြီး နာမည်ကြီးပါသည်။ ဆေးဆရာပီပီ ကျန်းမာရေးကလည်း အလွန်ကောင်းသည်။

ကျွန်တော်တို့ နေထိုင်သည့် သမိုင်းရပ်ကွက်မှ ရွှေတိဂုံဘုရားသို့ ထိုစဉ်က ဘုရားဖူးသွားရာတွင် ကားစီးလေ့မရှိပါ။ ကုန်းကြောင်းခရီးပင် ဖြစ်ပါသည်။ တစ်ခါတစ်ရံ ကျွန်တော်နှင့် ညီဖြစ်သူတို့ အဘိုးနှင့်အတူ လိုက်သွားလေ့ရှိသော်လည်း အများအားဖြင့် အဘိုးတစ်ဦးတည်းသာ ဘုရားဖူးသွားလေ့ရှိပါသည်။ ကုန်းကြောင်းခရီးဖြစ်၍ ခရီးမှာ အတော်လှမ်းသည်။ ကျွန်တော်တို့ ညီအစ်ကိုမှာ (၁၀)နှစ်သားခန့် လူငယ်များဖြစ်ကြသော်လည်း လွန်စွာပင်ပန်းလှသည်။ အဘိုးဦးရွှေမွန်းကတော့ ကွမ်းဝါးရင်း ပုံမှန်လမ်းလျှောက်နိုင်ပါသည်။ ကျွန်တော်တို့ ညီအစ်ကိုကတော့ လမ်းခရီး၌ အဘိုးကို တောင်းပန်ပြီး နားရသည်။ ရေသောက်ပြီး အပန်းဖြေရသည်။

ရွှေတိဂုံဘုရားဖူးပြီး အပြန်ခရီး၌လည်း ကုန်းကြောင်းပင် ဖြစ်ပါသည်။ ကျောင်းပိတ်ရက်နှင့် တိုက်ဆိုင်သော အခါက်များတွင် ကျွန်တော်တို့ လိုက်ပါခဲ့ကြသော်လည်း မတိုက်ဆိုင်သော ရက်များတွင် အဘိုးတစ်ဦးတည်းသာ ဘုရားဖူးသွားလေ့ရှိပါသည်။ ထိုအချိန်က အဘိုးဦးရွှေမွန်း၏ အသက်အရွယ်မှာ အသက် (၇၀)နားနီးပြီဖြစ်သည်။

သို့သော် လမ်းလျှောက်လွန်း၍လားတော့ မသိပါ။ ကျန်းမာရေးအလွန်ကောင်းသည်။ ပန်းနုရောင် ပိုးပဝါအုပ်ပေါင်းနှင့် ရင်ဖုံးအင်္ကျီ ဖြူဖြူ ပုဆိုးနှင့် အဝေးကပင်ကြည့်ကြည့်ပြီး၊ အနီးကကြည့်ကြည့် ဆေးဆရာတစ်ဦးပုံစံမှန်း သိသာလှသည်။ အရေးကြီးတာ

www.burmeseclassic.com



သုံးစွဲနိုင်ရန် ဆေးလွယ်အိတ်ကြီးကလည်း ပါသေးသည်။ အဘိုးစီးသည်ကတော့ ထိုခေတ်ထိုအခါက လေယာဉ်ပျံဖိနပ်ဟု ခေါ်ဆိုသော သားရေဖိနပ်ဘဲဖြစ်ပါသည်။

အဘိုးမှာ အသက်(၇၀)ခန့်ရှိသော်လည်း တောင့်တင်းမဆောင်ပါ။ ဆံပင်ဖြူသော်လည်း သွားများ မကျိုးသေး။ လွန်စွာ သီလ၊ သမာဓိဖြင့် ပြည့်စုံသူဖြစ်ပါသည်။ အဘိုးမှာ ဗိန္ဓောဆေးကုသည့် အတတ်ပညာအပြင်၊ ဗေဒင်ပညာကိုလည်း တတ်ကျွမ်းပါသည်။ ထိုခေတ်ထိုအခါက မွေးနေ့၊ မွေးရက်ကို အခြေခံထား၍ မဟာဘုတ်တိုင်ထူပြီး ဗေဒင်ဟောသော အတတ်ပညာကို အဘိုးကျွမ်းကျင်သည်။

ထို့ပြင် အင်္ဂဝိဇ္ဇာဟုခေါ်ဆိုအပ်သော လူတစ်ဦး၏ မျက်နှာပြင်နှင့် ခန္ဓာကိုယ်အနေအထားကို ကြည့်ပြီး နိမိတ်ဖတ်ဟောကြားသော ဗေဒင်ပညာကိုလည်း အဘိုး ကျွမ်းကျင်ပါသည်။ ထိုခေတ်ထိုအခါက လက္ခဏာပညာမှာ နိုင်ငံခြားတွင် ခေတ်စားနေသော်လည်း ကျွန်တော်တို့ မြန်မာပြည်တွင် ကျော်ကြားခြင်း မရှိသေးပါ။

ထိုစဉ်က ကျွန်တော်တို့မှာ မူလတန်းကျောင်းသားများ အဆင့်သာ ရှိပါသေးသည်။ အသက် (၆)နှစ်ပြည့်မှ ကျောင်းအပ်၍ရသည်။ ထို့ကြောင့် ကျွန်တော့်မှာ စတုတ္ထတန်း ကျောင်းသားတစ်ဦးဖြစ်ပါသည်။ အစ်ကိုကြီးကတော့ အထက်တန်းကျောင်းသားအဆင့်သာ ဖြစ်ပါသည်။

မူလတန်းကျောင်းသားဖြစ်သော ကျွန်တော်တို့မှာ (၇) နာရီ ကျောင်းတက်ရပြီး မွန်းတည့် (၁၂)နာရီတွင် ကျောင်းဆင်းသည်။ အိမ်ပြန်ရောက်သည်နှင့် ရေမိုးချိုး၊ နေ့လယ်စာစားပြီး အဘိုး၊ အဘွားများရှိရာ ခြံကျယ်ကြီး၏အနောက်ဘက် သရက်ပင်ကြီးအရိပ်တွင် အပေါင်းအသင်းများနှင့် စုဝေးပြီး ကစားလေ့ရှိပါသည်။ ထိုသည်မှာ ကျွန်တော်တို့ ကလေးငယ်များ၏ ပုံမှန်အလုပ်ဖြစ်ပါသည်။ ဆော့ကစားပြီးမောရ၍ ဆာလျှင်တော့ အဘိုးအဘွားများ၏အိမ်ပေါ်သို့တက်၍ အဘိုးအဘွားများကျွေးသော မြေပဲဆံလှော်၊ ပဲကြီးလှော်နှင့် ထန်းလျက်ခဲများအား စားရလေ့ရှိပါသည်။

ထိုစဉ်အခါက ယခုခေတ်လို သရေစာ စားရန်အတွက် မုန့်မျိုးစုံစုံလင်လင် ရောင်းချခြင်းလည်း မရှိသေးပါ။ ထိုသို့ ကျွန်တော်တို့ကလေးများ



အဘိုးအဘွားတို့၏ အိမ်ပေါ်တွင် စားသောက်နေကြစဉ် အဘိုးက ကျွန်တော်တို့အား လက်သဲကို ဆူးကလေးဖြင့် ခြစ်၍လည်းကောင်း၊ အဆောင်ရွှေည်အနေဖြင့် လက်ဖွဲ့ကြိုးများအား လည်တိုင်တွင်ဆွဲ၍လည်းကောင်း ပြုလုပ်ပေးလေ့ရှိသည့်အပြင် တစ်ခါတစ်ရံ အဘိုးက ကျွန်တော့်အား ဗေဒင်တွက်ပေးလေ့ ရှိပါသည်။

"ငါ့မြေး ‥ မင်းက လိမ္မာပြီး စာတော်ပေမယ့် မင်းရဲ့ဇာတာမှာ အကျဉ်းထောင်နဲ့ မလွတ်မကင်းဖြစ်နေတာကို အဘိုးမြင်ရတယ်။ အဲဒါကြောင့် အခိုးနဲ့၊ လိမ်လိမ်မာမာနေ၊ မိဘစကားကိုနားထောင် ဟုတ်ပြီလား"

ဟု အမြဲတမ်း ဆုံးမတတ်ပါသည်။ ထို့ကြောင့် ကျွန်တော်က‥

"အဘိုးရယ် … ကျွန်တော်က လူမိုက်ကြီး မဟုတ်ပါဘူး။ စာပေတို့ ဝါသနာပါတယ်။ လူကြီးမိဘစကားကို နားထောင်တယ်။ ဘာသာရေးဆိုလည်း ကိုင်းရှိုင်းပါတယ်။ အခုအရွယ်မှာလည်း အဘိုးသင်ပေးထားတဲ့ အတိုင်း ငါးပါးသီလကို လုံခြုံအောင် အတတ်နိုင်ဆုံး ထိန်းသိမ်းပါတယ်။ အဲ ‥ တစ်ခါတလေ ငှက်ပစ်တာက လွဲလို့ပေါ့"

"ငါ့မြေး … အဲဒီ ငှက်ပစ်တတ်တယ်ဆိုတာကလည်း ပါဏာတိပါတကံထိုက်တယ်။ အဲဒါအပြင် ငါ့မြေးတို့ အပျော်အပါး အနေနဲ့ အနောက်ဘက်ခြံထဲက မာလကာသီးတွေ ခူးစားတာလည်း ပိုင်ရှင်ခွင့်ပြုချက်မရှိလို့ အဒိန္နာဒါနာ ကံထိုက်တာပဲ။ အဲဒါတွေကို ငယ်စဉ်ကတည်းက ဆင်ခြင်ပါ။ ငယ်ငယ်က အပျော်သဘောမျိုး ထားပေမဲ့ သူများပစ္စည်းကို ပိုင်ရှင်မသိဘဲ ခူးစားတာလည်း ခိုးမှုမြောက်သကွယ့်။ နောက်ပြီး ငှက်ကလေးတွေကို အပျော်သဘောနဲ့ပစ်တာ၊ ခတ်တာလည်း မကောင်းဘူးကွယ်။ အဲဒါတွေကို ငါ့မြေး အတတ်နိုင်ဆုံး ရှောင်ကြဉ်ကြစမ်းပါ။ အစကောင်းမှ အနှောင်းသေချာသလို ငယ်ရွယ်စဉ်ကတည်းက ဘာသာရေးကို အလေးထားပြီး လူမှုစည်းကမ်းရှိမှ ကြီးလာရင် တိုးတက်မှာ"

"ဟုတ်ကဲ့ပါ … အဘိုး၊ ကျွန်တော်တို့ ဆင်ခြင်ပါ့မယ်"

ထိုစဉ်ကတော့ ကလေးပီပီ ခပ်ပေ့ါပေါ့သာ ဘဝကို ကျင်လည်ခဲ့ရပါသည်။ မူလတန်းအောင်တော့ အလယ်တန်း၊ အထက်တန်း စသည်ဖြင့် အတန်းများအောင်ပြီးတော့ ရန်ကုန်တက္ကသိုလ်ကို တက်ရပြန်ပါသည်။ ဘွဲ့ရသော်

www.burmeseclassic.com



လည်း ထိုခေတ်ထိုအခါက အစိုးရအလုပ်ဝင်ရန် အလွန်ခက်ခဲပါသည်။ တရေးတချီအဆင့်ကိုတောင် မနည်းကြိုးစားမှ ရနိုင်ပါသည်။

စာသင်ကြားသော ကျောင်းဆရာအလုပ်ကို ကျွန်တော် ဝါသနာပါသော်လည်း ဘဝအတွက် အသက်မွေးဝမ်းကျောင်း အလုပ်ဖြင့် လုပ်စားရန် ကျွန်တော် မရည်မှန်းပါ။ ထိုကျောင်းဆရာအလုပ်ကိုတော့ (၁၀)တန်းအောင်ကတည်းကပင် ခင်မင်ရာကျောင်းဆရာများက ကမ်းလှမ်းခေါ်သော်လည်း ကျွန်တော် စိတ်မဝင်စား၍ မလုပ်ခဲ့ပါ။

ထို့ကြောင့် ရန်ကုန်တက္ကသိုလ်မှ ဘွဲ့ရရှိပြီးနောက် နိုင်ငံခြားဘာသာသိပ္ပံကို ဆက်၍တက်သည်။ ထိုသိပ္ပံကျောင်းမှ ဒီပလိုမာရသောအခါ (၁၉၇၈)ခုနှစ်၌ အကျဉ်းဦးစီးဌာနနှင့် ရဲဌာနတို့မှ ထောင်မှူးနှင့် ဒုရဲအုပ်ရာထူးများ လိုအပ်ကြောင်း သတင်းစာများမှ ခေါ်ယူပါသည်။

အစပထမက စိတ်မဝင်စားသော်လည်း ယူနီဖောင်းဝတ်ပြီး အရာရှိအဖြစ် စတင်အလုပ်ဝင်လိုသော ကျွန်တော့်အတွက် အပျော်သဘောမျိုးဖြင့် လျှောက်လွှာတင်ရာ ရေးဖြေစာမေးပွဲ အောင်မြင်သောကြောင့် လူတွေ့စစ်ဆေးခံရပြီး ထောင်မှူးရော၊ ဒုရဲအုပ်ရာထူးပါ တစ်ချိန်တည်း ရွေးချယ်၍ ခန့်ထားကြောင်း အကြောင်းကြားလာပါသည်။ ရဲအလုပ်ကိုတော့ မိခင်က သဘောမကျသောကြောင့် ထောင်မှူးအလုပ်ကိုသာ ရွေးချယ်ခဲ့ရပါသည်။

ထိုစဉ်ကာလကတည်းက အင်းစိန်မြို့တွင်၊ အင်းစိန်ထောင်ကြီးရှိသည်ဟု ကြားဖူးသော်လည်း ကျွန်တော် မမြင်ဖူးပါ။ တစ်ကြိမ်တစ်ခါမျှလည်း ရောက်ရှိခဲ့ဖူးခြင်းလည်းမရှိပါ။ သို့သော် ယခုတော့ ထောင်အရာရှိပေါက်စဘဝနှင့် အင်းစိန်ထောင်ကြီးတွင် တာဝန်ထမ်းဆောင်ရပေတော့မည်။

ထိုအချိန်အခါမှ အဘိုးဦးရွှေမှန်း ကျွန်တော့်အား ငယ်စဉ်အခါက ပြောင်ပြောခဲ့ဖူးသော အကြောင်းအရာများကို ပြန်လည်၍ သတိရပြီး အမှတ်ရမိတော့သည်။

ဪ ....ကျွန်တော်က လူဆိုးလူမိုက်ဘဝဖြင့် ထောင်နန်းစံရခြင်းအမှုမျိုး မဟုတ်ဘဲ ထောင်အရာရှိဘဝဖြင့် ထောင်နန်းစံရမည့်ကိန်းဖြစ်ပေတော့သည်။ (၁၉၇၈)ခုနှစ်၊ ဒီဇင်ဘာလ (၁၅)ရက်နေ့မှ စတင်ပြီး



ကျွန်တော်တို့အား ထောင်မှူးလောင်းများအဖြစ် စတင်ခန့်အပ်၍ သင်တန်းကျောင်းတွင် သင်တန်း သုံးလတက်ရသည်။

ထိုစဉ် သင်တန်းတက်စဉ် ကာလ၌လည်း အင်းစိန်ထောင်ဝင်းအတွင်း သင်တန်းကျောင်း၌ ကျောင်းအိပ်၊ ကျောင်းစား၊ နေထိုင်ရပြီး အင်းစိန်ထောင်ကြီးအတွင်းသို့လည်း ဝင်ချည်၊ ထွက်ချည်ဖြင့် အကျဉ်းထောင် ပညာရပ်များကို လေ့လာဆည်းပူး သင်ယူရခြင်းဖြစ်ပါသည်။

အကျဉ်းထောင် ဥပဒေများကို အင်္ဂလိပ်ခေတ်ကတည်းက ပြဋ္ဌာန်းထားသည့် အကျဉ်းထောင်လက်စွဲ ဥပဒေစာအုပ်အတိုင်း သင်ယူရသည်။ ဦး ရေး ထောက် ဘာသာရပ်များအပြင်လက်နက်ငယ်သင်တန်းနှင့် ကိုယ်လုံညာဝများကိုလည်း သင်ကြားပေးပါသည်။ ထိုအခါမှသာ အရှေ့တောင်အာရှတွင် အကြီးဆုံးဟုခေါ်ဆိုအပ်သော အင်္ဂလိပ်ခေတ်လက်ရာ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးကို အတွင်းအပြင် နှံ့စပ်ကုန်စင်အောင် လေ့လာရတော့သည်။

တကယ်တမ်းလည်း အင်းစိန်ထောင်ကြီးမှာ ကြီးမားကျယ်ပြန့်ပြီး အဆောင်ဆောင်၊ အခန်းခန်းများနှင့် ခန့်ညားထယ်ဝါလှသည်။ စနစ်လည်း အလွန်ကျသည်။ သန့်ရှင်းရေးလည်း အလွန်ကောင်းသည်။ အကျဉ်းသူ အကျဉ်းသားနှင့် အုပ်ချုပ်သူဝန်ထမ်းများ၏ စည်းကမ်းကောင်းမွန်မှုကြောင့် ထောင်အတွင်း၌ သန့်ရှင်းသပ်ရပ်နေသည်။

ထို့ကြောင့်လည်း သင်တန်းကာလ သုံးလပြီးဆုံး၍ ကျွန်တော်တို့အား ရွေးချယ်ပြီး အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးအတွင်း တာဝန်ချထားသောအခါ လွန်စွာမှပင် ဝမ်းမြောက်ကြည်နူး ဂုဏ်ယူမိတော့သည်။ သို့ကြောင့်လည်း အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးတွင် ထဲထဲဝင်ဝင် တာဝန်ထမ်းဆောင်ရင်း အင်းစိန်ထောင်ကြီး၏ နောက်ခံသမိုင်းကို လေ့လာမှတ်သား ဆည်းပူးရတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



## (က) အင်းစိန်မဟုတ်အကျဉ်းထောင်သမိုင်း

၁၈၅၂ ခုနှစ်မှ ၁၈၅၃ ခုနှစ်အတွင်း ပုဂံမင်းလက်ထက်၌ အင်္ဂလိပ်–မြန်မာ ဒုတိယစစ်ပွဲဖြစ်ပွားပြီးနောက် ရန်ကုန်မြို့အပါအဝင် မြန်မာပြည်အလယ်ပိုင်းသည် နယ်ချဲ့ဗြိတိသျှအရင်းရှင်တို့၏ လက်အောက်သို့ ကျရောက်သွားခဲ့ပါသည်။

ဗြိတိသျှအရင်းရှင်တို့သည် မြန်မာပြည်အလယ်ပိုင်းကို သိမ်းပိုက်ပြီးနောက်ပိုင်းတွင် အင်အားနည်း၍ ကွက်ကွက်ကလေးသာ ကျန်ခဲ့သောအထက်မြန်မာပြည်ကို အခွင့်ရရှိသည်နှင့် တစ်ပြိုင်တည်း သိမ်းပိုက်ရန် ရည်ရွယ်ပြီး ရန်ကုန်မြို့ကို ဆိပ်ကမ်းမြို့ကြီးအဖြစ် တိုးချဲ့၍ အုပ်ချုပ်ရေးကို စနစ်တကျ အကောင်အထည် ဖော်လုပ်ဆောင်ခဲ့သည်။

နယ်ချဲ့အင်္ဂလိပ်တို့သည် မြန်မာပြည်အား မတရားသိမ်းပိုက်ထားသဖြင့် သူ့ကျွန်မခံလိုသော မြန်မာနိုင်ငံသား တိုင်းရင်းသားတို့၏ လက်နက်ဖြင့်လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်ဖြင့်လည်းကောင်း၊ ခုခံတိုက်ခိုက်လာခဲ့ရာ တိုက်ပွဲများ မကြာခဏ ရင်ဆိုင်တိုက်ခဲ့ရသည်။

ထိုအခါ အင်္ဂလိပ်တို့သည် အုပ်ချုပ်ရေးကို ငြိမ်ဝပ်ပိပြားစေရန်အလို့ငှာ မြန်မာပြည်သား တိုင်းရင်းသားတို့အား ပုဒ်မအမျိုးမျိုးထုတ်၍ ဖမ်းဆီးပြီး ထောင်တွင်းအကျဉ်းချထားကာ ဖိနှိပ်ချုပ်ချယ် အုပ်ချုပ်ခဲ့သည်။

ထို့မှတစ်ဆင့် အုပ်ချုပ်ရေးစနစ်ကို ခိုင်မာတောင့်တင်းပြီး အခြေချရန်အလို့ငှာ ဂိတ်များ၊ ရုံများ၊ ထောင်များကို စတင်တည်ထောင်ခဲ့သည်။ ဗြိတိသျှတို့ ကျင့်သုံးခဲ့သော သွေးဖြင့် အင်္ဂတေကိုင်သော ဗြိတိသျှတို့၏ စစ်ဦးစီးဝါဒက သက်သေအခိုင်အမာပြုလျက်ရှိသည်။ ထိုစစ်ဦးစီးဝါဒကား ..

(က) မြန်မာတစ်ပြည်လုံး သိမ်းယူ၍ မြန်မာဘုရင်အား ပြည်နှင်ဒဏ်ခတ်ရန်။

(ခ) မြန်မာပြည်နှင့် မြန်မာတစ်မျိုးသားလုံးပါ ပျက်သုဉ်းစေရန်။

(ဂ) မြန်မာနိုင်ငံ တိုင်းရင်းသားအားလုံး ဗြိတိသျှတို့အပေါ်တွင် ပျပ်ဝပ်ကျိုးနွံစေရန်ဟူ၍ ရည်ရွယ်ချက်ထားပြီး ကျင့်သုံးခဲ့သည်။



ထိုရည်ရွယ်ချက်များကို အကောင်အထည်ဖော်သည့်အနေဖြင့် ၁၈၆၄ ခုနှစ်တွင် အကျဉ်းထောင်ဌာနကို စတင်ဖွင့်လှစ်၍ ဆေးမင်းကြီး၏လက်အောက်တွင် ထားရှိအုပ်ချုပ်စေသည့်အပြင် မြို့ရွာသန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးဌာနကိုလည်း တစ်ချိန်တည်း ကြီးကြပ်စေခဲ့သည်။

၁၈၇၂ ခုနှစ်တွင် ယခင်ဆေးမင်းကြီး အုပ်ချုပ်နေရာမှ အကျဉ်းထောင်ဌာနကို ထောင်မင်းကြီး သီးခြားခန့်ထား၍ အုပ်ချုပ်စေခဲ့ပါသည်။ ဤကဲ့သို့ အကျဉ်းထောင်များကို တဖြည်းဖြည်း တိုးချဲ့တည်ထောင်လာခဲ့ရာ ၁၈၆၁ ခုနှစ်တွင် ရန်ကုန်ထောင်ကို တည်ဆောက်ခဲ့ပြီးနောက် မြန်မာသာမက အရှေ့တောင်အာရှတွင် အကြီးဆုံးဖြစ်သော အင်းစိန်ထောင်ကြီးကို ၁၈၈၉ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့သည်။

## (ခ) အကျဉ်းထောင် မတည်ဆောက်မီ အင်းစိန်မြို့အခြေအနေ

အကျဉ်းထောင် မတည်ဆောက်မီ အင်းစိန်မြို့နေရာသည် ရွာငယ်ကလေးမျှသာဖြစ်သည်။ အင်းစိန်မြို့ကို စတင်တည်ဆောက်ခဲ့သည့် နေရာမှာ ယခု ရွာမကြီးနေရာဖြစ်သည်။ ရွာမကြီးတစ်ဝိုက်တွင် သစ်တောကြီးများ ဖုံးလွှမ်းနေပြီး မင်္ဂလာဒုံတောနှင့် ဆက်စပ်လျက်ရှိသည်။ ယခု လက်ရှိ မင်္ဂလာဒုံကို အထက်မင်္ဂလာဒုံဟုလည်းကောင်း၊ ယခု အင်းစိန်မြို့နေရာတို့ *အောက်မင်္ဂလာဒုံဟုလည်းကောင်း ခေါ်ဝေါ်ခဲ့ကြသည်။*

## (ဂ) အင်းစိန်အကျဉ်းထောင် တည်ဆောက်ခြင်း

အင်းစိန်အကျဉ်းထောင်ကို ၁၈၈၉ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၈၉၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ်ခဲ့ကြောင်း သိရှိရသည်။ အကျဉ်းထောင်မတည်ဆောက်မီက ယခု အင်းစိန်ထောင်ဝင်းကြီး တည်ရှိသော မြေနေရာသည် သရက်ခြံ၊ ကနစိုခြံ၊ ပိန္နဲခြံကြီးများ အုပ်ဆိုင်းနေပြီး

www.burmeseclassic.com



ဗြိတိသျှအစိုးရက လျော်ကြေးများပေး၍ သိမ်းယူပြီး အကျဉ်းထောင်ဧရိယာကို သတ်မှတ်သည်။

အင်းစိန်ထောင်ကို အုတ်ရိုးနှစ်ထပ် တည်ဆောက်ပြီးနောက် ထောင်အတွင်း မြေများကို ညှိပြီး အိပ်ဆောင်များဆောက်လုပ်ရန် ပြင်ဆင်သည်။ ထိုအချိန်က ရန်ကုန်ထောင်ကြီးကို တည်ဆောက်၍ ဖွင့်လှစ်အသုံးပြုနေပြီဖြစ်သဖြင့် ရန်ကုန်ထောင်မှ (၆)လလောက် အပြစ်ကျသော အကျဉ်းသားများကိုခေါ်ယူပြီး အင်းစိန်ထောင် ဆောက်လုပ်ရေးတွင် ခိုင်းစေခဲ့သည်။ အလုပ်သမား အကျဉ်းသား (၄၀၀)ခန့်ရှိသည်ဟု သိရသည်။

ထိုအချိန်က အုတ်ရိုးကြီးနှစ်ထပ်အတွင်းတွင် အဆောက်အအုံများ ဆောက်လုပ်ပြီးစီးခြင်း မရှိသေး၍ အလုပ်သမား အကျဉ်းသားများကို အုတ်ရိုးကြီးအတွင်း၌ပင် ညအိပ်ချိန်တွင် မြေကြီးပေါ်၌ အိပ်စေခဲ့သည်။ အိပ်ဆောင် (၆)လုံးတည်ဆောက်ရာတွင် အကျဉ်းသားများအပြင် အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ ဦးစီး၍ ဆောက်လုပ်ခဲ့ကြခြင်းဖြစ်သည်။

ထောင်၏လုံခြုံရေးနှင့် အကျဉ်းသားများ လုံခြုံရေးအတွက် အင်းစိန်ထောင်ကြီး၏ အရှေ့ဘက်ရှိနေရာကို အဆောက်အအုံတန်းလျားများ ဆောက်လုပ်၍ စစ်ပုလိပ်များထားရှိပြီး စောင့်ကြပ်စေခဲ့ပါသည်။

ထိုအချိန်က တွဲဖက်ထောင်ခေါ် ယခု သီးသန့်ထောင်သည် မဆောက်ရသေးဘဲ ယင်းနေရာတွင် အလုပ်သမား အကျဉ်းသားများနှင့် လုံခြုံရေးစစ်ပုလိပ်များအတွက် သီးနှံစိုက်ပျိုးသော တောင်ယာခင်းသာဖြစ်သည်။ ထောင်အုတ်ရိုးနှစ်ထပ်နှင့် အိပ်ဆောင်များကို ဆောက်လုပ်သည်မှာ လေးနှစ်ခန့်ကြာသည်။ အုတ်ရိုးကြီးတည်ဆောက်ပြီးစီးသောအခါ အုတ်ရိုးနံရံကြီးကို မြေနီရောင် ဆေးသုတ်ထားသည်။

## (ဃ) အင်းစိန်ထောင် တည်ရှိပုံနှင့် အကျယ်အဝန်း

အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးသည် အင်းစိန် လှိုင်မြစ်သွားကမ်းနားလမ်းပေါ်တွင် တည်ရှိသည်။ ထောင်ဝင်းတစ်ခုလုံး စုစုပေါင်း အကျယ်အဝန်း မြေဧရိယာမှာ (၁၆၅-၇၆၈) ဧရိယာကေရှိသည်။ ထိုအကျယ်အဝန်း





တွင် တွဲဖက်ဧရိယာအကျယ်အဝန်း (၁၄. ၇၂၉)ကေရှိပြီး အမှုထမ်းနေအိမ်များ၊ မြေဧရိယာတွင် စိုက်ပျိုးခင်းများ၏ မြေဧရိယာမှာ (၄၆. ၂၉၃)ဧရိယာရှိသဖြင့် ၎င်းတို့အားလုံးအား ထုတ်နုတ်လိုက်ပါက အင်းစိန်ထောင်ကြီး၏ မြေဧရိယာအကျယ်အဝန်းမှာ (၁၀၄. ၇၄၆) ကေရှိပါသည်။

အင်းစိန်ထောင်တည်ရှိပုံမှာ အင်းစိန်၊ လှိုင်မြစ်ကမ်းနားလမ်းကို မျက်နှာပြု၍ တည်ဆောက်ထားပြီး လမ်းဘေး၌ ထောင်ခြံစည်းရိုးမှာ ကပ်လျက်ရှိပြီး လမ်းမမှ အတွင်းထောင်ဘူးဝ မျက်နှာစာအထိ ပေပေါင်း (၁၁၆၀) ပေ ကွာဝေးပါသည်။

## (င) တည်ဆောက်သည့် ပုံသဏ္ဌာန်

ဗြိတိသျှအစိုးရသည် အင်းစိန်ထောင်တည်ဆောက်သော အချိန်တွင် မြန်မာတစ်ပြည်လုံး၏ အချို့သော မြို့များတွင် အကျဉ်းထောင်အချို့ကို တည်ဆောက်ပြီးဖြစ်သောကြောင့် အင်းစိန်ထောင်ကြီးကို ၎င်းတို့၏ စိတ်တိုင်းကျ စနစ်တကျ ပုံစံရေးဆွဲတည်ဆောက်ခဲ့ကြခြင်းဖြစ်သည်။

အင်းစိန်ထောင်ကို အပေါ်အမြင့်မှ စီး၍ကြည့်လျှင် ရှေးတောင်းတိုင်ကပ်နာရီပုံသဏ္ဌာန်ရှိသည်ကို တွေ့ရသည်။ အုတ်ရိုးနှစ်ထပ်ရှိပြီး အပြင်အုတ်ရိုးမှာ (၁၈)ပေမြင့်သည်။ အတွင်းအုတ်ရိုးမှာ (၇)ပေမြင့်သည်။ အတွင်းအုတ်ရိုးနှင့် အပြင်အုတ်ရိုးကြားတွင် (၁၉၀) ပေ ကွာခြားသည်။

နာရီအတိုင်း အကွက်တွင် ထောင့် (၁၆)ထောင့်ပါရှိသည်ကို တွေ့ရသည်။ နာရီဒိုင်ခွက် ပုံသဏ္ဌာန်အတွင်းတွင် အကျဉ်းသားအိပ်ဆောင်အဆောက်အအုံများကို အကွက်ချ၍ နှစ်ထပ်ပုံစံ စနစ်တကျ တည်ဆောက်ထားသည်။

အိပ်ဆောင်များ အလယ်ကွက်လပ်ဗဟိုတွင် (၆၃) ပေ မြင့်သော ဗဟိုမျှော်စင်တစ်ခုရှိပြီး ထိုမျှော်စင်ကိုပတ်၍ စားဖိုဆောင်ကြီးကို ဆောက်လုပ်ထားသည်။ ထိုမျှော်စင်ကို ဗဟိုပြု၍ နှစ်ထပ်အိပ်ဆောင်များသည် နာရီလက်တံသဖွယ် ပတ်ပိုင်း၍ ဆောက်လုပ်ထားသည်။ ရည်ရွယ်ချက်မှာ အကျဉ်းသား၊ အချုပ်သားများ ထမင်းစားသောက်ချိန်တွင် အိပ်ဆောင်များမှ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆောင်ချင်း၊ အကျဉ်းသား၊ အချုပ်သားများ တန်းစီထွက်ပြီး ဗိုဝိုင်းကြီး တွင် ထမင်းပုံစံများကို အလွယ်တကူ ယူနိုင်စေရန်ဖြစ်လေသည်။

လမ်းမကြီး၏ တစ်ဖက်တစ်ချက်စီတွင်လည်း (၉)ပေမြင့်သော အုတ်တံတိုင်း ကာရံထားပြီး အုတ်တံတိုင်း အရှေ့ခြမ်းတစ်လျှောက်တွင် အဆောက်အအုံ လေးခုရှိပြီး တစ်ခုနှင့်တစ်ခုကြားတွင် (၇)ပေ၊ အုတ်နံရံများ ကာ၍ ကာရံထားသည်။

## (စ) အကျဉ်းထောင်အုပ်ချုပ်ရေး

အင်းစိန်ထောင် တည်ဆောက်သောအချိန်တွင် ဗြိတိသျှတို့သည် ၎င်းတို့ သိမ်းပိုက်ထားသော မြန်မာပြည်အောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ဆိပ်ကမ်းမြို့ကြီးများဖြစ်ကြသော စစ်တွေ၊ မော်လမြိုင်၊ မြိတ်၊ ပုသိမ်နှင့် ရန်ကုန် စသည့် မြို့ကြီးများတွင် ထောင်များကို တည်ဆောက်ခဲ့ပြီးဖြစ်ရာ ရန်ကုန်မြို့နှင့် (၁၂)မိုင်မျှ ကွာဝေးသော အင်းစိန်မြို့တွင် ထောင်ကြီးတစ်ခု ဖွင့်လှစ်ထားရှိပြီး အကျင့်စာရိတ္တ ပြုပြင်ရေးအတွက်ပါ ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့သည်ဟု ယူဆရသည်။ ထို့ကြောင့် အင်းစိန်ထောင်ကြီး ၁၈၉၂ ခုနှစ်၊ ဇူလိုင်လတွင် စတင်ဖွင့်လှစ် အသုံးပြုခဲ့သည်။

ထိုစဉ်က အင်းစိန်ထောင်ကြီးတွင် ထားရှိသော အကျဉ်းသားများမှာ ရာဇဝတ်မှု တစ်ကြိမ်တစ်ခါ ကျူးလွန်သော အကျဉ်းသားများ (CASUAL PRISONERS)၊ ရာဇဝတ်မှုကို တစ်ကြိမ်ထက်ပို၍ ကျူးလွန်သော အကျဉ်းသား (HABITUAL PRISONERS)နှင့် တရားမအကျဉ်းသားများ (CIVIL PRISONERS) တို့ကို ထားရှိသည်။ အင်းစိန်ထောင်ဖွင့်စတွင် အကျဉ်းဌာနသည် သီးခြားဌာနတစ်ခုအဖြစ် မတည်ရှိသေးဘဲ ဆေးရုံ၊ မြို့ရွာ သန့်ရှင်းရေးနှင့် ကျောက်ဆေးထိုးဌာန မင်းကြီး၏ လက်အောက်ခံဌာနတစ်ခု အဖြစ်သာ တွဲဖက်တည်ရှိနေသေးသည်။ ၁၈၉၉ ခုနှစ်ကျမှသာ သီးခြား ဌာနတစ်ခုအဖြစ် တည်ထောင်၍ အကျဉ်းဌာနမင်းကြီးက ခွဲခြားအုပ်ချုပ် ခဲ့ပါသည်။





အင်းစိန်ထောင် စတင်ဖွင့်လှစ်သောအချိန်တွင် အကျဉ်းဌာနမင်းကြီး အဖြစ် ပထမဆုံးဆောင်ရွက်ခဲ့သူမှာ (SURGEON LIUIT COLONEL DIVICISNO - LAIRMBEM) ဖြစ်သည်။

၁၉၄၂ ခုနှစ်တွင် အင်္ဂလိပ်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွားပြီး နောက် ဖက်ဆစ်ဂျပန်များ အုပ်ချုပ်သောခေတ်တွင် အင်းစိန်ဗဟိုအကျဉ်း ထောင်ကြီးအပါအဝင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များကို ဖက်ဆစ်ဂျပန် များက လက်နက်တိုက်အဖြစ်သာ အသုံးပြုခဲ့ကြသည်။

ဖက်ဆစ်ဂျပန်များအား တိုက်ထုတ်ပစ်ပြီး အင်္ဂလိပ်ပြန်အဝင် ၁၉၄၅ ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်အား ပြန်လည်ဖွင့်လှစ် အသုံးပြု ခဲ့ပြန်သည်။ ၁၉၄၈ ခုနှစ်တွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီး ပါလီမန် အုပ်ချုပ်ရေးခေတ်ဦးတွင် ရောင်စုံသူပုန်များ ထကြွလှုပ်ရှားသောခေတ်၊ ၁၉၄၉ ခုနှစ်၌ ကရင်သောင်းကျန်းသူများက အင်းစိန်ဗဟိုအကျဉ်းထောင် ကြီးကို သိမ်းပိုက်ပြီး အကျဉ်းသားအားလုံးအား လွှတ်ပေးလိုက်ကာ အင်းစိန် ထောင်အား ခံတပ်သဖွယ် အသုံးပြုခဲ့ပြန်သည်။

၁၉၅၀ ခုနှစ်တွင် အစိုးရတပ်မှ ပြန်လည်သိမ်းယူပြီး အင်းစိန် ထောင်ကြီးအား ပြန်လည်ပြုပြင် ပြင်ဆင်ကာ အကျဉ်းထောင်အဖြစ် ပြန် လည်အသုံးပြုခဲ့သည်။ နောက်ပိုင်းတွင် ရန်ကုန်ထောင်၌ အချုပ်သားများနှင့် အပြစ်ဒဏ် ခြောက်လအောက် အကျဉ်းသားများကိုသာ ထားရှိပြီး နှစ်ကြီး အကျဉ်းသားများကို အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပေးပို့ထိန်းသိမ်းခဲ့ သည်။

အင်းစိန်ထောင်သည် အကျဉ်းဦးစီးဌာန လက်အောက်တွင်ရှိသော အကျဉ်းထောင်များအနက် မြန်မာနိုင်ငံတွင် အကြီးဆုံး၊ ဗဟိုအဆင့် အကျဉ်း ထောင်ဖြစ်သည်။ ဖွဲ့စည်းပုံအရ အကျဉ်းသား၊ အချုပ်သားအင်အား (၅၀၀၀)ယောက် လက်ခံရန် သတ်မှတ်ထားသော်လည်း လက်ရှိအခြေ အနေတွင် အကျဉ်းသား၊ အချုပ်သား (၉၀၀၀)ကျော်အထိ လက်ခံထိန်းသိမ်း ရသော အကျဉ်းထောင်ဖြစ်သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် နိုင်ငံတော်လုံခြုံရေးနှင့် တည်ငြိမ် ရေးအရ အထူးထိန်းသိမ်းစောင့်ရှောက်ရသော အရေးကြီးအကျဉ်းသားများ၊ နာမည်ကြီးအကျဉ်းသားများ၊ ရာဇဝင်လူဆိုးများနှင့် အချုပ်သားများအား ထိန်း သိမ်းထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## (ဆ) တည်နေရာ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ရွာမဘူတာကြီးအနောက်ဘက် ဓာတ်ကိုက် (၇၀၀)ခန့်အကွာတွင် တည်ရှိသည်။

## (ဇ) နယ်နိမိတ်

(က) မြောက်ဘက် – အရှေ့အနောက်သွား ရွာမသံမဏိစက်ရုံလမ်းနှင့် အင်းစိန်ရွာမအလယ်ရပ်ကွက်။

(ခ) အရှေ့ဘက် – တောင်မြောက်သွား ရန်ကုန်–ပြည်မီးရထားလမ်း၊ အင်းစိန်မြို့နယ်၊ မြောက်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်း တည်ရှိသည်။ အရှေ့တောင်ဘက်တွင် အင်းစိန်မှူခင်းရဲတပ်ဖွဲ့ရှိသည်။

(ဂ) တောင်ဘက် – အင်းစိန်ဈေးကြီးနှင့် အင်းစိန်မြို့နယ် မီးသတ်တပ်ဖွဲ့စခန်း၊ လှိုင်မြစ်လမ်း တည်ရှိသည်။

(ဃ) အနောက်ဘက် – ရွာမအနောက်ရပ်ကွက်နှင့် တောင်မြောက်သွား ဘုရင့်နောင်လမ်းမကြီး တည်ရှိသည်။

## (ဈ) လက်ရှိအကျယ်အဝန်း

(က) အကျဉ်းထောင်မြေဧရိယာ – ၁၅၂.၆၁၁ ဧက။
(ခ) ထောင်တွင်းဧရိယာ – ၇၁.၆၉၂ ဧက။
(ဂ) ထောင်ပြင်ပဧရိယာ – ၆၃.၁၉၀ ဧက။

✿ ✿ ✿

# အလုပ်ဇဝင်စဉ်က အင်းစိန်ထောင်

❑

ကျွန်တော် ပထမဆုံး တာဝန်ထမ်းဆောင်ရသည်မှာ အင်းစိန်ဟိုတယ်အကျဉ်းထောင်ကြီး အရှေ့ဘက် ဘူးတံခါးကြီးအဝ တာဝန်ခံထောင်မှူးဖြစ်သည်။ ယင်းဘူးတံခါးကြီးမှာ ထောင်အတွင်းသို့ ဝင်သည့်ထွက်သည့် တစ်ခုတည်းသော တံခါးမကြီးဖြစ်သည်။ ဘူးတံခါးဆိုသည့်အတိုင်း အင်းစိန်ဟိုတယ်အကျဉ်းထောင်ကြီး၏ တစ်ခုတည်းသော တံခါးကြီးလည်း ဖြစ်ပါသည်။ အတွင်းဘက်၌ ခိုင်ခံ့ထူထဲသော သစ်သားတံခါးကြီးရှိသည်။ အပြင်ဘက်၌ သံတံခါးကြီးရှိသည်။ ယင်းတံခါးကြီး၏ လက်ဝဲဘက်အတွင်းထဲ၌ ထောင်ဗိုင်ကြီးရုံးနှင့် ပြင်ပမှလာရောက်ကြသော အကျဉ်းသူအကျဉ်းသားများ၊ အချုပ်သားများ၏ မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုများ တွေ့ဆုံရန်အတွက် သံဆန်ခါများ အထပ်ထပ်ကာထားသော ထောင်ဝင်စာတွေ့သည့်အဆောင်ရှိသည်။ ထိုအဆောင်ကိုလည်း ထောင်မှူးတစ်ယောက်က အုပ်ချုပ်ရသည်။

ထောင်မှူးကြီး…ပြင်ပ

www.burmeseclassic.com

www.burmeseclassic.com



ဘူးတံခါးကြီး၏ လက်ယာဘက်အတွင်း၌ ရန်ကုန်တိုင်း ထောင်အုပ်စုညွှန်ကြားရေးမှူးရုံးနှင့် အစည်းအဝေးခန်းမရှိသည်။ ဘူးတံခါးကြီးတာဝန်မှာ လွန်စွာကျယ်ပြန့်ကြီးမားပြီး လုံခြုံရေးအရ အလွန်အရေးပါသည့်နေရာဖြစ်ပါသည်။ ဘူးတံခါးကြီးမှတစ်ဆင့် အကျဉ်းသား၊ အချုပ်သားရုံးထွက်သူများ တစ်နေ့လျှင် လူဦးရေ ခြောက်ရာကျော် ခုနစ်ရာလောက်ရှိပြီး အရာရှိများ၊ ဝန်ထမ်းများ၊ စစ်ကြောရေးလုပ်သူ ထောက်လှမ်းရေးများလုဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းများ စသည်ဖြင့် အဝင်အထွက်ရှိသလို၊ ပြင်ပ ထောင်ဝင်စာတွေ့သူများကလည်း တစ်နေ့လျှင် ထောင်ဝန်ထမ်းထက်မနည်းပါ။ ထောင်အတွင်းရှိ အကျဉ်းသား၊ အချုပ်များ စားသောက်ရန်အတွက် ရိက္ခာများ သယ်ဆောင်ဝင်ရောက်လာသော ကားများအပြင် အသားရိက္ခာပို့သည့်ကားများ၊ စပါးခွံပို့သည့်ကားများ၊ ပြင်ပသို့ လူနာပို့သည့်ကားများ စသည်ဖြင့်လည်း အဝင်အထွက် အလွန်ရှုပ်ပါသည်။ တာဝန်ထမ်းဆောင်သည့်ဝန်ထမ်း အမျိုးသား၊ အမျိုးသမီးများကို စစ်ဆေးရှာဖွေရပါသေးသည်။ ထို့ကြောင့် အကျဉ်းထောင်လုံခြုံရေးအရ အလွန်တာဝန်ကြီးသောနေရာဖြစ်သည်။

ကျွန်တော် စတင်တာဝန်ထမ်းဆောင်စဉ်က အလုပ်သင်ထောင်မှူးဖြစ်သောကြောင့် အတွေ့အကြုံရှိသော အကျဉ်းထောင်ဝန်ထမ်း စာရေးကြီးဦးစံညွှန့်နှင့် နှစ်ဦးတွဲဖက်ပြီး တာဝန်ထမ်းဆောင်ရသည်။ ၎င်းကပင် ကျွန်တော့်အား အင်းစိန်ထောင် ဘူးတံခါးကြီး၏ တာဝန်အဝဝကို လက်တွဲပြီး သင်ပေးခြင်းဖြစ်ပါသည်။

ဘူးတံခါးကြီးတာဝန်မှာ ခေတ္တခဏပင် မျက်ခြည်ပြတ်၍ မရပါ။ ဘူးတံခါးကြီး အတွင်းဘက်ရှိ တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများမှာလည်း အတွေ့အကြုံရင့်ပြီး ဖျတ်လတ်လျှပ်ရှားသည့် ကျန်းမာရေးကောင်းသော ဝန်ထမ်းများကိုသာ ရွေးချယ်ခန့်ထားခြင်းဖြစ်သည်။ ဘူးတံခါးကြီးတွင် တာဝန်ခံနှစ်ဦးခန့်ထားခြင်းမှာ အဝင်အထွက် လှုပ်ရှားမှုတိုင်းအတွက် တစ်ဦးမဟုတ်တစ်ဦး သိရှိနိုင်စေရန်အတွက် ခန့်ထားခြင်းဖြစ်ပါသည်။





ကျွန်တော်တို့ ထောင်မှူးအသစ်များမှာ အလုပ်သင်ထောင်မှူးလောင်းများ ဖြစ်ပါသောကြောင့် တာဝန်ခံအရာရှိ၏ အစီအစဉ်ဖြင့် ခြောက်လတစ်ကြိမ် ဌာနလွှဲပြောင်း၍ တာဝန်ထမ်းဆောင်ကြရပါသည်။

အင်းစိန်ထောင်တွင် စတင်ဝင်ရောက် အမှုထမ်းဆောင်ရသည့် ကျွန်တော်တို့ အပတ်စဉ်တူ ထောင်မှူးများ ခြောက်ဦးခန့်ရှိသည်။ ယခင် တာဝန်ထမ်းဆောင်နေကြသည့် ထောင်မှူးဟောင်းများ၊ ဝန်ထမ်းဟောင်းများနှင့် တွဲဖက်ပြီး နေရာပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရခြင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့ အဖွဲ့ဝင်များမှာ ထောင်ကျရုံး၊ အချုပ်ရုံး၊ ထောင်ဆေးရုံ တိုက်ခန်းများ၊ အဆောင်များနှင့် ထောင်ဗဟို၏ မိန်းဂျေး ... ချုပ်ရေးမှူးရုံး အလုပ်ကြီးဘက် စက်ချုပ်၊ လက်သမား၊ အတွင်းရေး ... ကုန်ကြမ်းနှင့် ဖိနပ်ချုပ်စက်ရုံတို့တွင် ခြောက်လတစ်ကြိမ် တာဝန်လဲ ... အမှုထမ်းဆောင်ရခြင်းဖြစ်ပါသည်။ ထိုစဉ်အခါက အင်းစိန်ထောင် ... အတွင်း၌ အချုပ်သား၊ အကျဉ်းသား ရှစ်ထောင်ကျော်ခန့် ရှိသည်။ ... သော်လည်း စည်းကမ်းကောင်းမွန်သောကြောင့် သန့်ရှင်းသပ်ရပ်ပြီး ... စရာပင် ကောင်းပါသေးသည်။ မနက်ငါးနာရီအချိန်ခန့်တွင် ထောင်ဖွင့် ... ရောက်ကြရပြီး ည ခြောက်နာရီခန့်တွင် ထောင်ပိတ်ရလေ့ရှိသည်။

ကျွန်တော်တို့ အင်းစိန်ထောင်ကြီးအတွင်းသို့ စတင်ဝင်ရောက် ... တာဝန်ထမ်းဆောင်စဉ်ကပင် အစိုးရက လုပ်ငန်းကြီးများ ပြည်သူပိုင် ... ပြီး ပိုင်ရှင်၊ ဆီကုန်သည်၊ ဆန်ကုန်သည်၊ နာမည်ကြီးသူများအား ... ပြီး ထိန်းသိမ်းထားသောကြောင့် ထောင်အတွင်း၌ လူတန်းစားစုံ ... သည်။

ထိုစဉ်အခါက ဘိန်းဖြူကို စတင်သုံးသောကြောင့် ထောင်သို့ ရောက် ... သည့် လေယာဉ်ပိုင်းလော့ ငွေစိုးတို့လည်းရှိသည်။ ဥက္ကဋ္ဌကြီး ဦးနေဝင်း ... သားအရင်းဖြစ်သည်။ ထို့အပြင် နာမည်ကြီးသော ရုပ်ရှင်မင်းသား ... နှင့် အဆိုတော် စိုင်းထီးဆိုင် စသဖြင့်လည်း ရောက်ရှိနေကြပါသည်။ ... တွင်လည်း ဘိုးတော်အမှုဖြင့် ဖမ်းဆီးခံကြရသော ဘိုးတော်



www.burmeseclassic.com

www.burmeseclassic.com



တင်ဦး။ ဘိုးတော်အောင်မင်းခေါင် စသဖြင့်လည်းကောင်း။ ဘုန်းတော်ကြီးများ အနေဖြင့်လည်း နာမည်အလွန်ကြီးသည့် သိမ်ဖြူဆရာတော်နှင့် ဦးလာဘ စသူများအပြင် လုပ်ငန်းကြီး လုပ်ကိုင်သူ ကုန်သည်ကြီးများလည်း ပါဝင် လာကြသည်။ စာရေးဆရာများလည်း ပါလာသည်။

ထို့ကြောင့် ထောင်အတွင်း၌ လူတန်းစားပေါင်းစုံ၊ အလွှာပေါင်း နှင့် ပျော်စရာကြီးဖြစ်နေသည်။ ထိုစဉ် အခါကတည်းက ကျောင်းသား လှုပ် ရှားမှုများ ရှိသော်လည်း အဖမ်းအဆီးခံကျောင်းသားများမှာ သူ့စည်းကမ်း နှင့်သူ နေထိုင်ကြခြင်းဖြစ်သည်။

ထို့နောက်ပိုင်းတွင် နာမည်ကြီး နိုင်ငံရေးသမားကြီးများ တစ်ဦး ပြီးတစ်ဦးရောက်ရှိလာကြပြီးမှ လုံခြုံရေး တဖြည်းဖြည်း တင်းကျပ်လာသည်။ ကြောခဏလည်း ထောင်အတွင်းမှ ရုတ်ရုတ်သဲသဲအသံများ ကြား သည်။ ထို့ကြောင့် ထောင်ကြီးမှာ ယခင်ကလို ပျော်စရာမကောင်းတော့ အုပ်ချုပ်ရေးအရ ဝန်ထမ်းများကို စည်းကမ်း အထူးတင်းကြပ်ထားသည်။

ထိုစဉ်အခါက အင်းစိန် ဗဟိုအကျဉ်းထောင်၏ တာဝန်ခံ ထောင်ပိုင် ကြီးမှာ ဦးဘီမဂ္ဂနန်းဟူသော အင်္ဂလို-အင်ဒီးယန်း ကုလားထောင်ပိုင်ကြီးဖြစ် သည်။ အင်္ဂလိပ်ခေတ်နှောင်းပိုင်းနှင့် ပါလီမန် ဒီမိုကရေစီခေတ်တို့ကို မှီ သော အတွေ့အကြုံရင့်သည့် ထောင်ပိုင်ကြီးတစ်ဦးဖြစ်ပါသည်။ သဘော ကောင်းသလို တာဝန်ဝတ္တရားနှင့် ပတ်သက်လာလျှင်တော့ တိတိကျကျ အရေးယူလေ့ရှိပါသည်။ သူ၏ လက်ထောက်ထောင်ပိုင်မှာ ဦးကြည်ဖြစ် သည်။

ထိုစဉ်ကာလက စစ်တပ်ထောက်လှမ်းရေးအဖွဲ့မှ အရာခံဗိုလ် တပ်ကြပ်ကြီးများ။ တပ်သားများလည်း အင်းစိန်ဗဟိုအကျဉ်းထောင်တွ တွဲဖက်၍ တာဝန်ထမ်းဆောင်နေစဉ် ဖြစ်ပါသည်။ ထိုသူများက ထော အုပ်ချုပ်ရေး၌လည်း ပါသည်။ လုံခြုံရေး၌လည်း ပါသည်။ အထွေထွေ အရေး နေရာများတွင် ၎င်းတို့နှင့်ပတ်သက်ပြီး နေရာယူထားကြသည်။





ထို့ကြောင့်ပင် အင်းစိန်ထောင်ကြီး၏ အရေးအခင်းကာလ တာဝန် ထမ်းဆောင်ခဲ့ရသော ထောင်ပိုင်ကြီး ဦးစိန်ဋ္ဌေး (စာရေးဆရာ အငြိမ်းစား အကျဉ်းထောင်အရာရှိတစ်ဦး) က ပင်စင်ယူပြီးနောက်ပိုင်း၌ ၎င်း၏ ကိုယ်တွေ့ ရင်တွင်းဖြစ်ခံစားချက်များကို ဖွင့်ဟ၍ ဆောင်းပါးများ ရေးသားခဲ့သည်။

(၈၈၈၈) ကာလ အင်းစိန်ထောင်ဟူသော စာအုပ်တွင် 'သူတို့ ဝင်လာကြပြီ' ဟူသော ဆောင်းပါး၌ စစ်တပ်မှ အရာရှိအရာခံ စစ်သားများ ယူနီဖောင်းလဲ၍ အကျဉ်းထောင်သို့ ဝင်ရောက်လာကြသည်။ အကျဉ်းထောင် ၏ အုပ်ချုပ်ရေးဥပဒေများကို သဘောပေါက်နားလည်အောင် မလေ့လာ မစမ်းစစ်သေးဘဲ ဝင်ရောက်လာပြီး အကျဉ်းထောင်အရာရှိများအဖြစ် ဗိုလ် လုပ်ကြသောကြောင့် အကျဉ်းထောင်အုပ်ချုပ်ရေးစနစ် ပျက်စီးပြီး ထောင် ထဲ ဆူပူမှုများ ဖြစ်ရခြင်းဖြစ်သည်ဟု သုံးသပ်တင်ပြထားပါသည်။

အမှန်လည်း ဟုတ်ပါသည်။ ကျွန်တော်တို့ အကျဉ်းထောင် သန္ဓေ ဝန်ထမ်းများက ၎င်းတို့အုပ်စု အကျဉ်းထောင်သို့ အရာရှိများ အဆင့်ဖြင့် ဝင် ရောက်နေရာယူလာသောကြောင့် ရာထူးတိုး တက်လမ်းပိတ်နေခဲ့သည်။ ထောင်မှူး၊ ထောင်မှူးကြီးမှအစ ထောင်ပိုင်ညွှန်ကြားရေးမှူး၊ ညွှန်ကြားရေး မှူးချုပ်အထိ စစ်ဘက်မှ အသွင်ပြောင်းလာသူများက နေရာယူထားကြ သည်။

ထို့ကြောင့် ကျွန်တော်တို့ သန္ဓေဝန်ထမ်းများ ငါးနှစ်တစ်ကြိမ်ခန့် သာ ရာထူးတိုးစာမေးပွဲကို အလုအယက် ဝင်ရောက်၍ဖြေဆိုကြရသည်။ ထို ရာထူးတိုးများအတွက်လည်း မိုးကျရွှေကိုယ်များက အသင့်နေရာယူပြီးဖြစ် သောကြောင့် တိုးမြှင့်ခန့်ထားပေးသော ရာထူးနေရာများမှာ လွန်စွာနည်း ပါးလှသည်။

ထို့အပြင်တဝ ကျောက်မိုင်းလုပ်ငန်း။ ကော်ပိုရေးရှင်းက လုပ်ငန်း အခွင့်ပေါ်သောကြောင့် ဝန်ထမ်းများက တစ်ဆင့်တိုးရာထူးများဖြင့် အကျဉ်း ဦးစီးဌာနသို့ ပြောင်းရွှေ့လာကြပြန်သည်။ ထို့ကြောင့်လည်း ကျောက်မိုင်း လုပ်ငန်းများမှ အကျဉ်းဦးစီးဌာနလက်အောက်သို့ ရောက်ရှိလာပြီး ထမ်း



www.burmeseclassic.com

www.burmeseclassic.com



အောက်လုပ်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်း စခန်းများကို ချဲ့ထွင်၍ အကျဉ်းဦးစီးဌာန ဖွဲ့စည်းပုံကိုလည်း ပြင်ဆင်ရတော့သည်။

ထိုစဉ်ကာလက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီခေတ် အစအဦး ပိုင်းဖြစ်သည်။ ပြောင်းရွှေ့ဝင်ရောက်လာသူ မိုးကျရွှေကိုများက လွန်စွာ ထက်ကြွနေသော အချိန်လည်းဖြစ်သည်။ သို့သော်လည်း အကျဉ်းထောင် ဥပဒေကို နားလည်သဘောပေါက်အောင် လေ့လာသင်ယူမှု အားနည်းသော ကြောင့် ပြဿနာများ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ ထောင်အရာရှိအဖြစ် မှ ပြုတ်သူနှင့် တရားဥပဒေအရ အရေးယူခံရသော အရာရှိများလည်း ပေါ်ပေါက်လာခဲ့သည်။

ထိုအချိန်အတွင်း၌ပင် အကျဉ်းထောင်အတွင်း၌ ကြိုးသမားများ များစွာဝင်ရောက်လာကြပြီး တဂျိမ်းဂျိမ်း သေဒဏ်ချသည်။ လူသတ်၊ ဓားပြ တိုက်သူ၊ မုဒိမ်းကျင့်ပြီး ရက်စက်စွာသတ်ဖြတ်သူ၊ နားဆွဲဖြုတ်၍ ရက်စက် စွာ သတ်ဖြတ်သူ စသဖြင့် စီးပွားရေး ကျပ်တည်းသောကြောင့် ဖြစ်ပေါ်လာ သည့် လူသတ်မှုများကို ကြိုးဒဏ်စီရင်ခြင်းမှာ လက်ခံနိုင်သော်လည်း နိုင်ငံ ရေးအမှုများဖြင့် အကျဉ်းထောင်သို့ ရောက်ရှိလာကြသည့် မန်းငွေအောင်၊ မန်းအိုဝိတ်နှင့် ကျောင်းသားခေါင်းဆောင်တင်မောင်ဦးတို့လို ပုဂ္ဂိုလ်များ အား သေဒဏ်အပြစ်ပေးခြင်းကိစ္စများကတော့ တရားဥပဒေနှင့် ညီညွတ် သည်ဟု ကျွန်တော်မထင်ပါ။

ထိုစဉ်အခါက အုပ်ချုပ်သူ အစိုးရ၏ ဖိနှိပ်မှုသာ ဖြစ်ပါလိမ့်မည်။ တကယ်တမ်းတော့ ထောင်အရာရှိ ဝန်ထမ်းလုပ်သူများမှာ ကြိုးပေးပြီး သတ်ဖြတ်ခြင်း ခံရသည့် အကျဉ်းသားများနှင့် ရန်သူများလည်း မဟုတ်ကြ ပါ။ အငြိုးအတေးထားစရာ အကြောင်းလည်းမရှိပါ။ သတ်ဖြတ်ရန်ဝေးစွ၊ ရိုက်နှက်ရန်ကိုပင် ဝန်လေးကြပါသည်။ သို့သော် အထက်က ခိုင်းစေသည့် အတိုင်း လုပ်ဆောင်ကြရသည်။ သူ့ဆန်စား ရဲမှုဆိုသည့် စကားအတိုင်း အစိုးရဝန်ထမ်းများဖြစ်ကြ၍ မငြင်းသာဘဲ တာဝန်ထမ်းဆောင်ကြရခြင်းဖြစ် ပါသည်။





ထိုအထဲမှ ကျွန်တော်ကိုယ်တွေ့ ကြုံရသည့် ကျောင်းသားခေါင်း ဆောင် တင်မောင်ဦးအကြောင်းကို တင်ပြလိုပါသည်။ တင်မောင်ဦးအား နိုင်ငံတော်ပုန်ကန်မှုဖြင့် ဖမ်းဆီးရာ၌ ၎င်းတစ်ဦးတည်းသာမက အဖေနှင့် အစ်ကိုလုပ်သူ အမေနှင့် ညီမဖြစ်သူတို့ကိုလည်း အကျဉ်းထောင်အတွင်း သို့ ဖမ်းဆီးပြီး ထိန်းသိမ်းခဲ့ပါသည်။

တင်မောင်ဦးအား ကြိုးဒဏ်စီရင်ရန် အမိန့်ချမှတ်သော အချိန်တွင် အဖေဖြစ်သူနှင့် အစ်ကိုဖြစ်သူတို့အား တောင်ငူထောင်သို့ ထောင်မှူးဦးမြင့် နှင့် ကွပ်ကဲပြီး ကားနှင့်ပို့သည်။ ကျွန်တော်ကတော့ အမေလုပ်သူနှင့် တင် မောင်ဦး၏ ညီမဖြစ်သူတို့အား သာယာဝတီထောင်သို့ ဂျစ်ကားဖြင့် ပို့ရ သည်။ မိခင်ဖြစ်သူမှာ တင်မောင်ဦးအား သေဒဏ်ချမှတ်ကြောင်း သိရှိ ပြီးဖြစ်သောကြောင့် ၎င်းတို့သားအမိအားလည်း သတ်ဖြတ်ရန်သာ သာယာ ဝတီထောင်သို့ ခွဲခြားပြီးပို့သည်အထင်ဖြင့် ကျွန်တော့်အား ၎င်းတို့ကို မသတ် ပါရန် တစ်လမ်းလုံး တိုးလျှိုးတောင်းပန်ခဲ့သည်။

ထို့ကြောင့် ကျွန်တော်က ထောင်ပြောင်းခြင်းသာဖြစ်ကြောင်း၊ သတ်ဖြတ်ရန်မဟုတ်ကြောင်း၊ အင်းစိန်ထောင်မကြီးမှာ လူကြပ်သောကြောင့် သာယာဝတီထောင်သို့ ခွဲ၍ပို့ခြင်းဖြစ်ကြောင်း မနည်းရှင်းပြရသည်။ သာယာ ဝတီထောင်သို့ ရောက်သောအခါ၌လည်း အေးဆေးစွာနေထိုင်ရန် စီစဉ် ပေးမည်ဖြစ်ကြောင်းနှင့် စိတ်ကို ဖြေလျှော့ပြီး တရားဘာဝနာ အလုပ်ကို လုပ်ရန် တိုက်တွန်းရသေးသည်။ တကယ်တမ်း သာယာဝတီထောင်သို့ ရောက်တော့လည်း တကယ်ပင် ၎င်းတို့သားအမိအား စနစ်တကျ ကောင်းမွန် စွာ လက်ခံကျွေးမွေးပြုစုကြပါသည်။

ထို့ကြောင့်လည်း ၎င်းတို့သားအမိ စိတ်သက်သာရာရသည်ဟု ကျွန်တော်တို့မြင်ရ၍ စိတ်ချမ်းသာရပါသေးသည်။ သို့သော် နောက်နေ့မနက် ပိုင်းအချိန်တွင် သားဖြစ်သူ တင်မောင်ဦးအား ကြိုးပေးကွပ်မျက်မည်ကို သိရှိနေသော ကျွန်တော်တို့အနေဖြင့် စိတ်မကောင်းတော့ ဖြစ်မိသည်။

❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့အဖွဲ့ သာယာဝတီထောင်သို့ ရောက်စဉ်အပြင် အင်းစိ
ထောင်ပိုင်ကြီး မစ္စတာဘီမဂ္ဂနန်းထံမှ ဖုန်းဝင်လာသည်။ ကျွန်တော်
အဖွဲ့အား သာယာဝတီထောင်တွင် အေးချမ်းစွာ တစ်ညတာ အနားယူ
နောက်တစ်နေ့မှပြန်လာရန် အကြောင်းကြားခြင်းဖြစ်သည်။ ကျွန်တော်အ
ကတော့ အနားယူချင်နေကြသည်။ သာယာဝတီထောင်တွင် အိမ်နှင့်နာ
နောက်တစ်နေ့မှ ပြန်လိုကြသည်။ ကျွန်တော်လည်း ကိုယ်ချင်းစာပါသည်
အင်းစိန်ထောင်တွင် အရာရှိဝန်ထမ်း ကားသမားကစ၍ အေးချမ်းစွာ နေ
ရခြင်းမရှိပါ။ အလုပ်က တစ်ခုပြီးတစ်ခု ပေါ်လာသည်။

ထိုစဉ်က အင်းစိန်ထောင်မှိုင်ကြီးလုပ်သူမှာ ယခုခေတ်လို ဌာန
ပေးထားသော ဆလွန်းကားများမရှိပါ။ ထိုစဉ်က မြန်မာ့ဆိုရှယ်လစ်လ
ပါတီအစိုးရက ပေးလေ့ရှိသော Mazada JEEP ဂျစ်ကားများလည်း မရှိ
ပါ။ အကျဉ်းထောင်အရာရှိ ထောင်ပိုင်ကြီးလုပ်သူမှာ ဌာနတွင် ကုန်ပ
နှင့် အထွေထွေ အသုံးပြုရသော ဟီးနိုး TE ကားနှင့် ဟီးနိုး (RANG
ကားကြီးများကို စီးရသည်။





အရာရှိများအားလုံး အရေးပေါ်လျှင် သုံးရသော ကားသေား
အေးကြူမောင်းသည့် ဂျစ်ကားလေးတစ်စီးနှင့် (ဆ)နံပါတ် Mazda D 200
ထမင်းပို့ ကားစုတ်လေးတစ်စီးသာ ရှိသည်။ ထိုကားကလေးကလည်း
ထောင်ဝင်းအတွင်း၌သာ အသုံးပြုနိုင်ပြီး အပြင်သို့ ထွက်မရ။ ကားကလေး
အား စက်နှိုးလျှင် လူသုံးယောက်ကပိုင်းပြီး အတန်ကြာတွန်းမှ စက်နိုး
သည်။ ထို့ကြောင့် ထိုကားကလေးနံပါတ်မှာ (ဆ/၃၁၁၂) ဖြစ်သော်လည်း
ကျွန်တော်တို့အဖွဲ့က လူသုံးဦးတွန်းမှ စက်နိုးသော ကားကလေးအား
'သရိုးပိုင်းပိုင်းတွန်း' ဟု အမည်ပေးထားသည်။

ထိုစဉ်က ထောင်အရာရှိကြီးများမှာ ဖြစ်သလို လုပ်ငန်းတာဝန်
ကိစ္စများအတွက် ခရီးသွားလာနေကြရခြင်းဖြစ်ပါသည်။ ယခု ကျွန်တော်တ
ထောင်တွင် လက်မလည်အောင်အသုံးပြုရသော အေးကြူဂျစ်ကားအား ယူ
လာခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် အရေးပေါ်ကိစ္စများတွင် အသုံးပြုရန်အတွက်
ကားကလိုပေလိမ့်ဦးမည်။ ထို့အပြင် ကျွန်တော်ကိုယ်တိုင် ပါဝင်ဆောင်ရွက်
လှုပ်ရှားရသော ကျောင်းသားခေါင်းဆောင် တင်မောင်ဦးကိစ္စကို စိတ်ဝင်
စားသဖြင့် ညစာစားပြီးသည်နှင့် အဖွဲ့အားပြန်ရန် အသင့်ပြင်ဆင်ခိုင်းရ
သည်။ သူတို့ အံ့ဩနေကြသော်လည်း ခေါင်းဆောင်ကျွန်တော့်ကို အထွန့်
မတက်ရဲကြပါ။ သို့နှင့် ကျွန်တော်တို့အဖွဲ့ ည (၈)နာရီခန့်တွင် သာယာဝတီမြို့
မှ ရန်ကုန်မြို့သို့ ပြန်ဆင်းလာကြပါသည်။

ထိုစဉ်အခါက ဂျစ်ကားဖြစ်၍ မြန်ဆန်စွာ မမောင်းနိုင်ပါ။ ည (၁၂)
နာရီခန့်မှ ရန်ကုန်နှင့် မိုင်(၈၀)ခန့်သာဝေးသော သာယာဝတီမြို့မှ အင်းစိန်
ထောင်သို့ ပြန်ရောက်သည်။ ထုံးစံအတိုင်း တာဝန်ခံထောင်ပိုင်ကြီးအား
သတင်းပို့ပြီး ကျွန်တော်တို့အား ပေးထားသည့် ခုနစ်မျှော်စင်အနီးရှိ ဘူးသစ်
အိပ်ခန်းတွင် အနားယူအိပ်စက်ပါသည်။

နောက်တစ်နေ့မနက် သုံးနာရီအချိန်တွင် ကျွန်တော် အိပ်ရာထပြီး
ယူနီဖောင်းလဲ၍ ထောင်ထဲသို့ ဝင်ခဲ့သည်။ ဘူးတံခါးကြီးအတွင်း၌ လှုပ်လှုပ်
ရှားရှားဖြင့် ထောင်ဝန်ထမ်းများ အလုပ်များနေကြသည်။ ပြင်ပမှ တရားသူ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးအဖွဲ့နှင့် သက်ဆိုင်ရာ ရဲအရာရှိအဖွဲ့ကိုလည်း ဖိတ်ကြားထားသောကြောင့် ထောင်အတွင်း ရိက္ခာဌာနမှ ဝန်ထမ်းနှင့်ဧည့်သည်များအတွက် မုန့်တင်းခါး ချက်ကျွေးသည်။ ကျွန်တော်တို့ အရာရှိပေါက်စများ အနေဖြင့် အလုပ်တာဝန်မရှိပါ။ ကြိုးသမားများကြိုးပေးသည့် မြင်ကွင်းကို လက်တွေ့မြင်ရအောင်သာ လေ့လာကြည့်ရှုရန် ဖြစ်ပေသည်။ ထိုစဉ်အခါက ကြိုးသမားတင်မောင်ဦးကို အင်းစိန်ထောင် ကြိုးတိုက်တွင် ထားရှိခြင်းမဟုတ်ဘဲ ကျွန်တော်တို့ ထောင်မှူးလူပျိုများနေထိုင်သည့် ဘူးသစ်အောက်ထပ်တွင် ထားရှိခြင်းဖြစ်သည်။

တင်မောင်ဦးမှာ အလွန်သတ္တိကောင်းပြီး ဝန်ထမ်းများအား ပြန်လည် နှပ်နှိုးလုံးသောကြောင့် စစ်တပ်ထောက်လှမ်းရေးမှ ဦးလှရွှေတို့အဖွဲ့က လူအုပ်နှင့်ဖိပြီး ကြိုးတုပ်၍ ထောင်ဘူးဝသို့ ခေါ်ယူသယ်ဆောင်လာခြင်းဖြစ်သည်။ တင်မောင်ဦးမှာ ခြေထောက်နှင့်လက်များ မလှုပ်ရှားနိုင်သော်လည်း ပါးစပ်မှ ဆူညံစွာ အော်ဟစ်နေသောကြောင့် ပါးစပ်အတွင်း အဝတ်များ ဆို့ထားရသည်။ လွန်စွာမှ စိတ်ညစ်ဖွယ်၊ သနားဖွယ်ကောင်းသော မြင်ကွင်းဖြစ်ပါသည်။ ဘူးတံခါးကြီးမှတစ်ဆင့် အမျိုးသမီးထောင်အနောက်ဘက် နှင်းဆီခြံအနီးရှိ ကြိုးစင်သို့ သယ်ဆောင်ရာ၌လည်း ပက်လက်အနေအထားဖြင့် လူအများက မချီပြီး ခေါ်ဆောင်ရခြင်းဖြစ်သည်။

အကျဉ်းထောင်ထုံးစံအတိုင်း သရဏဂုံတင်ခြင်း မလုပ်နိုင်ပါ။ ရှေ့ဆုံးမှ ကြေးစည်ရိုက်၍ သံဝေဂါထာကို ရွတ်ဖတ်၍ ဦးဆောင်ရသော ဒုတာဝန်ကြပ် မောင်မောင်ကြီးအဖွဲ့လည်း ဒရောသောပါး ကြေးစည်ရိုက်၍ ပြေးရသည်။ သူတို့နောက်က ထောင်ပိုင်ကြီးတို့အဖွဲ့၊ အလယ်က ကြိုးသမား တင်မောင်ဦးအား ဖမ်းဆီး၍ သယ်ဆောင်ကြသော စစ်တပ်အဖွဲ့ အနောက်ကမှ တရားသူကြီးအဖွဲ့ဝင်များနှင့် မြို့နယ်ရဲစခန်း တာဝန်ရှိသူများ။ ထိုနောက်ကမှ ကျွန်တော်တို့ ထောင်မှူးများနှင့် ထောင်ဆရာဝန်အဖွဲ့ဖြစ်ပါသည်။

ကြိုးစင်သို့ရောက်သောအခါ၌လည်း လေ့ကား (၁၃)ထစ်ကို မ,ချီ၍ တင်ရပြန်သည်။ တင်မောင်ဦးအား ဦးထုပ်ဖြူ အချွန်ကြီးစွပ်၍ ကြိုးစင်တိုက်





အောက်တွင် ရပ်စေပြီး လည်ပင်းအား ကြိုးကွင်းစွပ်ရသည်။ ထောင်ပိုင်ကြီး ကိုယ်တိုင်လုပ်ခြင်း ဖြစ်ပါသည်။ တင်မောင်ဦးက မတ်တတ်မရပ်နိုင်သောကြောင့် နံဘေးမှ ဝန်ထမ်းများက ချိုင်းနှစ်ဖက်မှမ၍ မတ်တတ်ရပ်စေရသည်။

ထောင်ပိုင်ကြီး မစ္စတာဘီမဂ္ဂနန်းကတော့ နာရီတကြည့်ကြည့်နှင့် (၅း၃၀)ခွဲသည်နှင့် လက်မထောင်ပြပြီး 'ဖြုတ်' ဟု အော်သည်။ ထိုစဉ်က တာဝန်ကျသူ ထောင်မှူးကြီးဦးတင်ရွှေက မောင်းတံကို နောက်သို့ဆွဲလိုက်သည်နှင့် 'ဂျိုင်း'ဟူသော အသံကြီးနှင့်အတူ ကြိုးစင်ကြမ်းခင်း ဘာဂျာတံခါး ပွင့်ပြီး ကြိုးသမားတင်မောင်ဦး ကြိုးစဉ်အောက် ဂလိုဏ်ကြီးအတွင်းသို့ ကြိုးတန်းလန်းနှင့် ပြုတ်ကျသွားတော့သည်။ သူ၏ ပါးစပ်အတွင်း၌ အဝတ်များ ဆို့ထားသောကြောင့် 'အား'ဟူ၍ မအော်နိုင်ရှာ။ 'အူး' ဟူသော ဝမ်းခေါင်းသံကြီးဖြင့် လှိုက်လှဲစွာ နောက်ဆုံးအော်၍ အသက်ထွက်သွားရှာသည်။

ထိုစဉ် တစ်ဆက်တည်း၌ပင် ကြိုးစင်အနီးရှိ အမှတ်(၁) ကင်းမျှော်စင်ပေါ်မှ ဝန်ထမ်းများခေါက်သုံးသည့် ခေါက်ရေအိုးကြီး 'ဗွမ်း'ခနဲ ကွဲ၍ မျှော်စင်ပေါ်ရှိ ဝန်ထမ်းများ 'ဟင်၊ ဟာ' ဖြင့် အလန့်တကြား အော်ဟစ်ကြပါသည်။ ထိုအချိန်နှင့် တစ်ပြိုင်နက်တည်းဖြင့် ကောင်းကင်ယံတွင် ငှက်ဆိုးများ 'တဂစ်ဂစ်'ထိုးပြီး ထောင်အုတ်ရိုးအပြင်ဘက်ရှိ ခွေးများ 'တအူအူ' အော်ကြသည်။ ထို့အပြင် ထောင်ပတ်ဝန်းကျင်ရှိ သစ်ပင်ကြီးများပေါ်မှ ကျီးကန်းများကလည်း 'ဝုန်း'ခနဲ ထပျံကြသည်။ 'တအားအား' အော်၍ ငှက်များ ပြိုကျတော့သည့် မြင်ကွင်းမှာ မသာယာ၊ နားလည်းမချမ်းသာ လွန်စွာ အရုပ်ဆိုး အကျည်းတန်သော ကြိုးပေးသည့် မြင်ကွင်းဖြစ်ပါသည်။

ဤလိုက်စွမျိုးမှာ တစ်နေ့ ကျွန်တော်တို့ ထောင်မှူးအသစ်များ အဖွဲ့ ထောင်မှူးကြီးဖြစ်လာပါက မလွှဲမသွေ တာဝန်ယူ ဒေါက်ဖြုတ်ရမည့် အနေအထားဖြစ်သည်။ ထို့ကြောင့် ထောင်ဝန်ထမ်းလောကကို ကျွန်တော် စိတ်အလွန်ပျက်မိပါသည်။

အခြားကြိုးသမားများအား ကြိုးပေးစဉ် အခါတုန်းကတော့ ကျွန်တော်တို့ကိုယ်တိုင် မပါဝင်ပါ။ မျက်မြင်လည်း မဟုတ်ခဲ့ပါ။ သို့သော်၊ ကြား



www.burmeseclassic.com

www.burmeseclassic.com



နေရခြင်းသာဖြစ်သည်။ ထောင်ပိုင်ကြီးကလည်း ကျွန်တော်တို့အား လေ့လာကြည့်ရှုရန် ဖိတ်ခေါ်ခြင်းလည်း မရှိခဲ့ပါ။ ယခုအခါကလည်း ထောင်ပိုင်ကြီးက ကျွန်တော်တို့ ထောင်မှူးလူသစ်များအား ဖိတ်ခေါ်ခြင်းမဟုတ်ဘဲ၊ ကျွန်တော်တို့ဘာသာ ကိုယ့်သဘောနှင့်ကိုယ် ဝင်ရောက်ကြည့်ရှုခြင်းသာ ဖြစ်ပါသည်။ တင်မောင်ဦးမှာ ကျောင်းသားတစ်ဦးဖြစ်သောကြောင့် လူဆိုးလူမိုက်တစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် ကောင်းရာသုဂတိ လားစေရန်ကိုတော့ ဆုတောင်းပြီး အမျှပေးဝေမိပါသည်။

ကြိုးဒဏ်ပေးပြီး ငါးမိနစ်စောင့်ရသည်။ ပြီးနောက် ဆရာဝန်အဖွဲ့အား ကြိုးစင်အောက်ခြေ ဂလိုဏ်အတွင်းသို့ဝင်၍ လက်နှိပ်မီးများဖြင့် ကြိုးသမား သေမသေ၊ စစ်ဆေးရသည်။ ထိုသို့ ကြိုးပေးသောအခါတွင် ကြိုးသမား သေဆုံးခြင်း မှန်ကန်ပါက ဇက်ကြိုးပြီး နား၊ နှာခေါင်း၊ မျက်စိများမှ သွေးများထွက်သည်။ ယောက်ျားတန်ဆာမှလည်း သွေးထွက်တတ်ပါသည်။ ထိုသို့ အခြေအနေအရပ်ရပ်ကို စစ်ဆေးပြီး ဆရာဝန်များအဖွဲ့က အမှန်တကယ် သေဆုံးပြီဟု ထောက်ခံမှ ကြိုးစင်ကို ပြင်ဆင်သူ တပ်ကြပ်ဦးစိုးတင့်တို့အဖွဲ့က ကြိုးသမားကို အောက်ပိုင်းမှမပြီး လည်ပင်းမှ ကြိုးကွင်းကို ဖြုတ်ရသည်။ ထို့နောက် လိုဏ်ခေါင်းအတွင်းမှ ကြိုးသမားကို အပြင်သို့ထုတ်ပြီး အကျဉ်းထောင်လက်သမားဌာနမှ အသင့်ရိုက်ပေးထားသော ခေါင်းတလားထဲသို့ ထည့်ရသည်။ ထိုအခါက ထောင်ပိုင်ကြီးတို့အဖွဲ့နှင့် တရားသူကြီးအဖွဲ့၊ မြို့နယ်ရဲအရာရှိများအဖွဲ့က အသေအချာ စစ်ဆေးရပြန်သည်။ ကြိုးသမား သေဆုံးပြီး မှန်ကန်ကြောင်း အတည်ပြုမှသာ အကျဉ်းထောင် သင်္ဂြိုဟ်အဖွဲ့က ကားဖြင့်တင်ပြီး ကြံတောသုသာန်ပို့၍ ချက်ချင်း မီးသင်္ဂြိုဟ်ရပါသည်။

✿ ✿ ✿

❑

ဤသည်မှာ ကျွန်တော် ပထမဆုံး ကိုယ်တွေ့မျက်မြင် ကြုံခဲ့ရသည့် ကြိုးသမားကို ကြိုးပေးကွပ်မျက်သည့် အနိဋ္ဌာရုံ မြင်ကွင်းဖြစ်ပါသည်။ ထိုစဉ်အခါက ထိုကဲ့သို့ ကိစ္စမျိုးက လစဉ်ဖြစ်ပွားနေကျဖြစ်သည်။ သို့သော် နောက်ပိုင်း ကျွန်တော် သွားရောက်ကြည့်ရှုခြင်း မရှိတော့ပါ။ ထောင်ပိုင်ကြီးကလည်း တာဝန်ပေးအပ်ခြင်း မရှိသောကြောင့် ဝေးဝေးက ရှောင်နေခြင်းဖြစ်ပါသည်။

နောက်ပိုင်းတွင် ကျွန်တော် ပြောင်းရွှေ့တာဝန်ကျသည့် အမှတ်(၁) အိပ်ထောင် အဆောင်မှူးတာဝန်ဖြင့် နောက်ပိုင်းတွင် အချုပ်ရုံးတာဝန်ကို ထောင်မှူးကြီး ဦးတင်ထွန်းနှင့်တွဲ၍ ထမ်းဆောင်ရပါသည်။ ထိုစဉ်အခါက နေ့စဉ်ရုံးထွက်သော အချုပ်သမားများမှာ ငါးရာကျော်၊ ခြောက်ရာခန့် ရှိသည်။ ထောင်ကျ၊ နောက်မှုရုံးထွက်သူများ၊ အမျိုးသမီး အချုပ်သူများနှင့် ပေါင်းပါက နေ့စဉ် ရုံးထွက် (၇၀၀)ကျော် (၈၀၀)ခန့် ရှိသည်။ ဝန်ထမ်းများက အချုပ်ရုံးကို အရှုပ်ရုံးဟု ခေါ်ကြသည်။

မနက်မိုးလင်း ထောင်ဖွင့်၊ လူပေါင်းစစ်ဆေးပြီးနောက် ဝန်ထမ်းများနှင့် တာဝန်ကျ အချုပ်ရုံးအဖွဲ့များက ရုံးထွက်ရမည့်သူများကို အချုပ်

www.burmeseclassic.com

www.burmeseclassic.com



ရမန်များနှင့် တိုက်ဆိုင်ပြီး အိပ်ဆောင်အသီးသီးသို့ လိုက်လံခေါ်ဆောင်ရသည်။

ထို့နောက် တစ်ထောင်လုံး၊ တန်းစီလူတွေ့စစ်ဆေးပြီး မိန်းဂျေးရှေ့၌ ထပ်မံစစ်ဆေးရသည်။ ထို့နောက် ထောင်အရှေ့ ဘူးတံခါးကြီးအနီးရှိ တန်းစီကွင်းတွင် တန်းစီထိုင်စေ၍ ထပ်မံစစ်ဆေးရပြန်သည်။ အထပ်ထပ်စစ်ဆေး၍ မှန်ကန်သေချာမှ ဘူးတံခါးကြီးအတွင်းသို့ သွင်း၍ မြို့နယ်အသီးသီးမှ လာရောက်ခေါ်ဆောင်ကြသော ရဲဝန်ထမ်းများကို ရမန်များပေးအပ်၍ နောက်ဆုံးစစ်ဆေးပြီး ရဲကားအပြာကြီးပေါ်သို့ တင်ရခြင်းဖြစ်သည်။ ရုံးထုတ်ချိန်မှာ မနက်ကိုးနာရီခန့်မှ နေ့လယ်၁၂ နာရီအထိ တစ်ကြောင်းပြီးတစ်ကြောင်း ထုတ်ပေးရခြင်းဖြစ်သည်။

ရုံးထွက်အကျဉ်းသား၊ အချုပ်သားများ ကုန်စင်ပါမှ ကျွန်တော်တို့အဖွဲ့ တစ်လှည့်စီ ထမင်းစားထွက်ကြရသည်။ မွန်းလွဲ နှစ်နာရီအချိန်ခန့်တွင် ထောင်အတွင်းသို့ ပြန်ဝင်ပြီး ယမန်နေ့က မြို့နယ်ရုံးအသီးသီးက ချုပ်နှောင်ရန် ပို့ဆောင်ထားသည့် အချုပ်လူသစ်များအား အချုပ်မှတ်ပုံတင်စာအုပ်တွင် ရေးသားဖြည့်သွင်းပြီး အချက်အလက်များကို လူများနှင့်တိုက်ဆိုင်စစ်ဆေးပြီး မှန်ကန်ပါမှ လက်မှတ်ထိုး၍ အတည်ပြုသည်။ ထိုစဉ်အခါက ဝင်ရောက်လာကြသော အချုပ်လူသစ်များမှာ ဦးရေတစ်ရာခန့် ရှိသည်။ တနင်္လာနှင့်၊ သောကြာနေ့မျိုးတွင် အချုပ်သစ်ဦးရေ (၁၅၀)၊ (၂၀၀)ခန့်ရှိသည်။

ထိုနေ့မျိုးတွင် အချုပ်လူသစ်များကို စစ်ဆေးကြည့်ရှုရသော ကျွန်တော်တို့ အချုပ်ရုံးထောင်မှူးများမှာ ညောင်းညာကိုက်ခဲသည်အထိ အလုပ်ကို လုပ်ကြရသည်။ လူသစ်ကြည့်ပြီးနောက် ညနေ သုံးနာရီခန့်အချိန်တွင် အချုပ်ရုံးသို့ပြန်၍ ခေတ္တနားနေစဉ် မြို့နယ်တရားရုံးများမှ စာများနှင့် အချုပ်အာမခံလွှတ်ဝရမ်းများ တဖွဲဖွဲရောက်ရှိလာကြပြန်ပါသည်။ ညနေလေးနာရီခန့်အချိန်တွင် ရုံးပြန်များ၊ တဖွဲဖွဲ ပြန်လည်ရောက်ရှိလာကြသလို အချုပ်လူသစ်များနှင့် နယ်ရဲစခန်းများမှ ဖမ်းဆီး၍ လာရောက်ပို့ဆောင်ကြသော အချုပ်သားများကို လက်ခံရပြန်သည်။



ထိုအတွင်း၌ပင် တဖွဲဖွဲရောက်ရှိလာသော တရားရုံးများမှ ပေးပို့သည့် အချုပ်အာမခံလွှတ်ဝရမ်းများကို စစ်ဆေးပြီး လွှတ်လူများကို အဆောင်အသီးသီးမှ ရှာဖွေခေါ်ယူပြီး အသေးစိတ်စစ်ဆေး၍ ရုံးရှေ့တွင် တန်းစီထားရသည်။ အကယ်၍ လွှတ်ဝရမ်းတွင် တရားရုံးတံဆိပ်မပါခြင်း၊ နာမည်များယွင်းနေခြင်း၊ ပြည့်စုံမှုမရှိပါကလည်း အချုပ်တရားခံအား လွှတ်၍မရပါ။

လွှတ်မိန့်ပေးလျက် မလွှတ်နိုင်ပါကလည်း ထောင်တာဝန်ခံအရာရှိထံ ချက်ချင်းသွားရောက်ပြီး သတင်းပို့ရသည်။ ကျွန်တော်တို့တွင် အချုပ်သား၊ အကျဉ်းသားတစ်ဦးအား ရက်ကျော်၍ ချုပ်နှောင်ထားနိုင်ခြင်း မရှိပါ။ ထိုသို့ဖြစ်ခဲ့ပါက တာဝန်ခံထောင်မှူးကို ကြီးလေးသော ပြစ်ဒဏ်ကို ချမှတ်နိုင်ပါသည်။ ထို့ကြောင့် အကျဉ်းထောင်အတွင်း ချုပ်နှောင်ဖမ်းဆီးထားသော အချုပ်သား၊ အကျဉ်းသားများကို ရက်လျော့၍လည်း မရပါ။ ရက်ပိုရှေ့လည်း မရပါ။ အကျဉ်းထောင် လက်စွဲဥပဒေအတိုင်း တိတိကျကျမှန်မှန်ကန်ကန် လုပ်ဆောင်ပေးရခြင်းဖြစ်ပါသည်။

✿ ✿ ✿

❑

ထိုသို့ အချုပ်ရုံးတွင် အလုပ်ဝတ္တရားများဖြင့် ချာချာလည်နေပြီး ၁၉၈၄ခုနှစ်၌ ကျွန်တော့်အား ကော့သောင်း ဆီအုန်းစခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ရုံးချုပ်မှ အမိန့်စာ ထွက်လာပါသည်။

ထိုစဉ်အခါက ကျွန်တော့်မှာ အိမ်ထောင်ကျစ သမီးဦးကလေး မွေးခါစဖြစ်သည်။ သို့သော်လည်း ဝန်ထမ်းတစ်ဦးဖြစ်သောကြောင့်လည်း စေလိုရာစေ၊ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပေတော့မည်။ ထိုစဉ်အခါများက

www.burmeseclassic.com

www.burmeseclassic.com



ကော့သောင်းဆီအုန်းစခန်းများ ဖွင့်လှစ်ခါစဖြစ်သောကြောင့် ဝန်ထမ်းနှင့် ရဲဘက်များမှာ တောတွင်း၌ စခန်းချပြီး ယာယီအိမ်များ ဆောက်လုပ်၍နေထိုင်ရကြောင်း၊ ဝမ်းရောဂါနှင့် ငှက်ဖျားရောဂါများ ဖြစ်ပွားပြီး သေဆုံးရကြောင်း၊ လမ်းပန်းခရီး အဆက်အသွယ်များမှာလည်း အလွန်ခက်ခဲပြီး ရာသီဥတု ပူပြင်းပြီး အလွန်ဆိုးဝါးကြောင်းလည်း ကြားသိနေရပါသည်။ ဝန်ထမ်းများက မသွားလိုကြသော မဲဇာဒေသဖြစ်သည်။ အချုပ်ဝန်ထမ်းများ၊ ကော့သောင်းစခန်းများသို့ ပို့သည်နှင့် အလုပ်က ထွက်ကြကြောင်းကိုလည်း ကြားသိနေရပါသည်။ သို့သော် ကျွန်တော့်အနေနှင့် ကိုယ်ရွေးချယ်ခဲ့သည့် အလုပ်အပြင် ဇနီး၊ မယား၊ သမီးသားနှင့် အိမ်ထောင်သည်တစ်ဦး ဖြစ်နေသောကြောင့် မလွဲမရှောင်သာ ခွဲခွာ၍ စွန့်စားပြီး သွားရောက်တာဝန်ထမ်းဆောင်ရပေဦးမည်။

ထိုစဉ်အခါကလည်း ပြောင်းရွှေ့ဝန်ထမ်း၊ ရဲဘက်များ၊ ရိက္ခာများကို တင်ဆောင်၍ စင်းလုံးငှား ပင်လယ်ကမ်းရိုးတန်းသွား မြစ်ကြီးနား သင်္ဘောကြီးဖြင့် ထွက်ခွာရခြင်းဖြစ်သည်။ ထိုစဉ်အခါက ကော့သောင်းမြို့ဆိုသည်မှာ မြန်မာပြည် အစွန်အဖျား တောမြို့ကလေးသာဖြစ်သည်။ တောင်ကုန်း၊ တောင်စောင်းလေးများပေါ်တွင် အစီအရီ ဆောက်လုပ်ထားသော အိမ်ကလေးများသာရှိပြီး တစ်ဖက်ကမ်း ယိုးဒယားနိုင်ငံရှိ ရနောင်းမြို့ကြီးမှာ မြင့်မားသော တိုက်တာ၊ အဆောက်အအုံများဖြင့် ခန့်ထည်လှသည်။ ကျွန်တော်တို့ တာဝန်ကျသော စခန်းများမှာ ကော့သောင်းမြို့နှင့် မနီးပါ။

ကော့သောင်းမြို့မှ တနင်္သာရီရိုးမအခြေ ဘန်ကချွန်ရွာအထိ ကတ္တရာလမ်းရှိသည်။ လမ်းကျဉ်းကလေးသာဖြစ်သည်။ ကော့သောင်းမြို့လယ်မှ သုံးမိုင်အကွာတွင် ကျွန်တော်တို့ အကျဉ်းဦးစီးဌာန၏ ယာယီ ဧည့်ဆောင်ကလေးရှိသည်။ လမ်းအကွေ့တောင်ကုန်းအထက် လက်ဝဲဘက်ကားလမ်းအနီး ပင်လယ်အတွင်း၌ ခြေတံရှည်ဆောက်လုပ်ထားခြင်းဖြစ်သည်။

ထိုမှ တောင်ကုန်းမြင့်ကြီးကိုပတ်၍တက်ရသည်။ မြေညီသော နေရာ၌ (၇)မိုင်လေယာဉ်ကွင်းသို့ ရောက်သည်။ ထိုမှ ဆက်၍လာသော ပသျှူးမျိုးများနေထိုင်သည့် (၁၀)မိုင်ရွာသို့ရောက်သည်။ ထိုရွာမှ မြေလမ်းအတိုင်း ကျွန်တော်တို့ တာဝန်ကျရာ တောတွင်းသို့ ဝင်ရခြင်းဖြစ်သည်။



ယင်းမြေလမ်းမှာလည်း တောင်ဆင်းတောင်တက်နှင့် လွန်စွာကြမ်းတမ်းသည်။ မိုးတွင်းအခါ၌ ထွန်စက်နှင့် မော်တော်ဆိုင်ကယ်များသာလျှင် သွားလာနိုင်ပြီး ဟီးနိုး (TE) ကား၊ တီးနိုး RANGER ကားများပင် သွားလာခြင်း မပြုနိုင်သောကြောင့် ရပ်နားထားရကြောင်း သိရသည်။ ထို့ကြောင့်လည်း တာဝန်ကျ၍သာ လာခဲ့ရသည်။ လွန်စွာ စိတ်ပျက်ရကောင်းသော ဒေသဖြစ်ပါသည်။

တောင်ဆင်း၊ တောင်တက်လမ်းများကိုကျော်တော့ ရေတံခွန်ဆီအုန်းစခန်းသို့ ရောက်သည်။ ထိုစဉ်အခါက နွေရာသီဖြစ်သောကြောင့် ကျွန်တော်တို့အား ဟီးနိုး (TE) ကားကြီးဖြင့် လာကြိုကြခြင်းဖြစ်ပါသည်။ ရေတံခွန်စခန်း၌ တစ်ညအိပ်ရသည်။ ထိုစဉ်အခါက ရေတံခွန်စခန်းတွင် ရုံးဘဲ့ရုံးကို ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ထောင်ပိုင်ကြီးများ ရုံးထိုင်ကြသည်။ သူတို့ ရုံးထိုင်သောရုံးမှာ တောင်ကုန်းမြင့်ပေါ်တွင် ဆောက်ထားသော အဆောက်အအုံဖြစ်သောကြောင့် ဘင်္ဂလားပင်လယ်ကြီးမှ တိုက်ခတ်လာသော လေအေးများက ဝင်သည်။ ထို့ကြောင့်လည်း အမောပြေပါသည်။

စခန်း၏ အနောက်ဘက်တွင် တနင်္သာရီရိုးမက ကာဆီးထားသည်။ တောင်တန်းကျွန်မြင်သမျှ သစ်တောဖုံးပြီး စိမ်းလန်းစိုပြည်နေသည်။ ညစာ စားသောက်သည်။ ပင်လယ်ထွက်၊ ပင်လယ် အစားအစာများနှင့် ပြည့်စုံကောင်းမွန်စွာ စားရပါသည်။

နောက်တစ်နေ့တွင် ကျွန်တော် တာဝန်ကျသော ပါဆယ်ပါညွန်းဆီအုန်းစခန်းသို့ လိုက်ပို့ပါသည်။ ထိုစခန်း၏ ထောင်ပိုင်မှာ ဦးယဉ်မောင်ဖြစ်သည်။ ယခင်ကတည်းက ရင်းနှီးပြီးဖြစ်သောကြောင့် ကျွန်တော့်ကို ကြိုဆိုသည်။ ကျွန်တော့်အရင် ရောက်ရှိနေသော ထောင်မှူးကြီးဦးမှာ ကျွန်တော်တို့ အပတ်စဉ်တူ သူငယ်ချင်းဖြစ်သည်။ နောက်တစ်ဦးမှာ ထောင်မှူး

www.burmeseclassic.com



ထွန်းအောင်လွင်ဖြစ်သည်။ သူက ကျွန်တော်တို့ထက် ဂျူနီယာကျပါသည်။ ထိုစခန်းတွင် ကျွန်တော့်အား 'ထောက်'ဌာန တာဝန်ခံအဖြစ် ထောင်ပိုင်ဦးသည့်မောင်က တာဝန်ပေးပါသည်။ ပါဆယ်ပါညွန်းစခန်းမှာ ကော့သောင်းမြို့မှ ချန်းဖန်းရွာသို့ သွားသည့်မြေကားလမ်းအနီးတွင် ကပ်လျက်ရှိသောကြောင့် အဆက်အသွယ် အသွားအလာကောင်းသည်ဟု ဆိုရမည်ဖြစ်သည်။

ချန်းဖမ်းရွာမှ ကော့သောင်းမြို့သို့ဆင်းသည့် ဘတ်စ်ကားကြီးလည်း နေ့စဉ်ပုံမှန်ရှိသည်။ ထို့ကြောင့် ကော့သောင်းမြို့မှ ဝယ်ယူလိုသော ပစ္စည်းများကို ထိုကားအကြုံနှင့် ဝယ်ယူမှာကြားနိုင်သည့် ပါဆယ်ပါညွန်းစခန်းတွင် (၆)လခန့် တာဝန်ထမ်းဆောင်ရပြီးနောက် ကျွန်တော့်အား အောက်ချိုင့်ဆီအုန်းခြံစခန်းသို့ တာဝန်ခံအဖြစ် ရွှေ့ပြောင်းပေးပါသည်။ ထိုစခန်းမှာ ပါဆယ်ပါညွန်းစခန်းနှင့် သုံးမိုင်ခန့်ဝေးပြီး အတွင်းကျသည့် တနသာင်္ရီ ရိုးမတောင်ကြီးနှင့် ပို၍ နီးသည်။

အောက်ချိုင့် ဆီအုန်းခြံစခန်းမှာ ယခင်က ယာယီ ပျိုးပင်စခန်းသာဖြစ်သောကြောင့် ယခင် တာဝန်ယူခဲ့သော ထောင်ပိုင်ဦးကိုကိုလတ်နှင့် ထောင်မှူးကြီးတို့က ယာယီတဲကလေးဖြင့်သာ နေထိုင်ကြသောကြောင့် ကျွန်တော့်စခန်းအား လွှဲပြောင်းလက်ခံရယူပြီးနောက် သန့်ရှင်းသပ်ရပ်သော စခန်းတစ်ခုဖြစ်အောင် (၆)လခန့် ကြိုးစားပမ်းစား ပြင်ဆင်ဆောက်လုပ်ရသည်။ ကျွန်တော်နေထိုင်သော နှစ်ထပ်ပျဉ်ထောင်ရုံးကြီးသာမက ဝန်ထမ်းအိမ်ရာများနှင့် ရဲဘက်ဘားတိုက်များကိုလည်း ပျဉ်ခင်းပြီး ထရံကာအဆင်သို့ လုပ်ဆောင်ရသည်။

ထို့ကြောင့် အောက်ဥယျာဉ်ခြံစခန်းမှာ အခြား ဆီအုန်းစခန်းများနှင့် မတူဘဲ ရောက်ရှိလာသူများ သဘောကျကြသည်။ ဝန်ထမ်းနှင့် ရဲဘက်များကလည်း ကျွန်တော်၏ စိတ်ကြိုက်စည်းကမ်း လိုက်နာကြပြီး စခန်းကို သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းကူညီတည်ဆောက်ကြခြင်း အကြောင်းအရင်းလည်း ပါပါသည်။ ထို့အပြင် ရှေ့တန်းလုပ်ငန်းလုပ်ကိုင်သည့် ထောင်



တွင် တပ်ကြပ်စောထွန်းအောင်နှင့် ရဲဘက်တစ်ခွဲမှူး မောင်ဝင်းတို့ကလည်း အလွန်အားကိုးရသည်။ နောက်တန်းတွင်တော့ တပ်ကြပ်ကြီးဦးထွန်းမောင်က ဝန်ထမ်းနှင့်ရဲဘက်များ စည်းကမ်းထိန်းသိမ်းရေးအပြင် ရဲဘက်ဖိုကြီးကို ပါ စနစ်တကျ သန့်ရှင်းပြီး ရောဂါဘယကင်းရန်အတွက် တာဝန်ယူထားသည်။

ထို့အပြင် ကျွန်တော် စခန်းများအနီး မြေပြန့်တွင် ဝန်ထမ်းနှင့် ရဲဘက်များ စားသုံးရန်အတွက် တပ်ကြပ်ဦးအေးမောင်ဦးစီးသည့် ဥယျာဉ်ခြံကိုလည်း တည်ထောင်ထားရာ ရာသီသီးနှံ ဘူး ဖရုံ သခွား ချဉ်ပေါင်၊ နံနံ၊ ခရမ်း၊ ရုံးပတ် စသည်တို့အပြင် ယခင်က ဒေသခံ ပဲသျှူးများ၏ စိုက်ပျိုးရေးလက်ကျန် ရှောက်ပင်၊ သရက်ပင်၊ တညင်းပင်၊ ဒူးရင်းပင်များကို အသီးပြုစုပျိုးထောင် ဂရုစိုက်သောကြောင့် ရာသီအလိုက် သီးပွင့်နေကြပါသည်။

အောက်ချိုင့်ခြံစခန်းကို သာယာလှပအောင် ပြင်ဆင်တည်ဆောက်ပြီးနောက် အခြေကျလာသည်နှင့်အမျှ တာဝန်များက ပေါ့ပါးလာသည်။ ယခင်ကကဲ့သို့ နေရာတကာ ကျွန်တော်ပါဝင်ဖြေရှင်းရန် မလိုအပ်တော့။ ဝန်ထမ်းနှင့် ရဲဘက်အုပ်ချုပ်ရေး အကျဉ်းသားများက သူ့တာဝန်နှင့်သူ ဖြေရှင်းနိုင်ကြသည်။ ထို့ကြောင့်လည်း ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများပီပီ ဥပုသ်ကြီးရက်ကြီးများတွင် စုပေါင်း၍ ဘာသာရေးပွဲများ လုပ်ကြသည်။ ဥပုသ်သီလ စောင့်ထိန်းကြသည်။ ထို့ကြောင့် ကျွန်တော်တို့စခန်းတွင် အရာရှိဝန်ထမ်းနှင့် ရဲဘက်များအားလုံး ပျော်ကြသည်။ အလုပ်ပင်ပန်း၍ ထွက်ပြေးသွားသူများ မရှိသလောက် ရှားသည်။

အောက်ချိုင့်ခြံစခန်းသို့ ပြောင်းရွှေ့ပြီး ကျွန်တော့်စိတ်တိုင်းကျ စခန်းအား ပြင်ဆင်ပြီးနောက် စေတနာအလျောက် တူသောအကျိုးပေးသည်လား မသိပါ။ ကျွန်တော် ရာထူးတက်သည်။ ထောင်မှူးကြီးရာထူးသို့ ခန့်အပ်ခြင်း ခံရပါသည်။ စခန်းလုံခြုံရေးကိုလည်း စိတ်ချရပြီး ဆီအုန်းပင်များ ပေါင်းရှင်းလင်းရာတွင်လည်း ရှေ့တန်းတစ်ခွဲက တာဝန်ယူကြသော

www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ကျွန်တော်တို့ စခန်းရောက်သည်နှင့် ညီညာလှပပြီး သန့်ရှင်းစွာ အတန်းလိုက်စိုက်ပျိုးထားသည့် ဆီအုန်းပင်များကို တမျှော်တခေါ်ကြီး လှပသာယာစွာ မြင်တွေ့ရသည်မှာ လွန်စွာမှ စိတ်ချမ်းသာစရာကောင်းသည်။

ထို့ကြောင့်လည်း ကော့သောင်းဆီအုန်းစခန်းများသို့ ရောက်စအချိန်ကာလက အလုပ်ပင် နှုတ်ထွက်ချင်အောင် စိတ်ဓာတ်ကျခဲ့သော်လည်း ယခုအချိန်မှာတော့ ကျွန်တော့်ဝန်ထမ်း၊ ကျွန်တော့်စခန်းနှင့် အလွန်နေပျော်လာပါသည်။ ထို့ကြောင့်လည်း အချိန်အားတိုင်း လမ်းပြရဲဘက်မှုထိုးများ အကူအညီနှင့် တနင်္သာရီရိုးမပေါ်သို့ တက်၍ ဝါသနာအလျောက်၊ သစ်ခွဝန်းရှာခြင်း၊ ထူးဆန်းသော အပင်များကို လေ့လာခြင်း၊ အဘိုးထိုက်ရွှေမှုန်း၏ အမွေအရ ဆေးပင်များအား ရှာဖွေခြင်း၊ လုပ်ငန်းများအပြင် သေနတ်ထမ်း၍ အမဲလိုက်သော အလေ့အကျင့်ကိုလည်း ရရှိလာခဲ့ပါသည်။ ယေဘုယျအားဖြင့် တပင် ဝါသနာပါခဲ့သော အမဲလိုက်မှုဆိုးအလုပ်ကို ယခုမှပင် ထဲထဲဝင်ဝင် လုပ်ကိုင်နိုင်မည်ဖြစ်ပါသည်။

တောတွင်းစခန်းများဖြစ်၍ တောစာ၊ တောင်စာ၊ အသီးအရွက်၊ သစ်ဥသစ်ဖုများအပြင် ဆီအုန်းခင်းအတွင်း ပေါင်းမြက်များရှင်းရာမှ ဝန်ထမ်းနှင့် ရဲဘက်များရရှိလာကြသော ဖြူ၊ ပွေး၊ မြွေကြွက်နှင့် တောဝက်ပေါက်များကလည်း မကြာခဏ ရရှိပြီး တောစာတောင်စာအဖြစ် စားသုံးကြရသည်။

ထို့အပြင် ကျွန်တော်တို့ မုဆိုးအဖွဲ့ (၁)ပတ်၊ တစ်ကြိမ်၊ နှစ်ကြိမ် ရရှိလာသော တောဝက်ကြီးများနှင့် ချေများကလည်း စခန်းအတွင်းရှိ ဝန်ထမ်းနှင့် ရဲဘက်များ ဖူလုံအောင် စားသုံးနိုင်ကြသဖြင့် အသားရိက္ခာလည်း ပေါများသောကြောင့် စခန်းနေသူအားလုံး ပျော်ရွှင်ချမ်းမြေ့ကြပါသည်။

✿ ✿ ✿

## ၁၉၈၀ ခုနှစ်၊ ကော့သောင်းဆီအုန်းစခန်းမှ စိုင်းအင်းစိန် ဝတိုအကျဉ်းထောင်သို့ ပြန်လည်ဝင်ရောက်စ အခြေအနေ

❑

၁၉၈၀ ခုနှစ်က ကျွန်တော် ကော့သောင်းမြို့နယ် အောက်ချိုင့်ဆီအုန်းစခန်းမှ ရန်ကုန်မြို့သို့ ပြန်လည်ပြောင်းရွှေ့ရန် အမိန့်ရောက်ရှိလာသည်။ ကော့သောင်းဆီအုန်းစခန်းများမှာ တနင်္သာရီရိုးမ တောင်ခြေနှင့် သစ်တောပင်လယ်အော်ကြီးအကြား၌ တည်ရှိသော စခန်းများဖြစ်သောကြောင့် တောတောင်များနှင့် ဆက်စပ်ပြီး တောတွင်း၌ နေထိုင်ရသလိုဝင်ထွက်ရေး ထိုင်ရေး၊ စားသောက်ရေး၊ အလွန်ဆင်းရဲလှပါသည်။

သို့သော် တစ်နှစ်ခန့် ဒုက္ခခံချပြီးနောက်ပိုင်းတွင် အခြေကျ၍ နေပျော်လာပါသည်။ ကျွန်တော်၏ ဝါသနာမှာ အမဲလိုက်ခြင်း၊ သစ်ခွပန်းများ ရှာခြင်းနှင့် ဆေးဘက်ဝင် သစ်ပင်များအား လေ့လာခြင်းဖြစ်သောကြောင့် နောက်ပိုင်းတွင် တောပျော်မုဆိုးဖြစ်လာပြီး နေသာလာသည်ဟု ဆိုရသော အခြင်းဖြစ်ပါသည်။

www.burmeseclassic.com



ကျွန်တော်၏ စခန်းအား လွှဲပြောင်းပေးရန်အတွက် လှူစားလဲလာသော ထောင်မှူးကြီးမှာ ကျွန်တော်တို့နှင့် အပတ်စဉ်တူ သူငယ်ချင်း ထောင်မှူးကြီးဦးကျော်ကျော်လွင် ဆိုသူဖြစ်သည်။ ထို့ကြောင့်လည်း တစ်ဦးနှင့်တစ်ဦး ဆီအုန်းခြံကိစ္စနှင့် ပတ်သက်၍လည်းကောင်း၊ စခန်းနှင့်ပတ်သက်၍လည်းကောင်း၊ ဝန်ထမ်းရဲဘက်များနှင့် ပတ်သက်၍လည်းကောင်း၊ လွှဲပြောင်းကြရာ၌ ပြဿနာတစ်စုံတစ်ရာ မရှိပါ။ တခြားစခန်းများတွင် ထိုသို့လွှဲပြောင်းရာတွင် ဆီအုန်းပင်များ လျော့နည်း၍ ပျက်ဆီးမှုများကိုလည်း လစဉ် Ripeout ခေါ် မီးစာရင်း (ပျက်ဆီး) စာရင်းမတင်သောကြောင့် ပြဿနာဖြစ်ကြရသည်။

ကျွန်တော်တို့စခန်းတွင်တော့ ထိုကိစ္စကို အလေးထားပြီး ဆီအုန်းပင်ဧက (၁၀၀)ကျော်အား နေ့စဉ် ပုံမှန်၊ ချုံနွယ်ရှင်းလင်း၍ သန့်ရှင်းရေးလုပ်သောကြောင့် တောတိရစ္ဆာန်များ၏ သဘာဝဘေးအန္တရာယ်မှ ကာကွယ်ထားသဖြင့် အပျက်အဆီးလည်း နည်းပါသည်။ ထို့အပြင် ကျွန်တော်က အပျက်အဆီးများရှိလျှင် ဖာထေးစိုက်ပျိုးရန်အတွက် ပျိုးပင်ပေါက်များကိုလည်း သီးခြားစိုက်ကွက်တွင် စိုက်ပျိုး၊ ပျိုးထောင်ထားပြီး တောတိရစ္ဆာန်များ၏ ဖျက်ဆီးခြင်းခံရသော ဆီအုန်းပင်များအား ချက်ချင်း အစားထိုးစိုက်ပျိုးထားသဖြင့် မူလခြံစိုက်ဧက (၁၀၀)ကျော်အတွင်း၌ ဆီအုန်းပင်များ လျော့နည်းမှု မရှိသည့်အပြင် အရေအတွက် ပိုလျှံ၍ပင် နေပါသေးသည်။

၁၉၈၇ ခုနှစ်၊ နှစ်စပိုင်း၌ ကျွန်တော် အောက်ချိုင့်ခြံစခန်းသို့ တာဝန်ခံအနေဖြင့် ပြောင်းရွှေ့လာရစဉ်က ခြံတာဝန်ခံ ထောင်ပိုင်ဦးကိုလေး၏လက်ထဲမှ အရေးပေါ် လွှဲပြောင်းယူခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က ဆီအုန်းပင်စိုက်သော ဧက(၁၀၀)ကျော်တွင် မြေနိမ့်ပိုင်းရေဝပ်သော တောင်ကြားဒေသနှင့် တနသ်ာရီရိုးမတောင်ခြေအနီးရှိ ဆီအုန်းပင်များမှာ ပေါင်းမြက်ရှင်းလင်းခြင်းကို နိုင်အောင်မလုပ်နိုင်သောကြောင့် အပျက်အစီး အလွန်များခဲ့သည်။

ဆီအုန်းပင်များအား မိုးရာသီတွင် ပုံမှန်မြေဩဇာကျွေးခြင်း၊ ပေါင်းမြက်ရှင်းလင်းခြင်းများ မလုပ်ဆောင်နိုင်ခဲ့သောကြောင့်လည်း အဝင်များမှာ



တစ်နေရာနှင့်တစ်နေရာ ကြီးထွားမှုနှုန်း မတူညီဘဲ ဖြစ်ခဲ့ရသည်။ ကျွန်တော်၏ လက်ထက်တွင် ဌာနကထုတ်ပေးသော ရိုးရိုး ပေါင်းရှင်းဓားများအပြင် အသုံးအတွက် ပသျှူးဓားကောက်ကြီးများအား လက်ကိုင်အရိုးရှည် တပ်၍ ရဲဘက်များအား ရှင်းလင်းစေရာ ယခင် တစ်ကေလျှင် လူလေးယောက်နှင့်ပြင် တစ်ရက်၊ နှစ်ရက်ရှင်းရသော်လည်း လက်ကိုင်အရိုးရှည်တပ် ပသျှူးဓားကောက်ကြီးများကြောင့် တစ်ဧကကို ရဲဘက်နှစ်ယောက်တည်းနှင့် တစ်ရက်တည်းပြီးစီးအောင် ရှင်းလင်းနိုင်ခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်တို့စခန်း တောင်ကုန်းပေါ်မှ ကြည့်လျှင် ပေါင်းမြက်များ ကင်းရှင်းနေသောကြောင့် ဆီအုန်းပင်များအား အတန်းလိုက် သပ်သပ် မြင်တွေ့ရပါသည်။ အစိမ်းရောင် ဆီအုန်းပင်များအနောက်တွင် တနင်္သာရီရိုးမတောင်တန်းကြီးက ကာစည်းထားသောကြောင့် မနက်ပိုင်းနှင့် ညနေ နေဝင်ဆည်းဆာအချိန်တို့တွင် မည်သည့်နေရာကိုကြည့်ကြည့် ဆီအုန်းပင်များ အတန်းလိုက်ကို လှပစွာညီညာစွာ တွေ့မြင်ရပါသည်။

ကျွန်တော် ရောက်စက အောက်ချိုင့်ဆီအုန်းခြံမှ ပါဆယ်ပါညွန်းဆီအုန်းခြံနှင့် အော်ကြီးဟာပ်စတင်း စသော ဆီအုန်းစခန်းစိုက်ကွက်များသို့ ဆီအုန်းမျိုးပင်များ စိုက်ပျိုး ပျိုးထောင်ပြီး ပေးဝေရသော ယာယီစခန်းသာဖြစ်သည်။ ထို့ကြောင့်လည်း အရာရှိ၊ ဝန်ထမ်း၊ ရဲဘက်များအတွက် နေထိုင်စရာ အဆောက်အအုံများမှာ ခနိုမို၊ ဝါးကြမ်းခင်းသော ယာယီတဲများသာ ဖြစ်ကြသည်။ ထို့ကြောင့် ကျွန်တော်၏လက်ထက်တွင် အရာရှိအိမ်အချို့နှင့် ဝန်ထမ်းဘားတိုက်များ၊ ရဲဘက်ဘားတိုက်တို့အား ခနိုမိုးသော်လည်း ပျဉ်ခင်း၍ ဝါးထရံကာသော သန့်ရှင်းသပ်ရပ်သည့် နေအိမ်များအဖြစ်သို့ ရောက်ရှိရန် အတော်ကြိုးစားခဲ့ရပါသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ အောက်ချိုင့်စခန်းမှာ လွန်စွာသန့်ရှင်းသပ်ရပ်၍ စခန်းအတွင်း၌ အမှိုက်တစ်စပင် မရှိပါ။ ကျွန်တော်နေထိုင်သော အုပ်ချုပ်ရေးရုံးကိုလည်း ပျဉ်ထောင်နှစ်ထပ်ရုံးအိမ်ကြီးအဖြစ် ဆောက်လုပ်လိုက်ပြီး ရုံးရှေ့တွင် အလံတိုင်ကိုလည်း အစိုးရရုံးနှင့်တူအောင်

www.burmeseclassic.com

www.burmeseclassic.com



စိုက်ထူထားသည်။ နေ့စဉ်ညစဉ်ပင် အလံတင်၊ အလံချ တာဝန်ကျသော ခေါင်းဆောင်တပ်ကြပ်ကြီးများနှင့် ဝန်ထမ်းများက စနစ်တကျစုပေါင်း၍ လုပ်ဆောင်ကြပါသည်။ ထို့ကြောင့် ကျွန်တော် စည်းကမ်းချထားသော အောက်ချိုင့်ခြံစခန်းမှာ စည်းလုံးညီညွတ် သာယာလှပပြီး လာသမျှသော ဧည့်သည်များက ချီးမွမ်းပြောဆိုရသော စခန်းဖြစ်ပါသည်။

ထို့ကြောင့်လည်း ကျွန်တော် ပြည်မသို့ပြန်ရန် လာရောက်လွှဲပြောင်းယူသော ထောင်မှူးကြီး ဦးကျော်ကျော်လွင်အား မျက်နှာပန်းလှလှဖြင့် လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။ အပတ်စဉ်တူ သူငယ်ချင်းဖြစ်သောကြောင့်လည်း သူက ကျွန်တော် တည်ဆောက်ထားသော စခန်းအပြင် ကျွန်တော့်ကိုယ်ပိုင်ပစ္စည်းများဖြစ်သော ဆက်တီစားပွဲခုံအပြင် ကျွန်တော်ကိုးကွယ်ထားသော ငွေမိုးဆောင်ဘုရားနှင့် ကျောင်းဆောင်ပစ္စည်းများအပြင် ဧည့်သည်မပြတ်သော ကျွန်တော်တို့စခန်းအတွက် ကျွန်တော် ဝယ်ယူစုဆောင်းထားသော မီးဖိုချောင်သုံးပစ္စည်းများကအစ အလှူခံသောကြောင့် ပေးခဲ့ရပါသည်။

ဆီအုန်းပင်များမှာ လိင်စုံပင်ဖြစ်သည်။ တစ်ပင်တည်း၌ အဖိုခိုင်နှင့် အမခိုင်ဟူ၍ နှစ်မျိုးထွက်သည်။ အဖိုခိုင်မှာ ထန်းနို့နှင့်တူပြီး အမခိုင်မှာ ဓနိပင်သီးခိုင်နှင့်တူသည်။ သို့သော် ဆီအုန်းပင်အသီးခိုင်က ဓနိပင် အသီးခိုင်နှင့် လေးငါးဆ ပိုကြီးသည်။ သက်တမ်းသုံးနှစ်တွင် အသီးစတင်၍သီးပြီး သက်တမ်းငါးနှစ်တွင် စီးပွားဖြစ် ဆီကြိတ်ခွဲရန် အဆင့်သို့ ရောက်ပါသည်။ ထိုသုံးနှစ်မှ ငါးနှစ်အတွင်း ကာလတွင် သီးပွင့်ကြသော ဆီအုန်းသီးများမှာ အလဟဿဖြစ်ပြီး တောကောင်များနှင့် ရဲဘက်အကျဉ်းသားတို့၏ စမ်းသပ်စားသောက်ခြင်းကို ခံရသည်။

ဆီအုန်းသီးမှာ အခွံဆီနှင့် အဆံဆီဟူ၍ နှစ်မျိုးထွက်သည်။ အခွံဆီမှာ ယနေ့ ကျွန်တော်တို့ ဝယ်ယူစားသုံးနေကြသော စားအုန်းဆီဖြစ်သည်။ အဆံဆီမှာ အုန်းဆီနှင့် အတူတူပင်ဖြစ်ပါသည်။ ဆီအုန်းထုတ်လုပ်ရမည့်အချိန်တွင် စက်ရုံများတည်ဆောက်ပြီး ဆီအုန်းသီးများအား ပေါင်းခံ၍ အခွံဆီနှင့် အစေ့ဆီတို့အား ခွဲခြား၍ ကြိတ်ခွဲဆီထုတ်ရခြင်းဖြစ်သည်။



ကျွန်တော့်အောက်ချိုင့် ဆီအုန်းစခန်းအား ထောင်မှူးကြီးဦးကျော်ကျော်လွင်ထံ လွှဲပြောင်းပေးပြီးနောက် အမှတ်တရ ဓာတ်ပုံများကို ရိုက်ကြသည်။ သီးပွင့်နေသော ဆီအုန်းပင်ကြီးများ နောက်ခံနှင့် တနင်္သာရီရိုးမတောင်တန်းကြီး နောက်ခံရှုခင်းများလည်း ပါဝင်ပါသည်။ ထိုစဉ်အခါက ဓာတ်ပုံရိုက်တုန်း မပါမရှိ ဓာတ်လိုက်လုပ်သူများကတော့ ကျွန်တော်၏ အမဲလိုက်ခွေးနှစ်ကောင်ဖြစ်သော ရွှေဝါနှင့် ရွှေနီတို့ဖြစ်ကြသည်။ ၎င်းခွေးနှစ်ကောင်က ကျွန်တော်နှင့်သာမက ပြည်မသို့ပြောင်းရွှေ့ရမည့် ဝန်ထမ်းများ၊ လွတ်လူရဲဘက်များနှင့်လည်း လက်မလည်အောင်တွဲ၍ ဓာတ်ပုံအရိုက်ခံသည့် ခွေးနှစ်ကောင်ပါ။ ဓာတ်ပုံရိုက်လျှင် ပါဝင်နေကျဖြစ်သောကြောင့် လူစုဝေး၍ နေရာယူပြီး ဓာတ်ပုံဆရာက ကင်မရာချိန်သည်နှင့် ခွေးနှစ်ကောင်က ဓာတ်ပုံအရိုက်ခံမည့်လူများရှေ့တွင် ဆောင့်ကြောင့်ထိုင်ပြီး နေရာယူတတ်ကြသည်။

တကယ်တမ်း ကျွန်တော်တို့စခန်းက အပြီးအပိုင် ပြောင်းရွှေ့ရမည်ဆိုတော့လည်း မိမိကိုယ်တိုင် ပင်ပန်းဆင်းရဲခံ၍ ပြုစုပျိုးထောင်ခဲ့သောစခန်းနှင့် ဆီအုန်းပင်များ ကျန်ရစ်ခဲ့ကြမည်။ အရာရှိဝန်ထမ်း ရဲဘက်များအပြင် ရွှေနီ၊ ရွှေဝါ ညီနောင်ခွေးနှစ်ကောင်ကိုလည်း လွမ်းဆွတ်သတိရမိပါသည်။

ထိုအချိန်ကာလ မတ်လအလယ်ပိုင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ နွေဦးကာလည်း ဖြစ်ပါသည်။ ကော့သောင်းမြို့မှာ အီကွေတာ ရာသီဥတုရှိသဖြင့် တစ်နှစ်ပတ်လုံး မိုးရွာတတ်သည်။ ဆောင်းရာသီ မရှိပါ။ နွေရောမိုးရော အပူရှိန်ကပြင်းသည်။ နွေကာလ၌လည်း မိုးက ရွာတတ်သေးသည်။ ထိုနေ့က ပြောင်းရွှေ့ကြမည့်အဖွဲ့များကို စခန်းမှ လိုက်ပို့သည့် ဟီးနိုး(TE) ကား ကော့သောင်းမြို့သို့ ဆင်းလာခဲ့ကြသည်။ ကျွန်တော်တို့စခန်းမှ ဆယ်မိုင်ရွာအထိ မြေလမ်း၊ တောင်ဆင်းတောင်တက်၊ တောလမ်းခရီးကြမ်းကြီးဖြစ်ပြီး ဆယ်မိုင်ရွာမှ ကော့သောင်းမြို့သို့ ကတ္တရာလမ်း ရှိပါသည်။ ကျွန်တော်တို့ ဆင်းလာသောအချိန်မှာ မနက်ပိုင်းဖြစ်၍ ကော့သောင်းမြို့ရောက်

www.burmeseclassic.com

www.burmeseclassic.com



မှ အမှတ်တရပစ္စည်းများဝယ်ရင်း နေ့လယ်စာ စား၍ ရန်ကုန်မှ လာမည့် သင်္ဘောကြီးကို စောင့်ဆိုင်းကြရပါသည်။

ထိုစဉ်က ကမ်းရိုးတန်းသွား ပင်လယ်ကူးသင်္ဘောကြီးများမှာ မြစ်ကြီးနား၊ ဟားခါးနှင့် တောင်ကြီးဟူသော သင်္ဘောကြီးများဖြစ်ကြပါသည်။ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက ထိုသင်္ဘောကြီးများအား အသွားအပြန်စင်းလုံးငှားပြီး အလာတွင် ဝန်ထမ်းရဲဘက်များနှင့် ရိက္ခာပစ္စည်းများအား တင်ဆောင်လာလေ့ရှိပြီး အပြန်တွင် ကျေးသောင်းစခန်းများမှ ပြည်မသို့ ပြန်လည်ပြောင်းရွှေ့ကြရမည့် အရာရှိဝန်ထမ်းများနှင့် လွတ်လူရဲဘက်များ၊ မကျန်းမာသော ရဲဘက်များအား ပြန်လည်ခေါ်ဆောင်သွားလေ့ရှိပါသည်။

ထိုနေ့က မြစ်ကြီးနားသင်္ဘောကြီးဖြစ်သည့် ကျွန်တော် ကျေးသောင်းကျွန်းသို့ ပြောင်းရွှေ့လာရစဉ်တုန်းကလည်း မြစ်ကြီးနားသင်္ဘောကြီးကိုလည်း စီးခဲ့ရပါသည်။ မွန်းလွဲ တစ်နာရီခန့်အချိန်တွင် မြစ်ကြီးနားသင်္ဘောကြီး ကျေးသောင်းဆိပ်ကမ်းရေလယ်တွင် ကျောက်ချရပ်နားဆိုက်ရောက်ပြီး ကဲ့ယူသောလှေကြီးများဖြင့် ဝန်ထမ်းများနှင့် ရဲဘက်များအား ကြိုဆိုရပြီးနောက် ရိက္ခာများ သယ်ဆောင်ရပြန်သည်။ ညနေလေးနာရီခန့်မှ ပြီးစီးသဖြင့် ကျွန်တော်တို့အဖွဲ့ သင်္ဘောပေါ်သို့တက်၍ နေရာယူကြရသည်။

ရဲဘက်များက သင်္ဘောဝမ်းဗိုက်အတွင်းရှိ ခုံများ၌ လွတ်လပ်စွာ နေရာယူကြပြီး မကျန်းမာသော ရဲဘက်များကိုတော့ သီးသန့်နေရာ ပေးထားရသည်။ ကျွန်တော်တို့ အရာရှိများအဖွဲ့ကတော့ အိပ်ခန်းများဖြင့် နေရာရပါသည်။ အစားအသောက်များကိုလည်း သင်္ဘောစားသောက်ခန်းမှာ စီစဉ်ပေးပါသည်။ ထို့ကြောင့် ကျွန်တော်နှင့် တပည့်များ အားလပ်နေသောကြောင့် အချို့က ဂစ်တာတီး၍ သီချင်းဆိုကြသည်။ အချို့က ဖဲရိုက်ကြပါသည်။

ကျွန်တော်ကတော့ သင်္ဘောကြီး၏ ပွဲစင်ပေါ်သို့တက်၍ ပင်လယ်ပြင်သဘာဝအလှကို ခံစားရင်း ဓာတ်ပုံရိုက်ယူနေမိပါသည်။ ညနေ ၆ နာရီအချိန်ခန့် နေဝင်ဆည်းဆာရောင်ဖြင့် ပင်လယ်ပြင်သဘာဝအလှမှာ ရွှေအိုရောင်ဖျန်းထားသော သဘာဝအလှဖြစ်သည်။ ပင်လယ်ပြင်ကြီးသာမက



တောင်များ၊ ကျွန်းများနှင့် မိုးကောင်းကင်ကြီးတစ်ခုလုံး ရွှေအိုရောင်ဖွမ်းခြုံထားသည့် အလွန်တရာလှပသော မြင်ကွင်းဖြစ်ပါသည်။ နေလုံးကြီးမှာ တဖြည်းဖြည်းဖြင့် အနောက်ဘက် ပင်လယ်ကြီးထဲသို့ ဝင်ရောက်ငုပ်လျှိုးနေပြီဖြစ်သည်။ ထိုသို့ ကျွန်တော် သဘာဝပတ်ဝန်းကျင် မြင်ကွင်းအား ခံစားနေစဉ်အတွင်း ပင်လယ်အတွင်းသို့ 'ဗုန်း' ဟူသော အသံကြီးနှင့်အတူ ကျရောက်သွားသော အသံကို ကြားလိုက်ရသည်။ လူအများကလည်း ...

"ဟာ ...ကျသွားပြီ။ လူတစ်ယောက် ပင်လယ်ထဲ ကျသွားပြီ"

ဟူ၍လည်းကောင်း ...

"သင်္ဘောကြီး ရပ်ပါ၊ ရပ်ပါ"

ဟူ၍လည်းကောင်း ဆူညံစွာ အော်ဟစ်နေကြသည်။ သင်္ဘောကြီးအနောက်ဘက် ပန်ကာကြီးနားသို့ ရောက်လာပြီးမှ ငုပ်လျှိုးပေါ်ချည်ဖြင့် အဝေးသို့ ပါသွားတော့သည်။ သင်္ဘောကပ္ပတိန်လည်း ထူးခြားဖြစ်စဉ်ကို သိ၍ သင်္ဘောကြီးကို အရှိန်လျှော့၍ ရေလယ်ခေါင်၌ပင် ကျောက်ချရပ်နားသည်။ သင်္ဘောသားများကလည်း အရေးပေါ် အသက်ကယ်လှေကို ချ၍ ရေထဲကျသွားသူကို ကယ်ဆယ်ရန် အလျင်အမြန် လှုပ်ရှားနေကြတော့သည်။

ထို့ကြောင့် ကျွန်တော် မေးမြန်းစုံစမ်းပြီး လူစစ်ကြည့်တော့ ကျွန်တော်တို့နှင့်အတူ ပြည်မသို့ ပြောင်းရွှေ့ရန်၊ ရေတံခွန် ဆီအုန်းခြံစခန်းမှ လိုက်ပါလာသော ချင်းထောင်မှူး ဦးဆွန်ဇာဝုန်ဖြစ်ကြောင်း သိရသည်။ ချင်းထောင်မှူးမှာလည်း ကျွန်တော်တို့ အပတ်စဉ်တူ သူငယ်ချင်းဖြစ်ပါသည်။ လွန်စွာ ရိုးအ၍ မကြိုးစားသောကြောင့် ရာထူးမတက်ပါ။ အခုလည်း ကျေးသောင်းစခန်းများမှ ငှက်ဖျားရောဂါ ရရှိလာပြီး စိတ်ကြောင့်၍ ပင်လယ်ထဲသို့ ခုန်ချသွားခြင်းဖြစ်သည်ဟု သိရပါသည်။

အမှောင်ထုက ပတ်ဝန်းကျင်ကို တဖြည်းဖြည်း ဝါးမျိုပြီး မည်းမှောင်လာသည်။ သင်္ဘောကြီးက ဆလိုက်မီးကြီးဖြင့် အနောက်ဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



မီးတိုးပြနေသည်။ အသက်ကယ်လှေမှာ စက်ပါသောကြောင့် မကြာမတင်တွင် ရေထဲကျသူအား ကယ်ဆယ်ရရှိကြောင်း အကြောင်းကြားလာပါသည်။ ထို့ကြောင့် ကျွန်တော် စိတ်အေးရပါသည်။ သင်္ဘောကြီး ရပ်နားထားရာဒေသမှာ ကော့သောင်းမြို့နယ်နှင့် ဘုတ်ပြင်းမြို့နယ်များအစပ် ပုလောပလိုင်းကျွန်းများအနီးတွင် ဖြစ်ပါသည်။ သင်္ဘောကပ္ပတိန်ကြီးကတော့ လွန်စွာ ဒေါကန်နေသည်။ သူ၏အခန်းမှ ကျွန်တော်တို့နေသည့်အခန်းသို့ ဆင်းလာပြီး ...

"ဒီကိစ္စမှာ တာဝန်ရှိသူ ဘယ်သူလဲ"

ဟု မေးသည်။ ကျွန်တော်က ...

"ဒီအပြန်ခရီးမှာ ကျွန်တော် တာဝန်ခံပါ။ ရေထဲခုန်ဆင်းတဲ့သူက ငှက်ဖျားရောဂါဖောက်ပြီး စိတ်ဂယောင်ချောက်ချားဖြစ်ပြီး ခုန်ဆင်းတာပါ"

ဟု ဖြေသောအခါ သင်္ဘောကပ္ပတိန်ကြီးက ...

"ဆရာဝန်တွေ မပါဘူးလား"

ဟု မေးပြန်သည်။ ထို့ကြောင့် ကျွန်တော်က ...

"ပါပါတယ် ခင်ဗျာ။ အကျဉ်းထောင်ဆရာဝန် ဒေါက်တာစိုးကြည်နဲ့ ဒေါက်တာထွန်းလွင်တို့ပါ"

"ခု .... သူတို့ ဘယ်မှာလဲ"

ဟု မေးပြန်သည်။

"အောက်ထပ်မှာပါ ခင်ဗျာ။ ပြောင်းရွှေ့အကျဉ်းသားတွေ နေမကောင်းလို့ ပြုစုစောင့်ရှောက်နေကြပါတယ်"

"ဒါဆို ဒီကိစ္စကို ခင်ဗျားတို့ ဘယ်လိုအရေးယူကြမှာလဲ။ ကျုပ်တို့သင်္ဘောကြီးက အချိန်ကိုက်သွားနေရတာ။ အခုတော့ ခရီးစဉ်နှောင့်နှေးပြီး ထူးခြားဖြစ်စဉ်တင်ပြီး အပိုအလုပ်တွေ လုပ်ရတော့မယ်"

ထိုသို့ ဒေါနှင့်မောနှင့်ပြောဆိုပြီး သင်္ဘောကပ္ပတိန်ကြီး သူ၏ စက်ခန်းသို့ ပြန်တက်သွားပါသည်။

ကျွန်တော်လည်း သင်္ဘောသားများ ရေထဲမှ အသက်မသေဘဲ ပြန်လည်ဆယ်ယူရရှိလာသည့် သူငယ်ချင်းဖြစ်သူ ထောင်မှူး ဦးဆွန်ဇာဝုန်အား အဝတ်အစားများ လဲလှယ်ပေးပြီး ဆေးကုသရန်အတွက် ဆရာဝန်ကြီးတစ်ဦးအား အခေါ်လွှတ်ရသည်။ အကျဉ်းထောင်ဆရာဝန် ဒေါက်တာထွန်းလွင် အပေါ်ထပ်သို့ တက်လာပြီး ထောင်မှူးဦးဆွန်ဇာဝုန်အား ဆေးထိုးဆေးတိုက်ပြုလုပ်ရင်း ကျွန်တော့်အား ...

"ကိုသိန်းဝင်းရေ ... အောက်ဘက် ရဲဘက်တစ်ယောက် အခြေအနေမကောင်းဘူးဗျ။ ကျွန်တော်တို့ Drip ချိတ်ထားပြီး ကုသနေပေမယ့် နလုံးခုန်နှုန်း မမှန်တော့ဘူးဗျာ။ အဲဒါ ဘယ်လိုလုပ်ကြမတုံး"

"ဆရာ ... နှုတ်လုံပါစေ။ အဲဒီအကျဉ်းသား အသက်ထွက်သွားရင်တောင် Drip ချိတ်ထားတာကို မဖြုတ်ပါနဲ့။ ဟန်မပျက်နေပါ"

"ဘာဖြစ်လို့တုံး ... ကိုသိန်းဝင်းရဲ့"

"ဆရာ ... ကျွန်တော်ကြားဖူးတယ်။ သူတို့ သင်္ဘောထုံးစံက သင်္ဘောပေါ်မှာ အသက်သေဆုံးသွားရင် သံတိုသံစတွေနဲ့ အဲဒီလူသေကို ပတ်ချည်ပြီး သင်္ဘောပေါ်မှ ပင်လယ်ထဲသို့ ပစ်ချရလေ့ရှိတယ်တဲ့။ အဲလို လုပ်လိုက်ရင် ရန်ကုန်ရောက်တာနဲ့ ကျွန်တော် တာဝန်ခံတစ်ယောက်အနေနဲ့ DE, PE အစစ်ဆေးခံရတော့မယ်"

"အဲဒီတော့လည်း ဘာဖြစ်သေးလဲဗျာ။ ကျွန်တော်တို့ ဆေးဘက်ဆိုင်ရာ ဆရာဝန်တွေပါတာပဲ။ ခင်ဗျားဘက်က လိုက်ပြီး ထွက်ဆိုပေးပါ့မယ်"

"ဆရာရယ် ... ဒီအတိုင်းတားပြီး ရန်ကုန်ဆိပ်ကမ်းရောက်တော့မှ မကျန်းမာတဲ့ရဲဘက်တွေနဲ့ ရောပြီး အောက်ကိုချရင် မကောင်းဘူးလား။ သင်္ဘောပေါ်မှာ ပြဿနာ အဖြစ်မခံချင်လို့ပါ။ သင်္ဘောကပ္ပတိန်ကြီးကအပေါက်ဆိုးတယ်ဗျ။ စောစောကတောင် ကျွန်တော့်အပြင် ဆရာတို့ကိုပါ ရောယောင်ကြိမ်းဝါးသွားသေးတယ်။ အခုတစ်ခါ ပြဿနာဖြစ်ရင် အဆော်ခံရမှာ မလွယ်ဘူး ဆရာ"

"ထားစမ်းပါဗျာ ... ဒီကိစ္စကို ဘယ်သူ တမင်လုပ်မှာလဲ။ ဘာမှ မှုမနေနဲ့။ ဖြစ်လာသမျှ ရှင်းရုံပဲရှိတယ်"

www.burmeseclassic.com



သို့နှင့် ကျွန်တော် ရေထဲကျသွားသည့် ထောင်မှူးဦးဆွန်ဇာဂုန်အား နွေးထွေးစွာ ပြုစုနေရင်း ထောင်မှူးက ချမ်းသည်၊ အရက်သောက်ချင်သည်ဟု ဆိုသဖြင့် ဆရာဝန်များအား အကြောင်းကြား၍ ဝန်ထမ်းများထံမှ အရက်ရှာပေးရသည်။ ထောင်မှူးဦးဆွန်ဇာဂုန်မှာ အရက်အလွန်ကြိုက်တတ်သူဖြစ်ကြောင်း ယခုမှ သတိရမိတော့သည်။

ထိုစဉ် ...

"ဝုန်း ... ဝုန်း ... ဒိုင်း ... ဒိုင်း ..."

ဖြင့် အော်ဟစ်ဆူပူပြီး သင်္ဘောကပ္ပတိန်ကြီး အပေါ်ထပ်မှ ဆင်းလာပြန်သည်။ ကျွန်တော့်အား အတင်းခေါ်သဖြင့် သူနှင့်အတူ အောက်ထပ်သို့လိုက်သွားရာ မကျန်းမာသော ရဲဘက်များအား ပြုစုနေသည့် အခန်းကျယ်ထဲ၌ Drip ချိတ်ရင်းတန်းလန်းဖြင့် သေဆုံးနေသော ရဲဘက်တစ်ဦးအား လက်ညှိုးထိုးပြပြီး ...

"ဒါ ... ခင်ဗျားတို့ လိမ်ထားတာပဲ။ လူနာက သေသွားတာကြာပြီ မဟုတ်လား။ Drip ချိတ်ထားတာ ဆေးရည်တောင် စီးမဝင်တော့ဘူး။ ကျုပ်တို့ သင်္ဘောပေါ်မှာ လူသေရင် ချက်ချင်း ပင်လယ်ထဲ ပစ်ချရတယ်။ အဲဒါ သင်္ဘောထုံးစံပဲ"

ဟု ပြောဆိုကာ သူ၏သင်္ဘောသားများအား သေဆုံးသွားသည့် အကျဉ်းသားအလောင်းအား အဝတ်ဖြူပတ်၍ သံတိုသံစများနှင့် ချည်နှောင်ပြီး ရေထဲပစ်ချရန် အမိန့်ပေးတော့သည်။ ကျွန်တော်လည်း တောင်းပန်၍ ရမည်မဟုတ်သောကြောင့် ငြိမ်နေရတော့သည်။ သက်သေခံမှတ်တမ်းအဖြစ်တော့ ဓာတ်ပုံများ တဖျတ်ဖျတ် ရိုက်ထားရတော့သည်။ အလုံးစုံကိစ္စများ စီစဉ်ပြီးသောအခါ သင်္ဘောသားများက သေဆုံးသူ ရုပ်အလောင်းအား သင်္ဘောပဲ့ပိုင်းမှနေ၍ ပင်လယ်ထဲသို့ ပစ်ချကြသည်။ ကျွန်တော်ကတော့ အစီအစဉ်အတိုင်း သက်သေခံ ဓာတ်ပုံများရရှိရန် ဓာတ်ပုံရိုက်ကူးနေရပါသည်။

ကျွန်တော်တို့ သင်္ဘောကြီးမှာ ကြမ္မာငင်သော ခရီးစဉ်သင်္ဘောဟု ဆိုရမည်လား မသိပါ။ နွေခေါင်ခေါင်၌ပင် နောက်တစ်နေ့ မနက်ပိုင်း



မုတ္တမပင်လယ်ကွေ့သို့ အဝင်တွင် လေပွေလှိုင်းမိပြီး သင်္ဘောကြီးမှာ လူးလှိမ့်သွားရာ ခရီးသည်များ လူးလိမ့်ပြီး အော့အန်ကြပါတော့သည်။ တော်ပါသေးသည် ဆယ့်ငါးမိနစ်ခန့်သာ အခိုက်အတန့်ဖြစ်သောကြောင့် အန္တရာယ်တော့မရှိပါ။ သို့နှင့် ဆက်လက်ခုတ်မောင်း၍ ရန်ကုန်မြစ်တွင်းသို့ ဝင်ရောက်လာသည်။ မွန်းလွဲနှစ်နာရီအချိန်ခန့်တွင် ပန်းဆိုးတန်း ဆိပ်ခံဗောတံတားအတွင်းသို့ ဉာဏ်ပြီး ဝင်ရောက်ဆိုက်ကပ် ရပ်နားပါသည်။ ကြိုတင်အကြောင်းကြားထားသဖြင့် အင်းစိန်ထောင်မှ ကျွန်တော်တို့ ပြောင်းရွှေ့ဝန်ထမ်းများနှင့် လွတ်လူရဲဘက်များ၊ မကျန်းမာသည့် ရဲဘက်များအား သယ်ဆောင်ရန်အတွက် ကားများ ရောက်ရှိ၍ စောင့်ဆိုင်းနေပါသည်။

ကျွန်တော်တို့အဖွဲ့ တစ်လှည့်စီ ဆိပ်ကမ်းသို့ဆင်းပြီး ဇော်ရာဝေါ၌ ကျွန်တော်တို့ ပြောင်းရွှေ့ယူဆောင်လာသော သေတ္တာများ၊ အထုပ်အပိုးများကို အကောက်ခွန်ဌာနမှ ဝန်ထမ်းများ စစ်ဆေးနိုင်ရန် တန်းစီထားကြသည်။ သို့သော် အကောက်ခွန်ဝန်ထမ်းများက ကျွန်တော်တို့ ပြောင်းရွှေ့ဝန်ထမ်းများ၏ သေတ္တာများ၊ အထုပ်အပိုးများအား အသေအချာ စစ်ဆေးခြင်းမပြုဘဲ Pass ပေးသည်။ သူတို့ အဓိကထားသည်က သင်္ဘောပေါ်တွင် အကျဉ်းထောင်ဆရာဝန်များ၊ စီးပွားဖြစ် သယ်ဆောင်လာကြသည့် နိုင်ငံခြားဆေးမျိုးစုံကို ဖမ်းဆီးရန်အတွက်ဖြစ်သည်။

ထိုနေ့က ကျွန်တော်တို့ ပြောင်းရွှေ့ဝန်ထမ်းများနှင့် မကျန်းမာသူရဲဘက်များ အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း၌ သတင်းပို့ပြီး နေရာချထား၍ အနားယူခွင့်ရသော်လည်း အကျဉ်းထောင် ဆရာဝန်နှစ်ဦး ပြန်မလာကြသေးပါ။ နောက်ပိုင်းမှ သိရှိရသည်မှာ သက်ဆိုင်ရာ လူကြီးများ၏ တောင်းပန်မှုကြောင့် ဆရာဝန်များယူဆောင်လာသည့် နိုင်ငံခြားဆေးဝါးများအား အကောက်ခွန်မှ ပိုင်ရှင်မဲ့ပစ္စည်းများအဖြစ် သိမ်းဆည်းပြီး ဆရာဝန်များအား ပြန်လွှတ်လိုက်ကြောင်း သိရပါတော့သတည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ထိုနေ့ညနေက အကျဉ်းထောင်ဝင်းအတွင်းရှိ အိမ်သို့ ပြန်ရောက်သည်နှင့် စိတ်ချွေချဉ်ဟာများနှင့် တပည့်များ၊ သတင်းကြား၍ လာရောက်နှုတ်ဆက်ကြသည်။ ထို့ကြောင့် ထိုနေ့ည မိုးချုပ်မှ ကျွန်တော် နားရသည်။ ရေမိုးချိုးပြီး အဝတ်အစားလဲပြီး၊ အိမ်သားများနှင့်အတူ ညစာ စားကြပါသည်။ ကျွန်တော်၏ ဇနီးသည်မှာလည်း အမျိုးသမီးထောင်မှူးတစ်ဦးဖြစ်သောကြောင့် ထောင်ဘူးဝရှေ့ရှိ အိမ်ကလေးတွင် နေကြရသည်။ ကျွန်တော်တို့နှင့်အတူ သမီးငယ်နှင့် အမျိုးသမီး၏ညီမ၊ အိမ်ဖော်မလေးတစ်ယောက်ရှိသည်။

ကျွန်တော်က မကြာခဏ နယ်ထွက်နေရသဖြင့် အိမ်တွင် သမီးငယ်ကိုထိန်းရန် အဖော်ကလိုသည်။ တစ်ခါတစ်ရံ သမီးငယ်ကလေးမှာ ထောင်ထဲသို့ ခေါ်သွားပြီး အကျဉ်းသူက ထိန်းကြရသေးသည်။ ခယ်မဖြစ်သူမှာလည်း ဘဏ်ဝန်ထမ်းဖြစ်သောကြောင့် မနက်အစောပိုင်းနှင့် ညပိုင်းတွင်သာ အိမ်တွင်ရှိသောကြောင့် အိမ်ဖော်ခေါ်ထားကြခြင်းဖြစ်ပါသည်။

အစိုးရကပေးထားသည့် လုံးချင်းအိမ်ကလေးဖြစ်ပြီး ခြံနဲ့ဝန်းနဲ့ သီးပင်စားပင်မျိုးစုံကိုလည်း အပြင်ဘုတ် အကျဉ်းသားများက စိုက်ပျိုးပေးထားသည်။ လတ်ဆတ်သော အသီးအနှံကိုလည်း အိမ်ခြံဝင်းထဲမှ လိုအပ်သလို ခူးဆွတ်စားသောက်နိုင်ပါသည်။



ထိုညက ညစာထမင်းဝိုင်းတွင် ဇနီးဖြစ်သူက ကျွန်တော်ကြိုက်တတ်သော ပဲမျိုးစုံဟင်းနှင့် ငါးချဉ်ရည်ဟင်း၊ အသီးအရွက်ကြော်များနှင့် အသားများလည်း ပါသည်။ ထို့ကြောင့် ကော့သောင်းစခန်းတွင် ရဲဘက်အညှီများ ချက်ပြုတ်ကျွေးမွေးသော လက်ရာနှင့်မတူဘဲ ညစာထမင်းကို မြိန်ယှက်စွာ စားနေမိသည်။ ထိုအချိန်တွင် ဇနီးဖြစ်သူက ....

"ရှင် ပြန်လာတော့ ဟင်းကောင်းကောင်းနဲ့ မိသားစု စုံစုံညီညီ ထမင်းစားရတာ ပျော်ဖို့ကောင်းတယ်နော်။ ဒါပေမဲ့ ရှင့်အလုပ်ဝင်ရင်တော့ စိတ်ညစ်ရလိမ့်မယ်ထင်တယ်"

"ဘာကြောင့်လဲ ... မိန်းမရယ်။ တို့က စည်းကမ်းနဲ့ နေတတ်တာ ဘယ်သူ့ကိုမှလည်း ဒုက္ခမပေးခဲ့ပါဘူး။ ထောင်ပိုင်ကြီးဦးစိန်ဋ္ဌေးဆိုတာကလည်း မွေ့လေးထောင်ကတည်းက ရင်းနှီးပြီးသားမို့ တစ်ယောက်အကြောင်းတစ်ယောက် သိကြပါတယ်။ ပြဿနာရှိမယ် မထင်ပါဘူး"

"အဲဒီ ထောင်ပိုင်ကြီး ဦးစိန်ဋ္ဌေးကိုပြောတာ မဟုတ်ဘူး။ ဆရာကြီးက စည်းကမ်းကြီးတယ်။ ဒါပေမဲ့ သဘောအလွန်ကောင်းပါတယ်။ အခုဟာက ထောင်ထဲမှာ လူကများပြီး နိုင်ငံရေးသမားတွေလည်း အဝင်အထွက်ရှိတော့ စစ်တပ်က ထောက်လှမ်းရေးအဖွဲ့တွေ ရောက်နေတယ်။ သူတို့က နိုင်ငံရေးသမားတွေကို စစ်ကြောရေး လုပ်ရုံတင်သာမက ထောင်တွင်းအုပ်ချုပ်ရေးမှာလည်း ဟိုဝင်ပါဒီဝင်ပါနဲ့ ထောင်ပိုင်ကြီးတောင် စိတ်ညစ်နေရတယ်"

"နေစမ်းပါဦး ... မိန်းမရယ်။ သူတို့က ထောက်လှမ်းရေးတွေဆိုတော့ အကျဉ်းထောင်ဘက်ပြောင်းပြီး ယူနီဖောင်းဝတ် လဲထားလို့လား။ သူတို့အလုပ် သူတို့လုပ်ကြတာ မဟုတ်ဘူးလား"

"မဟုတ်ဘူးရှင့် ... သူတို့က ယူနီဖောင်းမလဲကြဘူး။ စစ်ယူနီဖောင်းနဲ့ ဝတ်ကြတာ။ အဆင့်တွေလည်း အရာခံဗိုလ်နဲ့ တပ်ကြပ်ကြီး အဆင့်လောက်ပဲ။ ဒါပေမဲ့ သူတို့ကို ဝန်ကြီးက တိုက်ရိုက်ကိုင်တဲ့ အဖွဲ့ဖြစ်လို့ ထောင်ဖောင်းထက်တယ်။ သူတို့နဲ့ အဆင်မပြေရင် ဝန်ထမ်းတွေကို ဖြုတ်ပစ်တာနဲ့ အရေးယူအပြစ်ပေးတာနဲ့ လုပ်နေလို့ ထောင်ပိုင်ကြီးလည်း စိတ်ညစ်နေတယ်။ သူတို့တင်လို့ အရေးမယူပြန်ရင်လည်း ထောင်ပိုင်ကြီးကို ရှာရှာကြဦးမှာ"

www.burmeseclassic.com



"မိန်းမရယ် တာဝန်ခံထောင်ပိုင်ကြီးပဲ သူတို့ကို ကြောက်စရာလာ
စည်းနဲ့ကမ်းနဲ့ တာဝန်ကျေရင် ဘယ်သူ့ကိုမှ ကြောက်ဖို့မလိုပါဘူး"

"အင်း . . . အဲဒါကြောင့် ရှင့်ကို သတိပေးနေတာ။ ရှင်က မဟု
မခံ စည်းနဲ့ကမ်းနဲ့ မှန်နဲ့ဘောင်နဲ့ နေတတ်လို့ အခုလို သတိပေးနေရတာ
အခုခေတ်က ပြောင်းသွားပြီ။ သူတို့ခေတ်။ ဌာနတိုင်းမှာ သူတို့တွေပဲ ကြ
စိုးနေကြတာ။ ဒါကြောင့် ကိုယ့်အလုပ်ကို မထိခိုက်အောင် ကြိုတင်သ
ပေးရတာပါရှင်"

"အေး . . . တို့ကတော့ ဖော်လိုလိုက်ပြီး အကြိုက်ဆောင်မှ
တော့ မဟုတ်ဘူး။ တတ်နိုင်သမျှ သည်းခံမယ်။ အဲ . . . ကိုယ့်ကိုစော်ကာ
ပြီး ဘောင်ကျော်လာရင်တော့ ငုံ့ခံနေမှာမဟုတ်ဘူး"

"အင်း . . . အဲဒါကြောင့် ခက်တယ်ပြောတာ။ ဒါကြောင့်လည်
ရှင့်ကို ကြိုတင်သတိပေးနေရတာ"

"ထားစမ်းပါကွာ . . . အဲလို လူမျိုးတွေနဲ့ တွေ့ချင်စမ်းလှတယ်
ဥပဒေဘောင်အတွင်း မဟုတ်ရင်လည်း ဥပဒေအပြင်ဘက်က ရင်ဆိုင်လိုက်
ပေါ့"

လို့ ကျွန်တော်ကပြောတော့ ဇနီးဖြစ်သူမှာ ထိတ်လန့်သွားဟ
ဖြင့် . . .

"သည်းခံပြီး ဆင်ခြင်ပါရှင်။ ကျွန်မတို့မှာ သမီးလေးကလည်
မွေးထားတာ။ အခုမှ လင်ရယ်၊ မယားရယ်၊ ပြန်ဆုံကြလို့ ပျော်ရွှင်မ
ကြကာရှိသေး၊ ပြဿနာမဖြစ်ပါရစေနဲ့ရှင်။ အခုဆိုရင် ကျွန်မတို့က အေ
ကျပြီး သာယာချမ်းမြေ့တဲ့ မိသားစုဘဝကို ပိုင်ဆိုင်နေကြပြီပဲ"

"အေးပါကွာ . . . တို့မိသားစုတွေ ပြန်ဆုံနေကြတုန်း အဲဒီကိ
တွေ ခေါင်းထဲထားပြီး တွေးပူမနေပါနဲ့။ တို့ကလည်း သဘောအဖြစ်မျ
တာပါ။ တို့တွေရဲ့ စိတ်ဓာတ်က အောက်တန်းမကျပါဘူး။ အလိုက်အထို
အဆင်ပြေအောင် နေသွားပါ့မယ်"

ထိုအခါမှ ဇနီးဖြစ်သူ၏ မျက်နှာမှာ စိုးရိမ်ဟန်ကင်း၍ ကြည်လ
သာယာသွားတော့သည်။ ထိုညက ညစာ ထမင်းစားပြီးတော့လည်း မိသာ
အစုံအလင် တီဗွီကြည့်ရင်း စကားကောင်းကြသည်မှာ ည၌ (၁၂)နာရီ ထိ
သွားတော့သည်။





နောက်တစ်နေ့မနက် (၉)နာရီခန့်တွင် ကျွန်တော် ထောင်အတွင်းသို့ ဝင်သည်။ ထောင်ပိုင်ကြီးတို့အဖွဲ့အား နှုတ်ဆက်ပြီး ကော့သောင်းမြို့မှ ဝယ်ယူလာသော အမှတ်တရ လက်ဆောင်ပစ္စည်းလေးများဖြင့် ကန်တော့သည်။ ညွှန်မှူးဗိုလ်မှူး စိန်ဝင်းကိုလည်း ဝင်ရောက်နှုတ်ဆက်ပြီး လက်ဆောင်ပစ္စည်းကလေးများဖြင့် ကန်တော့ပါသည်။ ထို့နောက် ကျွန်တော် ထောင်အတွင်းသို့ဝင်၍လှည့်လာရာ နာမည်ကျော်မြွေပွေးစိန်ရွှေဟု ခေါ်ဆိုအပ်သည့် ထောင်ပိုင်ကြီး၏ စည်းကမ်းကောင်းမွန်မှုကြောင့် ဖြစ်ပါလိမ့်မည်။

ထောင်အတွင်း၌ အမှိုက်တစ်စပင်မရှိ သန့်ရှင်းသပ်ရပ်နေသည်။ ထိုအချိန်က အချုပ်သား၊ အကျဉ်းသားပေါင်း (၈၀၀၀)ကျော်ခန့် ရှိသော်လည်း ထောင်အတွင်း၌ ရုတ်ရုတ်သဲသဲ ဆူညံအော်ဟစ်ခြင်းမရှိ ငြိမ်သက်နေသည်။ ကျွန်တော် ထောင်အလယ် အုပ်ချုပ်ရေးမှူးရုံး (မိန်းဂျေး)သို့ ရောက်တော့ ရုံးခန်းအတွင်း၌ ထောင်မှူးကြီးတစ်ဦးကို ယူနီဖောင်းအစိမ်းများဖြင့် စစ်တပ်မှစစ်သားများ ဝိုင်းရံပြီး ထိုင်ကြသည်။ တပ်ကြပ်ကြီးတစ်ဦးကတော့ အာဘောင်အာရင်းသန်သန်နှင့် စကားကို ကျယ်လောင်စွာ ပြောနေသည်။ ကျွန်တော် မိန်းဂျေးရုံးခန်းအတွင်းသို့ ဝင်သွားတော့ ခေတ္တစကားသံတိတ်သွားပြီး လူစိမ်းဖြစ်သောကြောင့် ကျွန်တော့်အား ထိုင်ခုံနေရာပေးသည်။

ထောင်မှူးကြီးမှာ ဦးလှမြင့်ဆိုသူဖြစ်ပြီး သူကလည်း တပ်မှအသွင်ကူးပြောင်းလာသူဖြစ်သည်။ သို့သော် ထောင်လုပ်သက် ရလာပြီဖြစ်သောကြောင့် ထောင်စည်းကမ်းများကို နားလည်ဟန်တူပါသည်။ ကျွန်တော် ပြောင်းလာသည်ကို ကြိုတင်သိနေဟန်ဖြင့် နှုတ်ဆက်ပါသည်။

"ကဲ . . . လာဗျို့ ဦးသိန်းဝင်း၊ ဒီက ဆရာတွေက ထောက်လှမ်းရေးတပ်က ဆရာတွေ။ သူတို့ကို အထူးဆောင်မှာ နေရာပေးထားတယ်။ ဟော . . . ဒီက အရာခံဗိုလ် ဆရာကြီးဦးအောင်သန်းကတော့ (၃)ဆောင်က တာဝန်ခံအဆောင်မှူး။ ဟောဒီဆရာက ဦးလှရွှေရဲ့ အထူးဆောင် အဆောင်မှူး။ ဟောဒီကဆရာကတော့ စစ်ခွေးတပ်ဆွယ်ကိုကိုင်တဲ့ အရာခံဗိုလ် ဆရာကြီး ဦးထွန်းလွင်။ ဟောဒီဆရာကတော့ အထူးဆောင်နဲ့ စည်းကမ်းထိန်းသိမ်းရေး တာဝန်ကိုင်ရတဲ့ တပ်ကြပ်ကြီးပဲ။ ကျွန်တော်တို့တွေ စုပေါင်းပြီး



www.burmeseclassic.com

www.burmeseclassic.com



ညည်ညည့်သွတ်ညွှတ် တာဝန်ထမ်းဆောင်ကြတာပေါ့ဗျာ။ ထောင်ထဲမှာ အခုဆို ရင် ကျောင်းသားတွေ၊ နိုင်ငံရေးသမားတွေနဲ့ လူပေါင်းက စုံနေပြီ။ ဒါကြောင့် ဒီက ထောက်လှမ်းရေး ဆရာတွေလည်း မပြတ်ဂရုစိုက်နေကြရတာ။ ကျွန် တော့်နာမည်ကတော့ ထောင်မှူးကြီးလှမြင့်ပါ။ တပ်ကနေ အကျဉ်းထောင် ဘက်ကို ပြောင်းလာတာ ကြာပြီမို့ ကိုသိန်းဝင်း ကျွန်တော့်နာမည်ကိုတော့ ကြားဖူးလောက်ပါလိမ့်မယ်''

''ဆရာက ပြည်ထောင်ကတစ်ဆင့် ပြောင်းလာတာ မဟုတ်လား။ ကျွန်တော် ဦးလှမြင့်နာမည်ကို ကြားဖူးနေတာ ကြာပါပြီ''

''အေးဗျာ ... တွေ့ရတာ ဝမ်းသာပါတယ်''

သို့နှင့် ကျွန်တော်တို့ တစ်ဦးကိုတစ်ဦး လက်ဆွဲ၍ နှုတ်ဆက်ကြ ပြီး အစောပိုင်းက အာဘောင်အာရင်းသန်သန်ဖြင့် စကားပြောနေသူ တပ်ကြပ်ကြီး ကျော်စိန်ဖြစ်ကြောင်း၊ ကျွန်တော် ယခုမှ သိရှိရပါတော့သည်။ ကျွန်နှင့်ဆင် လယ်ပြင်တွင် တွေ့ရခြင်းမဟုတ်ဘဲ မိန်းဂျေးရုံးခန်း၌ ဆုံတွေ့ ရခြင်းဖြစ်ပါသည်။

ထိုတပ်ကြပ်ကြီးကျော်စိန်ဆိုသည်မှာ စစ်တပ်အစိမ်းရောင် ယူနီ ဖောင်းကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး အရပ်မောင်းကောင်းကောင်းနှင့် ရုပ်ရည်သန့်ပြန့်သူလည်းဖြစ်သည်။ မည်ကဲ့သို့ ဆိုးကြောင်း၊ ထက်ကြောင်း ကိုတော့ ယခုမှ မျက်မြင်တွေ့ရှိရခြင်း ဖြစ်သောကြောင့် မသိရှိရသေးပါ။

သို့နှင့် ထိုနေ့က ကျွန်တော် အိပ်ဆောင်များနှင့် အလုပ်ဘက်မှ အသိမိတ်ဆွေ ဝန်ထမ်းဟောင်းများထံသို့ လိုက်လံနှုတ်ဆက်စကားပြောပြီး မိမိနေအိမ်သို့ နေ့လယ်စာ စားရန်ပြန်ခဲ့ပါတော့သည်။ တာဝန်ခံ ထောင်ပိုင် ကြီးက ကျွန်တော့်အား အလုပ်တာဝန်ချထားပေးသော အမိန့်မထွက်သေး သောကြောင့် ကျွန်တော် အားလပ်နေပြီး မိမိအိမ်၌ပင် အနားယူနေမိပါ တော့သည်။ ညနေစောင်းတွင် ဇနီးဖြစ်သူ ထောင်မှူးဒေါ်ခင်မြကြွယ် အလုပ် ပြီး၍ ပြန်လာရာ၌ ကျွန်တော့်အတွက် အမိန့်စာလည်း ပါလာပါသည်။ ကျွန်တော့်အား အင်းစိန်ဗဟိုအကျဉ်းထောင် အချုပ်ရုံးတာဝန်ခံ ထောင်မှူး ကြီးတာဝန်အပြင် အမှတ် (၂) အိပ်ဆောင် တာဝန်ခံအဆောင်မှူးနှင့် အကျဉ်းထောင် ပုံသေပစ္စည်းများ ထိန်းသိမ်းရေးတာဝန်ခံအဖြစ် ဌာန(၃)ခု ကို တစ်ပြိုင်တည်း တာဝန်ပေးအပ်ခြင်းဖြစ်ပါသည်။



အချုပ်ရုံးတာဝန်ကတော့ ကျွန်တော် အင်းစိန်ထောင်သို့ စတင်ဝင် ရောက်စဉ်တွင် တစ်ကြိမ်၊ ရန်ကုန်–မန္တလေး အမြန်လမ်းစခန်းသို့ ပြန်လည် ပြောင်းရွှေ့လာစဉ်၌ တစ်ကြိမ်၊ ဆောင်ရွက်ခဲ့ဖူးခြင်းဖြစ်သော်လည်း ယင်း လုပ်ငန်းကို သဘောပေါက်နားလည်ပြီးဖြစ်သည်။

အဆောင်မှူးတာဝန်ကတော့ အိပ်ဆောင်အတွင်းရှိ အချုပ်သားများ အား စည်းကမ်းဖြင့် ထိန်းသိမ်းပြုစု ကျွေးမွေးစောင့်ရှောက်ရသော တာဝန် ဖြစ်သောကြောင့် အပန်းမကြီးပါ။ ကျွန်တော်၏ လက်အောက်၌လည်း ထောင်မှူးတစ်ဦးနှင့် တပ်ကြပ်ကြီး၊ အဆောင်စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများလည်း ရှိနေပါသေးသည်။ အကျဉ်းထောင် ပုံသေပစ္စည်းများ ကိုင်တွယ်ရသည့် တာဝန်ကတော့ လွန်စွာ စိတ်ညစ်စရာ ကောင်းလှပါ သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် အင်္ဂလိပ်ခေတ်ကတည်းက ယခု အချိန်အထိ အကျဉ်းထောင်တစ်ခုလုံးရှိ ပြန့်ကျဲနေသော ပစ္စည်းများကို စာရင်း ပြုစု၍ ကိုင်တွယ်ရသော လုပ်ငန်းဖြစ်သည်။ ထိုကိစ္စက မလွယ်ကူ။ မှတ်တမ်းမှတ်ရာ စာအုပ်ကြီးများ ရှိသော်လည်း အစဉ်အဆက် ကိုင် တွယ်လာခဲ့သော အရာရှိများက စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ခြင်း မရှိသော ကြောင့် ပရမ်းပတာဖြင့် အရှုပ်ထုပ်လုပ်ငန်းကြီးဖြစ်သည်။ ထိုတာဝန်ကို ထောင်ပိုင်ကြီးက ကျွန်တော့်အား အားကိုးတကြီးဖြင့် ကိုင်တွယ်ဖြေရှင်းခိုင်း ခြင်းဖြစ်ပါသည်။

ထိုတာဝန်ကိုတော့ ကျွန်တော် စိတ်ညစ်သွားပါသည်။ နောက် တစ်နေ့ အလုပ်ဝင်တော့ ထောင်ပိုင်ကြီးဦးစိန်ဒွေးနှင့် တွေ့ရသည်။ သူ က ...

''ဦးသိန်းဝင်းရေ ... ခင်ဗျားက အင်းစိန်ထောင် သန္ဓေဝန်ထမ်း တစ်ဦးဖြစ်လို့ ယုံကြည်စိတ်ချပြီး တာဝန်တွေ ပုံပေးလိုက်ရတာ ကြိုးစားပြီး ထမ်းဆောင်ပါဗျာ။ ကျွန်တော်တို့လည်း ဝိုင်းဝန်းကူညီပြီး ဆောင်ရွက်ပေး မယ်။ ကျွန်တော့်အောက်မှာ ထောင်ပိုင်အဆင့်(၁) ဦးလှဖေနှင့် ဒုတိယ ထောင်ပိုင် ဦးဆောင်းလွင်တို့လည်း ရှိကြပါတယ်။ သူတို့လည်း ဝိုင်းဝန်းကူညီ ပြီး ခင်ဗျားကို ပံ့ပိုးပေးကြမှာပါ''

www.burmeseclassic.com



"ဟုတ်ကဲ့ . . . ထောင်ပိုင်ကြီး၊ တာဝန်ပေးတော့လည်း မငြင်းသာပေဘူး။ ဒါပေမဲ့ အစဉ်အဆက်က ရှုပ်ထွေးလာခဲ့တဲ့ အကျဉ်းထောင် ပုံသေပစ္စည်းထိန်းတာဝန်ကို ထမ်းဆောင်ရမှာကိုတော့ ကျွန်တော် ဝန်လေးလှပါတယ်။ ဒီပစ္စည်းတွေက အင်္ဂလိပ်ခေတ်ကတည်းက လက်ကျန်ပစ္စည်းတွေနဲ့ ဖါလီမန်ခေတ် အခု မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ခေတ်အထိ ရောနှောနေတော့ ပျက်ဆီးပျောက်ဆုံးနေတာတွေ အများကြီးရှိတယ်လို့ ကျွန်တော် သိရှိထားလို့ပါပဲ"

"အဲဒါတွေကိုလည်း စနစ်တကျ ကိုင်တွယ်ဖြေရှင်းပြီး ပစ္စည်းစာရင်းပြပေါ့ဗျာ။ ကျွန်တော်တို့လည်း ဝိုင်းဝန်းပြီး ထောက်ခံဖြေရှင်းပေးပါ့မယ်။ အခု ခက်နေတာက ပုံသေပစ္စည်းကို ကိုင်တဲ့ထောင်မှူး ဦးသီက စစ်တပ်တပြောင်းလာပြီး ဘွဲ့ရထောင်မှူးမဟုတ်တော့ စာရင်းဇယား မကျွမ်းဘူး။ နောက်ပြီး သူ လွှဲပြောင်းယူရတဲ့ ယခင်ပုံသေပစ္စည်းကိုင်တဲ့ ထောင်မှူး ဦးထွန်းလှိုင်က ရုတ်တရက် ရောဂါနဲ့ ဆုံးပါးသွားလို့ သူ့မှာ အခက်အခဲတွေ့နေတယ်။ သူကလည်း အမှတ်(၅)အိပ်ဆောင်တာဝန်ကိုလည်း ယူထားရတာကြောင့် စနစ်တကျ မဖြေရှင်းနိုင်ဘူး ဖြစ်နေတယ်။ ဒါကြောင့် ခင်ဗျားကို အားကိုးပြီး ပုံအပ်ရတာပါ"

"ဟုတ်ကဲ့ပါ . . . ထောင်ပိုင်ကြီး။ ကျွန်တော် ကြိုးစားပြီး တာဝန်ကျေအောင် ထမ်းဆောင်ရပါမယ်"

သို့နှင့် ထိုနေ့က ကျွန်တော် တာဝန်ကျသော အမှတ် (၂) အိပ်ဆောင်အတွင်းရှိ အချုပ်ရုံးတွင် စတင်၍ ရုံးထိုင်ပြီး အချုပ်ရုံးလုပ်ငန်းများကို ထမ်းဆောင်ရတော့သည်။ ကျွန်တော်မရောက်မီက မိန်းဂျေးမှ ထောင်မှူးကြီးဦးလှမြင့်က အချုပ်ရုံးမှ ထောင်မှူးဦးထွန်းခင်နှင့် တွဲဖက်၍ တာဝန်ထမ်းဆောင်နေခြင်းဖြစ်သည်။ ကျွန်တော်ရောက်လာတော့ ထောင်မှူး ဦးထွန်းခင်က တာဝန်ပေါ့သွားသည်ဟု ဆိုပါသည်။ အချုပ်ရုံး၌လည်း ဝန်ထမ်းများ လေးငါးဦးရှိပြီး ၎င်းတို့မှာ တပ်ကြပ်စံသိန်း၊ ဒုတပ်ကြပ်နှင့် အခြားဝန်ထမ်း သုံးဦးအပြင် ရဲဘက်စာရေး ပိန်စိမ်းဝင်းမြင့်နှင့် နှစ်ဦးသုံးဦးပဲ ရှိပါသေးသည်။



ထို့ကြောင့်လည်း အချုပ်ရုံးတွင် အင်အားကောင်းပြီး စည်ကားနေပါသည်။ ကျွန်တော် ကိုင်တွယ်ခဲ့ဖူးသော ဌာနဖြစ်သောကြောင့် လုပ်ငန်းသဘာဝကို ကျွန်တော် ကောင်းစွာ နားလည်သဘောပေါက်ပါသည်။

ထို့ကြောင့်လည်း အခက်အခဲတစ်စုံတစ်ရာ မရှိခဲ့ပါ။ အဆောင်မှူး လုပ်ငန်းကိုတော့ တပ်ကြပ်ကြီးဦးစောမောင်နှင့် စည်းကမ်းထိန်းသိမ်းရေး ဝန်ထမ်းများအပြင် အိပ်ဆောင်အခန်းတိုင်း၌ ရဲဘက်အခန်းလူကြီးများ၊ အဆောင့်ဘာယာများ ကိုယ်စီရှိကြသောကြောင့် တာဝန်မကြီးပါ။ သူ့တာဝန်နှင့် သူ့ကဏ္ဍကိုယ်စီနှင့် စည်းကမ်းတကျ လုပ်ဆောင်ကြခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော် အချုပ်ရုံးတာဝန်ခံအဖြစ် ရောက်ရှိနေတော့ ပို၍ အင်အားကောင်းပြီး စနစ်ကျသွားပါသည်။

ထိုအချိန်က အိပ်ဆောင်များ တစ်ခုနှင့်တစ်ခု အပြိုင်အဆိုင် သန့်ရှင်းသပ်ရပ်သာယာ ကောင်းမွန်ရေး၊ စည်းကမ်းတကျရှိရေးတို့ကို ပြုလုပ်ကြသောကြောင့် အင်္ဂလိပ်ခေတ်အခါကတည်းက ဆောက်လုပ်ထားခဲ့သော နှစ်ထပ်အိပ်ဆောင်ကြီးများမှာ အုတ်နီရောင်ဖြင့် သစ်လွင်နေပြီး အိပ်ဆောင်အခန်းတိုင်း၌လည်း ပြောင်လက်တောက်ပပြီး သန့်ရှင်းနေပါသည်။ ၎င်းအပြင် အဆောင်ဝင်းအတွင်း၌ ရွက်လှပင်များအား စနစ်တကျ စိုက်ပျိုးထားပြီး အဝင်စကြံနိလမ်းများမှအစ ထုံးဖြူသုတ်၍ သန့်ရှင်းသပ်ရပ်ပြီး အမှိုက်တစ်စပင် မရှိပါ။ အဆောင်အတွင်း၌ အရိပ်ရစေသော ဗာဒံပင်ကြီးများနှင့် ဝိန္ဒဲပင်အချို့ရှိသော်လည်း အရွက်ကြွေကိုပင် မမြင်ရ၊ တစ်ရွက်ကြွေလျှင် တစ်ရွက်ကောက်ပြီး သန့်ရှင်းရေးသမားများက နှစ်ထပ်အဆောင်မကြီးနှင့် တိုးချဲ့ဆောင်အကြား မြေပြင်ကိုပင် ပြောင်ရှင်းနေအောင် သန့်ရှင်းထားကြသည်။

အချုပ်သားများသာ နေထိုင်သော အဆောင်ဖြစ်သောကြောင့် အလုပ်ကြီးဘက်ဝင်းသို့လည်း အလုပ်ဆင်းရခြင်းမရှိပါ။ ထို့ကြောင့် အမှတ်(၂) အိပ်ဆောင်အချုပ်သားများက သန့်ရှင်းရေးကို စနစ်တကျ ဦးစားပေးပြီး လုပ်ဆောင်နေသောကြောင့် ပြောင်ရှင်းသပ်ရပ်နေပါသည်။ အမှတ်(၂)အိပ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်၏ လက်ဝဲဘက်၌ ကျွန်တော်တို့ အချုပ်ရုံးခန်းရှိသည်။ အိပ်ဆောင်၏ လက်ယာဘက်၌ အချုပ်သားများ ရေချိုးသော ရေကန်ရှည်ကြီးနှစ်လုံးနှင့် ဒုအဆောင်မှူး ရုံးခန်းအနောက်ဘက်တွင် အချုပ်သားများ အသုံးပြုသည့် မိလ္လာဆောင်ရှိသည်။ အားလုံး သန့်ရှင်းသပ်ရပ်နေပါသည်။

ထို့ကြောင့်လည်း အလုပ်တာဝန်ထမ်းဆောင်ရသည်မှာ မပင်ပန်းဘဲ စိတ်ရွှင်လန်းနေမိသည်။ ၁၉၈၆ ခုနှစ်ကုန်ဆုံးပြီး ၁၉၈၇ ခုနှစ်အထိ ကျွန်တော် ပေးအပ်သောတာဝန်များကို ပျော်ရွှင်စွာထမ်းဆောင်ရင်း လှုပ်ရှားနေမိပါတော့သည်။ ၁၉၈၆ ခုနှစ် အင်းစိန် ဗဟိုအကျဉ်းထောင်သို့ ရောက်စကာလက အကြောင်းကလေးတစ်ခုကို သတိရမိပါတော့သည်။

✿ ✿ ✿

❑

တစ်နေ့ ကျွန်တော် အချုပ်ရုံးတွင် နေ့လယ်နေ့ခင်း အားလပ်၍ ထိုင်ပြီး ရေနွေးကြမ်းသောက်နေစဉ် ရုံးရှေ့ရှိ အမှတ်(၂)အိပ်ဆောင်အတွင်းမှ …

"တန်းစီ"

"ရှေ့ကြည့်"

"သတိ"

ဟူသော အချုပ်သားများ၏ အော်သံကို ကြားလိုက်ရသည်။ ကျွန်တော်လည်း တာဝန်ခံထောင်ပိုင်ကြီး ဝင်လာသည်အမှတ်ဖြင့် ဖြေလျော့ထားသော ခါးပတ်ကို စနစ်တကျပြန်ပတ်၍ ရှူးဖိနပ်ကို စီးနေစဉ် ရုံးခန်းမှ ဝန်ထမ်းတစ်ဦးက အပြင်မှဝင်လာပြီး …

"ဆရာ … ထောင်ပိုင်ကြီး တန်းစီဝင်တာ မဟုတ်ပါဘူး။ ထောက်လှမ်းရေးက တပ်ကြပ်ကြီးကျော်စိန် အဆောင်ထဲ ဝင်လာတာပါ"



"နေစမ်းပါဦးကွ … အဲဒီလူက ဘာကိစ္စကြောင့် အိပ်ဆောင်ထဲ ဝင်လာပြီး အချုပ်သားတွေက ထောင်ပိုင်တန်းစီဝင်သလို ဘာကြောင့် အော်နေသလဲ"

"ဆရာရေ … အဲဒီဆရာကြီးက အဲလိုပဲ။ သူဝင်လာရင် ထောင်ပိုင်တန်းစီသလို အော်မှကြိုက်တာ။ မလုပ်ရင် အခန်းလူကြီးနဲ့ ဘာယာတွေကို ဆဲဆိုအော်ဟောက်တတ်တယ်။ သူ့ကိုလည်း အချုပ်သားတွေ ထောင်ပိုင်ကိုကြောက်သလို ကြောက်နေကြရတာ။ သူက အဆောင်ထဲဝင်လာရင် တစ်ယောက်တည်းမဟုတ်ဘူး။ နောက်က တုတ်ကိုင်တပ်သားတွေနဲ့အတူ တန်းစီပြီး ဝင်လာတာ။ မထင်ရင်မထင်သလို တွေ့ရာလူကို ရိုက်သွားတတ်တယ်"

"ကဲ … လှကြိုင်ရေ … အဲဒီတပ်ကြပ်ကြီးကျော်စိန်ကို သွားခေါ်စမ်းကွာ။ ငါက ခေါ်ခိုင်းတယ်လို့ သွားပြော"

"ဆရာ … ကျွန်တော်မခေါ်ရဲဘူး။ အဲဒီလူက ရဲဘက်တွေတင်မကဘူး ဝန်ထမ်းတွေပါ ကြောက်ရတာ။ ဝန်ကြီးလူလို့ ပြောတယ်"

"ဟာကွာ … မင်းတို့ကလည်း ဘယ်သူ့လူဖြစ်စေ စည်းကမ်းဥပဒေနဲ့ ကျော်လုပ်တာတော့ မကောင်းဘူး။ ကဲ … ငါ့သား လှကြိုင်မသွားရဲရင် တပ်ကြပ်စိန်သန်း သွားခေါ်စမ်းကွာ"

"ဟုတ်ကဲ့ … ဆရာ။ ကျွန်တော် သွားခေါ်မယ်"

တပ်ကြပ်စိန်သန်း အလျင်အမြန် ထွက်သွားချိန်တွင် တပ်သားလှကြိုင်က …

"အဲဒီတပ်ကြပ်ကြီးကျော်စိန်က ပေါက်ရောက်တယ် ဆရာ။ သူ့အထက်မှာရှိတဲ့ စစ်တပ်အရာခံဗိုလ်တွေတောင် တပ်ကြပ်ကြီးအဆင့်သာရှိတဲ့သူ့ကို ကြောက်ကြရတယ်။ အခု ကျွန်တော်တို့ အဆောင်ထဲမှာရှိတဲ့ အချုပ်သား တစ်ဝက်ကျော်ကျော်လောက်ဟာလည်း သူ့အပ်ထည်တွေချည်းပဲ"

"ဘာလဲကွ အပ်ထည်ဆိုတာ"

"ဆရာက ကော့သောင်းစခန်းက ပြန်ရောက်တာမကြာသေးလို့ အင်းစိန်ထောင်က အခေါ်အဝေါ်၊ အထာတွေကို မသိသေးဘူး ထင်ပါရဲ့

www.burmeseclassic.com



အစ်ထည့်ဆိုတာ အပြင်က ပုဂ္ဂိုလ်တွေက သူတို့နဲ့သက်ဆိုင်တဲ့ မောင်နှမ၊ သားချင်းဆွေမျိုးတွေကို ထောင်ထဲမှာ သက်သက်သာသာ အေးအေးချမ်းချမ်း နေရအောင် ငွေပေးပြီး ဆောင့်ရှောက်ခိုင်းတာကို အစ်ထည့်လို့ခေါ်တယ်"

"ဟာကွာ ... အချုပ်ဆောင်ပဲ ထောင်ကျဆောင်မှ မဟုတ်တာ။ ဘာအလုပ်မှ ပင်ပင်ပန်းပန်း လုပ်စရာမလိုဘဲ။ မိမိအဆောင် သန့်ရှင်းရေးလောက်သာ လုပ်ကြရတာ။ ဒါကလည်း အခန်းလူကြီးတွေ ချထားတဲ့ သန့်ရှင်းရေးအဖွဲ့ကလည်း ရှိပြီးသားပါ။ အထွေအထူး လုပ်စရာမလိုပါဘူး"

"ဆရာ ... အဲလိုမဟုတ်ပြန်ဘူး။ အပြင်က သက်ဆိုင်သူတွေက ထောင်ထဲမှာ ထောင်ကျ၊ အချုပ်ကျမှန်သမျှ တပ်ကြပ်ကြီးကျော်စိန်ကို အစ်ထားမှ စိတ်ချရတယ်လို့ ထင်နေကြတာ။ သူက ဒလန်၊ သူလို့တွေကို ဝန်ထမ်းထဲမှာရော၊ အကျဉ်းသား၊ အချုပ်သားထဲမှာပါ ထားတယ်လို့ သိရတယ်။ ထည့်မွေးတာပေါ့"

"အဲဒီအကြောင်းတွေကို တာဝန်ခံထောင်ပိုင်ကြီးတွေရော မသိကြဘူးလား"

"သိချင်လည်း သိမှာပေါ့ ... ဆရာရယ်၊ ဒါပေမဲ့ သက်ဆိုင်သူများလည်း နားစေနေကြပါတယ်"

"မဟုတ်သေးပါဘူးကွာ။ နေရာတိုင်း၊ ဌာနတိုင်းမှာ သူ့စည်းကမ်း၊ သူ့ဥပဒေနဲ့ရှိတယ်။ အဲလိုလူတွေက တို့ဌာနမှာ မိုလ်ကျပြီး စည်းကမ်းလာ ဖျက်နေရင် တို့အရာရှိတွေ အောက်လက်ဝန်ထမ်းတွေကို ဘယ်လိုအုပ်ချုပ်ရတော့မလဲ"

"ဟုတ်ပါတယ် ဆရာ"

ကျွန်တော်နှင့် တပ်သားလှကြိုင်တို့ စကားပြောနေကြစဉ် ထောက်လှမ်းရေးမှ တပ်ကြပ်ကြီး ကျော်စိန်နဲ့အဖွဲ့ တုတ်တိုတစ်ချောင်းစီ ကိုင်ပြီး ကျွန်တော်၏ အချုပ်ရုံးခန်းအတွင်းသို့ ဝင်လာကြသည်။

"ကဲ ... ထိုင်ပါဦး၊ တပ်ကြပ်ကြီးဦးကျော်စိန်။ ကျွန်တော့်အဆောင်ထဲကို ကျွန်တော့်ဆီက ခွင့်ပြုမိန့်မတောင်းဘဲ ဘာကြောင့်ဝင်လာတာလဲ"

တပ်ကြပ်ကြီးကျော်စိန်က ကျွန်တော့်စားပွဲရှေ့ရှိ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ...



"ဗြော် ... ဆရာထောင်မှူးကြီးရယ်၊ ကျွန်တော့်တာဝန်က အထူးဆောင်တွင်သာမက တစ်ထောင်လုံးကို လုံခြုံရေးတာဝန်ယူထားရတာပါ။ ဒါကြောင့် ကြုံရင်ကြုံသလို အဆောင်တွေထဲ ဝင်ပြီးစစ်ဆေးရခြင်း ဖြစ်ပါတယ်"

"ဟုတ်ပြီဗျာ ... ကျွန်တော်က ရောက်စမို့ မသိသေးတာလည်း ဖြစ်ချင်ဖြစ်မယ်။ ခင်ဗျားပြောတာ ဟုတ်မဟုတ်၊ ကျွန်တော် ထောင်ပိုင်ကြီးကို မေးကြည့်ဦးမယ်။ ဘာပဲဖြစ်ဖြစ်ပေါ့ဗျာ။ နောင်ဆိုရင် တာဝန်ခံဖြစ်တဲ့ ကျွန်တော့်ဆီမှာ ခွင့်တောင်းပြီးမှ အဆောင်ထဲကိုဝင်ပါ။ ခင်ဗျားနဲ့ ပတ်သက်ဆက်နွယ်တဲ့ အချုပ်သားတွေရှိရင်လည်း ဒီရုံးခန်းမှာ လာတွေ့ပါ။ ကျွန်တော်ခေါ်ပေးမယ်"

"ဟုတ်ကဲ့ပါ ... ဆရာထောင်မှူးကြီး။ ကျွန်တော် ပြန်လိုက်ပါဦးမယ်"

ဟုဆိုကာ တပ်ကြပ်ကြီးကျော်စိန်တို့အဖွဲ့ ကျွန်တော်၏ ရုံးခန်းမှ ထွက်သွားကြပါသည်။ ကျေနပ်ဟန်တော့ မရှိပါ။ ကျွန်တော်၏ ရုံးအဖွဲ့ဝင် တပည့်များကလည်း ကျွန်တော့်အား အံ့သြစွာ မော့ကြည့်ကြပြီး ပြဿနာတော့ ဖြစ်တော့မည်ဟု တီးတိုးတီးတိုး ပြောနေကြသည်။ ကျွန်တော် ဂရုမစိုက်ပါ။ ကျွန်တော့်အလုပ် ကျွန်တော်လုပ်ပြီး မွန်းလွဲ (၂)နာရီအချိန်တွင် ပုံစံခန်း အခန်းလူကြီးမြင့်ဦးက လူသစ်များအား မှတ်ပုံတင်၍ စစ်ဆေးကြည့်ရှုရန် လာရောက်အကြောင်းကြားသည်။

ထို့ကြောင့် ကျွန်တော် ထလိုက်သွားပြီး ပုံစံခန်းတွင် တန်းစီထိုင်နေသော အချုပ်သစ်လူပေါင်း (၆၀)ကျော်ခန့်ကို အချုပ်သစ်မှတ်ပုံတင်စာအုပ်ကြီးဖြင့် တိုက်ဆိုင်စစ်ဆေးရာ ညနေ (၄)နာရီခန့်မှ ပြီးစီးသည်။ ထို့ကြောင့် အချုပ်ရုံးခန်းသို့ပြန်ပြီး ခေတ္တနားသည်။ ကျွန်တော်၏ လက်အောက်ရှိ ထောင်မှူးဦးထွန်းခင်မှာ တရားရုံးများကိုစွဖြင့် အပြင်သို့သွားနေသောကြောင့် တဖွဲဖွဲဝင်လာသော အချုပ်အာမခံ လွှတ်ဝရမ်းများကို ကျွန်တော်ပင် စစ်ဆေးနေရသည်။ ရုံးပြန်အချုပ်သားများကိုတော့ ကျွန်တော်၏ ရုံးအဖွဲ့

www.burmeseclassic.com



တပည့်များဖြစ်ကြသော တပ်ကြပ်စံသိန်းနှင့် တပ်သားလှကြိုင်၊ သက်ဦးနှင့် ချိုဝင်းထွန်းတို့က ဘူးဝတွင် ရုံးအဖွဲ့ ရဲဘက်စာရေးများနှင့်အတူ စတင်လက်ခံနေပြီဖြစ်သည်။

ညနေ(၅)နာရီအချိန်တွင် ကျွန်တော် စစ်ဆေးပြီးသော အချုပ်အာမခံလွှတ်လူများအား တန်းစီခေါ်ဆောင်ပြီး ဘူးတံခါးအဝရှိ ထောင်ပိုင်ကြီးရုံးခန်းတွင် တစ်ဦးချင်း၊ လွှတ်ဝရမ်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး လူပြရသည်။ ခန္ဓာကိုယ်ပေါ်ရှိ အမှတ်အသားများနှင့်လည်း တိုက်ဆိုင်စစ်ဆေးရသေးသည်။ မှန်ကန်ပြည့်စုံမှ တံခါးကြီးအတွင်း၌ တန်းစီစစ်ဆေးပြီး လွှတ်ပေးရခြင်းဖြစ်ပါသည်။ အချို့အမှုများကိုတော့ သက်ဆိုင်ရာ ရဲအဖွဲ့လက်သို့ အပ်ပြီး လွှတ်ရသည်။

ည (၇)နာရီခန့် လူအဝင်အထွက် စစ်ဆေး၍ ထောင်ပိတ်ပြီး ကျွန်တော်တို့ အသီးသီး ကိုယ့်အိမ်ကိုယ် ပြန်နားကြသည်။ ထိုအချိန်တွင် ကျွန်တော့်ထက်စော၍ အိမ်ပြန်ရောက်နေသော ဇနီးဖြစ်သူက . . .

"ရှင် တပ်ကြပ်ကြီးကျော်စိန်နဲ့ ဘာဖြစ်ခဲ့သလဲ"

"ဟေ . . . ဘာဖြစ်လို့လဲ၊ ငါ့အဆောင်ထဲ ခွင့်မတောင်းဘဲ ဝင်လာလို့ နောင်ဝင်မလာဖို့ မောင်းထုတ်လိုက်တာပဲ ရှိတယ်"

"ရှင်နဲ့တော့ ခက်တော့တာပဲ။ ပြဿနာတော့ ဖြစ်တော့မှာပဲ။ အဲ့သတင်းက ထောင်ထဲကို ချက်ချင်း ပျံ့သွားတယ်။ ထောင်ပိုင်ကြီးနဲ့ တွေ့တော့ ရှင့်ကို သတိမပေးဘူးလား"

"လွှတ်လူလွှတ်ရင်း ထောင်ပိုင်ကြီးကို မေးပြီးပါပြီ။ တပ်ကြပ်ကြီးကျော်စိန်ကို အထူးဆောင်တွင်သာမက အဆောင်တွေ အားလုံးအတွက် စည်းကမ်းထိန်းသိမ်းရေးတာဝန်တွေ ပေးထားသလားဆိုတာ ဟုတ်သလား မေးကြည့်တော့ ထောင်ပိုင်ကြီးက တပ်ကြပ်ကြီးကျော်စိန်ကို အထူးဆောင်တာဝန်ချထားတာ မှန်တယ်။ ဒါပေမဲ့ ထောင်တစ်ထောင်လုံးအတွက် လုံခြုံရေးတာဝန်ပေးထားတာ မဟုတ်ဘူးလို့ ပြန်ဖြေတယ်။ အဲဒါကြောင့် တို့ပြောခဲ့ဆိုခဲ့တာ မှန်တယ်။ ပြဿနာဖြစ်လာရင်လည်း ထောင်ပိုင်ကြီးကို သက်သေထားပြီး တို့ရှင်းမယ်"



လို့ပြောဆိုရင်း ကျွန်တော် ယူနီဖောင်းချွတ်၍ ရေချိုးခန်းဝင်နေစဉ်အတွင်း အိမ်ရှေ့မှ လူသံကြားရသည်။ ကျွန်တော်၏ဇနီးသည်နှင့် ဝန်ထမ်းတစ်ဦး စကားပြောဆိုနေကြသည်။

"ဆရာမ ဆရာထောင်မှူးကြီး ပြန်ရောက်ပြီလား ဒီမှာ တပ်ကြပ်ကြီးကျော်စိန်က ဆရာထောင်မှူးကြီးအတွက် ညနေပိုင်း အပန်းဖြေရအောင် ဘီယာတစ်သေတ္တာပို့ခိုင်းလိုက်လို့ ကျွန်တော် လာပို့တာပဲ"

"သြော် . . . အေးကွယ့်၊ မင်းတို့ဆရာ ခုပဲပြန်ရောက်ပြီး ရေချိုးခန်း ဝင်နေတယ်"

"ဟုတ်ကဲ့ . . . ဆရာမ။ ဒါပါပဲ နောက်လည်း မကြာမကြာ လိုအပ်တာရှိရင် တပ်ကြပ်ကြီးဦးကျော်စိန်က သူ ကူညီမယ်လို့ ပြောပါတယ်"

"အေးကွယ် . . . ကျေးဇူးပါကွယ်။ ဦးကျော်စိန်ကို ပြောလိုက်ပါ ကျေးဇူးတင်ပါတယ်လို့"

"ဟုတ်ကဲ့ပါ . . . ဆရာမ၊ ကျွန်တော် ပြန်ပါဦးမယ်"

ထိုစကားများကို ကျွန်တော် ရေချိုးခန်းထဲမှ အတိုင်းသား ကြားနေရပါသည်။ အိမ်ပေါ်သို့ ပြန်ရောက်သောအခါ . . .

"ဘာကြောင့် လက်ခံလိုက်ရတာလဲ . . . မိန်းမရယ်၊ တို့ အတွန့်ကြားရပါတယ်။ ပြန်ပေးလိုက်ရောပေါ့"

"သြော် . . . ရှင်ကလည်း ဟိုဘက်က လိုက်လိုက်လျောလျောဆက်ဆံတာကို ကိုယ့်ဘက်ကလည်း အသိအမှတ်ပြုတဲ့အနေနဲ့ လက်ခံရတော့မှာပေါ့။ ရှင်မသောက်ချင်လည်း တပည့်တွေကို ပေးလိုက်ရောပေါ့။ ဒီလူက တခြားသူတွေအပေါ် မောက်မာပေမယ့် ရှင့်အပေါ်ကိုတော့ လိုက်လျောသားပဲ"

"အေး . . . အကျဉ်းထောင်မှာ လာဘ်ပေးလာဘ်ယူမှုဆိုတာ တင်းတော့မကင်းကြဘူး။ ဒါပေမဲ့ သူ့လို ခြောင်လုပ်စားနေတဲ့အရာရှိ ဝန်ထမ်းတော့ မရှိဘူး။ အခု တို့က သူ့ကို ရဲရဲဝံ့ဝံ့ ရင်ဆိုင်ပြောဆိုလိုက်တော့ ပြုသွားလို့ ချော့တာနဲ့ တူပါတယ်"

"အဲဒါကြောင့် ကျွန်မ အလိုက်သင့်နေပါ၊ ဆက်ဆံပါလို့ သတိပေးရတာပါ"

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် နောက်နေ့များတွင် တပ်ကြပ်ကြီးကျော်စိန်နှင့် ကျွန်တော် တွေ့သောအခါ သူက အစ်ကိုကြီး ကျွန်တော်ပို့လိုက်တာ ရလား။ နောင်ကို လည်း ကျွန်တော် မကြာမကြာပို့မယ်။ အားမနာပါနဲ့လို့ အောက်ကျို့ခံပြီး ပြောလာပါတယ်။

ထို့ကြောင့်လည်း ကျွန်တော် တင်းထားသော မာန်ကိုလျှော့၍ အလိုက်သင့် ဆက်ဆံနေရပါသည်။ တစ်နေ့ အားလပ်ရက် တနင်္ဂနွေနေ့တွင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့ စားလိုရာကလေးများဝယ်ရန်အတွက် နှင်းဆီ လိုင်းဟု ခေါ်တွင်သည့် တပ်ကြပ်ကြီးကျော်စိန်တို့နေထိုင်သည့် အိမ်ရှေ့မှ ဖြတ်ပြီး အင်းစိန်ဈေးဘက်သို့ လမ်းလျှောက်သွားကြစဉ် ကျွန်းပျဉ်ပြား ပေါ်တွင် ပေါ်လစ်ရောင်တဝင်းဝင်းနှင့် နာမည်ရေးထိုးထားသော ပျဉ်ပြား တစ်ခုနှင့် အိမ်နံရံကို ထောင်၍ကပ်ထားသော ဘုတ်ပြားကြီးတစ်ခုကို တွေ့ရ သည်။ ပေါ်လစ်ရောင်တောက်ပြောင်နေသည့် ပျဉ်ချပ်ပေါ်တွင် 'တပ်ကြပ်ကြီး ကျော်စိန် အထူးဆောင်တာဝန်ခံဟု' သဘော်ဆေးအဖြူရောင်ဖြင့် ရေး ထားပြီး ဘုတ်ပြားကြီးအပေါ်၌ ဆွေမျိုးနှင့် ခွေးမလာရ၊ အခြားဧည့်သည်များ အိမ်ကိစ္စ အိမ်ကိုလာ၊ ရုံးကိစ္စ ရုံးကိုသွားပါ' ထိုဆိုင်းဘုတ်များကို လမ်း လျှောက်ရင်းဖတ်၍ ကျွန်တော်က ဇနီးဖြစ်သူအား ..

"ဟ ...ဒီလူက ဘယ်လိုလဲ။ ကိုးလို့ကန့်လန့်သမားနဲ့ တူ တယ်"

"သြော် ...ရှင်ကလည်း အရှင်းကြီးရေးထားတာကို ဆွေမျိုးနဲ့ ခွေး အိမ်ကိုလာတော့ ပေးရကမ်းရ၊ ကျွေးရမွေးရမယ်။ အပြင်က ဧည့်သည် လာတော့ လက်ဆောင်ပစ္စည်းနဲ့လာတာပေါ့ ရှင်းပြီလား"

"အေး ...ဟုတ်သလိုတော့ ရှိသား။ ဒါပေမဲ့ ကြောင်ပါတယ် ကွာ။ တို့အိမ်မှာဆိုရင် လူသိမှာစိုးလို့ နာမည်တောင် ချိတ်မထားဘူး။ အဲဒီ ကြားထဲကတောင် လာပြီး အကူအညီတောင်းနေကြတာပဲ မဟုတ်လား"

နောက်ပိုင်းတွင်လည်း မကြာမကြာ တပ်ကြပ်ကြီး ဦးကျော်စိန် က ဟုဆိုကာ အရက်ပုလင်းနှင့် အသုံးအဆောင်ပစ္စည်းများကို ပို့တတ် ပါသည်။ ကျွန်တော် အံ့သြသည်ကတော့ ကျွန်တော်နှင့် ထိပ်တိုက်ရင်မဆိုင် ဘဲ တပ်ကြပ်ကြီးကြီးကျော်စိန်က အပျော့ဆွဲ ဆွဲနေခြင်းဖြစ်သည်။ ဘယ်နေ့



ဘယ်ရက်တွင် ကျွန်တော့်အား ပျော့ကွက်နှိုက်၍ အကွက်ကောင်းချောင်း နေမလဲ မသိပါ။ ထို့ကြောင့်လည်း ကျွန်တော်က တည်တည်တံ့တံ့နှင့် အမှား အယွင်းမရှိအောင် ဂရုစိုက်၍ နေပါသည်။

အကျဉ်းထောင် ပုံသေပစ္စည်းများကို ကိုင်တွယ်ရန် ကျွန်တော် သိမသာ ရှောင်လွှဲနေခဲ့သော်လည်း ခြောက်လခန့်အကြာတွင် ထောင်ပိုင် ကြီးမှ ပုံသေပစ္စည်းကိုင်ဆောင်သူ ပထမထောင်မှူးဦးထွန်းရှိန်မှာ ကွယ်လွန် သွားပြီးနောက် ယခု လက်ရှိကိုင်တွယ်ထားရသော ထောင်မှူးကြီးဦးသိမှာ လည်း ကျန်းမာရေးမကောင်းသောကြောင့် အလျင်အမြန်လွှဲယူရန် ကျွန်တော့် အား သတိပေးပါသည်။ ထို့ကြောင့် မလွှဲမရှောင်သာဘဲ လွှဲပြောင်းယူရ တော့သည်။

ရှေးဟောင်း ပုံသေပစ္စည်းများအား တာဝန်ခံကိုင်ခဲ့သူ ထောင်မှူး အဆင့်ဆင့်မှ စိတ်ဝင်စားမှုမရှိဘဲ ခြောက်လတစ်ကြိမ် မီးစာရင်း၊ ပယ်ဖျက် ခြင်း၊ မရှိခဲ့သောကြောင့် လိုအပ်ပျောက်ဆုံးသည့် ပစ္စည်းများက အများအပြား ထိုဖြစ်သည်။ တကယ်တမ်းလည်း အင်္ဂလိပ်ခေတ်က ပဲကြိတ်ကျောက်ပြားလို ဟာမျိုး၊ ကြိမ်ရိုက်စင်လို ခွေးခြေခုံဟာမျိုးကအစ ပုံမှန် မီးစာရင်းတင်ပြီး ဖျက်သိမ်းခြင်းမရှိသောကြောင့် ပစ္စည်းမှတ်ပုံတင်စာရင်း ပေါ်နေသော်လည်း တကယ်တမ်းတွင် ပစ္စည်းများက မရှိတော့ပါ။ ခြောက်လတစ်ခါ မီးစာရင်း ပြုရာ၌လည်း မူလတန်ဖိုးကျပ်ငွေ (၅၀၀၀)ထက်ပို၍ မပြုရသောကြောင့်လည်း ခေတ်အဆက်ဆက်က ပစ္စည်းများကို ခြောက်လတစ်ကြိမ် တန်ဖိုးသင့်ပြီး မီးစာရင်းပယ်ဖျက်ရုံဖြင့် ပြီးပြည့်စုံနိုင်မည်ဟု မထင်ပါ။

ထို့ကြောင့်လည်း အင်းစိန်ဗဟိုအကျဉ်းထောင်၏ ပုံသေစာရင်းများ ကို ကိုင်တွယ်ရသော ထောင်မှူးများအနေဖြင့် ဒုက္ခရောက်ကြခြင်းဖြစ်ဟန် တူပါသည်။ ပစ္စည်းများ၏ တန်ဖိုးမှာ မူလတန်ဖိုး များပြားခြင်း မရှိသော် လည်း ခေတ်အဆက်ဆက်က လိုအပ်သောပစ္စည်းများကို တန်ဖိုးသင့်မှုငွေ ဆိုပါက ကျွန်တော်တို့ လျော်၍ဆုံးမည် မဟုတ်တော့ပါ။ ထိုအရေးကြီးသုံး တာဝန်ကြီး ကျွန်တော်၏ခေါင်းပေါ်သို့ ရှောင်လွှဲမရဘဲ ကျရောက်လာမည် ဖြစ် ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း ကျွန်တော် စနစ်တကျ စာရင်းကောက်ပြီး တပည့်များဖြင့် စစ်ဆေး၍ မရှိသောပစ္စည်းများစာရင်းကို တာဝန်ခံထောင်မိုင်ကြီးအား အသိပေး၍ ပြုစုထားရပါသည်။ ကျွန်တော် တစ်ဆင့်လွှဲပြောင်းယူခဲ့သော ထောင်မှူးဦးသီအားလည်း အချို့လိုအပ်သော ပစ္စည်းများအား ကွယ်လွန်သွားသူ ထောင်မှူးဦးထွန်းရှိန်ပေါ်သို့ မှတ်ချက်ဖြင့် ဖော်ပြထားသည်။ သို့သော် ဦးသီက စနစ်တကျ စာရင်းပြုစုနိုင်ခြင်း မရှိသောကြောင့် အခြားထပ်မံလိုအပ်သော ပစ္စည်းများစာရင်းမှာ သူ့အပေါ်သို့ ပုံကျတော့သည်။

ထို့ကြောင့် ခြောက်လတစ်ကြိမ် မီးစာရင်း မှန်မှန်တင်၍ စာရင်းပယ်ဖျက်ပါသည်။ ပျောက်ဆုံးလိုအပ်နေသော ပစ္စည်းများကိုလည်း မည်ကဲ့သို့ ဖြည့်တင်းရမည်ကို တွေးတောကြံစည်နေရပါသည်။ ပုံသေပစ္စည်းသဘောမှာ မှတ်ပုံတင်စာအုပ်တွင် အမည်ဖော်ပြထားသော်လည်း ၎င်းပစ္စည်း အဟောင်းအစုတ်အပြတ်အဟောင်းများရလျှင်ပင် စာရင်းတင်၍ ရပါသည်။ ထို့ကြောင့် ကျွန်တော် အင်းစိန်ထောင်အတွင်းနေရာလပ်မကျန် ရောက်ရှိပြီး ပစ္စည်းအဟောင်းများအား ရှာပုံတော်ဖွင့်ရပါသည်။ အားလပ်ချိန်ရတိုင်း အရှာအဖွေလုပ်ရသောကြောင့် ပစ္စည်းဟောင်းများ အတော်တော်များများ ပြန်လည်ရရှိပါသည်။ မျက်မြင်အခြေအနေအရ တန်ဖိုးမရှိ၍ လူများမသုံးကြသော်လည်း ပုံသေပစ္စည်းအားဖြင့် သူ့တန်ဖိုးနှင့်သူ ရှိနေပါသည်။

❁ ❁ ❁

# အကျဉ်းဦးစီး သင်္ချေမထုတ်သော ဖြင်ဖမှဝင်ရောက်လာကြသည့် မိုးကျရွှေကိုယ်များကြောင့် ထောင်စည်းကမ်းပျက်စီးခြင်းအစ

❑

အထက်က ဖော်ပြခဲ့သလို ကျွန်တော်တို့ အကျဉ်းထောင်သို့ တစ်ဆင့်ထိုးနှစ်ဆင့်တိုး ရာထူးများဖြင့် ပြောင်းရွှေ့လာကြရာတွင် အစပိုင်း၌ တစ်မှ တပ်ကြပ်ကြီးရာထူးဖြင့် ပြောင်းရွှေ့လာသူက ထောင်မှူးကြီးဖြစ်သည်။ ဗိုလ်ကြီးအဆင့် ဂျူနီယာက ထောင်ပိုင်အဆင့်သို့လည်းကောင်း၊ ဗိုလ်ကြီးအဆင့် စီနီယာက ညွှန်ကြားရေးမှူးအဆင့်ထိဖြစ်သည်။ ၎င်းသူတို့မှာ တပ်ထဲ၌ အရာရှိအဆင့်လောက်သာ ဖြစ်ကြသော်လည်း ထောင်သို့ရောက်တော့ တော်တော် လူပါးဝကြသည်။

ကျွန်တော်တို့ အကျဉ်းထောင်လောကသို့ ဝင်ရောက်မှုထိပ်ဆုံးခေတ်စဦးကာလ၌ ညွှန်ချုပ်က ဗိုလ်မှူးဘခင်ဖြစ်သည်။ ဒုချုပ်က ဗိုလ်မှူးဝေမြင့်၊ ညွှန်ကြားရေးမှူးများကတော့ ဗိုလ်ကြီးအဆင့်နှင့် ဗိုလ်မှူးအဆင့်များ ဖြစ်ကြသည်။ သို့သော် နောက်ပိုင်း၌ အကျဉ်းဦးစီးဌာနက ကောင်းမှန်းသိ၍ ဝင်လာ

www.burmeseclassic.com



မစဲ။ တသဲသဲဖြစ်သောကြောင့် ညွှန်ချုပ်၊ ဒုချုပ်က ဗိုလ်မှူးကြီးအဆင့် ညွှန်မှူးများက ဒုတိယ ဗိုလ်မှူးကြီးနှင့် ဗိုလ်မှူးအဆင့်ဝင်များ ဖြစ်ကြသည်။ တပ်ကြပ်ကြီးနှင့် အရာခံဗိုလ်များကိုပင် သင်ယူခဲ့သော ခေတ်ပညာ အရည်အချင်းအလိုက် တစ်ပွင့်သာ ပေးတော့သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ထောင်သန္ဓေဝန်ထမ်းများ ရာထူးတက်ရန် မျှော်လင့်ချက် မရှိတော့ပါ။ (၁၀)နှစ်တစ်ကြိမ်လောက်သာ ရာထူးတိုးစာမေးပွဲ ဖြေကြရပါသည်။ ထိုရာထူးတိုးနေရာအတွက်လည်း အထက်မှ ကျလာသော မိုးကျရွှေကိုယ်များက အသင့်နေရာယူပြီးဖြစ်သည်။ ဖွဲ့စည်းပုံ မကျယ်ဝန်းသေးသော (၁၉၈၀) ခုနှစ်ကျော်ကာလများက ကျွန်တော်တို့ သန္ဓေဝန်ထမ်းများ လိုမ့်၍ခံကြရသည်။

သို့သော် သန္ဓေဝန်ထမ်းများပီပီ အကျဉ်းထောင်ဥပဒေကို နားလည်တတ်ကျွမ်းသောကြောင့် ရရှိသော ရာထူးနေရာ၌ပင် တည်တံ့ခိုင်မြဲအောင် စည်းကမ်းတကျ ဥပဒေကို လိုက်နာကြပါသည်။ ကျောက်မိုင်းကော်ပိုရေးရှင်းနှင့် တပ်မှလည်းကောင်း၊ ရဲမှလည်းကောင်း ပြောင်းရွှေ့လာကြသော ဒါတော်ဓိ မိုးကျရွှေကိုယ် အရာရှိများမှာ အကျဉ်းသားများ၏အထာကို နားမလည်ဘဲ အမြောက်အပင့်ကို ယုံကြည်ကြသည်။

လုံးတီးထမင်းကိုစားပြီး လုံးတီးစကား (လိမ်လည်မှု)ကို မဆင်ခြင်မသုံးသပ်ဘဲ အယုံလွယ်ကြသည်။ ထို့ကြောင့် အကျဉ်းသားများ၏ ထောင်ချောက်အတွင်း ကျရောက်ပြီး အကျဉ်းထောင်ဥပဒေ၏ အရေးယူခံရသူများ ရာထူးချခံရသူများနှင့် တရားဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ရပြီး ထောင်ပြန်ကျလာသော ထောင်မှူးများပင် ရှိလာခဲ့ပါသည်။

ဥပမာအားဖြင့် ...

ရဲဌာနဘက်မှ ပြောင်းရွှေ့လာသော ထောင်မှူးတစ်ယောက်အကြောင်းကိုတော့ တင်ပြလိုသည်။ အမည်ကိုတော့ ထိုလူသိက္ခာမကျစေရန်အတွက် ဖော်ပြခြင်းမပြုတော့ပါ။ ထိုထောင်မှူးကို ထောင်ဆေးရုံ လုံခြုံရေးတာဝန်ခံအဖြစ် ခန့်ထားသည်။ သူကလည်း အလွန်သဘောကောင်းရှာပါသည်။ ထောင်ဆေးရုံတွင် တာဝန်ကျသောကြောင့် ဆေးရုံရိက္ခာ၊ အစား



အသောက်များက အလွန်ပေါသည်။ နွားနို့၊ ကြက်ဥနှင့် ကျွမ်းကျင်သော အချက်များ ဖုတ်သည့်ပေါင်မုန့်နှင့် ကိတ်မုန့်များ ရရှိနိုင်သည်။ ထိုထောင်မှူးအား သူ့ထံသို့ လာလည်လေ့ရှိသော ထောင်အရာရှိနှင့် ဝန်ထမ်းတိုင်းအား ဆိုင်ပါသော နွားနို့နှင့် ပေါင်မုန့်၊ ကိတ်မုန့်တို့ကို အမြဲတမ်း ကျွေးလေ့ရှိသည်။ မလိုင်ဆိုသည်မှာလည်း နွားနို့ကို အတော်ကြာကြာ အပူပေးကာမှ တဖြည်းဖြည်း မလိုင်ဖတ်များ တက်လာခြင်းဖြစ်ပါသည်။

ထောင်ဆေးရုံ၌ ပထမတာဝန်ကျသော ထောင်မှူးဦးထွန်းရှိန်လက်ထက်က မကြာခဏ မလိုင်နွားနို့တောင်းတတ်သောကြောင့် အကျဉ်းသားများက သန့်ရှင်းရေးသုံး (Tissue) စက္ကူများကို ရေစွတ်စိမ်၍ မလိုင်ဖတ်နှင့်ရော၍ပေးသည်။ ထို့နောက်တွင်တော့ မလိုင်ဖတ်အချို့နှင့်ရောပြီး ပန်းနာရင်ကျပ်လူနာ စွန့်ပစ်သည့် ချွဲခန်းသလိပ်များကို ယူပြီး နွားနို့နှင့်ရော၍ပေးသည်ဟု ကြားသိရဖူးသည်။

ထို့ကြောင့်လည်း ဆေးရုံထောင်မှူး ဦးထွန်းရှိန် တီဘီရောဂါဖြင့် ကွယ်လွန်သွားသောကြောင့် အင်းစိန်ထောင် ပုံသေပစ္စည်းတာဝန်များကို ကျွန်တော်တို့အား အမွေပေးခဲ့ခြင်းဖြစ်ပါသည်။ ယခု အမည်မဖော်ပြလိုသော ထောင်မှူးကတော့ သဘောကောင်းလွန်းသည်။ ယုံစားလွယ်သည်။ ထည့်များ မွေးတတ်သည်။ ၎င်းရုံးခန်းအတွင်း၌ ကပ်၍စားနေသော အကျဉ်းသား၊ အချုပ်သားများက အတော်များသည်။ ဆေးရုံထောင်မှူးရုံးခန်းတွင် နေထိုင်ရသူများမှာ အစားအသောက် အလွန်ပေါများပြီး လုပ်ပိုင်ခွင့်လည်းရှိသည်။

မနက်ပိုင်း နွားနို့၊ ပေါင်မုန့်၊ ကြက်ဥများကိုစားရပြီး နေ့လယ်၊ ညနေခင်းများတွင် ဆန်ဖြူထမင်းနှင့် ကြက်သား၊ ဝက်သားဟင်းများကို တစ်လှည့်စီ စားနိုင်သည်။ ထို့ကြောင့် ဆေးရုံထောင်မှူးအနားတွင်ကပ်၍ ပေါ်ကြော့နေပြီး အစားကောင်းစားရသော အလုပ်ကို မက်မောကြသည်။ ထိုနေရာသို့ရောက်ရန်အတွက်လည်း လက်ရင်းတပည့်များက ပိုက်ဆံရှိသော အကျဉ်းသား၊ အချုပ်သားများကို စည်းရုံးသိမ်းသွင်းပြီး ထားလေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအကြောင်းကို အမည်မဖော်ပြလိုသူ ဆေးရုံထောင်မှူးသိလျှင်လည်း သိပါမည်။ မသိနားမလည်တာလည်း ဖြစ်နိုင်ပါသည်။ သူ၏ အကျဉ်းထောင်လုပ်သက်မှာ (၁)နှစ်ပင် မပြည့်သေးပါ။ အကျဉ်းထောင်လက်စွဲ ဥပဒေကိုလည်း ပြည့်စုံအောင် လေ့လာဆည်းပူးခြင်းမရှိပါ။ ရလေလိုလေ အိုတရွှေဟူသော စကားပုံအတိုင်း တပည့်များ ဖန်တီးပေးသောကြောင့် ရရှိလာသော လာဘ်ငွေများဖြင့် ပျော်ရွှင်နေမိသည်။ မိန့်မူးသာယာနေမိသည်။ ထို့ကြောင့် တစ်နေ့တွင် အနီးကပ် တပည့်များက အကျဉ်းသားတစ်ဦးအား ခွင်ဖန်၍ ထိုအကျဉ်းသားထံမှ ရသမျှ ခွာယူကြသည်။

ဆေးရုံထောင်မှူးရုံးခန်းတွင် လက်တိုလက်တောင်းခိုင်းရန် ခေါ်ထားသည်။ ထို့နောက် ထိုအကျဉ်းသားအား ဆေးရုံထောင်မှူး ရုံးခန်း၌ ထားလို ခေါက်ဆင်းမဟုတ်ဘဲ အမြဲဆင်း အလုပ်သမားဖြစ်ရန်အတွက် ငွေတောင်းတော့သည်။ ထိုအကျဉ်းသားကလည်း ၎င်း၏အနေအထိုင် သက်သာမှုသက်သာကြောင်း အမိန့်ဖြင့် စားရေးသောက်ရေး အနေဖြင့်လည်း တောင်း။ တောင်းသမျှ ပေးပါမည်ဟု သဘောတူပြီး သူ့ဇနီးကို အကြောင်းကြားသည်ဟု ဆိုပါသည်။ သို့နှင့် ရုံးပိတ်ရက် တစ်ရက်၏ ညနေခင်းတွင် ဆေးရုံထောင်မှူးနှင့် သူ့အမျိုးသမီးအား တွေ့ဆုံကြရန် ချိန်းပေးလိုက်သည်။

သူတို့အချင်းချင်း အချိန်းအချက်မှာ အမျိုးသမီးက ထဘီအနက် အဝါရောင်လက်တိုအင်္ကျီ။ ရင်ဖုံးပေါ်တွင် နှင်းဆီအနီရောင် တစ်ပွင့်ချိတ်ဆွဲလာရမည်ဖြစ်ပြီး ထောင်ဘက်မှ ဆေးရုံထောင်မှူးက ရှပ်အင်္ကျီအဖြူပေါ်တွင် အဝါရောင်တိုက်ပုံအင်္ကျီဝတ်၍ တိုက်ပုံအင်္ကျီရင်ဖုံးပေါ်တွင် အနီရောင်နှင်းဆီပန်းတစ်ပွင့် ထိုးထားရမည်ဖြစ်ပြီး အနက်ကွက်တုံး လုံချည်ကိုလည်း ဝတ်ဆင်လာရမည်ဖြစ်သည်။ ချိန်းဆိုထားသည့် နေရာက အင်းစိန်လေဆိပ်ဖြင့် ဟီးနိုးဂိတ်အနီးရှိ လက်ဖက်ရည်ဆိုင်တစ်ဆိုင်တွင် ဖြစ်လေသည်။ ထိုစဉ်အခါက မီးရထားခုံးကျော်တံတားကြီး မဆောက်လုပ်ရသေးပါ။ ဆေးရုံထောင်မှူးကလည်း ထိုညနေတွင် ချိန်းဆိုထားသည့်အတိုင်း ဝတ်စားဆင်ယင်၍ ချိန်းဆိုထားသည့် လက်ဖက်ရည်ဆိုင်ကို သွားသည်။



အမျိုးသမီးတစ်ဦး ချိန်းဆိုထားသည့် အဝတ်အစားများကိုဝတ်၍ လက်ဖက်ရည်ဆိုင်အတွင်း ချောင်ကျသော စားပွဲ၌ ထိုင်နေသည်။ အခြားစားပွဲတစ်ခု၌ အမျိုးသားသုံးဦးထိုင်နေသည့်မှအပ ဆိုင်အတွင်း၌ လူရှင်းနေသည်။ ထို့ကြောင့်လည်း ဆေးရုံထောင်မှူးက ရဲရဲဝံ့ဝံ့ပင် ထိုအမျိုးသမီးထံသို့ တန်းတန်းမတ်မတ်သွားပြီး မိတ်ဆက်စကားပြောသည်။ အပေးအယူလုပ်ကြသည်။ ထိုမြင်ကွင်းကို အခြားစားပွဲတွင် စောင့်ကြည့်နေကြသော လူသုံးဦးက အမျိုးသမီးခေါ်ထားသော ရဲတပ်ဖွဲ့ဝင်များဖြစ်ကြသောကြောင့် ငွေပေးနေစဉ် လက်ပူးလက်ကြပ် ဖမ်းမိတော့သည်။

ထို့ကြောင့် ထိုဆေးရုံထောင်မှူး တရားရုံးတွင် အမှုရင်ဆိုင်ရပြီး လာဘ်ပေးလာဘ်ယူမှုဖြင့် ထောင်တစ်နှစ်ကျသည်။ ထိုဆေးရုံထောင်မှူးမှာလည်း ယခုအခါတွင်တော့ စာရေးဆရာတစ်ဦးဖြစ်၍ နေပြီဖြစ်ပါသည်။ ထောင်အတွင်း၌ တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ရပြီး တစ်နှစ်ခန့် ထောင်ကျအပြစ်ဒဏ်ပေးခြင်း ခံရသောကြောင့် ထောင်သက်အတွေ့အကြုံ နှစ်နှစ်ခန့်ရှိဖြစ်သောကြောင့် ၎င်းဆရာ ထောင်ဝတ္ထုများရေးသည်မှာ မကုန်ဆုံးနိုင်အောင် များပြားလှသည်။

✿ ✿ ✿

❑

နောက်တစ်ယောက်ကတော့ မိန်းမကိစ္စ ဝါသနာပါသူ ထောင်မှူးတစ်ဦး။ ထောင်ထဲက ခေါင်းလုပ်သူက မိတ်ဆက်စာရေးပေးလိုက်၍ မိန်းမနှင့်ပျော်ပါးနေစဉ် စစ်ဆေးရေးအဖွဲ့ ရှောင်တခင် ဝင်ရောက်ဖမ်းဆီး၍ ထောင်တာဝန်ခံကို အကြောင်းကြားသောကြောင့် ရာထူးအချခံရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုထိုဤဤကိစ္စများက ထောင်အရာရှိလောကတွင် များစွာရှိသည်။ ဖြစ်ပျက်သမျှမှာလည်း ထောင်ပါးမဝကြသေးသော အခြားဌာနများမှ ပြောင်းရွှေ့ဝင်ရောက်လာကြသည့် ထောင်ဝန်ထမ်းအသစ်များ ဖြစ်ကြပါသည်။

နောက်တစ်ဦးကတော့ ရဲတပ်ဖွဲ့မှ စခန်းမှူး (ဒုရဲအုပ်) အဆင့်မြင့် အင်းစိန်ထောင်သို့ ပြောင်းရွှေ့လာပြီး ရာထူးတိုး၍ ထောင်မှူးကြီးဖြစ်လာသူ။ သူက ဤညွှန်မှူး၏ မယားညီအစ်ကိုလည်းဖြစ်သည်။ ရောက်စက ထောင်တွင်းဌာန ပေါင်းစုံကို အလုပ်သင်အဖြစ် လိုက်၍လေ့လာသည်။ နောက်ဆုံး ကျွန်တော်တာဝန်ကျသော အချုပ်ရုံးသို့ ရောက်လာသည်။ အချုပ်ရုံး လုပ်ငန်းများမှာ ရဲစခန်း၊ တရားရုံးများနှင့် ပတ်သက်နေသောကြောင့် သူယခင်က လုပ်ဆောင်ခဲ့ရသော ရဲလုပ်ငန်းနှင့် နီးစပ်ဟန်တူပါသည်။ ထို့ကြောင့် သူ သဘောကျသည်။

၁၉၈၈ ခုနှစ်အစပိုင်းတွင် ထောင်တာဝန်ခံအရာရှိရုံးမှ အမိန့်စာ ထွက်လာသည်။ ကျွန်တော် အချုပ်ရုံးတာဝန်နှင့် (၂)အဆောင်ထောင်မှူး တာဝန်ကို ထိုပုဂ္ဂိုလ်အား လွှဲပြောင်းပေးပြီး အမှတ်(၅)အိပ်ဆောင်မှူးအဖြစ် ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရန်နှင့် အရှုပ်ထုပ် ပုံသေပစ္စည်း တာဝန်ပါ ဆက်လက်တာဝန်ယူထမ်းဆောင်ရန် ဖြစ်ပေတော့သည်။ ခြော် . . . တကယ် တမ်း လျှော်ရမည့်တာဝန်ကိုတော့ ထိုသူအား လူသစ်ဖြစ်၍ မပေးခြင်းဖြစ် သတဲ့။ လွန်စွာ တရားကျဖို့ကောင်းသည်၊ သို့သော် ကျွန်တော် ကျေနပ်ပါ သည်။ အလုပ်တာဝန် ပေါ့သွားသောကြောင့် ဖြစ်ပါသည်။

ကျွန်တော် တာဝန်ထမ်းဆောင်ရမည့် အမှတ် (၅) အိပ်ဆောင် အဆောင်မှူးတာဝန်မှာ အပန်းမကြီးပါ။ (၂)ထပ်အိပ်ဆောင်ဖြစ်သော အပေါ် ထပ်တွင် ယိုးဒယား ငါးခိုးလှေ အကျဉ်းသားများထားရှိသည့် အောက်ထပ် ၌ အပြင်သို့ထွက်၍ အလုပ်လုပ်ရသည့် (၆)လလောက်သာ ကျခံရသော အပြင်ဘုတ်အကျဉ်းသားများအား ထားရှိသော အဆောင်ဖြစ်သောကြောင့် အုပ်ချုပ်ရသော လုပ်ငန်းတာဝန် လွန်စွာ နည်းပါသည်။ အပြင်ဘုတ်အကျဉ်း သားများက တစ်နေကုန် အပြင်ထွက်၍ အလုပ်လုပ်ရပြီး နေ့လယ်စာကို



သူတို့ တာဝန်ကျရာ နေရာအသီးသီးသို့ တာဝန်ကျသူများက ထမင်းလိုက် ပေးသည်။ ညနေမှသာ အလုပ်ပြီး၍ ထောင်တွင်း ပြန်ဝင်ကြသည်။ ညနေစာကိုသာ ထောင်တွင်း၌ စားသည်။

သူတို့က ဝိတ်ရက်မရှိ၊ နေ့စဉ် အပြင်သို့ထွက်၍ အလုပ်လုပ်ကြ ရသည်။ သို့သော် သူတို့အဖွဲ့ အပြင်သို့ထွက်၍ အလုပ်လုပ်ကြရခြင်းကို ပျော် နေကြသည်။ တာဝန်ကျရာ နေရာတိုင်းတွင် ထောင်ကကျွေးသည့် ထမင်း ဟင်းအပြင် ငုံးတို့ဘာသာ အစဉ်ပြေသလို ဟင်းများကိုလည်း ချက်ပြုတ်စား နိုင်သောကြောင့် သူတို့ပျော်ကြသည်။ အမှတ်(၅) အိပ်ဆောင်အပေါ်ထပ်တွင် နေထိုင်ကြသော ယိုးဒယားငါးခိုးဖမ်းသည့် လူများကတော့ အတော်စည်းကမ်း ရှိပါသည်။ သူတို့အဖွဲ့ခေါင်းဆောင် နိုင်လတ်ဆိုသူမှာ ကျွန်တော် ယခင် အချုပ်ရုံးတွင် နေစဉ်ကတည်းကပင် ရင်းနှီးခင်မင်သူဖြစ်သည်။ သူက မြန်မာ စကား မတတ်သော်လည်း ကြားခံစကားပြန် အောင်မြင့်တင်ဟူသော အချုပ် ရုံးမှ ကျွန်တော်၏ တပည့်ဖြစ်သူက ဆောင်ရွက်ပေးသောကြောင့် အလွန် အဆင်ပြေသည်။ တစ်ခါတစ်ရံ ကျွန်တော် အိပ်ဆောင်အပေါ်ထပ် အခန်း များသို့တက်၍ စစ်ဆေးလျှင် ယိုးဒယားအဖွဲ့က အားလုံးမတ်တတ်ရပ်ကြပြီး သက်အုပ်ကလေးချီ၍ ဆဝါဒီခတ်ဟု နှုတ်ဆက်စကား ပြောကြသည်။

သူတို့အား ယိုးဒယားသံရုံးမှ ညှိတွေ့လာလျှင်တော့ ကျွန်တော် နှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ ဦးထွန်းကြည်၊ အချုပ်ရုံးတာဝန်ခံထောင်မှူး ကြီး ဦးစိန်လွင်နှင့် ဒုစုံစမ်းစစ်ဆေးရေးမှူးအဖွဲ့မှ ဒုရဲအုပ် ဦးစိုးဝင်းလတ် တို့က ကြီးကြပ်ဆောင်ရွက်ပေးသည်။ မှတ်တမ်းအစီရင်ခံစာအား စုပေါင်း ညှိနှိုင်းပြီးရေး၍ ထောင်တာဝန်ခံ အရာရှိမှတစ်ဆင့် အကျဉ်းဦးစီးဌာန ညွှန်ချုပ်ထံသို့ အစီရင်ခံစာ တင်ကြရသည်။

ထို့အတူပင် အင်္ဂလိပ်လူမျိုး ကျောင်းဆရာ မစ္စတာကာပ်ပက်ထရင် မှ ၎င်း၏ဇနီးဖြစ်သူ (တရုတ်လူမျိုး) လင်ပက်ထရစ်အား မီးရှို့သဖြင့် ထောင်တွင်းရောက်လာရာ၌လည်း ၎င်း၏မိသားစုနှင့်အတူ အင်္ဂလိပ်သံရုံးမှ ထိုက်လာ၍ ကြီးကြပ်ပေးသော သံရုံးအဖွဲ့ဝင်များနှင့်လည်း တွေ့ဆုံရာ၌

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့ကမင်း ကြီးကြပ်ပေးသည်။ ထောင်ဝင်စာတွေ့ခြင်းကို စီမံဆောင်ရွက်ပေးရသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့၏ ဌာနစုံ၊ အဖွဲ့စုံ ရင်းနှီးခင်မင်ကြပြီး တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီကြသည်။ မကြာခဏ သံရုံးများနှင့် ညှိတွေ့ရာတွင် ကျွန်တော်တို့အဖွဲ့က ညှိနှိုင်းစကားပြန်လုပ်၍ သက်ဆိုင်ရာသို့ အစီရင်ခံစာ တင်ပြရခြင်းဖြစ်ပါသည်။ ပြီးနောက် အချုပ်ရုံးမှ တရုတ်လူမျိုး တပည့်များ စီစဉ်ချက်ပြုတ်ပေးသည့် ထောင်တွင်း တရုတ်လက်ရာများကိုလည်း မြိန်ယှက်စွာ စားသောက်ကြရပါသည်။

ကျွန်တော့်အခြေအနေက အတော် အားလပ်သွားသောကြောင့် အင်းစိန်ထောင်တစ်ခုလုံးကိုပတ်၍ ပုံသေပစ္စည်းများ နေရာအနှံ့ ရှာဖွေရာ ပျောက်ဆုံးနေသော ပုံသေပစ္စည်းများအား ပြန်လည်တွေ့ရှိရသည်။ အင်းစိန်အကျဉ်းထောင် ထောင်ပိုင်ကြီးရုံးခန်း အနောက်ဘက်၌လည်း နှစ်ကာလကြာရှည်စွာ ဖွင့်ခြင်းမပြုခဲ့သည့် ပုံသေပစ္စည်း စတိုခန်းအပြင်၊ အလုပ်ကြီးဝင်းဘက် ထောင်ပစ္စည်းအဟောင်းများ ထားသိုသော သွပ်ပြားကာထားသည့် ဝင်းအတွင်းမှာလည်း ပျောက်ဆုံးလျော့နည်းနေသော ကြွေရည်သုတ်ပန်းကန်ပြား ပန်ကန်လုံး၊ မိုက်ခွက်များနှင့် ဒန်သတ္တု ပန်းကန်ပြား ပန်ကန်လုံးများကိုလည်း ပြန်လည်တွေ့ရှိရသည်။

ထို့အပြင် အရင်ခေတ်များက အသုံးပြုခဲ့သည့် ရိုမင်တန်လက်နှိပ်စက် အပျက်အဟောင်းများနှင့် စက်ဘီးအဟောင်းများကိုလည်း ပြန်လည်တွေ့ရှိရသောကြောင့် ကျွန်တော် အလွန်ပျော်သွားသည်။ ထို့အပြင် ထောင်နှင့်ရိက္ခာဌာန ဂိုဒေါင်အတွင်းမှ အင်္ဂလိပ်ခေတ်သုံး ပဲကြိတ်ကျောက်ပြားများနှင့် စာရင်းတွင်ရှိပြီး ပျောက်ဆုံးနေသည့် ရေစုပ်စက်များကိုလည်း ပြန်လည်တွေ့ရှိရပါသည်။ သို့နှင့် ရှာဖွေလေ တွေ့ရှိလေလေဆိုသည့် စကားပုံအတိုင်း ထောင်ပိုင်ကြီးရုံးခန်းအနောက်ဘက် စတိုအတွင်းမှလည်း ပျောက်ဆုံးနေသည် ဟုဆိုသည့် သော့ခလောက်များ၊ လက်နှိပ်စက်ဟောင်းအချို့နှင့် (Ever ready) အမျိုးအစား လက်နှိပ်ဓာတ်မီးများ၊ အင်္ဂလိပ်ခေတ်သုံး အစောင့်စန္ဒရီများ





အသုံးပြုသည့် အချိန်မှတ်နာရီများ စသည်ဖြင့် ပစ္စည်းအမည်-အတော်စုံစုံ ပြန်လည်တွေ့ရှိရသည်။

ထို့အပြင် အင်းစိန်ထောင်မကြီး အရှေ့ဘက်ရှိ သီးသန့်ထောင်ဟု ခေါ်ဆိုအပ်သော Annex Jail ၏ စတိုခန်းအတွင်းမှလည်း လေးပေမီးချောင်း ပစ္စည်းစုံများနှင့် အင်္ဂလိပ်ခေတ်သုံး ကြီးမားလှသည့် မျက်နှာကြက် ပန်ကာကြီးများ၊ စားပွဲတင်ပန်ကာများ၊ ယခင် ပုဒ်မ(၅)ကျဉ်းသားများ အသုံးပြုသည့် တိုက်ပန်းကန်များ၊ ပစ္စည်းအသုံးအဆောင်များကိုလည်း ပြန်လည်တွေ့ရှိရပါသည်။

ထို့ကြောင့် ပုံသေပစ္စည်းစာရင်းတွင် လျော့နည်းနေသော ပစ္စည်းအဟောင်းများကို အတော်အတန် ပြန်လည်ရရှိပါသည်။ သို့သော် အတော်များများတော့ ကျန်နေသေးသည်။ သစ်သားဖြင့် ပြုလုပ်ထားသော စားပွဲ၊ ကုလားထိုင်၊ ခုံတန်းရှည်များ၊ အကျဉ်းသားအိပ်စင်၊ ခုတင်များမှာ ပျောက်ဆုံးနေပြီး ရှာဖွေ၍ မတွေ့ရှိရတော့ပါ။ သို့သော်လည်း ထိုပစ္စည်းများမှာ မီးစာရင်းပယ်ဖျက်၍ တဖြည်းဖြည်း ဖျက်သိမ်းနိုင်သော ပစ္စည်းများဖြစ်သောကြောင့် ကျွန်တော် တွေး၍ မပူရတော့ပါ။

✿ ✿ ✿

❑

ကျွန်တော်တို့ အကျဉ်းဦးစီးဌာနတွင် အလေ့အကျင့်တစ်ခုရှိသည်။ ဌာန၏ အကြီးအကဲ ညွှန်ချုပ်ကြီးများ၏ ဝါသနာအတိုင်းလိုက်၍ လက်အောက်ခံအရာရှိများက ပြုလုပ်ပေးရသော အစဉ်အလာဖြစ်ပါသည်။ ကျွန်တော်တို့ အလုပ်စဝင်စဉ်က တာဝန်ထမ်းဆောင်ခဲ့သော ညွှန်ချုပ်ကြီး ဦးဘခင်က တင်းနစ်ရိုက် အားကစားခြင်းကို ဝါသနာပါသောကြောင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



တို့ လက်အောက်ခံအရာရှိများ အားလပ်ချိန်များတွင် စုပေါင်း၍ တင်းနစ်ရိုက်ကြရသည်။

အင်းစိန်ထောင်ဝင်းအတွင်းရှိ ညွှန်ချုပ်ကြီးအိမ်ရှေ့၌ တင်းနစ်ကွင်းတစ်ကွင်းနှင့် အင်းစိန်ထောင်အရှေ့ ဝန်ထမ်းများအတွက် ပြင်ပဆေးကုခန်းအနီးတွင်လည်း တင်းနစ်ကွင်းတစ်ကွင်းရှိသည်။ ထိုတင်းနစ်ကွင်းနှစ်ကွင်း၌ ကျွန်တော်တို့ အကျဉ်းထောင်အရာရှိများ ညနေခင်းအားလပ်ချိန်တွင် ပိတ်ရက်များတွင် စုပေါင်းကာ တင်းနစ်ရိုက်၍ ကစားကြသည်။

ထိုအချိန်က နာမည်ကြီးသော Head Professional နှင့် Head master ဟူသော အကောင်းစား Racket များနှင့် Dunlop ဟူသော ဘောလုံးကလေးများဖြင့် အပြိုင်အဆိုင် အသုံးပြုကြခြင်းဖြစ်သည်။ ညနေခင်းနှင့် အားလပ်ရက်များတွင် ပြင်ပသို့ အကျဉ်းထောင်အရာရှိများ မထွက်စေဘဲ တစ်စုတစ်ဝေးတည်း စုဝေး၍ ကစားခြင်းဖြင့် အကျဉ်းထောင်လုံခြုံရေး ကိစ္စကြီးငယ် ဖြစ်ပေါ်လာပါက အချိန်မီ ထိန်းသိမ်းဆောင်ရွက်နိုင်ရန် စီစဉ်ထားသည့် အကျဉ်းထောင်အုပ်ချုပ်သူ ညွှန်ချုပ်ကြီးများ၏ အစီအစဉ်ဖြစ်ပါသည်။

ထို့နောက် ညွှန်ချုပ်ကြီးဦးဘခင်အနားယူပြီး ညွှန်ချုပ်ကြီး ဦးဇော်မင်းလက်ထက်ကတော့ တင်းနစ်မရိုက်ကြရတော့။ သူက ခြင်းလုံးခတ်ခြင်းကို ဝါသနာပါသောကြောင့် အကျဉ်းထောင်အရာရှိများ ခြင်းလုံးခတ်ကြရပြန်သည်။

နောက်တစ်ဦး ညွှန်ချုပ်ကြီးက ဗိုလ်မှူးကြီးတစ်ဦးဖြစ်သည်။ ကျွန်တော် ကော့သောင်း ဆီအုန်းစခန်းများတွင် တာဝန်ကျစဉ် ပြောင်းရွှေ့လာသူဖြစ်သည်။ ထိုညွှန်ချုပ်ကြီးမှာ ကော့သောင်း ဆီအုန်းစခန်းများသို့ လာရောက်စစ်ဆေးစဉ်က ကျွန်တော်နှင့်တွေ့ဆုံပြီး ခင်မင်ခွင့်ရခဲ့သည်။

ကျွန်တော်တို့ အောက်ချိုင့်ခြံစခန်းကိုလည်း သူက အလွန် သဘောကျ၍ ချီးကျူးသည်။ ထို့အပြင် ကော့သောင်းဆီအုန်းစခန်းများသို့ ညွှန်ချုပ်ကြီးလာရောက်စစ်ဆေးစဉ် မှတ်တမ်းဓာတ်ပုံများအား ကျွန်တော်တို့ကိုယ်တိုင်



ဝါသနာအရ မှတ်တမ်းတင်ပြုစုပြီး သူ့အားလက်ဆောင်ပေးလိုက်စဉ်က ကျွန်တော့်ကို သူက အလွန်သဘောကျသည်။

ထို့ကြောင့် ၁၉၈၆ ခုနှစ်တွင် ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ပြောင်းရွှေ့ရတော့ ညွှန်ချုပ်ကြီးဦးတင်ဦး၏ ဝါသနာနှင့် ကြုံရပြန်သည်။ သူက အင်းစိန်ထောင်ဝင်းအတွင်း ကျယ်ပြန့်လှသော နေရာများ၌ ဂေါက်သီးရိုက်ကွင်းလေးကျင်းကို ဆောက်လုပ်စေပြီး ကန်ကြီးအနီး၌ သခင်ဝန်ထမ်းများအတွက် အရက်ရောင်းသောဆိုင်ကလေးကို ပြင်ဆင်ဆောက်လုပ်ပြီး ကန်သာယာဂေါက်ကွင်းဟူ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့ ဂေါက်သီးရိုက် သင်ကြရပြန်သည်။

ထောင်ပိုင်ကြီးဦးစိန်မြွေးကတော့ စစ်ခွေးဝင်းအတွင်းရှိ မြေကွက်လပ်တွင် လှို့ဝှက်၍ ဂေါက်သီးရိုက် လေ့ကျင့်သည်။ သူက ဂေါက်သီးရိုက်ရာတွင် Power မသုံး swing ဟုခေါ်သော ပုံမှန် လက်လွှဲ၍ရိုက်ခြင်းဖြစ်သည်။ ကျွန်တော်တို့က Power ထည့်၍ ရိုက်ခြင်းဖြစ်သောကြောင့် ဂေါက်သီးမှာ ဝေးဝေးသို့ ပြေးသော်လည်း တည့်တည့်မသွား။ ဘယ်ညာသို့ ထွက်တတ်သည်။ လိုရာနေရာသို့ တည့်တည့်မရောက်ပါ။ ဆရာကြီး ဦးစိန်မြွေးကတော့ ပုံမှန်လွှဲ၍ ရိုက်ခြင်းကြောင့် သူ့ဂေါက်သီးများက ဝေးဝေးမသွားသော်လည်း တည့်တည့်သွားသည်။

ကန်သာယာဂေါက်ကွင်း၌ တကယ်တမ်း ကွင်းဆင်း၍ရိုက်ကြတော့ အတ်ရည်များ ပေါ်လာတော့သည်။ ညွှန်ချုပ်ကြီး ဦးတင်ဦးက သူကိုယ်တိုင်လည်း ရိုက်သည်။ တစ်ခါတစ်ရံ ဒိုင်လုပ်၍ ကြီးကြပ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အရာရှိများအဖွဲ့မှာ အားလပ်ချိန်ပိတ်ရက်များ၌ ထောင်ဝင်းအတွင်းရှိ ကန်သာယာဂေါက်သီးကွင်း၌သာ အချိန်ကုန်ကြရတော့သည်။ ထိုအချိန်က ဂေါက်ရိုက်တံနှင့် ဂေါက်သီးဈေးနှုန်းမှာ အလွန်ပေါပါသည်။ ယခုခေတ်လို ကစားကြသူမများသောကြောင့် ဖြစ်ပါမည်။ Second Hand ဂေါက်တံ တစ်စုံလျှင် (၂၀၀၀၀)ကျပ်ခန့်သာရှိသည်။ အသစ်ကတော့ လေးငါးသောင်းခန့်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့အဖွဲ့တွင် ထောင်ပိုင်ကြီးဦးစိန်ရွှေ (မြေမွေး) နှင့် နောက်ထောင်ပိုင်ကြီး ဦးစိန်ရွှေ (စိမ့်ကိုင်း)၊ ဒုတိယထောင်ပိုင်ဦးအေးသွင်၊ တိရစ္ဆာန်ဆရာဝန်ဦးရွှေဝင်းနှင့် ကျွန်တော်၊ ထောင်မှူးမြင့်ဆွေ၊ စာရေးကိုကျော်ဇောတို့ ဖြစ်ကြပါသည်။ အခြားထောင်အရာရှိများအား ပါဝင်ခွင့်မပေး၍ မရိုက်ကြပါ။ ဂေါက်သီးရိုက် အားကစားမှာလည်း လွန်စွာ စွဲမက်ဖွယ်ရာ အားကစားနည်းဖြစ်သည်။ နောက်ပိုင်းတွင် လောင်းကြေးဖြင့် ရိုက်ကြသောကြောင့် ပို၍ စွဲစေပါသည်။ အကုန်အကျလည်း များသည်။ ထို့သော် ယနေ့ခေတ်လို ကြီးကြီးကျယ်ကျယ် ကုန်ကျခြင်းတော့ မဟုတ်ပါ။ ညွှန်ချုပ်ကြီး အနေဖြင့် အစီအစဉ်ဖြင့် ဂေါက်ရိုက်ပြီးသည်နှင့် ဌာနက ဖွင့်ပေးထားသော ထန်းသာယာ ဂေါက်ကလပ်ဘားတွင် ရှုံးသူက နိုင်သူများကို ဘီယာ၊ အရက်များ တိုက်ကျွေးပြုစုရသည်။ အမြည်းများကိုတော့ အင်းစိန်ထောင်ရိက္ခာဌာနက တာဝန်ယူ၍ လုပ်ဆောင်ပေးသည်။

ညွှန်ချုပ်ကြီး ဦးတင်ဦးစာတော့ ကြီးကြပ်ပေးသူဖြစ်သောကြောင့် ဘယ်အဖွဲ့က ရှုံးရှုံးနိုင်နိုင် သူက အားပေးပြီး အပျော်သဘောဖြင့် တွေ့ရာ တွေ့လာ စကားပြောကြရင်း ရင်းနှီးမှုယူ၍ သောက်ကြခြင်းဖြစ်ပါသည်။ ထို့အပြင် တစ်လလျှင် တစ်ကြိမ် မင်ဘာအဖွဲ့ဝင်များ တစ်ဦးလျှင် တစ်လှည့်စီ မိမိတို့၏ ဇနီးသည်များကိုပါ ခေါ်ယူပြီး မိတ်ဆုံစားပွဲ လုပ်ပေးလေ့ရှိသည်။

တာဝန်ကျ၍ ကျွေးမွေးဧည့်ခံရသည့်သူက အရက်နှင့် ဘီယာဖိုးသာ အစိုးရဈေးနှင့် ကျခံရပြီး အမြည်းပေါင်းစုံကိုတော့ အင်းစိန်ထောင် ရိက္ခာဌာနက တာဝန်ယူ၍ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ပါသည်။ ဤသည်မှာလည်း ညွှန်ချုပ်ကြီးနှင့် ထောင်ပိုင်တို့ အစီအစဉ်ဖြစ်သည်။ မင်ဘာဝင် အရာရှိများ အကုန်အကျနည်းစေရန်အတွက် စီစဉ်ပေးခြင်းဖြစ်သည်။ ထို့အပြင် ထိုနေ့များတွင် တက်ရောက်လာသည့် မင်ဘာဝင်တိုင်းက လက်ဆောင်ပစ္စည်းတစ်ခုခုကို ယူခဲ့ရသည်။ ထိုလက်ဆောင်ပစ္စည်းများကို စုပေါင်းပြီး တစ်ဦးချင်း မဲနှိုက်ရသည်။ ထို့ကြောင့်လည်း တစ်ဦးလက်ဆောင်ပစ္စည်း



တစ်ဦးကရကြပြီး စည်းလုံးညီညွတ်၍ ပျော်စရာအလွန်ကောင်းသော ပွဲဖြစ်ပါသည်။

အရေးအခင်းပြီးနောက်ပိုင်း ဘုရင့်နောင်လမ်းမကြီး ဖောက်တော့ ကျွန်တော်တို့ အကျဉ်းထောင် ဂေါက်သီးကွင်း၊ နှစ်ကွင်းလုံး လမ်းမကြီးနယ်မြေ အတွင်းသို့ ပါသွားသည်။ ထို့ကြောင့် နောက်ပိုင်းတွင် ကွင်းပျက်၍ အစုအဖွဲ့ဖြင့် ဂေါက်သီးရိုက်ကစားရန် မဖြစ်နိုင်တော့ပါ။ ကျန်ရှိသည့် ဂေါက်သီးကွင်းနှစ်ကွင်းကို လေ့ကျင့်ရေးကွင်းအဖြစ်သာ အသုံးပြု၍ ရတော့သည်။

နောက်ပြောင်းရွှေ့လာသူ ညွှန်ချုပ်က မန္တလေးထောင်အုပ်စု ညွှန်ကြားရေးမှူး ဖြစ်လာသော ဦးကျော်ထွန်းဖြစ်သည်။ သူကတော့ အားကစားလုပ်ခြင်းကို ဝါသနာ မပါပါ။ ကာရာအိုကေ သီချင်းဆိုခြင်းကို အလွန်ဝါသနာပါသောကြောင့် အကျဉ်းထောင်အရာရှိများ အဆိုတော်မျိုးစုံတို့၏ သီချင်းများကိုဖွင့်၍ သီချင်းအဆို လေ့ကျင့်ကြရပြန်သည်။ ဤသည်မှာ ကျွန်တော်တို့ အကျဉ်းဦးစီးဌာန၏ ဖြစ်စဉ်အမှန်များ ဖြစ်ကြပါသည်။

၁၉၈၈ ခုနှစ်၊ နှစ်စဉ်ပင် တိုင်းပြည်အုပ်ချုပ်ရေးက မတည်မငြိမ် ဖြစ်လာခဲ့သည်။ အထူးသဖြင့် ကျောင်းသားများ လှုပ်ရှားမှုဖြစ်သည်။ အုပ်ချုပ်သူ အစိုးရကလည်း ငွေမဲများကို ခဝါချသည်ဟုဆိုပြီး ၁၉၈၅ ခုနှစ်တွင် တစ်ရာကျပ်တန် ငွေစက္ကူများကို ပြန်လည်သိမ်းဆည်းပြီး ငွေအကြွေများဖြင့် ပြန်လဲလှယ်ပေးပါသည်။ ထိုစဉ်အချိန်အခါကလည်း မြန်မာ့ငွေစက္ကူများကို ကိုးလိုးကန့်လန့် တန်ဖိုးသင့်ပြီး ၁၅ကျပ်တန်၊ ၂၅ တန်၊ ၃၅ ကျပ်တန်၊ ၇၅ ကျပ်တန်၊ ၉၀ တန်ဟူ၍ မျိုးစုံထုတ်လုပ်သည်။

ငွေစက္ကူအသုံးပြုရာတွင် တန်ဖိုးနည်းသော ငွေစက္ကူအချို့နှင့် [illegible]ပြီး အသုံးပြုရသည်။ ၁၉၈၈ ခုနှစ် အစပိုင်းလောက်တွင် ၂၅ ကျပ်တန် ငွေစက္ကူများ ဖောင်းပွ၍ဟုဆိုကာ အသုံးပြုခွင့်ကို ပိတ်သိမ်းကြေငြာ[illegible]လိုက်ပြန်သည်။ သို့သော် ထိုငွေစက္ကူများကိုတော့ အခြားအသုံး[illegible]သည့် ငွေစက္ကူများဖြင့် ပြန်လည်လဲလှယ်ပေးခြင်း မရှိတော့ပါ။ ၂၅ ကျပ်

www.burmeseclassic.com

www.burmeseclassic.com



တန် ငွေစက္ကူဆိုသည်မှာ အခြေခံလူတန်းစား ဈေးသည်များနှင့် ကျောင်းသားကျောင်းသူများ လက်ထဲတွင် အသုံးပြုကြသောကြောင့် သူဌေးသူကြွယ်များထက် အခြေခံလူတန်းစားများ ပို၍ အထိနာပါသည်။

ထို့ကြောင့် တိုင်းပြည်ကြီးက မငြိမ်သက်ပါ။ လယ်သမားများ၊ အလုပ်သမားများနှင့် ကျောင်းသူကျောင်းသားများ တင်းကျပ်သည့် တစ်ပါတီအာဏာရှင်စနစ်အောက်မှ ခေါင်းထောင်ပြီး ကုန်း၍ထလာကြတော့သည်။ အခြေခံ ကုန်ဈေးနှုန်းများက တဖြည်းဖြည်း တက်လာသည်။ ဆင်းရဲသားတောင်သူလယ်သမားများ ရှာဖွေစားသောက်ရန် ခက်ခဲလာသည်။ မြန်မာလူမျိုးများမှာ ဝမ်းဝလျှင်ပင် အူမတောင့်၍ သီလစောင့်နိုင်သူများ ဖြစ်ကြပါသည်။

မြန်မာဆိုရှယ်လစ်လမ်းစဉ်ခေတ် တစ်ခုလုံး ခေါက်ရိုးကျိုး၍ အစွယ်ချိုး အဆိပ်နုတ်ခံခဲ့သူများ ဖြစ်ကြသည်။ သို့သော် ရှာဖွေရခက်ခဲပြီး မိသားစုစားသောက်ရေးကိစ္စများ ခက်ခဲလာသောအခါ အူမ မတောင့်၍ သီလမစောင့်နိုင်ကြတော့ပါ။ ထိုအချိန်မှစ၍ တိုင်းပြည်ကြီး ဝါးအစည်းပြေသလို တစ်စတစ်စနှင့် မသိမသာ လှုပ်ရှားအုံကြွလာတော့သည်။

✿ ✿ ✿

# ၁၉၈၈ ခုနှစ်အရေးအခင်း စတင်ခြင်း

❑

အင်းစိန်ဗဟိုအကျဉ်းထောင်သည် မြန်မာပြည်တွင် အကြီးဆုံးထောင်ဖြစ်ပြီး ထောင်ဝင်းကြီးမှာလည်း အလွန်ကျယ်ပြန့်၍ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများလည်း နေထိုင်ကြသည်။ မြန်မာတစ်ပြည်လုံးရှိ ထောင်များကို ကြီးကြပ်ကွပ်ကဲ အုပ်ချုပ်သည့် ညွှန်ကြားရေးမှူးချုပ်ရုံးကိုလည်း အင်းစိန်ထောင်၏ အရှေ့ဘက် ရွာမသုသာန်အနီး မီးရထားသံလမ်းဘေးတွင် စနစ်တကျ တည်ဆောက်ဖွင့်လှစ်ထားပါသည်။

ထိုရုံးချုပ်ကြီးတွင်မော်တော်ယာဉ်ဌာန၊ ကျောက်လုပ်ငန်း ညွှန်ကြားရေးမှူးရုံး၊ စိုက်ပျိုးမွေးမြူရေး ညွှန်ကြားရေးမှူးရုံးနှင့် ရေးဌာန၊ ဦးဌာန၊ ဆောက်ဌာန စီမံကိန်း ညွှန်ကြားရေးမှူးရုံးတို့ ရှိကြသည်။ အလယ်တွင် အဓိတရ ညှောင်ပင်ကြီးတစ်ပင်ရှိပြီး လက်ဝဲဘက်၌ ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံးနှင့် လက်ယာဘက်၌ ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် အစည်းအဝေး



www.burmeseclassic.com

www.burmeseclassic.com



ခန်းမရှိသည်။ ညွှန်ကြားရေးမှူးချုပ်ရုံး၏ အရှေ့ဘက်၌ အလံတိုင်နှင့် တန်းစီတွင်းရှိသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်ရုံးမှာ ရွာမအလယ်ရပ်ကွက်ဟူသော ဝင်းကြီးတစ်ခုအတွင်း၌ အတူတွဲ၍ နေထိုင်ကြရသောကြောင့် အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးအတွင်း၌ ဖြစ်ပျက်သမျှ တို့စွရပ်များမှာ ညွှန်ချုပ်ကြီးထံသို့ ချက်ချင်း နားပေါက်သည်။ တစ်ခါတစ်ရံ ထောင်ပိုင်ကြီးနှင့် ညွှန်ချုပ်ကြီးပင် မသိလိုက်ရသေးဘဲ ပြည်ထဲရေးဝန်ကြီးထံသို့ ရောက်ရှိသွားတတ်သည်။ ထောင်ကြီးက ကြီးသလို ဝင်းကြီးက အလွန်ကျယ်ပြန့်သည်။ ကင်းမျှော်စင်တွေကလည်း အကျဉ်းထောင်အုတ်ရိုးပေါ်ဆယ်ခုရှိသည်။ ထောင်အုတ်ရိုးအပြင်ဘက်၌လည်း ဘန်ဂါခေါ် လုံခြုံရေး တင်းတွေက ထောင်ကြီးကို ဝိုင်းပတ်ကာရံထားသည်။ ဘန်ဂါကင်း ခုနစ်တင်းရှိသည်။

ထို့ကြောင့်လည်း ညဘက်၌ ထောင်တွင်း၊ ထောင်ပြင် လှည့်လည်ပြီး တင်းစစ်သေးလျှင် အချိန်သုံးနာရီခန့် ကြာတတ်သည်။ ယခင်ကတော့ ထောင်အရာရှိဆိုသည်မှာ အလွန်ဖိမ်ကျသည်ဟု ကြားသိရဖူးပါသည်။ သို့သော် ကျွန်တော်တို့ခေတ်တွင်တော့ နယ်ထောင်နှင့် နယ်စခန်းများတွင်သာ ထောင်အရာရှိလုပ်သူများမှာ ဖိမ်ကျမည်ဖြစ်သော်လည်း မန္တလေးနှင့် အင်းစိန်လို ဗဟိုထောင်ကြီးများတွင် တာဝန်ကျကြသော ထောင်အရာရှိများက ဖိမ်မကျပါ။ တာဝန်အလွန်ကြီးပြီး နွေညှ ပင်ပန်းလှပါသည်။ အင်းစိန်ထောင်တွင်တော့ ထောင်အရာရှိလုပ်သူများမှာ ပို၍ တာဝန်ကြီးပြီး ပို၍ ပင်ပန်းကြပါသည်။

၁၉၈၈ ခုနှစ်၊ မတ်လ ၁၂ ရက်နေ့ ညတွင် အင်းစိန်မြို့နယ် အနောက်ဘက် ကြို့ကုန်းဘူတာအနီးရှိ စန္ဒာဝင်းလက်ဖက်ရည်ဆိုင်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ ကျောင်းသားနှစ်ဦးနှင့် ဆိုင်အတွင်း၌ အရက်မူးနေကြသော ရပ်ကွက်လူငယ်များဖြစ်ကြသည့် ဖော်ဖော်(ခေါ်) ညီညီလွင်နှင့် အပေါင်းအပါငါးဦးတို့ သီချင်းကက်ဆက်ခွေဖွင့်ရာမှ စ၍ သူ့အကြိုက် ကိုယ့်အကြိုက် မတူကြဘဲ စကားများပြီး ခိုက်ရန်ဖြစ်ပွားကြတော့သည်။





ထိုတိုက်ပွဲနှင့်ပတ်သက်ပြီး စက်မှုတက္ကသိုလ်ကျောင်းသားနှစ်ဦးအား ဖော်ဖော်(ခေါ်) ညီညီလွင်တို့အဖွဲ့မှ ဝိုင်းရိုက်ကြသဖြင့် ဦးခေါင်း၊ ကျော၊ ခြေထောက်များတို့တွင် ဒဏ်ရာရရှိခဲ့ကြသည်။

ကျောင်းသားများက တိုင်ကြားသောကြောင့် အင်းစိန်မြို့ပြည်သူ့ရဲတပ်ဖွဲ့ ညီညီလွင်တို့အဖွဲ့ဝင် အရပ်သားငါးဦးအား ဖမ်းဆီးခဲ့ပါသည်။ သို့သော် ထိုအရပ်သားလူငယ်များအား နောက်တစ်နေ့မနက်တွင် ရဲများက ပြန်လွှတ်လိုက်သည်။

ထို့ကြောင့် ကျောင်းသားများ မကျေနပ်ကြဘဲ ဒေါသထွက်ကြ၍ မတ်လ (၁၃) ရက်နေ့တွင် ကျောင်းသားများ စုရုံးပြီး ကြို့ကုန်းအနောက် ရပ်ကွက်သို့သွားကြပြီး ညီညီလွင်တို့ အဖွဲ့ဝင်ငါးဦးကို ရှာဖွေကြရင်း အရပ်သားများနှင့် ထပ်မံ၍ ခိုက်ရန်ဖြစ်ပွားကြပြန်ပါသည်။ ကျောင်းသားများက ရပ်ကွက် သမဝါယမဆိုင်ကို မီးရှို့ဖျက်ဆီးလိုက်သည်။ (၁၄)ရက်နေ့တွင် ညနေသုံးနာရီခန့်၌ ကျောင်းသားများနှင့် အရပ်သားများ ထပ်မံ၍ ခိုက်ရန်ဖြစ်ပွားသောကြောင့် အင်းစိန်ရဲအဖွဲ့က ဆူပူမှုကိုထိန်းသိမ်းရင်း သေနတ်များနှင့်ပစ်ခတ်ရာ ကျောင်းသားနှစ်ဦး သေဆုံးပြီး သုံးဦး ဒဏ်ရာရသွားသည်။

ထိုသည်ကိုအကြောင်းပြုပြီး ကျောင်းသားများက ဆန္ဒပြကြတော့သည်။ မတ်လ (၁၅)ရက်နေ့တွင်တော့ ကြို့ကုန်းရှိ စက်မှုတက္ကသိုလ်အတွင်း ကျောင်းသားများဆူပူ၍ တစ်ကျောင်းလုံး ဆန္ဒပြကြတော့သည်။ ယင်းကျောင်းသားများ ဆူပူမှုသည် မတ်လ (၁၆)ရက်နေ့တွင် လှည်းတန်းရှိ ရန်ကုန်တက္ကသိုလ်သို့ ကူးစက်ရောက်ရှိလာပြီး ရန်ကုန်တက္ကသိုလ် လှိုင်နယ်မြေအထိ ပျံ့နှံ့သွားတော့သည်။ ပင်မ ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသားများ အင်းလျားကန် တံတားဖြူအနီးတွင် ဆန္ဒပြနေကြစဉ် လုံထိန်းအဖွဲ့ဝင်များက ဆူပူမှုထိန်းသိမ်းရင်း ကျောင်းသား တစ်ရာငါးဆယ့်ငါးယောက်နှင့် ကျောင်းသူလေးဦးတို့အား ဖမ်းဆီးပြီး အင်းစိန်ထောင်သို့ ပို့ပါသည်။

မတ်လ(၁၇) ရက်နေ့တွင်တော့ အင်းစိန်ကမ်းနားလမ်း၌ လူနှစ်သောင်းခန့်ရှိ လူအုပ်ကြီးသည် လှိုင်မြစ်ကမ်းနားလမ်းအတိုင်း စုဝေး၍ အင်းစိန်

www.burmeseclassic.com

www.burmeseclassic.com



ထောင်အရှေ့မှဖြတ်သန်းပြီး ရန်ကုန်မြို့အတွင်းသို့ ဦးတည်ပြီး ဆန္ဒပြကြသည်။ ညနေပိုင်းတွင် ထိုအဖွဲ့ကြီး ပြန်လာကြပြီး အင်းစိန်ထောင်အရှေ့ဝင်ပေါက် တပ်ရဲဂိတ်ရှိ လုံခြုံရေးကင်းတဲအား လူ (၂၀) ယောက်လောက်က အလစ်အငိုက် ဝင်စီးပြီး အသင့်ပါလာသော ဓာတ်ဆီ၊ ရေနံဆီပုလင်းများနှင့် ပစ်ခတ်၍ မီးရှို့ကြပါသည်။

ထိုကင်းတဲ၌ လုံခြုံရေးအတွက် ထောင်မှူးကြီးတစ်ဦးနှင့် တပ်သားခြောက်ယောက်ရှိသည်။ စက်ကလေးသေနတ်နှစ်လက်နှင့် ရိုင်ဖယ်သေနတ်သုံးလက်၊ ဂရင်းနာသေနတ်သုံးလက် ရှိပါသည်။ ကျည်များလည်း အလုံအလောက်ရှိသည်။ ထို့ကြောင့် ထိုသေနတ်များဖြင့် ခြောက်လှန့်ပစ်ခတ်တော့မှ ထိုလူတစ်စု ထွက်ပြေးကြတော့သည်။

မီးလောင်သွားသော တပ်ရေးဂိတ်ရှိ ကင်းတဲကိုတော့ အင်းစိန်ရေ့အနီးတွင်ရှိသော အင်းစိန်မီးသတ်တပ်ဖွဲ့က ချက်ချင်း ရောက်လာပြီး ငြိမ်းသတ်လိုက်ပါသည်။ မီးလောင်သည့်အထဲ၌ တာဝန်ကျသော ရဲဘော်များ၏ အိပ်ရာလိပ်၊ အဝတ်အစား၊ အသုံးအဆောင်များနှင့် စက်ဘီးနှစ်စီးမီးထဲပါသွားသည်။ သက်ဆိုင်ရာလူကြီးများဖြစ်ကြသည့် ညွှန်ချုပ်ကြီးနှင့် ညွှန်မှူးများ ကျွန်တော်တို့ အင်းစိန်ထောင်တာဝန်ရှိသူများလည်း ချက်ချင်းရောက်ရှိသွားပါသည်။ အခြေအနေမှာ ဆူပူမှုကို အစပျိုးလိုက်သလိုပင် နောက်ရက်များတွင်လည်း ထိုလူစု ထိုအုပ်စုမှာ ထောင်အရှေ့ဘက်ရှိ အင်းစိန်ကမ်းနားလမ်းပေါ်က ဖြတ်သွားဖြတ်လာလုပ်ကြရင်း လူစုလူဝေးနှင့် ရုတ်ရုတ်သဲသဲ လုပ်နေကြပြန်သည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ထောင်အုပ်ချုပ်သူများက ဝန်ထမ်းများအား လက်နက်တပ်ဆင်ပေးထားပြီး အရန်သင့်အနေအထားဖြင့် ကမ်းနားလမ်းဘက်သို့ လက်နက်များဖြင့် ချိန်ရွယ်ထားကြရသည်။ လူအုပ်ကြီးကအားကောင်းသော်လည်း လက်နက်များဖြင့် ချိန်ရွယ်ထားကြသောကြောင့် ထောင်ဂိတ်ဝကြီးအား ယမန်နေ့ကလို တိုက်ခိုက်ကြခြင်း မပြုသော်လည်း မကြားတကြား ဆဲဆို၍ သွားကြသည်။





ဆန္ဒပြမှုများသည် ရန်ကုန်တက္ကသိုလ်၊ လှိုင်နယ်မြေသို့ရောက်လာသည်။ ပင်မတက္ကသိုလ်နှင့်လည်း ဆက်နွယ်၍ အင်အားကောင်းလာသည်။ နောက်တစ်ရက် မတ်လ (၁၇) ရက်နေ့တွင် ရန်ကုန်တက္ကသိုလ်သို့ လုံခြုံရေးအဖွဲ့က ဝင်၍ ရှင်းလင်းသောအခါ အမျိုးသမီး (၂၂)ယောက်နှင့် ကျောင်းသူ(၁၉)ဦး။ ဝန်ထမ်းသုံးဦးတို့ကို ဖမ်းဆီးကြပြန်သည်။ ထိုစဉ်က ကျောင်းသားများနှင့် ဆက်နွယ်ပြီး ဖမ်းဆီးထားသူများအား ထောက်လှမ်းရေးတပ်ဖွဲ့မှ ဗိုလ်မှူးစိန်ထွားနှင့် ဗိုလ်မှူးကြီးတင်ဝင်းတို့ပါဝင်သော စစ်ကြောရေးအဖွဲ့က အင်းစိန်ထောင်၏ အရှေ့ဘက်ရှိ သီးသန့်ထောင်တွင် အခြေချနေထိုင်ကြပြီး စစ်ကြောရေး လုပ်ကြပါသည်။ ထိုစစ်ကြောရေးအဖွဲ့ကိုလည်း အင်းစိန်ထောင်မှ တာဝန်ယူပြီး ကျွေးမွေးရပါသည်။

ထိုအချိန်တုန်းက ဆူပူသော ကျောင်းသားအရေးအခင်းနှင့် ပတ်သက်၍ ဖမ်းဆီးထားသူများအား ထောင်မကြီး၌မထားဘဲ သီးသန့်ထောင်တွင် ခွဲထားပြီး ဗိုလ်မှူးစိန်ထွားတို့အဖွဲ့က စစ်ကြောမေးမြန်းပြီး အပြစ်မရှိသူများအား နှစ်ရက်၊ သုံးရက်အတွင်း ၎င်းတို့၏ မိဘများအိမ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်ပို့ဆောင်ပြီး အပ်နှံ၍ လွှတ်ပေးလေ့ရှိပါသည်။

(၁၇၊ ၃၊ ၈၈)နေ့တွင် ထောင်သို့လာပို့သော အချုပ်သားလူသစ်များ အားအတော်များသည်။ (၇၀၀)ကျော်၊ (၈၀၀)နီးပါးရှိပါသည်။ ထိုအထဲတွင် အမျိုးသမီးတစ်ယောက်မှ မပါပါ။ ရန်ကုန်မြို့ မြို့လယ်ခေါင်တွင် သောကြာနေ့ မွတ်ဆလင်ဘာသာဝင်များ ဘုရားရှိခိုးပြီးအထွက် ညနေ(၄)နာရီလောက်တွင် အပြင်မှ ဆန္ဒပြနေကြသော လူအုပ်ကြီးနှင့် ပေါင်းမိကြပြီး အဓိကရုဏ်းဖြစ်ပွားသောကြောင့် လုံခြုံရေးအဖွဲ့မှ ဖမ်းဆီးခြင်းဖြစ်သည်။ ထိုနေရာမှ ဖမ်းဆီးရမိသော သူများအား ည (၉)နာရီအချိန်ခန့်တွင် အချုပ်ကားကြီး (၁၀)စီးကျော်ကျော်နှင့် ချုပ်နှောင်ဖမ်းဆီးပြီး စစ်တပ်အစောင့်ကားများ (၅)စီးနှင့် ထောင်ကို လာပို့ခြင်းဖြစ်သည်။ ထိုသို့ ပို့ဆောင်ရာတွင် သက်ဆိုင်ရာတရားသူကြီးများ၏ ဖမ်းဆီးချုပ်နှောင်မိန့် ဝရမ်းများ မပါရှိသောကြောင့် ထောင်ကလည်း ချက်ချင်း လက်မခံဖြစ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ထိုကားများမှာ အင်းစိန်ထောင်ဝင်းအရှေ့ဘက်ရှိ သိမ်းသန့်ထောင်အပြင်ဘက်တွင် ရပ်နားထား၍ စောင့်ဆိုင်းနေကြသည်။ နောက်ဆိုင်းတွင် အထက်အမိန့်ဖြင့် ချုပ်ဝရမ်းမပါသော်လည်း အရေးပေါ် ထောင်ထဲသွင်း၍ ချုပ်နှောင်ထားရန် အမိန့်ရောက်ရှိလာပါသည်။ ထို့ကြောင့် ရဲကားကြီးများအား ထောင်ဝင်းပေါက်တွင် ဖင်ထိုး၍ ဖမ်းဆီးလာသူများအား တစ်စီးပြီးတစ်စီး ကားပေါ်မှချ၍ ထောင်ထဲသို့ သွင်းရသည်။ ရဲကားကြီး(၁၀)စီးတွင် တစ်စီးလျှင် ဖမ်းဆီးရမိသူ (၄၅)၊ (၅၀)ခန့်မပိုပါ။ ရှေ့ဆုံးကားတစ်စီးမှာတော့ လူ (၇၀)ကျော် (၈၀)လောက် ကျပ်ညပ်ပြီး ပါရှိလာပါသည်။

ထို့ကြောင့် တစ်ယောက်ချင်း ကားပေါ်မှချ၍ ထောင်ထဲသို့ သွင်းရပါသည်။ လူ (၃၀)ကျော်ခန့် ကားပေါ်မှချပြီးနောက် ကျန်လူများက ဆင်းမလာကြတော့ပါ။ အော်ပေါက်၍ခေါ်သော်လည်း ဆင်းမလာနိုင်ကြတော့ပါ။ ထို့ကြောင့် ကျွန်တော်က ကျွန်တော်၏ တပည့်ဖြစ်သူ ထောင်မှူးဝင်းသိန်းအား အချုပ်ကားပေါ်သို့ တက်ကြည့်စေရာ ရဲကားအပေါ်၌ လူအများအပြားလဲနေကြကြောင်း၊ လှုပ်ရှားမှုမရှိကြောင်း သတင်းပို့ပါသည်။ ထို့ကြောင့် တာဝန်ခံရဲများအား အကြောင်းကြား၍ တက်ကြည့်ကြသောအခါ လူပေါင်း (၄၀)ကျော်မှာ သေဆုံးနေကြပြီဖြစ်ကြောင်း အတည်ပြုကြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ အကျဉ်းဦးစီးဌာနဘက်မှ ချုပ်ဝရမ်းပါသော လူရှင်များအား လက်ခံထားသော်လည်း သေဆုံးနေပြီဖြစ်သော လူသေအလောင်းများအား လက်မခံနိုင်ကြောင်း ငြင်းဆိုရပါတော့သည်။ ထိုအခါ၌လည်း ဒုဝန်ကြီးအမိန့်ဟုဆိုကာ အတင်းအကြပ်မဖြစ်မနေ လက်ခံထားရန် အမိန့်ရသောကြောင့် လက်ခံထားရပြန်ပါသည်။ ထိုလူသေအလောင်းများအား သိမ်းသန့်ထောင်၏ အရှေ့လက်ယာဘက် မို့ပင်ကြီးအောက်တွင် စုပုံ၍ ပုံထားရပါသည်။

ထိုအချိန်တွင် လူညည်းသံ ကြားရသောကြောင့် ကျွန်တော်က ကျွန်တော့်တပည့် ထောင်မှူးသိန်းဝင်းနှင့် တပည့်များအား လူသေပုံကြီးအတွင်းမှ လက်နှိပ်ဓာတ်မီးထိုး၍ ရှာဖွေစေရာ အသက်မသေသေးသော





ကြောင့် ခြေကျိုး၊ လက်ကျိုး၊ ခေါင်းတွင် ဒဏ်ရာနှင့် လူနှစ်ဦးကို ဆွဲထုတ်နိုင်ခဲ့ပါသည်။ ဥက္ကဋ္ဌကြီးဦးနေဝင်း မိန့်ခွန်းပြောခဲ့စဉ်က လူ (၄၁)ဦး သေဆုံးသည်ဟု ပြောခဲ့ဖူးပါသည်။ ကျွန်တော်တို့ ဆွဲထုတ်ကယ်တင်ခဲ့သော လူနှစ်ဦး မပါဝင်သောကြောင့် (၄၁) ဦးသာ ဖြစ်သွားခြင်းဖြစ်သည်။ သို့မဟုတ်ပါက (၄၃) ဦး ဖြစ်ပေလိမ့်မည်။

ထိုညက လူသေများအား ပုံထားပြီး ဒဏ်ရာရပြီး မသေဆုံးသေးသူ နှစ်ဦးကိုတော့ သိမ်းသန့်ထောင်အတွင်းသို့ သွင်းလာပြီး တာဝန်ကျ ထောင်ဆရာဝန် ဦးထွန်းလွင်နှင့် ဦးစိုးကြည်နှစ်ဦးတို့က ကြိုးစားပမ်းစား ပြုစုကုသသောကြောင့် အသက်အန္တရာယ်ဘေးမှ ကင်းလွတ်ခဲ့ကြပါသည်။

ထိုညက ဆိုးဝါးလှသည့် အဖြစ်အပျက်များကို ကျွန်တော့်တစ်သက် မမေ့နိုင်ပါ။ သိမ်းသန့်ထောင်ဝင်းအတွင်း၌ နှစ်ထပ်အိပ်ဆောင်နှစ်လုံးနှင့် ဆေးရုံဟောင်းကြီး ရှိသည်။ ထိုအဆောင်များပေါ်တွင် လူများက အပြည့်ဖြစ်သည်။ ထို့ကြောင့် နောက်ထပ် ဖမ်းဆီးလာသူများအား အဆောင်များနှင့် ဘူးဝကြားတွင်ရှိသည့် မြေကွက်လပ်အလယ်တွင် တန်းစီ၍ ဆောင့်ကြောင့်ထိုင်ခိုင်းထားရသည်။

သိမ်းသန့်ထောင်ဘူးဝ အပေါ်ထပ် ဂိတ်ခန်းမှ မီးမောင်းကြီးထိုးပြီး ဝန်ထမ်းများက သေနတ်ဖြင့် ချိန်ထားရသည်။ လူအင်အားကောင်းသောကြောင့် ထကြွမလှုပ်ရှားစေရန်အတွက်လည်း ကျွန်တော်တို့ ဝန်ထမ်းအယောက် (၂၀)ခန့်က ဝိုင်းဝန်းပြီး ခြိမ်းခြောက်၍ ဟန့်တားထားရသည်။ သို့သော် ထိုသူများမှာ အစာငတ်၊ ရေငတ်၊ ဒဏ်ရာအသီးသီးဖြင့် အသက်သေရမှာကို လွန်စွာ ကြောက်ရွံ့နေရသောကြောင့် ထိုင်နေရာမှပင် မထကြ၊ လှုပ်ရှားခြင်းပင် မပြုကြပါ။ အပေါ့အပါးသွားရာ၌ပင် ထိုင်နေရာတွင် သွားကြသည်။ ဖမ်းဆီးခံလူများထဲတွင် ကျောင်းသားများ၊ ဝန်ထမ်းများ၊ အရပ်သားများ ပါသဖြင့် လူပေါင်းစုံပါသည်။ လူတစ်ဦးကတော့ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဝန်ထမ်းတစ်ဦးဖြစ်သည်။ ခန္ဓာကိုယ် အပေါ်ပိုင်းတွင် အရပ်ဝတ် ဝတ်ထားသော်လည်း အောက်ပိုင်းတွင် ကာကီရောင်ဘောင်းဘီရှည်နှင့် ဖိနပ်စီးထားသည်။ ထိုခေတ်က အသုံးပြုကြသော စပါးနှံလက်ဆွဲအိတ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



၌လည်း ကာကီရောင် အပေါ်ယူနီဖောင်းနှင့် ဦးထုပ်လည်း ပါသေးသည်။ လူ့မှုဝန်ထမ်းဖြစ်ကြောင်း ရှင်းပြသော်လည်း ဖမ်းဆီးထားသော လုံထိန်းရဲများက လက်မခံဘဲ ရိုက်နက်၍ ဖမ်းဆီးပြီး အချုပ်ကားအတွင်းသို့ ထည့်သွင်းခဲ့ကြောင်းကိုလည်း ထွက်ဆိုပါသည်။

နောက်တစ်ဦးကတော့ တက္ကသိုလ်ကျောင်းသားလေးတစ်ဦး ဖြစ်သည်။ ဦးခေါင်းတွင် လုံထိန်းရဲများ သေနတ်ဒင်ဖြင့် ထုထားသောကြောင့် ဦးခေါင်းကွဲနေသည်။ သွေးများထွက်ပြီး ခဲနေပြီဖြစ်သည်။ သတိက မရ တစ်ချက် ရတစ်ချက်။ သူ့တွင် စာအုပ်များပါသည့် ကျောင်းလွယ်အိတ်ကို လွယ်ထားပြီး လက်ဝဲဘက်လက်ထဲ၌ တစ်စုံတစ်ရာကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်။ ထို့ကြောင့် ကျွန်တော်နှင့် ဆရာဝန်များ ဆေးရုံဆောင်ပေါ်သို့ ထိုကျောင်းသားအား ခေါ်လာပြီး ပြုစုကြသောအခါမှ သတိပြန်ရလာသည်။ သို့သော် စကားမပြောနိုင်ပါ။ သူ့လက်အား ဆရာဝန်များရှေ့တွင် ဖြည်၍ ကြည့်သောအခါ ရွှေလက်စွပ်တစ်ကွင်းကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားခြင်းဖြစ်သည်။

ထို့ကြောင့် သက်သေများရှေ့တွင် ထိုကျောင်းသား၏ လက်စွပ်ကလေးနှင့် ကျောင်းလွယ်အိတ်ကလေးအား သိမ်းဆည်းထားရတော့သည်။ ထိုညတလည်း ကျွန်တော်တို့အဖွဲ့ တစ်ညလုံး မအိပ်ကြရပါ။ အိပ်စရာလည်း နေရာမရှိပါ။ ထောင်ပိုင်ကြီးဦးစိန်ဌေးကတော့ ယာယီရုံးခန်းလုပ်ထားသော နေရာတစ်ခုသို့ဝင်၍ ခေတ္တမှေးစက်သည်ကို တွေ့လိုက်ရပါသည်။

မှတ်ချက် - နောက်တစ်နေ့မနက်တွင် ကျောင်းသားကလေး၏ အုပ်ထိန်းသူနှစ်ဦး လာရောက်စုံစမ်းသဖြင့် လက်စွပ်နှင့် ကျောင်းသားလွယ်အိတ်အား လက်မှတ်ထိုးစေပြီး ပြန်လည်ထုတ်ပေးလိုက်ပါသည်။

မနက် (၄) နာရီအချိန်ခန့်တွင် ကားများ ရောက်ရှိလာပြန်သည်။ အချုပ်ကားများတော့ မဟုတ်ပါ။ ကိုယ်ပိုင်ကားများနှင့် (ၒ/ ..........) နံပါတ်ပါ (NISSAN) အမျိုးအစား အဖြူရောင် (Long body) ကားအရှည်ကြီးဖြစ်သည်။ ထိုကားကြီးပေါ်သို့ ညပိုင်းက မှို့ပင်ခြေရင်းတွင် စုပုံထားသော အလောင်း(၄၁)လောင်းကို အထပ်ထပ်တင်ဆောင်ပြီး ပြင်ပ





ဆရာဝန်ကြီးများနှင့် ထောင်ဆေးရုံဆရာဝန်များ ပါရှိသောအဖွဲ့က (Post morden) လုပ်၍ စစ်ဆေးရန်အတွက် ထောင်တွင်းသို့ သယ်ဆောင်သွားကြသည်။ တရားသူကြီးတစ်ဦးနှင့် ရဲအရာရှိတစ်ဦး မှုခင်းဆရာဝန်ကြီးများလည်း ပါသည်။ ၎င်းအဖွဲ့က ထောင်အနောက် ဂါတ်ကြီးအနီးရှိ မွေ့ရာချုပ်ရုံခေါင်ကြီးအတွင်း၌ ရင်ခွဲစစ်ဆေးကြပြီး သေသူ (၄၁)ယောက်စလုံး ကားအတွင်း မွန်း၍ အသက်ရှူကျပ်ပြီး သေဆုံးကြသည်ဟု သေမှုသေခင်းဖွင့်၍ သွားကြပါသည်။ ထို့နောက်တွင် ထိုလူသေ (၄၁) ဦးအား ချက်ချင်းဝင်ကြတောသုသာန်သို့ ပို့ဆောင်ပြီး မီးသဂြိုဟ်လိုက်ရပါသည်။ ထိုသူများမှာ မည်သူမည်ဝါဖြစ်ကြောင်း မသိရှိကြပါ။ အထောက်အထားလည်း မကျန်ခဲ့ပါ။

ထိုသူများနှင့် ပတ်သက်၍ ကျန်ရစ်ခဲ့သော မိသားစုများကတော့ အရေးအခင်းကြီးအတွင်း ပျောက်သွားကြသည်ဟုသာ ထင်ကြမည်ဖြစ်သော်လည်း ယခုလို ပိုင်ရှင်မဲ့ သေဆုံးရခြင်းကိုသာ သိရှိကြမည်ဆိုပါက ရင်ကျိုးကြပေလိမ့်မည်။ ထို့ကြောင့် အရေးအခင်းမှန်သမျှ ကျွန်တော် အလွန်မုန်းပါသည်။

နောက်တစ်ခု စာဖတ်သူများအား တင်ပြရန်ရှိပါသည်။ ထိုအခြင်းအရာကတော့ ယခုခေတ်စကားနှင့် ပြောရလျှင် ဂမ္ဘီရဆန်သည်ဟု ပြောရမလားမသိပါ။ ထိုနေ့ညက လူသေအလောင်းများအား သီးသန့်ထောင်ထဲ လက်ယာဘက် စည်းရိုးအနီးရှိ မှို့ပင်အောက်တွင် ပုံထားခဲ့သည်ကို ကျွန်တော် အထက်တွင်ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။ ထူးဆန်းသည်ကတော့ နောက်တစ်နေ့မနက်တွင် ထိုလူသေအလောင်းများအား ရှင်းလင်းပြီးနောက် မှို့ပင်ကြီးမှာ ညှိုးရော်၍ ချက်ချင်း ခြောက်ကပ်ပြီး သေဆုံးသွားခြင်းဖြစ်သည်။ ထိုအပင်ကြီးအား ခုတ်ခြင်း၊ ထစ်ခြင်း၊ ထိခိုက်ခြင်းလည်း မရှိခဲ့ပါ။

နောက်တစ်နေ့မှာတော့ ကျွန်တော်တို့ အကျဉ်းဦးစီးဌာနအရာရှိများ၊ ဆင်ကြားရေးအဖွဲ့နှင့် ရဲအဖွဲ့များ၊ လူဝင်မှုကြီးကြပ်ရေးဌာနမှ ဦးထွန်းကြည်တို့အဖွဲ့နှင့်ပေါင်း၍ ညက ဖမ်းဆီးထားသော လူများအနက် စစ်ဆေးပြီး အပြစ်မရှိဟုထင်သူများအား လွှတ်ရန် အမိန့်ရလာပြန်သည်။ ထို့ကြောင့်



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့လည်း ဝန်ထမ်းများနှင့် ကျောင်းသားများအား ဦးစားပေးရွေးချယ်၍ လွှတ်ပေးသည်။ ကျန်ရှိသူများကတော့ လူဆိုးလူမိုက်၊ သူခိုးများလောက်သာ ချန်ထားခဲ့ကြပါသည်။ နောက်ပိုင်းတွင်တော့ မနေ့ကကဲ့သို့ အချုပ်သားများအား မနိုင်မနင်း ဖမ်းဆီးထိန်းသိမ်းလာခြင်း မရှိတော့ပါ။ ကျွန်တော်တို့ ထောင်အတွင်း၌လည်း အကျဉ်းသား၊ အချုပ်သားများအား ဖမ်းဆီးချုပ်နှောင်ထားရန် နေရာမရှိပါ။ သက်ဆိုင်ရာ တရားရုံးများကလည်း အချုပ်တရားခံများအား ရုံးထုတ်ပေးရသော်လည်း ပုံမှန်စစ်ဆေးနိုင်ခြင်းမရှိတော့ပါ။ ရုံးချိန်းရက်များကိုသာ ထပ်တိုး၍ ပေးနေကြသည်။

နောက်ပိုင်းတွင် မြို့နယ်တရားရုံးများသို့ အမှုစစ်ဆေးရန်အတွက် အချုပ်သားများအား ရုံးထုတ်ပေးရန် အခက်အခဲဖြစ်လာသည်။ လမ်းမများပေါ်၌ လူအုပ်ကြီးက ရဲအချုပ်ကားများအား တားပြီး ပါရှိလာသော အချုပ်သားများအား အချုပ်ခန်းတံခါးများအား ဖွင့်၍ လွှတ်ပေးကြသည်။ လူအင်အားများသောကြောင့် ရဲများလည်း မတတ်နိုင်ကြပါ။ နောက်ပိုင်းတွင် ရဲကားတစ်စီးချင်းမဟုတ်ဘဲ ရဲကားများစုပေါင်း၍ လက်နက်ကိုင် အစောင့်အကြပ်များဖြင့် သွားလာကြရသည်။

သို့သော်လည်း တရားရုံးများအား လူစုလူဝေးဖြင့် ဝိုင်းထားသောကြောင့် တရားသူကြီးများ မလာရဲ၊ အချုပ်တရားခံများကိုလည်း ကားပေါ်မှ မချရဲဘဲ ထောင်သို့ ပြန်မောင်းလာပြီး ပြန်သွင်းကြရသည်။ တရားသူကြီးလက်မှတ်ပါသော အချုပ်ရမန် အမိန့်မပါသောကြောင့်လည်း ချုပ်မိန့်ရက်ချိန်း တိုးပေးခြင်းမပါသောကြောင့် ကျွန်တော်တို့ထောင်က လက်မခံဘဲ ခြင်းဆိုဖြစ်ရာ ရဲများမှာ အလွန်ဒုက္ခရောက်ကြရသည်။ အချုပ်တရားခံများလည်း ကားပေါ်၌ စောင့်ဆိုင်းနေသောကြောင့် ဒုက္ခရောက်ကြရသည်။

နောက်ပိုင်းတွင်တော့ အထက်လူကြီးအမိန့်ဖြင့် ချုပ်မိန့်ဆက်ပေးခြင်းမရှိသော အချုပ်တရားခံများအား ထောင်ကပင် လက်ခံရပြန်ပါသည်။ တကယ်တမ်းတွင် အကျဉ်းထောင် လက်စွဲဥပဒေအရ တရားရုံးချုပ်မိန့်ဖြစ်သော မည်သည့်အချုပ်တရားခံကိုမဆို ထောင်ကလက်မခံဘဲ ချက်ချင်းလွှတ်ရမည်ဖြစ်သည်။ သို့သော် ထိုအချိန်ကတော့ အထက်လူကြီးများ အမိန့်





ဖြင့် စည်းမဲ့ကမ်းမဲ့၊ ဥပဒေမဲ့ လက်ခံပြီး ချုပ်နှောင်ထားကြရသည်။ ထို့နောက်ပိုင်းတွင် ရန်ကုန်မြို့နယ်အသီးသီးရှိ တရားရုံးများသို့ ရဲကားပြောကြီးများဖြင့် ရုံးထုတ်မပေးနိုင်တော့ဘဲ အင်းစိန်ထောင်ဝင်းအတွင်း၌ တရားရုံးများ ဖွင့်လှစ်ပြီး အမှုစစ်ဆေးရန် အမိန့်ရောက်လာပြန်ပါသည်။ ထို့ကြောင့် အင်းစိန်ထောင်မှ မြို့နယ်တရားရုံးအသီးသီးကို အင်းစိန်ထောင်ဝင်းအတွင်း၌ စစ်ဆေးနိုင်ရန်အတွက် အရေးပေါ် စီစဉ်ပေးသော်လည်း အမှုစစ်ဆေးကြည့် မြို့နယ်တရားသူကြီးများက ထောင်ဝင်းအတွင်းသို့ လာရောက်၍ စစ်ဆေးခြင်းမပြုနိုင်ကြပါ။ အင်းစိန်ထောင်နှင့် နီးစပ်သည့် အင်းစိန်မြို့နယ်တရားရုံးတစ်ခုတည်းသာ လာရောက်၍ စစ်ဆေးနိုင်ပါသည်။ သို့သော်လည်း ထို အင်းစိန်တရားရုံးပင် တစ်ပတ်နှစ်ပတ် ကြာသောအချိန်တွင် လာရောက်စစ်ဆေးနိုင်ခြင်း မရှိတော့ပါ။

ထို့ကြောင့် ထောင်အတွင်း၌ တရားရုံးများ၏ ဆက်လက်ချုပ်နှောင်အမိန့် ရက်ချိန်းမရှိသော အချုပ်တရားခံများမှာ ငါးထောင်ကျော်ခန့် ဖြစ်လာတော့သည်။ မတတ်နိုင်ပါ။ ထိုခေတ်၊ ထိုအခါ၊ ထိုအခြေအနေက အကျဉ်းထောင်လက်စွဲဥပဒေအတိုင်း လုပ်၍မရတော့ပါ။ ထို့ကြောင့်လည်း အကျဉ်းထောင်တာဝန်ခံ ထောင်ပိုင်ကြီးများ ခေါင်းခဲ၍နေကြတော့သည်။

လူထုကြီးဟာ အထွေထွေ မကျေနပ်ချက်တွေကြောင့် စက်မှုတက္ကသိုလ်ကျောင်းသားနှင့် အရပ်သားတွေဖြစ်တဲ့ ရန်ပွဲကစပြီး အစိုးရဆန့်ကျင်ရေးဘက်ကို ပြောင်းသွားပါသည်။ မီးပွားသည် မီးတောက်ကြီးအဖြစ်သို့ စတင်အရှိန်ယူပြီး ပြောင်းလဲသွားခြင်းပင်ဖြစ်သည်။ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ (၂၁) ရက်နေ့တွင် နေရာအနှံ့ ဆန္ဒပြမှုများမှတစ်ဆင့် အကြမ်းဖက်ဖျက်ဆီးမှုများအထိ ဖြစ်ပေါ်လာခဲ့သည်။ ထိုအထဲကမှ ဆိုးသွမ်းသော လူတစ်စုက ဂျင်ကလိများ၊ တုတ်များ၊ ဓားများ ကိုင်ဆောင်၍ ရဲစခန်းများကို မီးရှို့ဖျက်ဆီးပစ်ကြပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## သာယာဝတီထောင်သို့ စင်းလုံးငှားရထားကြီးဖြင့် အချုပ်သား(၄၀၀) ပို့ဆောင်ရခြင်း

❑

နောက်တစ်နေ့မနက်ပိုင်းတွင် ကျွန်တော် ထောင်အပြင် ကင်းလုံခြုံရေးနေရာတွင် ရောက်ရှိစစ်ဆေးနေစဉ် ထောင်ပိုင်ကြီးခေါ်သည်ဟု ဝန်ထမ်းတစ်ဦးက လာရောက်အကြောင်းကြားလာသည်။ ကျွန်တော်၏ တာဝန်မှာ ထောင်အတွင်းရှိ အမှတ်(၅)အိပ်ဆောင်အတွင်း အဆောင်မှူးဖြစ်သလို အရေးအခင်းကာလအတွင်း၌လည်း ထောင်အပြင် ကင်းလုံခြုံရေးအတွက် အင်းစိန်ရွာမ ဘူတာရုံလမ်းနှင့် ဘောလုံးကွင်း အနောက်ဘက်တွင်ရှိသည့် အကျဉ်းဦးစီးဌာန ဝန်ထမ်းများနေထိုင်ရာ အိမ်မဲကြီးဟု ခေါ်တွင်သည့် အင်္ဂလိပ်ခေတ်က ဝန်ထမ်းလိုင်းအနီးတွင် လုံခြုံရေးကင်း တာဝန်ချထားခံရခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်မှာ ထောင်တွင်း ဝင်ရောက်၍လည်း အမှတ်(၅)အိပ်ဆောင် လုံခြုံရေးအတွက် ကြည့်ရှုရသလို အိမ်မဲကြီးရှိ ဝန်ထမ်း(၁၀) ဦးပါ လက်နက်ကိုင်တပ်စိတ် တစ်စိတ်ကိုလည်း စီမံကွပ်ကဲရပါသေး





သည်။ ထို့အပြင် သီးသန့်ထောင်အတွင်းရှိ အရေးအခင်းတွင်း ဖမ်းဆီးထိန်းသိမ်းထားသော အချုပ်သားများကိုလည်း စစ်ဆေးကြည့်ရှုရပါသေးသည်။ ယခုလည်း ထောင်ပိုင်ကြီးခေါ်သည်ဟု ဆိုသဖြင့် ထောင်အနောက်ဘက် အိမ်မဲကြီး ကင်းတာဝန်ချထားရာနေရာမှ အင်းစိန်ထောင်မကြီး ဘူးဝသို့ စက်ဘီးနင်း၍ အလျင်အမြန် ပြေးရပြန်ပါသည်။ ထောင်ဘူးဝတံခါးကြီးအတွင်းဝင်၍ ထောင်ပိုင်ကြီးရုံးခန်းသို့ ရောက်သောအခါတွင် ထောင်ပိုင်ကြီးဦးသိန်းငွေးက ...

''ဦးသိန်းဝင်းရေ ... အားတော့ နာတယ်ဗျာ။ ခင်ဗျားမှာလည်း တာဝန်တွေက အများသား။ ဒါပေမဲ့ အခုကိစ္စက ခင်ဗျားကို စိတ်ချရလို့ ညွှန်ချုပ်ကြီးကလည်း ထောက်ခံလို့ ရွေးချယ်ပြီး တာဝန်ပေးရတာပါ။ စိတ်ကြိုက်တပည့် ထောင်မှူးတစ်ဦးကို ရွေးပါ။ သာယာဝတီထောင်ကို အချုပ်သား (၄၀၀)၊ စင်းလုံးငှားရထားကြီးနဲ့ ပို့ရမယ်။ ခင်ဗျားတို့က အကျဉ်းဦးစီးဌာနက တာဝန်ရှိသူတွေအနေနဲ့ လိုက်ရမှာပါ။

အချုပ်သားတွေ လုံခြုံရေးကိုတော့ လုံထိန်းတပ်ဖွဲ့က တာဝန်ယူပြီး စောင့်ကြပ်လိမ့်မယ်။ အချုပ်သား (၄၀၀) သာယာဝတီဘူတာ ရောက်တာနဲ့ ထောင်ကကားတွေ လာကြိုလိမ့်မယ်။ အဲဒီမှာ အချုပ်သားတွေကို ရထားပေါ်ကချပြီး လာကြိုတဲ့ ကားတွေပေါ်ကိုတင်၊ သာယာဝတီထောင်မှာ အပ်နှံပြီးတာနဲ့ အဲဒီထောင်ထဲမှာပဲ တစ်ရက်၊ နှစ်ရက် နားပေါ့ဗျာ။ ခင်ဗျားတို့လည်း မနားမနေ အလုပ်လုပ်ကြရပြီး အစားမမှန်၊ အအိပ်မမှန် ဖြစ်နေကြတာကိုလည်း သိပါတယ်။ ဒါကြောင့်လည်း အနားပေးတဲ့သဘောနဲ့ ခရီးထွက်ခိုင်းတာပါ။

နေ့လယ် ၁၂ နာရီတိတိမှာ အကျဉ်းဦးစီးဌာနရုံးချုပ် အရှေ့ဘက် ရထားသံလမ်းပေါ်မှာ မီးရထားကြီး တွဲထိုးပေးလိမ့်မယ်။ အချုပ်သားလေးရာကိုတင်ပြီးတာနဲ့ မီးရထားကြီးနဲ့ လိုက်သွားရုံပါပဲ။ လမ်းမှာ ဖြစ်ပျက်သမျှ လုံခြုံရေးကိစ္စတွေကို လုံထိန်းရဲစခန်းအဖွဲ့က တာဝန်ယူသွားကြလိမ့်မယ်။ ခင်ဗျားတို့ အေးအေးဆေးဆေး အနားယူ၊ လေကောင်းလေသန့် ရှူရင်း အပြောင်းအလဲကလေး ဖြစ်သွားတာပေါ့ဗျာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ထောင်ပိုင်ကြီး၊ ကျွန်တော် ခရီးထွက်ဖို့ အမြန်ဆုံး ပြင်ဆင်လိုက်ပါ့မယ်"

"ဟုတ်ပါပြီဗျာ ... သာယာဝတီထောင်ရောက်တာနဲ့ ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး သတင်းပြန်ပို့ပါဦး"

"ဟုတ်ကဲ့ပါ ... ထောင်ပိုင်ကြီး"

ကျွန်တော် ထောင်ပိုင်ကြီးကို အလေးပြု၍ ထောင်ပိုင်ကြီးရုံးခန်းမှ ပြန်လည်ထွက်ခွာခဲ့ပါသည်။ တပည့်ထောင်မှူးတစ်ဦးကို ရွေးချယ်ပြီး အလျင်အမြန် ပြင်ဆင်ရတော့မည်ဖြစ်သည်။ အချိန်က မနက်ကိုးနာရီကျော်ခန့်သာ ရှိပါသည်။ ကျွန်တော်နေထိုင်ရာ ထောင်ရှေ့ရှိ အိမ်သို့ ပြန်လာစဉ်တွင် ကျွန်တော်တို့ အိမ်ရှေ့အနီးတွင် နေထိုင်သည့် ထောင်မှူးမြင့်ဆွေနှင့် တွေ့သည်။ သူက အရပ်ရှည်ရှည်၊ မျက်နှာရှည်ရှည်ဖြစ်ပြီး ဦးအောင်ရှိန်၏ ဟာသရုပ်ရှင်ကားထဲက အသံဖြင့် ဟစ်တွန့်ပြီးရုံးစားနှင့် တွဲဖက်လုပ်ကိုင်သော ဦးဒိန်းဒေါင်နှင့် တူသောကြောင့် သူ၏ အပေါင်းအဖော် သူငယ်ချင်းများက ဒိန်းမြင့်ဆွေဟု နာမည်ပြောင်ပေးထားသည်။ အကျဉ်းထောင်ဝန်ထမ်းလောကတွင် မြင့်ဆွေတူသော နာမည်တူများက ပေါသောကြောင့် ခွဲခြား၍ သိရှိရန် နာမည်ပြောင်ပေးထားခြင်းဖြစ်ပါသည်။

သူက ဂေါက်သီးရိုက်တော်သည်။ အမှတ်(၄)အိပ်ဆောင် အဆောင်မှူးဖြစ်သောကြောင့် အလုပ်က အားအားလျားလျားနှင့် တစ်နေကုန် ဆောင်းတွင်း၌ ဂေါက်သီးရိုက် လေ့ကျင့်နိုင်သောကြောင့် အလေ့အကျင့်ရပြီး တော်ခြင်းလည်းဖြစ်သည်။ သူ၏ဂေါက်သီးရိုက်သင်ဆရာမှာ ကျွန်တော်တို့ အချုပ်ရုံးအိပ်ဆောင်မှ အဖမ်းခံရသော နာမည်ကြီး အချုပ်သားများအထဲမှ ဦး ......... ဖြစ်သည်။ သူကလည်း ပေါ့သေးသေးတော့ မဟုတ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းလို အာဇာနည်များကို လုပ်ကြံသတ်ဖြတ်ခဲ့သော ဂဠုန်ဦးစော၏ အမျိုးအနွယ်ဝင်ဖြစ်သည်။ အလွန်ချမ်းသာ ကြွယ်ဝသူဖြစ်ပြီး ရန်ကုန်မြို့ ဖိုးစိန်လမ်းတွင် နေပါသည်။

သူက ကျွန်တော်နှင့် ဒိန်းမြင့်ဆွေတို့အား စာတွေ့၊ လက်တွေ့ ဂေါက်သီးရိုက်သင်ပေးသည်။ ဝါသနာကြီးပြီး အလွန်တော်သူလည်း ဖြစ်





သည်။ လေ့ကျင့်ရာတွင်တော့ ကျွန်တော်၏ ဂေါက်ဆက်များဖြင့် ဖြစ်ပါသည်။ ကျွန်တော့်မှာ အလုပ်များသူဖြစ်သောကြောင့် ဖိဖိစီးစီး ကောင်းစွာ လေ့ကျင့်ပြီး မသင်နိုင်ပါ။ အားလပ်နေသော ဒိန်းမြင့်ဆွေကိုတော့ သူက ဖိဖိစီးစီး သင်ကြားပြသပေးခြင်း ဖြစ်ပါသည်။ ကျွန်တော်နှင့် မြင့်ဆွေတို့ သူတို့အိမ်ရှေ့တွင် တွေ့ဆုံကြသည်နှင့် ....

"ဟဲ့ကောင် ... ဒိန်း၊ မင်းထောင်ဝင်းထဲမှာနေရတာ မပျင်းဘူးလား။ ခရီးထွက်ချင်စိတ် မရှိဘူးလား"

"ဆရာ ... ဘယ်သွားမလို့လဲ"

"ငါ တာဝန်နဲ့ သာယာဝတီထောင်ကို သွားရမယ်။ စင်းလုံးငှားရထားကြီးနဲ့ ရဲဘက်(၄၀၀) သွားပို့ရမယ်။ အစောင့်သဘောပါပဲ။ မင်းလိုက်မလား"

"ဟာ ... ဆရာရယ်၊ ဘာပြောစရာရှိလဲ။ ဆရာခေါ်ရင် လိုက်ပြီးသားပဲ"

"အဲဒါဆိုရင် မင်း အသင့်ပြင်တော့။ (၁၂) နာရီတိတိမှာ ရုံးချုပ်ရှေ့ကနေ စင်းလုံးငှားရထားကြီးနဲ့ ထွက်မယ်။ ငါတို့က (၁၁)နာရီအရောက် သွားကြတာပေါ့"

"ဆရာ ... နေ့လယ်စာ ထမင်းကရော"

"အချိန်မရှိဘူး အခု အဆာပြေစားပြီး အသင့်ပြင်ထား။ ကြုံရာမှာ ထမင်းစားမယ်"

"ဟုတ်ကဲ့ပါ ဆရာ"

သို့နှင့် ကျွန်တော်လည်း အိမ်တွင်းဝင်၍ ရေမိုးချိုးပြီး ယူနီဖောင်းဝတ်၍ မနက်စာ အဆာပြေစားရသည်။ အရေးအခင်းကာလအတွင်း ဖြစ်သောကြောင့် အိမ်က အိမ်ဖော်မလေး မိုးမိုးစီစဉ်ပေးသော ကော်ဖီနှင့် ဘီစကစ်မုန့်လောက်သာဖြစ်သည်။ ဇနီးဖြစ်သူကလည်း အမျိုးသမီးထောင်မှူးတစ်ဦးဖြစ်သောကြောင့် ထောင်အတွင်းဝင်ရောက်ပြီး တာဝန်ထမ်းဆောင်နေရကာ အရေးအခင်းကာလအတွင်း၌ ဈေးလည်း မသွားနိုင်ကြ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင်းရှိ အသီးအနှံများနှင့် ငါးခြောက်ငါးခြမ်းများဖြင့်သာ ဖြစ်သလို နှစ်ပါးသွားနေရခြင်းဖြစ်သည်။ ထို့အပြင် ကျွန်တော်တို့တွင် အရေးပေါ်ကိစ္စ ဖြစ်ခြင်းကြောင့် အိမ်မပြန်ရသည်မှာ ကြာပြီဖြစ်သလို အစားအသောက် များလည်း နပ်မမှန်ပါ။

ထို့ကြောင့် အစာအိမ်ရောဂါမဖြစ်စေရန်နှင့် အားရှိစေရန်အတွက် အရေးပေါ်လိုအပ်လျှင် သောက်သုံးရန် ဆောင်ထားသည့် (Lipoviton D) ဟူသော ယိုးဒယားနိုင်ငံမှထုတ်သည့် အားဆေးပုလင်းကလေးများကို ကျွန်တော်၏ ဂျာကင်အိတ်အတွင်း၌ နှစ်လုံး၊ သုံးလုံး အမြဲတမ်းဆောင် ထားသည်။ ထိုအားဆေးရည်က အစာစားချိန်တွင် အစာမစားရပါက အစာအိမ်ကို ရောဂါမဖြစ်စေရန်အတွက် ကာကွယ်ပေးသော အားဆေးရည် ဖြစ်သည်။ အိပ်ရေးပျက်ခြင်းကိုလည်း ခံနိုင်ရည်ရှိပါသည်။

ချိန်းဆိုထားသည့်အတိုင်း (၁၁)နာရီအချိန်တွင် ကျွန်တော် အိမ်က ထွက်တော့ ထောင်မှူးဒိန်းမြင့်ဆွေက သူ၏အိမ်ရှေ့တွင် အဆင်သင့်စောင့် နေပါသည်။ ကျွန်တော်တို့နှစ်ဦးတွင် အရေးအခင်းကာလဖြစ်သောကြောင့် ဌာနကထုတ်ပေးသော Smith and watson ဟူသော ခြောက်လုံးပြူးကလေး များ ကျည်ဆန်အပြည့်ဖြင့် ကိုယ်စီပါကြပါသည်။ ကျွန်တော်တို့နှစ်ဦး အင်းစိန်ထောင်အရှေ့မှ ရွာမဘူတာရုံအနီးရှိ ရုံးချုပ်သို့လမ်းလျှောက်ပြီး သွားကြရပါသည်။ အချုပ်သား(၄၀၀)မှာ အင်းစိန်ထောင်မကြီးမှ မဟုတ်ဘဲ သီးသန့်ထောင်အတွင်းရှိ အချုပ်သားများ ဖြစ်ကြပါသည်။ သူတို့ကိုလည်း ဝန်ထမ်းများနှင့် လုံထိန်းရဲများက ကြပ်မတ်ပြီး ရထားတွဲများပေါ်သို့ တန်းစီ ပြီး တင်နေကြပါသည်။

ရုံးချုပ်တွင် ကျွန်တော်တို့အား အချုပ်သား (၄၀၀)နှင့် ပတ်သက် သော အမည်စာရင်းများ ပေးသည်။ အချုပ်ဝရမ်းများ မဟုတ်ပါ။ အရေး အခင်းကာလဖြစ်သောကြောင့် သက်ဆိုင်ရာတရားသူကြီးများက ချုပ်ဝရမ်း များ ပေးနိုင်ခြင်း မဟုတ်ပါ။ အမည်စာရင်းများကို ကျွန်တော်တို့ အကျဉ်း ထောင်က ပြုစုထားခြင်းဖြစ်ပါသည်။





ထောင်ပိုင်ကြီးဦးစိန်မြွှေက ကျွန်တော်တို့ရထားပေါ်သို့ မတက်မီ တွင် ...

"ဦးသိန်းဝင်းတို့ သတိတော့ထားပြီး သွားကြဗျ။ လူထုအုံကြွမှု အရေးအခင်းက တစ်နိုင်ငံလုံး ဖြစ်ပွားနေတာမို့ ခင်ဗျားတို့အဖွဲ့ လမ်းခရီး မှာ အနှောင့်အယှက် အပေးခံရလိမ့်မယ်။ ရထားကြီးကိုတော့ လူအုပ်နဲ့ တားပြီး ရပ်ခိုင်းမှာ မဟုတ်ပါဘူး။ ခင်ဗျားတို့မှာ လက်နက်အပြည့်အစုံနဲ့ လုံထိန်းတပ်ခွဲလည်း ပါတာပဲ။ ခရီးသွားကားတွေကိုတော့ လမ်းမှာ လူစု လူဝေးနဲ့ တားပြီး အနှောင့်အယှက်ပေးကြတယ်လို့ ကြားတယ်။ အပြန်ခရီး မှာတော့ ခင်ဗျားတို့ ကြုံရာနဲ့ ပြန်ကြရလိမ့်မယ်။ သတိထားပြီးသွားပါ။ အချုပ်သားတွေ လုံခြုံရေးတာဝန်ကိုတော့ လုံထိန်းတပ်ဖွဲ့က တာဝန်ယူ ထားတာမို့ ခင်ဗျားတို့ တာဝန်မရှိပါဘူး"

"ဟုတ်ကဲ့ပါ ... ထောင်ပိုင်ကြီး"

ကျွန်တော်နှင့် ဒိန်းမြင့်ဆွေတို့ ရထားပေါ်သို့ တက်မည်အလုပ် တွင် ဦးထုပ်နီဆောင်းပြီး လည်ပတ်အနီစီးထားသည့် လုံထိန်းအဖွဲ့က ရထား တွဲများပေါ်တွင် တစ်ယောက်စ၊ နှစ်ယောက်စ နေရာယူထားပြီး ခေါင်းဆောင် ရဲအုပ်ဖြစ်သူက ရထားကြီး၏ နောက်ဆုံးအတွဲတွင် နေရာယူထားသည်။ သဘောကတော့ ရှေ့ဆုံးတွဲများ၊ ပြဿနာဖြစ်လျှင် နောက်ဆုံးတွဲက လွတ်ကင်းကျန်ခဲ့မည်ဟု တွေးဟန်ရှိပါသည်။

ကျွန်တော်ကလည်း ထိုဦးထုပ်နီဆောင်းပြီး ပဝါနီစီးထားသည့် လုံထိန်းအဖွဲ့ဝင်များကို အင်းယားကန်ဘံတားဖြူ ကန်ပေါင်ရိုးပေါ်၌ တက္ကသိုလ် ကျောင်းသူ၊ ကျောင်းသားများ ဖမ်းဆီးရိုက်နှက်ကတည်းက အမြင်မကြည် လှင်ခဲ့ပါ။ ထို့ကြောင့် ဒိန်းမြင့်ဆွေကို ခေါ်ပြီး အမြင်ကပ်ကပ်နှင့် ရထား ခေါင်းတွဲပေါ်သို့ တက်၍စီးသည်။ မွန်းတည့် (၁၂) နာရီတိတိ အချိန်တွင် ရထားကြီး ဥသြဆွဲ၍ သာယာဝတီဘက်သို့ စတင်ထွက်ခွာပါသည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

အင်းစိန်ဘူတာအကျော် ဥညင်းကုန်းဘူတာဘက်သို့ အရောက်၌ပင် ရထားသံလမ်းပေါ်၌ ကျောက်တုံးများနှင့် သစ်သားတုံးများကို တင်ထားသောကြောင့် ရထားဝန်ထမ်းများက ဆင်း၍ဖယ်ရှားရသည်။ လူစုလူဝေးနှင့် ရထားကြီးအား ဟန့်တား၍ ရပ်နိုင်းခြင်းတော့ မရှိပါ။ သို့သော် ရထားကြီး၏ စက်ခေါင်းမောင်းသူက တဖြည်းဖြည်းနှင့် မှန်မှန်သာ မောင်းရသည်။ မြန်မြန် မမောင်းရဲပါ။

ရထားမောင်းနေစဉ်အတွင်း၌ စက်ခေါင်းမောင်းသူ ဆရာကြီးက သူ့ထိုင်ခုံအနီးတွင် ချထားသည့် ချိုင့်ကလေးအတွင်းမှ လက်ဖက်ရည်ချိုကို တစိမ့်စိမ့်သောက်ရင်း ဂရုစိုက်၍ ရထားကြီးကို မောင်းနှင်နေပါသည်။ ထိုအချိန်တွင် ကျွန်တော် ဆာလောင်မွတ်သိပ်မှုဖြစ်လာသည်။ လက်ဖက်ရည်ချိုမသောက်ရသည်မှာ အရေးအခင်းကာလအတွင်း လနှင့်ချီ၍ မသောက်ခဲ့ရပါ။

ထို့ကြောင့် ကျွန်တော်က ရထားမောင်းသူအား ...





"ဆရာကြီး ... ကျွန်တော့်ကို လက်ဖက်ရည်ချို နည်းနည်းတိုက်ပါလား။ ကျွန်တော့်မှာ အချိုရည်ပုလင်းတွေ ပါပါတယ်။ ဆရာကြီး အဲဒါတွေ သောက်ပါ။ အားရှိပါတယ်"

"ဩော် ... ထောင်မှူးကြီးလည်း လက်ဖက်ရည်ချို ကြိုက်တတ်တယ်ထင်ပါရဲ့။ ရော့ ... သောက်ပါဗျာ။ ကျွန်တော်လည်း အင်းစိန်ဘူတာမှာ ရထားတွဲတွေကို စစ်ဆေးရင်း ကြုံတာနဲ့ ဝယ်လာခဲ့တာပါ။ သဘောရှိသောက်စမ်းပါဗျာ"

သို့နှင့် ကျွန်တော် ရထားမောင်းသူ ဆရာကြီး၏ ချိုင့်ကလေးအတွင်းမှ လက်ဖက်ရည်ချိုကို မော့၍ အားပါးတရ သောက်လိုက်ပါသည်။ လက်ဖက်ရည်ချို ကြိုက်သူဖြစ်သောကြောင့် အတော်ပင် အာသာပြေသွားပါသည်။

သို့နှင့် တစ်လမ်းလုံး ရထားမောင်းသူဆရာကြီးနှင့် တွေ့ရာလေးပါးစကားပြောဆိုကြရင်း ရထားကြီးကိုစီး၍ လာခဲ့ကြပါသည်။ တစ်လမ်းလုံးလူအများ စုဝေး၍ ဥဒဟို သွားလာနေကြသော်လည်း ရထားကြီးကို ငေးမော၍သာ ကြည့်နေကြသည်။ အနှောင့်အယှက်ပေး၍ ဟန့်တားခြင်း မပြုကြပါ။ ထိုစဉ်အခါက ရထားများ သွားလာခြင်းလည်း ရပ်ဆိုင်းထားသောကြောင့် ခရီးလမ်းပန်း အဆက်အသွယ်များ ပြတ်တောက်နေပါသည်။

ရန်ကုန်နှင့် သာယာဝတီမှာ မိုင် (၈၀)သာ ကွာဝေးသော်လည်း ကျွန်တော်တို့ အင်းစိန်မှ မွန်းတည့် (၁၂) နာရီတိတိအချိန်တွင် ထွက်ခွာလာခဲ့ကြသော်လည်း ရထားကြီးကို ဖြည်းဖြည်းသာ သတိထားပြီး မောင်းနှင်ရသောကြောင့် ညနေစောင်း (၅)နာရီခန့်မှ သာယာဝတီဘူတာသို့ ဆိုက်ရောက်ပါသည်။ သာယာဝတီမြို့မှာ ဆရာစံ၏ တောင်သူလယ်သမား အရေးတော်ပုံ ဖြစ်ပွားခဲ့ဖူးသော မြို့ဖြစ်သော်လည်း ယခုအချိန်တွင်တော့ အေးချမ်းနေပါသည်။

သာယာဝတီဘူတာတွင် သာယာဝတီထောင်မှ အရာရှိများနှင့် ဝန်ထမ်းများက ကားကြီးများကို အသင့်ထိုး၍ စောင့်မျှော်နေကြပါသည်။ ထို့ကြောင့် တစ်တွဲချင်းမှ အကျဉ်းသားများအား ကားတစ်စီးပြီး တစ်စီးပေါ်



www.burmeseclassic.com

www.burmeseclassic.com



သို့ စနစ်တကျ တင်ဆောင်ရသည်။ အချုပ်သားများမှာ ထကြွပုံကန်ရန် အနေအထားမပြောနှင့် လမ်းလျှောက်သည်မှာပင် ယိုင်နဲ့နဲ့ဖြင့် အားအင်ကုန်ခမ်းနေကြပါသည်။

နောက်ဆုံး အတွဲပေါ်မှ အချုပ်သားများအချတွင် အချုပ်သားတစ်ဦး သေဆုံးနေကြောင်း အကြောင်းကြားလာသောကြောင့် ထိုအချုပ်သားအလောင်းကို ဝန်ထမ်းများက ကပ်နှင့်တင်ဆောင်၍ ကားပေါ်သို့တင်ရန် အချုပ်သားဦးရေ (၄၀၀)ပြည့်သည်နှင့် လုံထိန်းရဲဘော်များက ထိုရထားကြီးဖြင့် ရန်ကုန်သို့ ပြန်သွားကြတော့သည်။ ကျွန်တော်တို့မှာ ထိုနေ့ညနေစောင်းသည်အထိ နေ့လယ်စာထမင်း မစားကြရသေးပါ။

သာယာဝတီထောင်သို့ရောက်သောအခါ အချုပ်သား (၄၀၀) အား ကားပေါ်မှချ၍ ထောင်ထဲသို့ သွင်းရာတွင် ထောင်ပိုင်ဦးဘိုကြီးက ပြဿနာလုပ်တော့သည်။ ကျွန်တော်တို့ ခေါ်ဆောင်လာစဉ် ရထားပေါ်၌ သေဆုံးသွားသော အချုပ်သားအတွက် ကျွန်တော်တို့တွင် တာဝန်ရှိသည်။ ထို့ကြောင့် အကျဉ်းထောင်ဆရာဝန်များနှင့် စစ်ဆေး၍ သေဆုံးသူအား ရောဂါရှာဖွေပြီးမှ ပြန်ရမည်ဟု ဆိုလာပါသည်။ ကျွန်တော်ကလည်း ကျွန်တော်တို့မှာ တာဝန်ရှိသည်မှန်သော်လည်း ယခုခရီးစဉ်တွင် လုံထိန်းရဲများက တာဝန်ယူ၍ ပို့ဆောင်ခြင်းသာဖြစ်ကြောင်း ပြောဆိုရာမှ ထောင်ပိုင်ဦးဘိုကြီးနှင့် ကျွန်တော် စကားအချေအတင်များရတော့သည်။

နောက်ဆုံးတွင် ထိုကိစ္စကို အင်းစိန်ထောင်ပိုင်ကြီးနှင့် ညွှန်ချုပ်တို့အား အကြောင်းကြားပါ။ ကျွန်တော့်တို့နှင့် သက်ဆိုင်လျှင် အရေးယူ အပြစ်ပေးခြင်းခံမည်ဟု ခပ်မာမာပြောရတော့သည်။ ထိုအခါမှ ထောင်ပိုင်ဦးဘိုကြီး ငြိမ်သွားသည်။ ဝန်ထမ်းများက ကျွန်တော်တို့ ဆရာတပည့်အား သာယာဝတီထောင်ရှေ့ လက်ဝဲဘက်ရှိ ဧည့်ဂေဟာကလေး၌ နေရာပေးချထားသည်။ ညနေစာ ထမင်းကိစ္စကိုလည်း သာယာဝတီထောင် 'ထောက်ပံ့'ဌာနမှ ကျွေးမွေးမည်ဖြစ်ကြောင်းလည်း ပြောဆိုသွားပါသည်။

ထို့ကြောင့် ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးမှာ နေ့လယ်စာ မစားရသေးသောကြောင့် ရေကို အဝသောက်ကြပြီး ထောင်ဝင်းအနီးတစ်ပိုက်၌





ဈေးဆိုင်တန်းများလည်း မရှိသောကြောင့် အဆာပြေစားရန်လည်း မရှိပါ။ ထို့ကြောင့် ဧည့်ဂေဟာအတွင်း၌ ရေမိုးချိုးပြီး အိပ်ခန်းအတွင်းဝင်၍ အိပ်စက်အနားယူကြသည်။ ကျွန်တော်တို့ မအိပ်ကြရသည်မှာလည်း သုံးရက်ခန့်ရှိသည်ဖြစ်သည်။ ထို့ကြောင့် အိပ်ရာပေါ်သို့ ခေါင်းချ၍ လှဲသည်နှင့် အိပ်ပျော်သွားကြသည်။

ည (၁၂)နာရီအချိန်ခန့်တွင် ဗိုက်အတွင်းမှ 'တဂွီဂွီ' မြည်၍ လန့်နိုးသည်။ အခန်းအပြင်သို့ ထွက်ကြရာ ထမင်းစားခန်းအတွင်း၌ မည်သည့်အစားအစာမျှ ရောက်ရှိနေခြင်း မရှိပါ။ ထို့ကြောင့် သောက်ရေအိုးစင်မှ ရေကို အဝသောက်၍ အစာခံနိုင်စေရန် ဖြေဖျောက်ရသည်။

ကျွန်တော့်တွင် ဆာလောင်လွန်းသောကြောင့် ဒေါသအလွန်ဖြစ်နေမိသည်။ သူတို့ထောင်က ညနေစာထမင်း စီစဉ်မပေးနိုင်ပါကလည်း ကြိုတင်ပြောပါက ကျွန်တော်တို့ နီးစပ်ရာ ဝန်ထမ်းအိမ်များတွင် ရှာဖွေစားသောက်ရန် ဖြစ်နိုင်ပါသည်။ သို့သော် ယခုတော့ သာယာဝတီထောင်မှ ညနေစာ စားရန်အတွက် စီစဉ်ထားကြောင်း ပြောဆိုပြီးမှ လာရောက်ကျွေးမွေးခြင်းမရှိပါ။

ထို့ကြောင့် မီးရထားတွဲပေါ်တွင် အချုပ်သားတစ်ဦး သေဆုံးခဲ့ခြင်းနှင့် ပတ်သက်၍ အစာမကျေဖြစ်ခဲ့သော ထောင်ပိုင်ဦးဘိုကြီးအား ချဲ့ရန်အတွက် ကျွန်တော် ခြောက်လုံးပြူးသေနတ်ကိုကိုင်ပြီး ထောင်ဘူးဝရှေ့သို့ ထွက်ခဲ့ပါသည်။ ထောင်ရှေ့၌ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျွန်တော့်အထင်မှာ ထောင်ပိုင်လုပ်သူ ဦးဘိုကြီးသည် ထောင်ဘူးဝအလယ်ထပ်တွင်နေမည်ဟု ထင်သောကြောင့် အော်ဟစ်၍ ....

"ကျုပ်တို့က အရေးအခင်းကာလကြီးအတွင်းမှာ ညွှန်ချုပ်ကြီးခိုင်းလို့ အချုပ်သားတွေ လာပို့တာ။ ခင်ဗျားတို့ အိမ်ရှင်တွေက စီစဉ်ထားပါတယ်ဆိုပြီး ညစာထမင်းတောင် ကျွေးဖော်မရဘူး။ မကျွေးနိုင်ရင်လည်း မကျွေးနိုင်ကြောင်း အပြတ်ပြောပါလား။ အခုတော့ ညသန်းခေါင် (၁၂)နာရီကျော်နေပြီ။ ဘာစားစရာမှ မလာဘူး။ ကျုပ်တို့ကို အရှုံးလုပ်တာလား။ ရန်ကုန်ပြန်ရောက်ရင်တော့ ညွှန်ချုပ်ကြီးနဲ့ တိုင်မယ်"



www.burmeseclassic.com

www.burmeseclassic.com



တု အော်ဟစ်ပြောဆိုပြီး ကြိမ်းမောင်းရာ သာယာဝတီထောင်အပေါ်ထပ်မှ တုတ်တုတ်မလှုပ်သော်လည်း ကျွန်တော်၏ နောက်ကျောဘက်နံစ်ထပ်အိမ်ပေါ်မှ ပြူတင်းတံခါးတစ်ခု ကျွီခနဲပွင့်လာပြီး ချက်ချင်းပြန်ပိတ်သွားသည်။ ကျွန်တော် ရုတ်တရက်မြင်လိုက်ရသူမှာ သာယာဝတီထောင်ပိုင်ဦးဘိုကြီးဖြစ်သည်။

ကျွန်တော် ထိုသို့အော်ဟစ်ကြိမ်းမောင်းနေစဉ် အကျဉ်းထောင်အဝင်ဝဘူးတံခါးကြီး၏ တံခါးမကြီးမှ တံခါးကလေးတစ်ချပ် ပွင့်လာပြီး အရာရှိတစ်ဦး ထွက်လာသည်။ ထိုသူမှာ ကျွန်တော်နှင့် သိကျွမ်းသော ဒုတိယထောင်ပိုင်အဆင့် ပေးထားသည့် ဦးတင်မောင်လွင်ဖြစ်သည်။ သူက ကျွန်တော့်ကို ချော့မော့ပြီး သူနေထိုင်ရာ ယခင်ထောင်ပိုင်ကြီးများ အဆက်ဆက် နေထိုင်ခဲ့ကြသည့် အိမ်ကြီးသို့ ခေါ်သွားသည်။

"ကိုသိန်းဝင်းရေ ... စိတ်ထိန်းပါဗျာ။ ကျွန်တော်တို့လည်း အလုပ်များလွန်းလို့ ညနေစာ မစားကြရသေးပါဘူး။ ထောက်လှမ်းရေး ဝန်ထမ်းတွေလည်း အလုပ်များကြလို့ မနေ့နေ့ပဲ ဒုက္ခပါတယ်။ ကျွန်တော့်အိမ်မှာပဲ ဖြစ်သလို စားကြတာပေါ့ဗျာ"

သို့နှင့် ဦးတင်မောင်လွင်အိမ်တွင် သူ၏ဇနီးဖြစ်သူက ဦးတင်မောင်လွင်စားရန်အတွက် ချန်ထားဟန်တူသော ထမင်းတစ်ယောက်စာကို ကြက်ဥကြော်ဖြင့်ကြော်၍ ကျွန်တော်တို့ သုံးဦးမျှဝေပြီး စားကြရပါသည်။

ကျွန်တော်တို့ စားပြီးစအချိန်တွင် သာယာဝတီထောင်မှ ဝန်ထမ်းသုံးဦး ထမင်းဟင်းပွဲများနှင့် ဘီယာ၊ အရက်ပုလင်းများကိုပါ ယူဆောင်ပြီး ရောက်ရှိလာကြပါသည်။ ကျွန်တော်က ...

"အခုမှ ဘာလာလုပ်တာတုံးဟု မေးမြန်းသောအခါ"

ဝန်ထမ်းတစ်ဦးက ....

"ကျွန်တော်တို့လည်း အလုပ်ရှုပ်နေလို့ပါ ... ဆရာရယ်။ အခုမှ ထောင်ပိုင်ကြီးခေါ်ပြောလို့ အလျင်အမြန် စီစဉ်ပြီး လာပို့ရတာပါ"

"နေပါဦးကွ ... ငါတို့ ရထားပေါ်ကဆင်းပြီး သာယာဝတီဘူတာရုံကတည်းက ငါတို့ကို ထမင်းကျွေးနိုင်ရဲ့လားလို့ မင်းတို့ထောင်က ထောက်





လှမ်းရေးကို ငါမေးခဲ့တယ်။ ကျွန်တော်တို့ အကုန်စီစဉ်ထားပါတယ်လို့ ပြန်ပြောတယ်။ အခုဆိုရင် ညမွန်းလွဲ (၁)နာရီအချိန်လောက် ရှိနေပြီ။ အခုမှ အသိရကြသလား။ ငါတို့က လူတွေကွ။ မင်းတို့မကျွေးနိုင်ရင်လည်း ငါတို့အဆာငါတို့ ရှာကြစားဖို့ ကြိုတင်ပြီးမေးခဲ့တာ။ ငါတို့ အခု ဦးတင်မောင်လွင်ကျွေးလို့ အဆာပြေစားကြပြီးပြီ။ ငါတို့ အင်းစိန်က ထွက်လာတတည်းက နေ့လယ်စာ ထမင်းလည်း မစားခဲ့ကြရဘူး။ မင်းတို့ ကိုယ်ချင်းစာမှပေါ့ကွာ။ အခု ဒါတွေကို ဘာလုပ်ရမှာလဲ"

"သုံးဆောင်ပါဦး ... ဆရာရယ်။ စိတ်မဆိုးပါနဲ့။ ဘီယာကလေးနဲ့ ဟင်းတွေကိုပဲ မြည်းစမ်းပါဦး ... ဆရာရယ်"

"တော်ပါပြီကွာ ... ဘီယာတွေ၊ အရက်တွေသောက်ရင် အထွန့်အဝင်း ဆာလောင်နေတဲ့ ငါတို့အစာအိမ်တွေ ပေါက်ထွက်ကုန်လိမ့်မယ်။ အကုန်ပြန်ယူသွားကြ။ ငါတို့ မစားဘူး"

ထိုစဉ် ဦးတင်မောင်လွင်က ....

"ကျွန်တော်တို့ တစ်ယောက်စာတည်းကို မျှဝေပြီး စားကြရတာ ကိုသိန်းဝင်းတို့ ဘယ်ဝမလဲ။ အရက်မသောက်ရင်လည်း ထမင်းဟင်းတော့ စားလိုက်ကြပါဦး။ ဟင်းတွေလည်း စုံသားပဲ"

"တော်ပါပြီဗျာ ... ခင်ဗျား အဆာပြေကျွေးလို့ ကျေးဇူးတင်ပါတယ်။ ခင်ဗျားလည်း တစ်ယောက်စာကို သုံးဦး မျှဝေစားတော့ ဝမှာမဟုတ်ဘူး။ ခင်ဗျားပဲစားလိုက်တော့။ ကျွန်တော်တို့ ပြန်မယ်"

သို့နှင့် ကျွန်တော် တပည့်ဖြစ်သူ ထောင်မှူးမြင့်ဆွေကို ခေါ်ပြီး ခေတ္တတည်းခိုရာ ညှော်ဂေဟာသို့ ပြန်ခဲ့ကြပါသည်။ ညှော်ဂေဟာသို့ ရောက်တော့ ....

"ကဲ ... ဒိန်းရေ မင်းလည်း ထမင်းမဝဘူး။ ငါလည်း မဝဘူး။ ရေသောက် ဗိုက်မှောက်ပြီး အိပ်ကြတာပေါ့ကွာ"

ထိုညက ကျွန်တော်တို့ ဗိုက်ထဲသို့ အစာအနည်းငယ် ဝင်သွားပြီး အိပ်ရေးပျက်ပေါင်း များသောကြောင့် အိပ်လိုက်ကြတာ နောက်တစ်နေ့ နက်(၇)နာရီခန့်မှ တစ်ရေးနိုးတော့သည်။ ကျွန်တော်တို့ အိပ်ခန်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



မှ အပြင်သို့ထွက်လာတော့ ညှိုဆောင်အတွင်းရှိ စားပွဲပေါ်တွင် မနက်စာ မုန့်ဟင်းခါးပန်းကန်များ ပြင်ဆင်ထားသည်မှာ (၁၀)ပွဲခန့်ရှိသည်။ စောင့်ကြို နေသော ဝန်ထမ်းတစ်ဦးကလည်း ...

"ဆရာတို့ ... အဝစားကြပါ။ ညကလည်း ထမင်းကောင်းကောင်း မစားရတော့ ဆာနေကြမှာပဲ"

✿ ✿ ✿

❑

ကျွန်တော်တို့ မျက်နှာသစ်ကြပြီးနောက် ပြင်ဆင်ထားသော မုန့်ဟင်းခါးများအား တစ်ယောက်လျှင် (၅)ပွဲစီ ကုန်အောင်စားလိုက်ကြ သည်။ ထိုစဉ်တွင် ညှိုဂေဟာရှေ့သို့ ဟီးနိုးရိုန်းဂျား ကားကြီးတစ်စီး ဆိုက် ရောက်လာသည်။ ကားခေါင်းအတွင်းမှ ဒုတိယထောင်ပိုင်ဦးတင်မောင်လွင် ဆင်း၍လာပြီး ...

"ကဲ ... ကိုသိန်းဝင်းတို့ ဂေါက်ရိုက်သွားကြရအောင်၊ ခင်ဗျားတို့ ဖြန့်ဖို့ကားက မနက်ဖြန်မှရှိမှာမို့ ဒီနေ့ အနားယူအပန်းဖြေကြရင်း သာယာဝတီ ဂေါက်ကွင်းမှာ ဂေါက်ရိုက်သွားကြရအောင် ဂေါက်ဆက်တွေလည်း တစ်ဦး အတွက်တစ်စုံစီ ကျွန်တော် ယူလာခဲ့တယ်"

"ဒါကကော ဘယ်သူ့ အစီအစဉ်လဲဗျ။ အရေးအခင်းကာလကြီး ထဲ ဂေါက်ရိုက်ဖို့ရော အခွင့်ပြုပါ့မလား"

"ကျွန်တော်တို့ သာယာဝတီမြို့က အရေးအခင်းကာလမှာ ငြိမ် နေတယ်ဗျ။ သာယာဝတီထောင်ကလည်း မြို့အပြင်ဘက် လယ်ကွင်းထဲမှာ သီးခြားရှိနေတာမို့ အနှောင့်အယှက်လည်း မရှိဘူးဗျ။ လုံခြုံရေးလည်း





ကောင်းတယ်။ လာပါဗျာ ... ညှိုဂေဟာမှာချည်း အိပ်နေမဲ့အစား အပြင် ထွက်ပြီး အနားယူအပန်းဖြေကြတာပေါ့။ နေ့လယ်စာစားဖို့လည်း သုံးဆယ်မြို့ နား ဆိုင်ကောင်းကောင်းမှာ ထမင်းကျွေးဖို့ ကျွန်တော် စီစဉ်ထားပါတယ်"

ထို့ကြောင့် ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး ဘာမျှမပြောသာဘဲ မုန့်ဖောင်း ဘောင်းဘီရှည်ဝတ်၍ ရှူးဖိနပ်စီးပြီး ကားပေါ်သို့တက်၍ လိုက် ကြရတော့သည်။ သာယာဝတီဂေါက်ကွင်းမှာ သာယာဝတီအကျဉ်းထောင် နှင့် မဝေးလှပါ။ ပြည်လမ်းမကြီးတစ်ဖက်ဘေးတွင်ရှိပြီး အရေးအခင်းကာလ ဖြစ်သောကြောင့် ဂေါက်ရိုက်သူများလည်း မရှိကြပါ။

"ကဲ ... ကိုသိန်းဝင်းတို့က အင်းစိန်သားတွေပဲ။ လောင်းကြေး အလေးတော့ ထည့်မှ ပွဲကဆူနေမှာ။ ထမင်းကတော့ အိမ်ရှင်ဖြစ်တဲ့ ကျွန် တော်က ကျွေးမှာဖြစ်လို့ ဘီယာကြေးကလေး လုပ်ကြရအောင်ဗျာ ...။ နောက်ဆုံး အမှတ်နည်းတဲ့သူက တိုက်ကြေးပေါ့"

သို့နှင့် ထိုနေ့က ကွင်းပတ်၍ one corner ရိုက်ကြသည်။ သာယာ ဝတီဂေါက်ကွင်းမှာ တောကွင်းဖြစ်ပြီး ကျင်းစိမ်ရသည့် Green ခေါ် မြက်ခင်း သွေ့တလည်း သဲများကို ဖြန့်ဖြူး၍ လောင်းထားသည်။ ထို့ကြောင့် ဂေါက် သီးက အပေါ်သို့ရိုက်တင်လျှင် ရောက်သည့်နေရာတွင်ကပ်ပြီး သဲအတွင်း နှစ် နေတတ်သည်။ အကြောင်းမသိခင်ကတော့ ကျွန်တော်တို့ ဆရာတပည့်နှစ်ဦး အမှတ်နည်းကြသည်။ နောက်ပိုင်း အကြောင်းသိမှ ဂေါက်သီးကို Hole ခေါ် အသံစိုက်ထားသည့် ကျင်းအနီးသို့ ချိန်၍ရိုက်မှ အပေါက်အလမ်း တည့် တော့သည်။

ထိုနေ့က ဒုထောင်ပိုင် ဦးတင်မောင်လွင်မှာ နယ်ခံဖြစ်ပြီး ကွင်း အခြေကို သိသော်လည်း တမင်ပင် လျှော့၍ရိုက်သည်လား မသိပါ။ ပွဲပြီး တော့ ရမှတ်က သူအနည်းဆုံးဖြစ်နေသည်။ ထို့ကြောင့် သူပင် ဘီယာတိုက်ရ တော့မည်ဖြစ်သည်။ အရေးအခင်းကာလကြီးအတွင်း ဘီယာပုလင်းများ အား သုံးဆယ်မြို့သို့သွားပြီး ဝယ်ရမည်ဟု ကျွန်တော် ထင်နေသော်လည်း အား ကြီးခါးနောက်ခန်းတွင် ပါလာသော ဦးတင်မောင်လွင်၏ တပည့်ဖြစ်သူက ဘီယာပုလင်းများကိုဖောက်ပြီး ကျွန်တော်တို့အား ပေးပါသည်။ ရေခဲစိမ်

www.burmeseclassic.com

www.burmeseclassic.com



မဟုတ်၊ ရေခဲလည်း မရှိပါ။ သို့သော် ထိုဘီယာပူပူနွေးနွေးမှာ အလာတုန်းက မီးရထားစက်ခေါင်းအထဲ၌ သောက်ခဲ့ရသော လက်ဖက်ရည်အချိုလိုပင် ဝတ်နေသောကြောင့် လွန်စွာ အရသာရှိလှသည်။ ယနေ့တိုင်ပင် ထိုအရသာကို ကျွန်တော် သတိတရ မှတ်မိနေဆဲဖြစ်ပါသည်။

နေ့လယ်စာ စားချိန်တွင် ကျွန်တော်တို့အဖွဲ့ ဟီးနိုးရိန်းဂျားကားကြီးဖြင့်ပင် သုံးဆယ်မြို့သို့ သွားကြသည်။ သာယာဝတီမြို့နှင့် သုံးဆယ်မြို့မှာ တစ်မိုင်သာ ကွာဝေးပါသည်။ သုံးဆယ်မြို့မှာလည်း အေးအေးချမ်းချမ်းဝင် လက်ဖက်ရည်ဆိုင်နှင့် ထမင်းဆိုင်၊ စားသောက်ဆိုင်များတွင် လူစည်ကားနေပြီး အရေးအခင်း အဓိကရုဏ်းပုံစံ လုံးဝမရှိပါ။ ကျွန်တော်တို့မှာ ကာကီဘောင်းဘီရှည်များ ဝတ်ထားကြပြီး အစိုးရဌာနသုံး ဟီးနိုးရိန်းဂျားကားစီးသော်လည်း အန္တရာယ်ပြုခြင်း မရှိပါ။

သုံးဆယ်မြို့စားသောက်ဆိုင်များမှာလည်း လွန်စွာ အစားအသောက်ကောင်းသည်။ ကျွန်တော်တို့အဖွဲ့ တဝကြီးစားပြီး သာယာဝတီထောင်သို့ ပြန်ခဲ့ကြသည်။ ဧည့်ဂေဟာပေါ်သို့ရောက်မှ ဝန်ထမ်းတစ်ဦးက ယမန်နေ့ ရထားပေါ်၌ သေဆုံးသွားသော အချုပ်သားမှာ နှလုံးရောဂါအခံရှိ၍ သေဆုံးခြင်းဖြစ်ကြောင်း အကျဉ်းထောင်ဆရာဝန်၏ Post Monten ရင်ခွဲစစ်ဆေးချက်အဖြေအရ သိရှိရပါကြောင်း၊ ထို့ကြောင့် ကျွန်တော်တို့တွင် အပြစ်မရှိဘဲ ရန်ကုန်သို့ပြန်လိုက ပြန်နိုင်ပြီဖြစ်ပါကြောင်း သတင်းပို့ထားပါသည်။

ထိုအခါတွင် ဒုတိယထောင်ပိုင် ဦးတင်မောင်လွင်က ...

"ကိုသိန်းဝင်းရေ ... ခင်ဗျားတို့ ပြန်ခွင့်ရပေမဲ့ ပြန်လို့ရမှာ မဟုတ်သေးဘူး။ အရေးအခင်းကြောင့် မော်တော်ယာဉ်လိုင်းတွေ ပိတ်ထားတာကြာပြီ။ ဧည့်ဂေဟာမှာပဲ အနားယူကြပါဦးဗျာ။ ကျွန်တော် အခုပဲ သွားစုံစမ်းလိုက်ပါဦးမယ်"

ဟု ပြောဆိုကာ ဦးတင်မောင်လွင် ကျွန်တော်တို့စီးလာသည့် ဟီးနိုးရိန်းဂျားကားကြီးဖြင့် သာယာဝတီမြို့အတွင်းသို့ ထွက်ခွာသွားပါသည်။

ထို့ကြောင့် ကျွန်တော်တို့ မိုက်ဝဝဖြင့် အနားယူအိပ်စက်ကြရပါသည်။ ညနေဘက်တွင် ဦးတင်မောင်လွင် ပြန်လာတော့ ...



"ကိုသိန်းဝင်းရေ ... ဒီနေ့တော့ ဘယ်ကားကြုံမှ မရှိဘူးဗျ ...။ မနက်ဖြန်မနက်တော့ သာယာဝတီ–ရန်ကုန် လိုင်းကားကြီးတွေ ပြန်ထွက်မယ်လို့ သိခဲ့ရတယ်။ အဲဒါကြောင့် ကျွန်တော့်အသိ ကားအုံနာသီမှာ ခင်ဗျားတို့အတွက် နေရာကောင်းကို Booking လုပ်လာခဲ့တယ်။ စိတ်ချလက်ချ အနားယူပေတော့ဗျို့"

သို့နှင့် ထိုညက ကျွန်တော်တို့ ဧည့်ဂေဟာပေါ်တွင် ပြင်ဆင်ပေးသော ညစာထမင်းနှင့် ဟင်းကို ဦးတင်မောင်လွင်လည်း လာ၍စားသည်။ ထိုညကလည်း ကျွန်တော်တို့ နှစ်ခြိုက်စွာ အိပ်ကြရပါသည်။ နောက်တစ်နေ့ နံနက်(၆)နာရီခန့်တွင် ဒုတိယထောင်ပိုင်ဦးတင်မောင်လွင်သည် ဟီးနိုးရိန်းဂျားထောင်ကားကြီးဖြင့် ရောက်ရှိလာပြန်သည်။ ခရီးသွားရန်တွက် စောစီးစွာထ၍ ပြင်ဆင်ထားသော ကျွန်တော်တို့ ဆရာတပည့်နှစ်ဦးက အဆင်သင့်ဖြစ်နေပါသည်။

ကျွန်တော်တို့နှစ်ဦး လမ်းခရီး လုံခြုံရေးအတွက် ယူနီဖောင်းဘောင်းဘီရှည်ကိုတောင် မဝတ်ဆင်ကြပါ။ ရှပ်အင်္ကျီအဖြူအောက်ခံပြီး ပုဆိုးမှာ ကွက်တုံးပုဆိုး၊ လက်ဝဲဘက် ချိုင်းအောက်၌တော့ ကြိုတင်စီစဉ်လာခဲ့သော စလွယ်သိုင်းအိတ်ထဲတွင် ခြောက်လုံးပြူးသေနတ်ကလေးများကို ကိုယ်စီ ထည့်ထားသည်။ Smith and watson သေနတ်ကလေးများမှာ ပြောင်းတိုအမျိုးအစားဖြစ်သောကြောင့် ဖုံးကွယ်သယ်ဆောင်ရန်အတွက် အလွန်အဆင်ပြေသည်။ အပေါ်က ဂျာကင်အင်္ကျီများ ထပ်ဝတ်ပြီး ခေါင်းတွင် မျက်နှာသုတ်ပဝါ ကိုယ်စီပေါင်းထားကြသည်။ ညှပ်ဖိနပ်စီးထားသောအခါ ဝန်ထမ်းရုပ်ပျောက်၍ တောသားကြီးများဟန်တိုင်း ဖြစ်သွားကြသည်။ ကားပိုင်ရှင်ကလည်း ကျွန်တော်တို့နှစ်ဦးအား ကားဒရိုင်ဘာနံဘေးရှိ ရှေ့ဆုံးခုံတွင် နေရာချထားပေးသည်။ ကားဆရာကလည်း ကျွန်တော်တို့အား အကျဉ်းထောင်အရာရှိများဖြစ်မှန်း သိဟန်တူပါသည်။

"ဆရာတို့ လမ်းကျရင် လူအုပ်ကတားပြီး ကားပေါ်တက် စစ်ဆေးကြရင် အသာငြိမ်နေပါနော်။ ကျွန်တော့်ဘာသာ ဖြေရှင်းပါ့မယ်။ ဒီလမ်း

www.burmeseclassic.com

www.burmeseclassic.com



ထကြောက သွားနေကျဆိုတော့ ကျွန်တော့်အသိမိတ်ဆွေ များပါတယ်။ ဒါကြောင့် ဆရာတို့ ပူစရာ လုံးဝမရှိပါဘူး။ ဘာသိဘာသာ နေကြပါ''

''ဟုတ်ကဲ့ ... ဆရာကြီး ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့လည်း အလိုက်အထိုက် နေပါ့မယ်''

သို့နှင့် ကားစထွက်သည်။ သာယာဝတီမြို့နှင့် သုံးဆယ်မြို့အတွင်း အနှောင့်အယှက် အဟန့်အတားမရှိပါ။ သုံးဆယ်မြို့ကျော်ပြီး ဥက္ကံမြို့အဝင်တွင် လူအုပ်စုတစ်စုက ကားလမ်းပေါ်၌ သစ်တုံးများချ၍ ကားကိုတားသည်။ ကျွန်တော်တို့က ပါလာသော သေနတ်များကို ကိုယ်စီစမ်းရင်း အသင့်အနေအထား ပြင်ဆင်ထားရသည်။

သို့သော် ကားဆရာကြီးက အလွန်တော်ပါသည်။ ချိုသာစွာ ပြောဆိုဆက်ဆံပြီး ကားပေါ်သို့တက်၍လည်း ရှာဖွေခွင့်ပြုသည်။ သူတို့မေးသည်ကလည်း ရှိပါသလား။ လက်နက်ပါသလားဟု မေးခြင်းသာဖြစ်သည်။ တစ်ယောက်ချင်းလည်း ကားပေါ်ကဆင်းစေ၍ ရှာဖွေခြင်းလည်း မဟုတ်ပါ။ သာမန်ကာလျှံကာ ဝန်ကျေတမ်းကျေ စစ်ဆေးခြင်းသာဖြစ်သည်။

ထို့နောက်ကားကို ထွက်ခွင့်ပြုပါသည်။ ထိုသို့ပင် တိုက်ကြီးမြို့အဝင်၌လည်း အစစ်ဆေးခံရသည်။ သို့သော် အန္တရာယ်မပေးကြပါ။ လမ်းပေါ်၌ချထားသည့် သစ်လုံးများကို ဖယ်ရှားပြီး သွားခွင့်ပြုပါသည်။ မှော်ဘီမြို့မှာတော့ တပ်မြို့ဖြစ်သောကြောင့် လူစုလူဝေးဖြင့် ဟန့်တားခြင်း၊ လမ်းမပေါ်၌ ကျောက်တုံးနှင့် သစ်လုံးများချထားခြင်း မရှိတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး အင်းစိန်မြို့ လေဟာပြင်ဈေးရှိ ဟီးနိုးကားဂိတ်သို့ နေ့လယ်(၁၂)နာရီမထိုးမီ ရောက်ရှိကြသည်။

ထိုနေရာတွင်တော့ လူအုပ်ကြီးက စုရုံးစုရုံးဖြင့် သွားလာလှုပ်ရှားနေကြသည်။ သို့သော် ကျွန်တော်တို့နှစ်ဦးကို သင်္ကာမကင်းဟန်ဖြင့် မေးမြန်းခြင်းပင် မရှိကြပါ။ ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး နီးစပ်ရာ လက်ဖက်ရည်ဆိုင်တစ်ဆိုင်အတွင်းဝင်ကြပြီး လက်ဖက်ရည်ချိုသောက်ရင်း ထောက်လှမ်း



အကဲခတ်ကြပါသည်။ အခြေအနေမှာ လူစုလူဝေးများ ရှိသော်လည်း ဆူပူအုံကြွမှုမျိုး ရုတ်ရုတ်သဲသဲ ဖြစ်ပွားခြင်း မရှိပါ။

ထို့ကြောင့် ကျွန်တော်တို့နှစ်ဦး အင်းစိန်ထောင်ဝင်းဘက်သို့ လမ်းလျှောက်၍ ပြန်ဖြစ်ခဲ့ကြသည်။ အင်းစိန်ဈေးကြီးရှေ့တွင်တော့ ဈေးသည်နှင့် ဈေးဝယ်သူများ ဟန်မပျက် စည်ကားနေသည်။ အင်းစိန်မီးသတ်တပ်ဖွဲ့ကို ကျော်ပြီး ကျွန်တော်တို့ အကျဉ်းဦးစီးဌာနရှေ့သို့ ရောက်သောအခါ လူအုပ်စုအတော်များများကို တွေ့ရသည်။ သို့သော် ရပ်တန့်၍နေခြင်း မဟုတ်ပါ။ သွားလာနေကြခြင်းဖြစ်သည်။ ထောင်ဝင်းအတွင်းမှ လက်နက်ကိုင်တပ်ဖွဲ့များက သေနတ်များဖြင့် အသင့်ချိန်ထားသောကြောင့် တစ်နေရာတည်းတွင် စုစုဝေးဝေး ရပ်နေကြခြင်း မဟုတ်ပါ။ လှုပ်ရှားသွားလာနေကြခြင်းဖြစ်သည်။

ကျွန်တော်တို့နှစ်ဦး ထောင်ဝင်းဝရောက်တော့ ဝန်ထမ်းများက တံခါးဖွင့်ပြီး ကြိုဆိုကြသည်။ ဆရာတို့နှစ်ဦးက တကယ့်တောသားကြီးတွေ ပုံပဲဟု မှတ်ချက်ပြုကြသည်။ ထောင်ဝင်းအတွင်း ဘေးကင်းလုံခြုံရာရောက်မှ ကျွန်တော်တို့ စိတ်အေးကြရသည်။ ထောင်ဘူးဝသို့ လမ်းလျှောက်ပြီး ထောင်ပိုင်ကြီးရုံးခန်းသို့ ဝင်၍ ချက်ချင်း သတင်းပို့ပါသည်။ ထောင်ပိုင်ကြီးမှာလည်း ကျွန်တော်တို့ ဘေးကင်းလုံခြုံစွာ ပြန်လည်ရောက်ရှိလာသောကြောင့် ဝမ်းသာနေကြသည်။ ထိုနေ့က တာဝန်ထမ်းဆောင်ခြင်း မပြုဘဲ မိမိတို့အိမ်များတွင် အနားယူအပန်းဖြေကြရန် ခွင့်ပြုပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

ရန်ကုန်မြို့ အခြေအနေသည် ဖွန်လ(၂၁)ရက်၊ လူထုအုံကြွမှု အရေးအခင်းများက စတင်ပြီး ပိုမို၍ အရှိန်မြင့်လာပါသည်။ ဆန္ဒပြသူတွေ တလည်း နေရာအနှံ့ ဖမ်းဆီးပြီး ထောင်သို့ ပို့သည်ကလည်း နေ့စဉ်နှင့် အမျှ။ ဗိုလ်ချုပ်အောင်ကြီး၏ စာတွေကလည်း နေရာအနှံ့ ပလူပျံနေသည်။ ဖွန်လ အရေးအခင်းကြီးအတွင်း၌ မိုးကလည်း ဖြိုင်ဖြိုင်ရွာနေပါသည်။

ထိုအချိန်တွင် ထောင်အတွင်းရှိ မူလ ပျဉ်ထောင်တရားရုံးဟောင်း များအား ဖျက်သိမ်းပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့ အတွင်း ရေးမှူး ဦးပန်းအောင်ကိုယ်တိုင်ဦးစီး၍ နေ့အဆိုင်း၊ ညအဆိုင်းဖြင့် တရားရုံး အဆောက်အအုံအသစ်ကြီးတစ်ခုကို တည်ဆောက်နေပါသည်။ ယခင် ပျဉ် ထောင်တရားရုံးဟောင်းကြီးမှာ ဆောက်ထားသည်မှာ ကြာပြီဖြစ်သည်။

ထိုတရားရုံးဟောင်း၌ အလံနီ သခင်စိုးနှင့် ဥက္ကဋ္ဌကြီးအား လုပ်ကြံ ရန် ကြံစည်သည့် ဗိုလ်ကြီးအုန်းကျော်မြင့်တို့အဖွဲ့ အာဏာနည်ကုန်း ပုံးဖောက် ခွဲမှုတရားခံ မြောက်ကိုရီးယား ဖင်ဘိုနှင့် ကင်မင်ချူး၊ မန်းငွေအောင်နှင့်





မန်းဒါဝိတ်တို့ အဖွဲ့ကိုလည်းကောင်း နောက်ဆုံး စက်မှုတက္ကသိုလ်ကျောင်း သားများနှင့် နိုက်ရန်ဖြစ်ပွားခဲ့သော အရပ်သား ညီညီလွင်တို့အဖွဲ့ကိုလည်း စစ်ဆေးခဲ့ဖူးပါသည်။ ယခုတော့ ထိုပျဉ်ထောင်တရားရုံးကြီးအား ဖျက်သိမ်း ပြီး အုတ်ပတ်ကာ တရားရုံးအသစ်ဆောက်လုပ်နေရာ မည်သူ့အတွက်လည်း ဟု မေးမြန်းကြည့်တော့မှ ဗိုလ်ချုပ်အောင်ကြီးနှင့် သူ့လူများကို ဖမ်းဆီးချုပ် နှောင် စစ်ဆေးရန်ရှိသည်ဟု သိရှိရပါသည်။

ထိုတရားရုံးကြီး ဆောက်နေစဉ် (၂၅–၇–၈၈)ရက်နေ့ ည (၈)နာရီ ထောက်မှစ၍ ဗိုလ်ချုပ်အောင်ကြီးတို့အဖွဲ့အား တစ်ယောက်ပြီးတစ်ယောက် ဖမ်းဆီးပြီး လာပို့ပါသည်။ အားလုံးစုစုပေါင်း (၁၀)ယောက်အဖွဲ့ဖြစ်သည်။ ဗိုလ်ချုပ်အောင်ကြီးကို သီးခြားတစ်ခန်းပေးပြီး ခုတင်၊ မွေ့ယာ၊ ခြင်ထောင် နှင့် သိပ်ရသည်။ အခြားသူ(၉)ယောက်ကိုလည်း တိုက်ခန်းထဲမှာ တစ်ခန်းစီ ထားပါသည်။ ခုတင်၊ ခြင်ထောင်၊ ပြည့်စုံအောင် ပေးထားပါသည်။ ဗိုလ်ချုပ် အောင်ကြီးက နောက်ဆုံးမှ ရောက်လာခြင်းဖြစ်သည်။

ဗိုလ်ချုပ်အောင်ကြီးဆိုတာကလည်း နယ်နယ်ရရ ပုဂ္ဂိုလ်မဟုတ်ပါ ဘူး။ သမိုင်းမှာ တိုင်းပြည်အတွက် ကျောင်းသားဘဝကတည်းက ပါဝင် ဆောင်ရွက်ခဲ့သည်။ နယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်ဆန့်ကျင်ရေးတို့တွင် ရှုန်းရှုန်းစားစား ပါဝင်ခဲ့သူ မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ကြီးနှင့်အဖွဲ့ အလွန်ကံကောင်းပါသည်။ သူတို့ကို စစ်ဆေးပြီး အပြစ်ပေးရန်အတွက် ဆောက်လုပ်နေသော တရားရုံးကြီးအား နေ့အဆိုင်း ညအဆိုင်းဖြင့် အပူတပြင်း ဆောက်လုပ်နေစဉ် လူထုအုံကြွမှု အရေးအခင်းကြီးမှာ (၈–၈–၈၈)နေ့တွင် အရှိန်အဟုန်ကြီးမားပြီး တစ်တိုင်း ပြည်လုံးအနှံ့ ကူးစက်ဖြစ်ပွားလာသောကြောင့် (၂၅–၈–၈၈)ရက်နေ့တွင် ဦးအောင်ကြီးတို့အဖွဲ့ကို ထောက်လှမ်းရေးတပ်က လာခေါ်ပြီး အိမ်တိုင်ရာ ရောက် ပို့ဆောင်လွှတ်ပေးလိုက်ရကြောင်း သိရှိရပါသည်။

ထို့နောက်ပိုင်းတွင် ထိုတရားရုံးအဆောက်အအုံကြီးမှာ အမှုစစ်ဆေး ခြင်း မရှိဘဲနှင့် ကျွန်တော်တို့ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးအတွက် အစည်းအဝေးခန်းမနှင့် မင်္ဂလာဆောင်များ၊ အခမ်းအနားများ ပြုလုပ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ခန်းမကြီး ဖြစ်သွားတော့သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ အကျဉ်းထောင် ဝန်ထမ်းများနှင့် မိသားစုများ ထိုအဆောက်အအုံကြီးကို (Aung Gyi Hall) ဟု ခေါ်ဆိုသမုတ်ကြပါသည်။ ဗိုလ်ချုပ်အောင်ကြီး၏ ကျေးဇူးလက်ဆောင်ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ကြီးကလည်း အဲဒီ လွတ်တဲ့နေ့မှာပဲ မြေနီကုန်းရှိ ဇမ္ဗူကွင်းမှာ ပရိသတ် ငါးသောင်းလောက်ကို တပ်မတော်ကို အဆိုးမမြင်ကြဖို့ ထိန်းထိန်းသိမ်းသိမ်း လူကြီးစကား ပြောခဲ့ကြောင်း သိရှိရပါသည်။ အဲဒီအချိန်တုန်းကလည်း ရန်ကုန်မြို့နေရာအနှံ့မှာ ထောက်လှမ်းရေးက လူတွေ ရပ်ရွာကို မီးရှို့ဖို့လာတာ၊ ရေတွင်းရေကန်တွေကို အဆိပ်ခတ်ရအောင် လာတာတဲ့ဆိုပြီး လူထုက ဖမ်းဆီးပြီး ခေါင်းဖြတ်နေတဲ့ အချိန်အခါပါ။ ဗိုလ်ချုပ်အောင်ကြီးတို့အဖွဲ့မှာ ဂါးဒီးယန်းသတင်းစာက ဦးစိန်ဝင်းလည်း ပါပါတယ်။ သူက လန်ဒန်မှာ ထုတ်ဝေနေသဲ ဒေးလီးတယ်လီဂရပ် နေ့စဉ်သတင်းစာကြီးထဲမှာ သူ အင်းစိန်ထောင်ထဲ၌ (၂၈)ရက် အချုပ်ခံခဲ့ရကြောင်း ရေးသားခဲ့ပါတယ်။

သူ့အိမ်ကိုလည်း ထောက်လှမ်းရေးအဖွဲ့တွေက အိတ်သွန်ဖာမှောက် ရှာဖွေကြကြောင်း၊ ရှာဖွေခံရသူတွေထဲမှာ ဗိုလ်မှူးကြီးဟောင်း (၆) ဦးလည်း ပါဝင်ကြောင်း၊ အင်းစိန်ထောင်ထဲတွင် တစ်ယောက်တစ်ခန်း ထားသော်လည်း အိပ်ရာ၊ ခုတင်နှင့် ကုလားထိုင် စတဲ့ ပစ္စည်းတွေကို ပြည့်စုံအောင် ထားပေးပြီး နေ့စဉ် မနက်နွားနို့တစ်ခွက်နှင့် ကြက်ဥတစ်လုံးကျွေးလာနေလယ်စာ စားပြီးသည်နှင့် နွားနို့တစ်ခွက် ထပ်ပေးကြောင်း၊ ထမင်းစားရာ၌လည်း အသားတစ်မျိုးမျိုး တစ်ပွဲနှင့် ဟင်းချိုတစ်ပွဲနောက် အသီးအရွက်ကြော်တစ်ပွဲ ကျွေးမွေးကြောင်း ဖော်ပြခဲ့ပါသည်။

(၂၅–၈–၈၈) မတိုင်ခင် တစ်ပတ်လောက်ကစပြီး အရေးအခင်းကြောင့် ဖမ်းဆီးထိန်းသိမ်းထားတဲ့ ယောကျ်ား၊ မိန်းမ၊ ကျောင်းသား၊ သံဃာတော်များကို လွှတ်ပေးခဲ့ရာ စုစုပေါင်း (၂၇၅၀)ဦး ဖြစ်ပါသည်။ ထောင်ထဲမှာ ကျန်နေတာကတော့ ရာဇဝတ်မှုတွေနဲ့ ကျနေတဲ့ အကျဉ်းသားတွေနဲ့





အမှုစစ်ဆေးခံ အချုပ်သားတွေပဲ ကျန်ပါတော့တယ်။ အဲဒီ အချုပ်သား၊ အကျဉ်းသားတွေကလည်း မနည်းပါ။ (၁၀၀၀၀)ကျော်ရှိပါတယ်။ အင်္ဂလိပ်အစိုးရလက်ထက်က အကျဉ်းသား၊ အချုပ်သား အများဆုံး (၅၀၀၀)ယောက်ခန့်သာ ထားရှိနိုင်ရန် အင်းစိန် ဗဟိုအကျဉ်းထောင်ကြီးအား ဆောက်လုပ်ခဲ့ခြင်းဖြစ်ပါသည်။ ယခုတော့ အရေးအခင်းကာလ ဖမ်းဆီးထားသော လူပေါင်း (၂၇၅၀)ကို လွှတ်ပေးခဲ့ပြီး လူလျော့သော်လည်း လူဦးရေ (၁၀၀၀၀) ကျော်ခန့် ကျန်နေပါသေးသည်။

ကျွန်တော်၏ ဝါသနာမှာ အမဲလိုက်ခြင်းနှင့် မော်တော်ဆိုင်ကယ်စီးခြင်းဖြစ်သည်။ ကော့သောင်းမြို့နယ် ဆီအုန်းစခန်းတွင် နေရစဉ်တုန်းက တော့ တောတွင်းစခန်းများ ဖြစ်သောကြောင့် သေနတ်ထမ်း၍ အမဲလိုက်နိုင်သလို မကြာခဏလည်း ကော့သောင်းမြို့ပေါ်သို့ ဆိုင်ကယ်ကလေးများ ကိုယ်စီဖြင့် တက်ကြပြီး တာဝန်ထမ်းဆောင်ရင်း ဈေးဝယ်နိုင်သည်။ ဆိုင်ကယ်ကလေးများ ဖြစ်ကြသော်လည်း စက်အလွန်ကောင်းသည်။ ခွဲအားကောင်းပြီး ဆီစားအလွန်သက်သာသည်။

ဆီတစ်ဂါလန်ထည့်ထားပါက ကော့သောင်းမြို့သို့ ကျွန်တော်တို့ စခန်းမှ နှစ်ခေါက်သုံးခေါက် စိတ်ချလက်ချ သွားနိုင်သလို စခန်းအချင်းချင်း ဆက်သွယ်ရာ၌လည်း သုံးနိုင်ပါသေးသည်။ ဆိုင်ကယ်တစ်စီးဈေးမှာလည်း (၄၀၀၀)ကျပ်ခန့်သာ။ ထိုအချိန်က မြန်မာကျပ်ငွေဈေးနှုန်းမှာ အလွန်မြင့်သည်။ မြန်မာ့ငွေ (၉၀)ကျပ်ကို ယိုးဒယားဘတ်ငွေ (၁၀၀)ခန့်တန်သည်။ ဆိုင်ကယ်အပိုပစ္စည်းဈေးကလည်း အလွန်ပေါသည်။

Honda ဆိုင်ကယ် မည်သည့် အပိုပစ္စည်းကိုမဆို ကော့သောင်းမြို့တွင် ဝယ်ယူရရှိနိုင်သည်။ Plug တစ်လုံးလျှင် (၂၅)ကျပ်သာ ပေးရသည်။ ကျွန်တော်တို့ အသုံးပြုသော Honda 70 ဘော်ဒီအမျိုးအစားမှာ ဂျိုးရိုးယားစစ်ပွဲသုံး အမျိုးအစားဖြစ်သောကြောင့် အကြမ်းခံသည်။ ဘော်ဒီအမျိုးအစားများမှာ မီးခိုးရောင်၊ တစ်မျိုးတည်းဖြစ်သည်။ တောင်ပေါ်တောင်တက် တောလမ်းကြမ်းသုံး (စစ်သုံး) ဆိုင်ကယ်အမျိုးအစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်ကယ်ဖြင့် ကော့သောင်းတွင် နှစ်နှင့်ချီ၍ စီးလာခဲ့သော ကျွန်တော် ရန်ကုန် (အင်းစိန်ထောင်) ရောက်တော့လည်း အလွန်သတိရမိသည်။ ထို့ကြောင့် ဆိုင်ကယ်တစ်စီးဝယ်ရန် ထောင်မှူးဘဝကတည်းက စုဆောင်းထားခဲ့သော ငွေစုလက်မှတ်များကို ထုတ်၍ စစ်ဆေးကြည့်တော့ (၄၀၀၀၀)ကျပ်ဖိုးခန့် ရှိနေသည်။ Second Hand ဆိုင်ကယ်တစ်စီးကို ရန်ကုန် ပေါက်ဈေးဖြင့် ဝယ်နိုင်သော အနေအထားဖြစ်သည်။

၁၉၈၇ ခုနှစ် ကုန်ခါနီးတွင် ကျွန်တော် ချော်တွင်းကုန်း၊ တိုင်းတပ်တွင်း ပညာပေးသင်တန်း၊ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ သဘောတရားသင်တန်းသို့ သုံးလခွဲခန့် တက်ရသည်။ အပတ်စဉ် ရုံးပိတ်ရက်တိုင်း အိမ်ပြန်ရသည်။ ဌာနက ကားကလည်း အပတ်စဉ် အကြိုအပို့မလုပ်နိုင်၊ သင်တန်းသားကလည်း ကျွန်တော် တစ်ဦးတည်း အကျဉ်းဦးစီးဌာနက ဖြစ်သည်။ စစ်ဘက်၊ နယ်ဘက်၊ အရပ်ဘက် ဌာနပေါင်းစုံက ပါဝင်ကြပါသည်။

ချော်တွင်းကုန်း သင်တန်းကျောင်းနှင့် အင်းစိန်မြို့မှာ မဝေးလှသော်လည်း ယခုခေတ်လို ပါရမီ လမ်းမကြီး မဖောက်ရသေးပါ။ ကျောင်းမှ ကုန်းကြောင်းလျှောက်၊ ပြည်လမ်းမကြီးသို့ရောက်မှ လိုင်းကားစီး၊ ဇော်ဘွားကြီးတုန်းလမ်းဆုံတွင် ဆင်း၍ အင်းစိန်ဘက်သို့ ကားပြောင်းစီးရပြန်သည်။ အဆင့်ဆင့်ဖြင့် ခရီးအလွန်ထောက်သည်။ ထို့ကြောင့် စီးတော်ယာဉ်တစ်စီး အမှန်တကယ် အမြန်လိုအပ်နေပြီဖြစ်သည်။

တစ်ရက် တနင်္ဂနွေနေ့ ရုံးပိတ်ရက်တွင် ကျွန်တော် အနှစ်နှစ်အလလက စုဆောင်းထားသော ငွေစုလက်မှတ်များကို ယူ၍ အင်းစိန် ထောင်ပိုင်ကြီး ဦးစိန်ဗွေး နေထိုင်သည့် ထောင်ဘူးဝအလယ်ထပ်၊ နေအိမ်ပေါ်သို့တက်သည်။ ထောင်ပိုင်ကြီးက ကျွန်တော့်ကို မြင်သည်နှင့် နေရာထိုင်ခင်းပေးပြီး ...

"ဦးသိန်းဝင်း ... သင်တန်းတက်ရတာ အဆင်ပြေရဲ့လား"

"သင်တန်းတက်ရတာ အဆင်ပြေပါတယ် ... ထောင်ပိုင်ကြီး ဒါပေမဲ့ သွားရလာရတာ အဆင်မပြေဘူးခင်ဗျ"

"ထောက်ဌာနက ကားအကြိုအပို့ မလုပ်ဘူးလား"





"သူတို့လည်း ကားမအားလို့ ဖြစ်ပါလိမ့်မယ်။ မမှန်ဘူး။ အဲဒါ ကျွန်တော် ထောင်မှူးဘဝကတည်းက စုဆောင်းထားတဲ့ ငွေစုလက်မှတ်ကလေးတွေနဲ့ ငွေထုတ်ပြီး ဆိုင်ကယ်တစ်စီး ဝယ်ချင်လို့ ထောင်ပိုင်ကြီးဆီမှာ လာခွင့်တောင်းတာပါခင်ဗျာ"

"ဘယ်လောက်ရှိသလဲ ... ဦးသိန်းဝင်း"

"လေးသောင်းကျပ်ဖိုးလောက် ရှိပါတယ်"

"ဟော့သည်မှာပါခင်ဗျာ"

"ဝယ်စမ်းပါဗျာ ... တခြားထောင်မှူးတွေတောင် ဂေါက်ဆက်တွေကို လေးငါးသောင်းပေးပြီး ဝယ်သုံးနေကြတာ။ ခင်ဗျားက ထောင်မှူးကြီးပဲ ဝယ်သုံးစမ်းပါဗျာ"

"ကျွန်တော် ထောင်ပိုင်ကြီးကို အသိပေးပြီး အခွင့်တောင်းတာပါခင်ဗျာ"

"ဝယ်စမ်းပါဗျာ"

သို့နှင့် ကျွန်တော် ဆိုင်ကယ်တစ်စီးဝယ်ရန် စုံစမ်းထောက်လှမ်းရတော့သည်။ ထိုစဉ်က မဂိုလမ်း (ယခု ရွှေဘုံသာလမ်း)တွင် နေထိုင်သည့် နိုင်ငံခြားပစ္စည်းမျိုးစုံ ရောင်းဝယ်သော ဦးကျော်ဟန်နှင့် ကျွန်တော် ဆက်မိသည်။ သူ့ကို ကျွန်တော် ထောင်မှူးဘဝက ကုန်သည်ကြီးများ အဖမ်းခံရစဉ်က ထောင်ထဲ၌ သိရှိဖူးသည်။ အလွန် သဘောကောင်းသူဖြစ်သည်။ ဆိုတုလားလူမျိုးတစ်ဦးဖြစ်သည်။

ကျွန်တော် ဦးကျော်ဟန်ဆိုင်သို့ ရောက်သွားတော့ သူက သူ့ဆိုင်အတွင်းရှိ ဆုံလည်ကုလားထိုင်ကြီးပေါ်တွင် ထိုင်၍ အလုပ်သမားများအား ညွှန်ကြားနေရာမှ ကမန်းကတန်း ထ၍ ...

"ဟာ ... ဆရာထောင်မှူးကြီး၊ ဘယ်လိုကဘယ်လို ရောက်လာတာလဲ။ ကျွန်တော်လည်း သတိရနေတာပါ။ ထောင်က ထွက်လာခါစ အလုပ်တွေများနေလို့ ဆရာဆီ မလာဖြစ်သေးတာပါ"

"နေပါဗျာ ... ကျွန်တော့်ကို အခန်းလူကြီးမြင့်ဦးက ညွှန်လိုက်တာ။ မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ချင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... ကျွန်တော့်ဆိုင်မှာက အခုလောလောဆယ် ရေခဲသေတ္တာတွေပဲ ရောင်းတာ။ မော်တော်ဆိုင်ကယ် မရောင်းဘူး ဆရာရဲ့"

"ဦးကျော်ဟန်ကလည်း နောက်နေပြန်ပါပြီဗျာ။ ခင်ဗျား မော်တော်ဆိုင်ကယ် မရောင်းမှန်း သိပါတယ်။ ဒါပေမဲ့ အဆက်အသွယ်ရှိတယ် မဟုတ်လား"

"ဒါလည်း အခန်းလှူကြီးမြင့်ဦး ချွန်လိုက်တာ မဟုတ်လား"

"ခင်ဗျားက အဆက်အသွယ်ကောင်းတော့ မော်တော်ဆိုင်ကယ် ရောင်းမဲ့ ပုဂ္ဂိုလ်တွေနဲ့ ချိတ်ဆက်ပေးစမ်းပါဗျာ။ ဒီအတိုင်း လျှောက်မေးရင် အဆင်ပြေမှာ မဟုတ်လို့ပါ"

"ရပါတယ် ... ဆရာရယ်။ ကျွန်တော့်အဆက်တွေ ရှိပါတယ်။ လောလောဆယ်တော့ အပူကလေး အအေးကလေး သောက်ပါဦး"

ဦးကျော်ဟန်က ညွှန်ခဲ့သဖြင့် ကျွန်တော် ကော်ဖီသောက်ရင်း သူ့ဆိုင်ကြီးအား လေ့လာအကဲခတ်ရသည်။ ဂျပန်နိုင်ငံလုပ် ရေခဲသေတ္တာ အမျိုးအစားများစွာကို တွေ့ရသည်။ အားလုံး အသစ်များပင်ဖြစ်သည်။

✿ ✿ ✿

❑

"ဆရာ ... ကျွန်တော့်မိတ်ဆွေ ဆိုင်ကယ်ရောင်းတဲ့သူတွေက ကန်တော်လေးဘက်မှာ ရှိတယ်။ စားသောက်ပြီးရင် အဲဒီဘက်ကို သွားကြရအောင်။ ပစ္စည်းလည်းကောင်းမယ်၊ ဈေးလည်း သက်သာပါလိမ့်မယ်"

သို့နှင့် ကျွန်တော့်ကို ကန်တော်ကလေး မြန်မာ့ဂုဏ်ရည်လမ်းနှင့် လှူဆိုင်ရုံလမ်းဘက်သို့ သွားကြည့်ကြသည်။ Super cub အမျိုးအစား ဆိုင်ကယ်ကလေးများနှင့် Honda အမျိုးအစား၊ (125)နှင့် (250) အမျိုးအစား ဆိုင်ကယ်များကို တွေ့ရသည်။ အသစ်များ မဟုတ်ကြပါ။ အသုံးပြုပြီးသော





Second ဆိုင်ကယ်များဖြစ်သည်။ ဦးကျော်ဟန် ပါသောကြောင့် သူ၏ ဆိုင်ကယ်ပိုင်ရှင် မိတ်ဆွေများက ဈေးလျှော့ရောင်းမည်ဟု ဆိုကြပါသည်။

ထိုနေ့က အကြိုက်မတွေ့သောကြောင့် ကျွန်တော်တို့ ပြန်ခဲ့ကြပါသည်။ ဦးကျော်ဟန်ကတော့ သူ့ကို အချိန်ပေးပါ၊ စုံစမ်းထားပြီး ဖုန်းဆက်ပြောမည်ဆိုပါသည်။ ထို့ကြောင့် ကျွန်တော် အင်းစိန်သို့ ပြန်ခဲ့သည်။ အိမ်တွင်ရေမိုးချိုး ညစာစားပြီး နောက် ချော်တွင်းကုန်း သင်တန်းကျောင်းသို့ ဒွာနကားကို ချောဆွဲပြီး ပြန်ခဲ့ပါတော့သည်။

နောက်တစ်ပတ် စနေနေ့ညနေ ကျွန်တော် အင်းစိန်အိမ်ပြန်ရောက်တော့ ဦးကျော်ဟန်ဖုန်းဆက်ကြောင်း သူ့ဆိုင်သို့ တနင်္ဂနွေနေ့မနက်ခင်း ကိုးနာရီခန့်တွင် အရောက်လာရန် ပြောဆိုကြောင်း ဇနီးက ပြန်ပြောပါသည်။ ထို့ကြောင့် နောက်တစ်နေ့မနက်တွင် ကျွန်တော် မဂိုလမ်းရှိ ဦးကျော်ဟန်၏ ဆိုင်သို့ မနက် (၉)နာရီခန့် အရောက်သွားသည်။ ခရီးရောက်မဆိုက်ဘဲ ဦးကျော်ဟန်က ဆီးကြို၍ ...

"ဆရာ ... ကံကောင်းတာပဲ။ သဘောကျ ဆိုင်ကယ်အသစ်တစ်စီး ရဖို့ရှိတယ်။ အမျိုးအစားက (Kawa-saki-400) အမျိုးအစား Model အသစ်ကြီးပဲ"

"အရောင်က ဘာအရောင်လဲ ... ဦးကျော်ဟန်"

"အနက်ရောင်ဗျ ... လက်ကိုင်အကော့ကြီးနဲ့ ဆိုင်ကယ်ကြီးပေမဲ့ စက်နှိုးရ အလွန်လွယ်တယ်။ Hand starter နဲ့ Kick starter နှစ်မျိုးပါတယ်။ ဘီးခွေကလည်း စမုတ်တံမဟုတ်ဘူး။ အလူမီနီယမ် ဒလက်ကြီးတွေနဲ့ အခု ပွဲစားတွေ အခေါ်ကတော့ မျောက်ထိုင် ဆိုင်ကယ်လို့ ခေါ်ကြတယ်။ စီးတော့ ခါးကုန်းပြီး စီးစရာမလိုဘဲ မတ်ကျကျ ထိုင်ပြီးစီးရတာ လူ့ အလွန် သက်သာတယ်"

"ဦးကျော်ဟန် ... ဘယ်မှာ ကြည့်ရမှာလဲ။ ဈေးကရော ဘယ်လောက်တဲ့လဲ"

"ပန်းဆိုးတန်းဆိပ်ကမ်းမှာ သွားကြည့်ရမှာ ဆရာ။ ပိုင်ရှင်က နိုင်ငံခြား သင်္ဘောသား။ သူ့အဖေက ကချင်ပြည်နယ် အမတ်မင်း ဆမားဒူးဝါး

www.burmeseclassic.com

www.burmeseclassic.com



ဆင်ဝါးနောင်တဲ့။ သူ့နာမည်က ကိုလဆိုင်းပဲ။ အလွန် သဘောကောင်းတယ်ဗျ။ ဆရာနဲ့ အဆင်ပြေမှာပါ။ ဈေးကတော့ လေးသောင်းခွဲတဲ့ ဆရာ"

"အဲဗျ ... ကျွန်တော့်မှာ အဲဒီလောက် မရှိဘူး။ လေးသောင်းလောက်ပဲ ငွေရှိတယ်"

"ဆရာကလည်းဗျာ ... လိုတဲ့ငွေ ကျွန်တော့်ဆီက ယူပေါ့"

"အဲ့လိုလည်း မဖြစ်ပါဘူး ... ဦးကျော်ဟန်ရယ်။ ဆိုင်ကယ်ကို ကြိုက်ရင်တော့ ကျွန်တော့်ဘာသာ ရှာပါ့မယ်။ အခု ဆိုင်ကယ်ဈေးက ဖင်မလီယာကားတစ်စီးတန်ဖိုးလောက် ဖြစ်နေတော့ နည်းနည်းစဉ်းစားရတာပေါ့ဗျာ"

"ဆရာကလည်း ဖင်မလီယာကားတွေက ဟောင်းနွမ်းစုတ်ပြတ်နေပြီ။ အခု ဆိုင်ကယ်က သဘော်ချ အသစ်ကြီးဆရာရဲ့။ (Kawa Saki) အမျိုးအစား ဆိုင်ကယ်တွေက အမေရိကန်မှာ လူကြိုက်အများဆုံးပဲ။ ဗမာပြည်မှာသာ Honda အမျိုးအစားတွေက ခေတ်စားနေတာ"

"အပိုပစ္စည်းကရောဗျာ"

"(Kawa Saki) အမျိုးအစားက အနောက်တိုင်းသုံးဆိုတော့ ဗမာပြည်မှာ အပိုပစ္စည်း နည်းနည်းရှားတယ်။ Honda ပစ္စည်းလောက် မပေါဘူး။ ဒါပေမဲ့ ကျွန်တော့် အဆက်အသွယ်တွေရှိပါတယ်။ မပူပါနဲ့"

သို့နှင့် ကျွန်တော်နှင့် ဦးကျော်ဟန် ပန်းဆိုးတန်းဘက်သို့ ထွက်ခဲ့ကြသည်။ ပန်းဆိုးတန်း ဆိပ်ကမ်းအတွင်းသို့ ခွင့်တောင်း၍ ဝင်ခဲ့ကြပြီးနောက် ရုံးတစ်ရုံးရှေ့တွင် ဆိုင်ကယ်ကြီးတစ်စီး ရပ်ထားသည်။ အခြားကားများ ရပ်ထားသော်လည်း ကျွန်တော်တို့ ဆိုင်ကယ်ကြီးကိုသာ အလွန်သဘောကျမိသည်။

(Kawa Saki) LTD (400) အမျိုးအစား အနက်ရောင်ဆိုင်ကယ်အသစ်ကြီးဖြစ်သည်။ ကျွန်တော်တို့နှစ်ဦး ဆိုင်ကယ်ကြီးအား ပတ်၍ ကြည့်နေစဉ်၌ပင် လူတစ်ဦး ရောက်လာသည်။

"ဟော ... ဦးကျော်ဟန်၊ ဦးကျော်ဟန် ပြောထားတဲ့ ဆိုင်ကယ်ဝယ်မယ်ဆိုတဲ့ ဆရာပါလားပြီလား။ စိတ်ကြိုက်ကြည့်ဗျာ။ စီးလည်းကြည့်





…ဦး ဆိုင်ကယ်က ကြီးပေမဲ့ စက်နိုးလို့ အလွန်လွယ်တယ်။ စီးရတာလည်း အလွန်ပေါ့ပါးတယ်။ အရောင်းအဝယ်တည့်ရင်တော့ ကျွန်တော့်မှာရှိတဲ့ ဒီဆိုင်ကယ်နဲ့ ပတ်သက်တဲ့ အပိုပစ္စည်းတွေ အားလုံးပေးမယ်ဗျာ။ ကျွန်တော်က Motor cycle crazy ဗျ။ ဒါပေမဲ့ အိမ်ကမိန်းမက ကားဝယ်စီးဖို့ ပူဆာနေလို့ ဒီဆိုင်ကယ်ကြီးကို ရောင်းရမှာ အတော်နှမြောတယ်ဗျ"

"ကျွန်တော် ကြိုက်ပါတယ်။ ဈေးလည်း ပြောပါဦး"

"ကျွန်တော် ဦးကျော်ဟန်ကို လေးသောင်းခွဲနဲ့ ပြောထားတယ်။ ဒါပေမဲ့ ဆရာက အင်းစိန်ထောင်က ထောင်မှူးကြီးဆိုတော့ မိတ်ဖြစ်ဆွေဖြစ် လေးသောင်းသုံးထောင်ပဲ ပေးဗျာ"

"ဟုတ်ကဲ့ ... ကိုဆိုင်း၊ ကျေးဇူးတင်တယ်ဗျာ။ မနက်ဖြန်မှ ငွေ…ပါရစေ၊ ကျွန်တော် ဘယ်ကိုလာရမလဲ"

"၃၆ လမ်းအိမ်ကို လာခဲ့ဗျာ။ မနက်ပိုင်း (၁၂)နာရီမထိုးခင် လာခဲ့…။ ကျွန်တော် စောင့်နေပါ့မယ်"

"အဲ ... နေဦးဗျ။ မနက်ဖြန် တနင်္လာနေ့ မဟုတ်လား။ ကျွန်…ကာ သင်တန်းတက်နေရတော့ မအားဘူးဗျ။ ညနေပိုင်းမှ အဆင်ပြေ…ယ် ထင်ပါရဲ့"

"အေးဗျာ ... အဲဒါဆိုရင်လည်း ကျွန်တော် ညနေပိုင်းလည်း စောင့်…မယ်။ ဘယ်မှမသွားပါဘူး"

"ဟုတ်ပြီဗျာ ... ကျွန်တော် ဆက်ဆက်လာပါ့မယ်။ သင်တန်းချိန်…(၄:၃၀)မှပြီးတာမို့ ကိုဆိုင်းဆီကို ကျွန်တော် ညနေ (၇) နာရီမထိုးခင်…ရောက်ဆက်ဆက် လာခဲ့ပါ့မယ်"

ထို့ကြောင့် အိမ်ပြန်လာခဲ့ပြီး ကျွန်တော် စုဆောင်းထားသော ငွေ…လေးသောင်းအပြင် လိုအပ်သောငွေ သုံးထောင်ကိုလည်း ရှာရဖွေရပါသေးသည်။ ထိုခေတ်ထိုအခါက ငွေထောင်ဂဏန်း၊ သောင်းဂဏန်း ဆိုသည်မှာ…န်ဖိုးရှိပြီး များပြားသော ငွေအရေအတွက်ဖြစ်ပါသည်။

နောက်တစ်နေ့တွင် သင်တန်းချိန်ကို တစ်ဝက်တက်ပြီး သင်တန်းဆရာမထံခွင့်တောင်း၍ အင်းစိန်အိမ်သို့ ပြန်ပြီး ငွေယူရသည်။ ပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com



မြို့ထဲသို့ ထွက်ခဲ့ပါတော့သည်။ ကိုဆိုင်း အိမ်သို့ ညနေ (၃)နာရီအချိန်ခန့် ရောက်ရှိပါသည်။ ကိုဆိုင်းမှာ ယနေ့ ဘယ်မျှ သွားပုံမရပါ။ အသင့်စောင့် မျှော်နေဟန် တူသည်။ ကျွန်တော်တို့နှစ်ဦး စာချုပ်ချုပ်ပြီး ငွေချေတော့ ကိုဆိုင်းက Tool Box အပြင် ဆိုင်ကယ်ဦးထုပ်နှစ်လုံးနှင့် အခြားအပိုပစ္စည်း ကလေးများကိုလည်း လက်ဆောင်ပေးသည်။ ထို့အပြင် ကျွန်တော့်အား နိုင်ငံခြား ဝီစကီအရက်ပုလင်း တစ်လုံးကိုလည်း ပေးပါသေးသည်။

ဆိုင်ကယ်ကြီးမှာ စက်အားကောင်းသော Clutch ဆိုင်ကယ် ဖြစ်သော်လည်း ထိုင်ရသည်မှာ လွန်စွာ သက်သာသည်။ ကျွန်တော်တို့လို အရပ်ရှည်သူများနှင့်လည်း အလွန်လိုက်ဖက်ပါသည်။ Kick starter ဖြင့် စက်မနှိုးဘဲ Handel ခေါ် ညာဘက်လက်ကိုင်ပေါ်ရှိ ခလုတ်ကလေးကိုနှိပ်ရုံဖြင့် ညင်သာစွာစက်နှိုးသည်။ ထို့ကြောင့် ကျွန်တော် ကိုဆိုင်းကို နှုတ်ဆက်၍ ဆိုင်ကယ်ကြီးစီးပြီး အင်းစိန်အိမ်သို့ ပြန်ခဲ့သည်။ ထိုဆိုင်ကယ်ကြီးအား ဇနီးသည်အားပြပြီး ညစာစားပြီးမှ ကျွန်တော် သင်တန်းကျောင်းသို့ ပြန်ခဲ့သည်။ စေလိုရာစေ စီးတော်မြင်းကြီးရှိသောကြောင့် ကျွန်တော် ညအတော်မိုးချုပ်မှ သင်တန်းကျောင်းသို့ ပြန်ခဲ့ပါတော့သည်။

သင်တန်းပြီးဆုံး၍ ကျွန်တော် အင်းစိန်ထောင်သို့ ပြန်ရောက်သောအခါ ထိုဆိုင်ကယ်ကြီးကို ပိတ်ရက်များတွင် ရန်ကုန်မြို့တွင်းသို့ ထွက်၍ အလည်အပတ်သွားရင်း စီးလေ့ရှိပါသည်။ ထိုခေတ်ထိုအခါက ဓာတ်ဆီ တစ်ဂါလန်လျှင် (၂ ကျပ် ၅၀ ပြား)သာ ဈေးရှိသည်။ ဆိုင်ကယ် အငယ်ဆုံးမှ (၂၅၀) စီစီအထိ တစ်ပတ်လျှင် တစ်ဂါလန်သာ ရရှိသည်။ ကျွန်တော်၏ (၄၀၀) စီစီ ဆိုင်ကယ်ကြီးကတော့ တစ်ပတ်လျှင် (၂ ဂါလန်) ရပါသည်။ ဓာတ်ဆီစာအုပ်ဖြင့် ဝယ်ရခြင်းဖြစ်သည်။ သို့သော် အသုံးနည်းသောကြောင့် ဓာတ်ဆီများက ပိုနေပါသည်။

ထို့ကြောင့် အင်းစိန်ထောင်ဝင်းအတွင်းရှိ ကျွန်တော်နေသော အိမ်၏ အနောက်ဘက်တွင် အုတ်ကန်ကလေးလုပ်၍ ဓာတ်ဆီများကို ပလပ်စတစ်ပုံးဖြင့်ထည့်ပြီး အုတ်ကန်အတွင်း၌ မီးဘေးလုံခြုံရေးအတွက် အဖုံးပိတ်၍ သော့ခတ်ပြီးထားရသည်။ ဤသည်များမှာလည်း ကျွန်တော်၏ ရှေ့ရေး



အတွေးခေါ် မြော်မြင်ပြီး စနစ်တကျ ကြိုတင်၍ လုပ်တတ်သော ဝါသနာကြောင့် ဖြစ်ပါသည်။ ထိုဝါသနာများကြောင့် နောက်ပိုင်းတွင် ကျွန်တော် အန္တရာယ်ကင်းပုံများကိုလည်း ဆက်လက်ဖော်ပြပါဦးမည်။

ဆိုင်ကယ်ကြီးမှာ သင်တန်းတက်စဉ် အချိန်က လွန်စွာအသုံးဝင်သော်လည်း ထောင်သို့ ပြန်လည်ရောက်ရှိသောအချိန်တွင် အချိန်အားနည်းခြင်းကြောင့် ဆိုင်ကယ်ကြီးကို စီးရာ၌ပင် ဓာတ်ဆီသွားထုတ်ချိန်နှင့် အရေးပေါ်ကိစ္စများမှတစ်ပါး စီးခြင်းမရှိပါ။ ထိုစဉ်ထိုအခါက (၁၉၈၈) ခုနှစ်အတွင်းသို့ ရောက်သောအခါ တစ်တိုင်းပြည်လုံး ဆူပူအုံကြွမှုများကြောင့် ထောင်ဝန်ထမ်းများဖြစ်ကြသော ကျွန်တော်တို့မှာ ပြင်ပသို့ထွက်ခဲပြီး အသွားအလာ အလွန်နည်းသောကြောင့် ဆိုင်ကယ်ကြီးကို ဝယ်ထားရခြင်းမှာ ဝန်ထုပ်ဝန်ပိုးလို ဖြစ်နေသည်။

အရေးအခင်းကာလသို့ ရောက်သောအခါ ဆိုင်ကယ်ကြီးကို မည်သည့်နေရာတွင် လုံခြုံစိတ်ချရအောင် ထားရမည်မှန်းမသိပါ။ ထောင်ဝင်းအတွင်းရှိ အိမ်မှာလည်း ဆိုင်ကယ်ကြီးကိုထားရန် စိတ်မချရပါ။ ထို့ကြောင့် ကျွန်တော် ထောင်အတွင်း ရိက္ခာဌာနတွင် ထားရှိသည်။ ဟိုလူကလိ ဒီလူကလိနှင့် လက်များသောကြောင့် ကျွန်တော် တာဝန်ထမ်းဆောင်ခဲ့သော အချုပ်ရုံးဟောင်းသို့ ပြောင်းရွှေ့ပြီး ထားလိုက်ပြန်သည်။ လိုရမည်ရ ဓာတ်ဆီများကို အကုန်ထုတ်၍ ရိက္ခာဌာန ဓာတ်ဆီဂိုဒေါင်တွင် သွားထားသည်။ သို့သော် ကျွန်တော်၏စိတ်အတွင်း၌ ဖြစ်ပေါ်နေပြီး နှိုးဆော်တိုက်တွန်းချက်အရ အရေးအခင်းဖြစ်၍ အဆောင်များအား အကျဉ်းသားများက မီးရှို့ဖျက်ဆီးလျှင် ကျွန်တော့်ဆိုင်ကယ်အတွင်းမှ ဓာတ်ဆီများရ၍ မီးရှို့သည်မှာ ထင်မြင်ကြမည်။ ကျွန်တော် အရေးယူခံရဦးမည်ဖြစ်သည်။

အမှန်တော့ ကြိုတင်ဆင်ခြင်ပြီး ဓာတ်ဆီများကို ထုတ်၍ ထောင်ရိက္ခာဌာနဂိုဒေါင်တွင် အပ်နှံထားခြင်းဖြစ်သည်။ နောက်နေ့များတွင်လည်း ကျွန်တော် ပြင်ပတွင် တာဝန်ထမ်းဆောင်ရင်း တွေးပူနေမိသည်။ ဆိုင်ကယ်ကြီးဆုံးရှုံးမည်ကို ကျွန်တော် တွေးမပူပါ။ ကျွန်တော်၏ ဆိုင်ကယ်ကြီးထဲမှ ဓာတ်ဆီများကိုထုတ်၍ မီးရှို့မည်ကိုသာ တွေးပူနေမိခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် (၂၅–၈–၈၈)ရက်နေ့တွင် ကျွန်တော်၏ ဆိုင်ကယ်ကြီးအား (၂) ဆောင် အချုပ်ခန်းမှ ထောင်ပြင်သို့ ပြန်ထုတ်လာခဲ့သည်။ ထောင်ဝင်းအတွင်းအိမ်၌ ထားရန်လည်း မလုံခြုံသောကြောင့် ကျွန်တော်၏ မိခင်၊ဖခင်များနေထိုင်ရာ သမိုင်းအိမ်သို့ သွားထားရန် စိတ်ကူးပေါက်မိခြင်းဖြစ်ပါသည်။ ထိုအချိန်က နယ်ထောင်များ အဓိကရုဏ်းဖြစ်ပြီး ထောင်များပွင့်ပြီး အကျဉ်းသား၊ အချုပ်သား လွတ်ထွက်ကုန်သော သတင်းများက ကြားနေရပါသည်။

ထို့ကြောင့် ထိုနေ့ နေ့လယ်ပိုင်းတွင် အရပ်ဝတ်ဝတ်ပြီး ဆိုင်ကယ်ကြီးအား သမိုင်းရှိ အစ်ကိုကြီးအိမ်သို့ သွားထားပြီး ဟန်မပျက်ပြန်နေပါသည်။ ဆိုင်ကယ်ကြီးအား လွတ်ကျွတ်ရာတွင် သွားထားနိုင်သောကြောင့် စိတ်အလွန်ချမ်းသာပါသည်။ နောက်ဆံလည်း မတင်းရတော့။ ဤသည်မှာလည်း ကျွန်တော်၏ ခေါ်စိတ်မှ နှိုးဆော်တိုက်တွန်းနေခြင်းဖြစ်ကြောင်း နောက်ပိုင်းမှ သိရပါသည်။

စကားစပ်၍ ပြောရပါဦးမည်။ ထိုစဉ်အခါများက ကျွန်တော်၏ အသက်မှာ (၃၀)ကျော်ပတ်ဝန်းကျင်ခန့် ရှိသော်လည်း ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းအမှုများကို အချိန်ရလျှင်ရသလို စတင်ကျင့်ကြံနေသော အချိန်အခါဖြစ်ပါသည်။

✿ ✿ ✿

# အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး စီးထောင်ခြင်း

❑

၂၆–၈–၈၈ ရက်နေ့ မနက် (၇)နာရီအချိန်ခန့်တွင် ကျွန်တော် ထောင်ကြီးအတွင်းသို့ မိကျောင်းတံဆိပ်စက်ဘီး အနက်ကလေးကို စီး၍ ဝင်ရောက်ခဲ့သည်။ ကျွန်တော်တို့နေသော အိမ်နှင့် ထောင်မကြီးမှာ မဝေးသောကြောင့် စက်ဘီးအသုံးပြုရန်မလိုပါ။ သို့သော် ကျွန်တော့်တွင် ထောင်ကြီး တင်းပတ်ရန် တာဝန်က ရှိသေးတာကြောင့် စက်ဘီးကို ယူလာခဲ့ခြင်းဖြစ်သည်။ ထောင်အတွင်းရှိ တာဝန်ကျသော အမှတ်(၅) အိပ်ဆောင်ကို စစ်ဆေးပြီးနောက်၊ မရိတ်သိမ်းတာကြာပြီဖြစ်သော နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးများအား ထောင်အလယ်ဗဟိုရှိ အုပ်ချုပ်ရေးရုံး (မိန်းဂျေး)တွင် ယနေ့ [illegible]ရိတ်သိမ်းရန် ဖြစ်ပါသည်။

မိန်းဂျေး၌ ယခင်အချိန်အခါများကလိုပင် ထောင်အရာရှိများ စုဝေး [illegible]ညီထားနေပါသည်။ မိန်းဂျေးဆိုသည်မှာ အကျဉ်းထောင်တစ်ခုလုံးကို ကြည့်ရှုနိုင်သည့် ထမင်းချက်ဖိုကြီးနှင့်လည်း နီး၍ ထမင်းချက်ဖိုရှိ အကျဉ်းသား

www.burmeseclassic.com



များနှင့် အိပ်ဆောင်များမှ ရုံးထုတ်အကျဉ်းသားများ ထောင်ဝင်စာတွေ့ရန် သွားသူများ၊ ထောင်ဆေးရုံတက်ရန်နှင့် အကျဉ်းထောင်တိုက်ခန်းများ သန့်ရှင်းရေးလုပ်ရန်အတွက် ဝင်ထွက်နေသော အချုပ်သား၊ အကျဉ်းသားများနှင့် လှုပ်ရှားစည်ကားနေသော နေရာလည်း ဖြစ်ပါသည်။

ကျွန်တော်တို့ အလုပ်တာဝန်ရှိ၍ ထောင်ဘူးဝသို့ သွားလာပြီး အပြန်တွင် မိန်းဂျေးတွင် ဝင်၍နားခိုခြင်း၊ စကားပြော ရေနွေးကြမ်းသောက်ရသည်မှာလည်း အလုပ်တစ်ခုဖြစ်ပါသည်။ ထို့ကြောင့် မိန်းဂျေးဆိုသည်မှာ လူအလွန်စုံသည်။ အိပ်ဆောင်များ လုံခြုံရေးအတွက် အုပ်ချုပ်ရေးရုံး ဖြစ်သောကြောင့် လူအင်အား ပြထားရန်လည်း လိုအပ်ပါလိမ့်မည်။ ထို့ကြောင့်လည်း ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေးများ ကိုယ်တိုင်ပင် အားလပ်ချိန်ရသဖြင့် မိန်းဂျေးတွင် လာရောက်ထိုင်ရင်း ရေနွေးကြမ်းသောက်လေ့ ရှိပါသည်။

ထို (၂၅-၈-၈၈)ရက်နေ့ မနက်က ကျွန်တော် မိန်းဂျေးရှေ့သို့ ရောက်တော့ အရာရှိပေါင်းစုံ ရောက်ရှိနေသောကြောင့် ကျွန်တော်အား လှမ်းခေါ်သည်။ ကျွန်တော်က အပြင်လုံခြုံရေးကင်းတာဝန် ရှိသေးသောကြောင့် လက်ကာပြပြီး မိန်းဂျေးမှ တပ်ကြပ်ကြီးဝင်းမြင့်ထံသို့ ကျွန်တော့်တွင် ပါရှိလာသည့် ကျည်ခါးပတ်နှင့် ခြောက်လုံးပြူးသေနတ်ကို အပ်နှံလိုက်သည်။ ဤသည်မှာ ကျွန်တော်၏ ထုံးစံဖြစ်သည်။ အခြားအရာရှိများကတော့ ခြောက်လုံးပြူးကို ခါးတွင်ချိတ်၍ ဝင့်ကြွားစွာ အိပ်ဆောင်အတွင်းသို့ ဝင်လေ့ရှိသည်။ ကျွန်တော်ကတော့ ကြိုတင်တွေးဆ ဆင်ခြင်သူပီပီ လက်နက်များကို အိပ်ဆောင်အတွင်းသို့ ယူလေ့မရှိပါ။

ထို့နောက် တပ်ကြပ်ကြီးဝင်းမြင့်အား မိန်းဂျေးတွင် လူရှုပ်သောကြောင့် (၂)ဆောင် အချုပ်ရုံးခန်းတွင် မှတ်ဆိတ်မွေး၊ နှုတ်ခမ်းမွေးများ သွားရိတ်ရန် ဆတ္တာသည်တစ်ဦးအား လွှတ်ပေးရန် ပြောဆိုခဲ့ပြီး (၅)ဆောင် အခြေအနေကို လှမ်း၍ အကဲခတ်ပြီး (၂)ဆောင်အတွင်းသို့ စက်ဘီးကလေးကို တွန်း၍ ဝင်ခဲ့သည်။ ကျွန်တော် (၂)ဆောင်အချုပ်ရုံးရှေ့ ထိုင်ခုံတွင် စက်ဘီးကလေးအား မှီ၍ရပ်ခဲ့ပြီး ရုံးခန်းအတွင်းသို့ဝင်လာတော့ အချုပ်ရုံးတာဝန်ခံ





ထောင်မှူးကြီး ဦးစိန်လွင် စားပွဲတွင် အချုပ်သားများ ဝိုင်းအုံနေကြသည်။ ထောင်မှူးကြီး ဦးစိန်လွင်ကိုပင် မမြင်ရ။ သူ့အသံကိုတော့ ကြားနေရသည်။ သူတို့ အချုပ်သားမှတ်ပုံတင် အမှားအယွင်းတစ်ခုအား ပြောဆိုနေကြခြင်းဖြစ်ပါသည်။

သို့သော် အချုပ်ရုံးခန်းအတွင်း၌ ဝန်ထမ်းများနှင့် ကျွန်တော်၏ တပည့်လက်ရင်း၊ တပည့်များဖြစ်ကြသည့် ပိန်စိမ်း၊ ဝင်းမြင့်နှင့် အောင်မြင့်ထင်တို့အား မမြင်ရပါ။ ထောင်မှူးကြီးဦးစိန်လွင်အား ဝိုင်းအုံနေသူများက ထောင်မှူးကြီး ဦးစိန်လွင်ရောက်မှ အသင့်ခန့်ထားသော သူ၏တပည့်များ အသစ်များ ဖြစ်ပုံရပါသည်။

ကျွန်တော်၏ စိတ်ထဲတွင် ထူးဆန်းသလိုခံစားမိသည်။ ထို့နောက် အနောက်ဘက်ခန်းသို့ဝင်ပြီး မိလ္လာဆောင်၌ အပေါ့အပါး သွားလိုက်သည်။ ထိုစဉ်တွင် ကျွန်တော်၏ လက်ရင်းတပည့်များအား အချုပ်သားများ ဝန်းရံထားသည်ကို မြင်ရသည်။ ထို့အပြင် ထောင်ပိုင်တန်းစီသော တနင်္လာနေ့ဟောတ်ဘဲနှင့် အချုပ်သားများ အိပ်ကြသော အိပ်ရာခင်းများကို တိုးချဲ့ဆောင်အတွင်း၌ စုပုံ၍ နေကြသည်ကိုလည်း လှမ်းမြင်လိုက်ရသည်။ အခြေအနေက မရိုးသားသလို ခံစားမိပြီး နားအတွင်းသို့ အချက်ပေးခေါင်းလောင်းသံကြားရသလို သက်ာမကင်းဖြစ်မိသည်။

ထို့ကြောင့် ဗာဒံပင် တိုးချဲ့ဆောင်အရှေ့၌ ထိုင်နေကြသော တပည့်ရင်းသားကို လှမ်းကြည့်မိတော့ ပိန်စိမ်းခေါ် ရုံးခန်းရဲဘက်စာရေးကလေးက ကျွန်တော့်အား မျက်စိတဖက် မှိတ်ပြသည်။ လက်ဟန်ခြေဟန်ပင် မပြောနိုင်ရှာပါ။ ၎င်းရဲဘက်စာရေးကလေးများမှာ ကျွန်တော်တို့အား လွန်စွာရိုသေ၍ လေးစားသူများဖြစ်ကြပါသည်။ သို့သော် ထိုင်ရာက မထကြပါ။ အခြေအနေက ထူးခြားနေကြောင်း ကျွန်တော်သိသည်။ ထို့ကြောင့် ရုံးခန်းအတွင်းမှ ပြန်ထွက်ခဲ့ရာ ထောင်မှူးကြီးဦးစိန်လွင်ကို အချုပ်သားများက ဝိုင်းထားဆဲ၊ ကျွန်တော့်အား မုတ်ဆိတ်မွေးရိတ်ပေးသည့် ဆတ္တာသည်ကလည်း သေတ္တာကလေးဆွဲ၍ ဝင်ရောက်လာသည်။ ကျွန်တော့်ကို မြင်သည်နှင့် . . .

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ ... မှတ်ဆိတ်မွေးရိတ်မယ်ဆို ဘယ်နားမှာ ရိတ်မှာလဲ"

"မရိတ်တော့ဘူးကွာ၊ နောက်မှပဲ ရိတ်မယ်"

ဟုပြောဆိုပြီး ကျွန်တော် တိုင်တွင်မှီ၍ ထောင်ထားသည့် စက်ဘီးကလေးကိုတွန်း၍ အချုပ်ရုံးခန်းအပြင်သို့ ထွက်လိုက်သည်နှင့် 'တဟေးဟေး' အော်သံများကို ကြားရတော့သည်။ ကျွန်တော် အမှတ်(၂) အိပ်ဆောင် ဝင်းတံခါးဝသို့ ရောက်သောအချိန်တွင် သံတိုင်ဝင်းတံခါးအား ပိတ်ပြီး ရဲဘက်ရိုကြီးတွင် တာဝန်ကျသည့် အကျဉ်းသား ကွဲကြီးနှင့် ကွဲလေးညီအစ်ကိုက စောင့်နေကြပြီး ...

"ဟဲ့ကောင်တွေ ... တံခါးဖွင့်စမ်း"

ဟု ကျွန်တော်က ဝေါက်လိုက်တော့ ယယ်ကြောက်များပီပီ ...

"ဟုတ်ကဲ့ ဆရာ"

ဟု ပြောဆို၍ သံတိုင်ဝင်းတံခါးကို ဖွင့်ပေးသည်။ ကျွန်တော် အပြင်သို့ ရောက်သည်နှင့် သူတို့ တိုင်ပင်တိုက်ထားသည့်အတိုင်း 'တဟေးဟေး' အော်၍ ရှန်ချင်းဆန်ခတ် ဖြစ်သွားပြီး အိပ်ဆောင်များကို မီးရှို့ကြတော့သည်။ ကျွန်တော် သီသီကလေး လွတ်မြောက်ခဲ့ခြင်းဖြစ်သည်။ ကျွန်တော် မိန်းဂျေးရှေ့သို့ရောက်၍ တစ်ကြပ်ကြီးဝင်းမြင့်ထံမှ ကျည်ခါးပတ်နှင့် သေနတ်ကိုတောင်းယူနေစဉ် အိပ်ဆောင်အသီးသီးက မီးခိုးလုံးများ ထွက်လာပြီး အော်ဟစ်ဆူညံသံများကို ကြားရတော့သည်။

အမှတ်(၁)အိပ်ဆောင်မှစပြီး အမှတ်(၂)အိပ်ဆောင်ကလည်း မီးရှို့ခံရခြင်းဖြစ်သည်။ မိန်းဂျေးရှိ လုံခြုံရေးတစ်ဖွဲ့ကလည်း သေနတ်များ မိုးပေါ်ထောင်၍ ခြိမ်းခြောက်အော်ဟစ်ပြီး ဆူပူမှုကို ထိန်းရင်း ပစ်ခတ်ကြတော့သည်။ သို့သော် အမှတ်(၃)အိပ်ဆောင်၊ အမှတ်(၄)အိပ်ဆောင်၊ အမှတ်(၅)အိပ်ဆောင်တို့ကပါ လူစုလူဝေးဖြင့် အော်ဟစ်ဆူပူ သောင်းကျန်းကြသောကြောင့် အကျဉ်းထောင်အတွင်း အရေးအခင်းကြီး ပြင်းထန်သော အဟုန်ဖြင့် စတင်နေပြီဖြစ်သည်။

ထောင်အတွင်းမှ မီးခိုးလုံးနှင့် မီးတောက်ကြီးများတက်လာပြီး ပစ်ခတ်သံများကိုပါ ကြားရသောကြောင့် ထောင်ဇရိယာအပြင်၌ စုဝေးနေ





သော လူထုကြီးကလည်း ဝိုင်းဝန်းပြီး အော်ဟစ်ကြပါသည်။ ကျွန်တော်၏ တာဝန်မှာ ပြင်ပလုံခြုံရေး တာဝန်လည်း ရှိသေးသောကြောင့် စက်ဘီးကလေးကို စီးပြီး ထောင်ဘူးဝသို့ အလျင်အမြန် ထွက်ခဲ့ရတော့သည်။ ထောင်ဘူးဝ အဝင်တံခါးအရောက်တွင် ဒုတိယတာဝန်ခံထောင်ပိုင် ဦးလှဖေနှင့် ဒုတိယထောင်ပိုင် ဦးသောင်းလွင်တို့ ထွက်လာကြပြီး ကျွန်တော်နှင့် တွေ့ဆုံတော့ ...

"ဦးသိန်းဝင်း ဘာဖြစ်တာလဲဗျ"

"ဆရာတို့ရေ ... အချုပ်သား အကျဉ်းသားတွေက အဆောင်ထဲမှာ အိပ်ရာလိပ်တွေကိုပုံပြီး မီးရှို့အော်ဟစ်ဆန္ဒပြကြတာ မိန်းဂျေးက လုံခြုံရေးတစ်ဖွဲ့ကလည်း ပစ်ကုန်ကြပြီ။ ကျွန်တော့်မှာ ပြင်ပလုံခြုံရေး ကင်းတာဝန်ရှိသေးလို့ အဲဒီနေရာကို ပြေးရတော့မယ်"

ကျွန်တော် ပြောပြောဆိုဆိုပင် ထောင်တံခါးကြီးအတွင်း ဝင်ခဲ့ပြီး ထောင်ထဲကထွက်၍ ကျွန်တော်တာဝန်ကျရာ အိမ်မဲကြီးဘန်ကာကင်းရှိရာသို့ အလျင်အမြန် စက်ဘီးနင်း၍ ပြေးခဲ့ရသည်။ ထောင်အုတ်ရိုး အပြင်ရောက်မှ ထောင်ဝင်းအပြင်က ဝိုင်းဝန်းအော်ဟစ် ဆူပူနေကြသော လူအုပ်ကြီး၏ အသံများကို ကျယ်ကျယ်လောင်လောင် ကြားရသည်။

မကြာပါ ထောင်အုတ်ရိုး မိုးမျှော်စင်များမှလည်း သေနတ်များဖြင့် ပစ်ခတ်သံကို ကြားရတော့သည်။ အဆောင်အတွင်း အုတ်ရိုးအား ကျော်၍ အကျဉ်းသားများ ထွက်လာကြဟန်တူပါသည်။ ကျွန်တော် အိမ်မဲကြီးကင်းသို့ ရောက်သောအခါ အဖွဲ့ဝင်တပည့်များမှာ လက်နက်များ ကိုင်ဆောင်လျက် ဘာလုပ်ရမှန်းမသိ ဖြစ်နေကြသည်။ ထို့ကြောင့် လက်နက်များကို ကျည်ထိုး၍ အသင့်နေရာယူခိုင်းပြီး ...

"ကဲ ... မင်းတို့ သေချာမှတ်ထားကြ၊ အပြင်က လူအုပ်ကြီး စည်းရိုးကို ဖောက်ဝင်လာရင် ငါက အချက်ပေးပြီး သေနတ်ကို မိုးပေါ်ထောင်ပစ်မယ်။ မင်းတို့ကလည်း ဝင်လာတဲ့ လူအုပ်ကြီးခေါင်းပေါ်က ခြောက်လှန့်ပြီး ကျော်ပစ်ရမယ်။ တည့်တည့်မပစ်နဲ့၊ လူတွေကို မမှန်စေနဲ့



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ကဲ့ပါ ဆရာ”

ကျွန်တော်တို့ အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေကြစဉ်၌ ပင် ပြင်ပမှ အော်ဟစ်ဆူပူနေကြသော လူအုပ်ကြီး လူစုလူဝေးဖြင့် ထောင်ဝင်း အတွင်းသို့ ကျော်ဝင်လာကြသည်။ အနောက်ဘက် ထောင်အုတ်ရိုးအတွင်း မှလည်း အိပ်ဆောင်များကို မီးရှို့၍ မီးဟုန်းဟုန်းတောက်နေပြီး အကျဉ်းသား များ ဆူညံစွာ အော်ဟစ်နေကြသည်။ ထိုအင်အားနှစ်ခုကြားထဲတွင် ရောက် ရှိနေသော ကျွန်တော်တို့အဖွဲ့မှာ အလွန်ပင်တုန်လှုပ်စရာ ကောင်းပါသည်။ သို့သော်လည်း ယူနီဖောင်းဝတ် ဝန်ထမ်းပီပီ တပည့်များအား စိတ်ဓာတ် မကျစေရန် အားပေးပြီး အမိန့်ပေးရတော့သည်။

ကျွန်တော်က စတင်ပြီး ပြင်ပမှဝင်ရောက်လာကြသော လူအုပ် ကြီးခေါင်းပေါ်သို့ ကျော်၍ သေနတ်တစ်ချက် ပစ်ဖောက်လိုက်သည်။

–ဒိုင်း”

ဟု သေနတ်သံတစ်ချက် ထွက်သွားပြီး လူအုပ်ကြီး ခေတ္တရပ် တန့်သွားစဉ် ကျွန်တော်မှ တိုင်ပင်ထားသည့်အတိုင်း . . .

“ပစ်”

ဟု အမိန့်ပေးလိုက်သည်။

တပည့်ဝန်ထမ်းများမှာ ရိုင်ဖယ်သေနတ် (၁၀)လက်ဖြင့် ကျွန်တော် မှာကြားထားသည့်အတိုင်း လူအုပ်ကြီး၏ ခေါင်းပေါ်သို့ ကျော်၍ ပစ်ကြ တော့သည်။

“ဒိန်း . . . ဒိန်း . . . ဒိန်း . . .”

ရိုင်ဖယ်သေနတ် (၁၀)လက်၏အသံမှာ လွန်စွာ ပြင်းထန်ပြီး ကျူး ကျော်ဝင်လာသော လူအုပ်ကြီးမှာ နောက်ကြောင်းပြန်၍ ပြေးကြတော့သည်။ ကျွန်တော်တို့ တပ်စိတ်ကျည်ထိုးပြီး အသင့်အနေအထားဖြင့် စောင့်ကြည့် နေကြသော်လည်း ပြင်ပမှ လူအုပ်ကြီး နောက်ထပ် ဝင်မလာတော့ပါ။ အပြင် ဘက် အဝေးနေရာမှသာ အော်ဟစ်ဆူညံသံများနှင့် ဆဲဆိုနေသံများကို ကြားရတော့သည်။ အပြင်က ငြိမ်သွားတော့လည်း ထောင်အတွင်းမှ အခြေ အနေ ပို၍ ဆိုးရွားလာဟန်တူပါသည်။ အင်းစိန်ထောင်တစ်ခုလုံး မီးဟုန်း





ဟုန်းတောက်နေပြီး ရှေ့ဂိတ်ကြီးနှင့် မျှော်စင်များ အနောက်ဂိတ်ကြီး စသည် တို့မှာလည်း သေနတ်သံမစဲ ဝိုင်းဝန်းပစ်ခတ်နေကြပြီဖြစ်သည်။

ထိုနေ့က တစ်နေကုန် ပစ်ခတ်ကြရာ ကျွန်တော်တို့ တပ်စိတ်မှာ နေ့လယ်စာ ထမင်းမစားရသည့်အပြင် ရေပင်သောက်ခွင့်မရပါ။ အုတ်ရိုးကို ကျော်၍ ပျံလွင့်လာသော ကျည်ဆန်များကလည်း တရွှီရွှီဖြင့် ကျွန်တော်တို့ ၏ ခေါင်းပေါ်မှ ပျံဝဲနေကြသည်။ ညမိုးချုပ်စတွင်တော့ အတွင်းအပြင် ဆူညံ အော်ဟစ်သံများ တစ်စတစ်စ ငြိမ်သက်သွားသော်လည်း သေနတ်ပစ်ခတ် သံများကတော့ ရပ်တန့်မသွားသေးပါ။ အကျဉ်းသားများ အဆောင်အတွင်း အုတ်ရိုးကိုကျော်၍ အပြင်အုတ်ရိုးမကြီးကို ကျော်တက်ရန် ကြိုးစည်နေကြ ခြင်း ဖြစ်ပုံရပါသည်။ အဆောင်အတွင်း အုတ်ရိုးများမှာ (၈)ပေခန့်သာမြင့်ပြီး အပြင်အုတ်ရိုးမကြီးမှာ (၁၈)ပေမြင့်သောကြောင့် အတွင်းအုတ်ရိုးကို ကျော် ဖြတ်ရန် လွယ်ကူမည်မှန်သော်လည်း အပြင်အုတ်ရိုးမကြီးကို ကျော်တက်ရန် ခက်ခဲပေလိမ့်မည်။

ထို့အပြင် အုတ်ရိုးများအပေါ်၌လည်း လက်နက်ကိုင်များ စောင့်ကြပ် သည့် ကင်းမျှော်စင်များ အသီးသီးရှိသောကြောင့် ကျော်တက်ပြေးရန် မလွယ် ကူပါ။ အုတ်ရိုးမကြီးအပြင်၌လည်း ဘန်ကာကင်းအသီးသီးက ဝန်းရံ၍ စောင့် ကြပ်ထားပါသည်။

ကျွန်တော် စိုးရိမ်သည်က အင်းစိန်ထောင်အတွင်းရှိ ထောင်ဆေး ရုံကြီးပင်ဖြစ်သည်။ ထိုအဆောက်အအုံကြီးမှာ ရဲဘက်များ ထမင်းချက်သည့် ဖိုကြီးနှင့် ကပ်လျက်ရှိပြီး သံတိုင်ဝင်းသာ ခြားနေသည်။ ထောင်ဆေးရုံ အဆောက်အအုံကြီးမှာ ပျဉ်ထောင်အဆောက်အအုံကြီးဖြစ်သည်။ အနှစ်နှစ် အလလက သုတ်လိမ်းလာခဲ့သောကြောင့် ရေနံချေးရောင်မည်းမည်းကြီး နှင့် ရေနံရည်ဝနေသည့် ထိုဆေးရုံအဆောက်အအုံကြီးသာ မီးလောင်ပါက တစ်ဖက်ရှိ ရိက္ခာဂိုဒေါင်သို့ ကူးစက်နိုင်သည်။

ရိက္ခာဂိုဒေါင်၌လည်း အကျဉ်းထောင်သုံး မော်တော်ယာဉ်များ၏ ဓာတ်ဆီနှင့် ဒီဇယ်ဆီများကို သိုလှောင်ထားသည်။ ရိက္ခာဂိုဒေါင်မှတစ်ဆင့် အမျိုးသမီးဆောင်များကို ကူးစက်ပြီး ကပ်လျက်ရှိသော ဘုန်းတော်ကြီးကျောင်း



www.burmeseclassic.com

www.burmeseclassic.com



မျှော်စင်ကို မီးကူးစက်လာနိုင်ပါသည်။ ထို ဗဟိုကင်းမျှော်စင် အပေါ်ထပ်၌ အကျဉ်းထောင် လုံခြုံရေးအတွက် လက်နက်ငယ်မျိုးစုံနှင့် ကျည်ဆန်များ။ လက်ပစ်ဗုံးများ၊ အများအပြား ရှိနေပါသည်။

ဗဟိုကင်းကို မီးစွဲလျှင်တော့ မည်သို့မျှ ထိန်းသိမ်း၍ ရတော့မည် မဟုတ်ပါ။ ပေါက်ကွဲပြီး ထောင်တစ်ခုလုံး မီးဟုန်းဟုန်း တောက်ပေလိမ့်မည်။ ကျွန်တော် မျှော်မှန်းသလို ဖြစ်မလာစေရန်ကိုတော့ ဆုတောင်းရတော့သည်။

တော်သေးသည်ဟု ဆိုရပါလိမ့်မည်။ အမျိုးသမီး အချုပ်နှင့် အကျဉ်းသူများအား (၂၅-၈-၈၈)ယမန်နေ့ကပင် ထောင်မကြီးမှ သီးသန့်ဆောင်ကလေးသို့ ပြောင်းရွှေ့နေရာချထားပြီး ဖြစ်သောကြောင့် အမျိုးသမီးများနှင့် ကလေးများအတွက် စိတ်ပူရန် မရှိတော့ပါ။ အဆောင်များကို မီးလောင်ကျွမ်းရုံသာ ရှိပါတော့သည်။

ထို့အပြင် ကျွန်တော် ကံကောင်းသည်က ယမန်နေ့ကပင် ကျွန်တော်ပိုင် ဆိုင်တာ[illegible]ကြီးအား ထောင်အပြင်သို့ ထုတ်၍ မိဘများအိမ်ရှိ သမိုင်းတွင် ရွှေ့ပြောင်းအပ်နှံထားခြင်းကြောင့် ကံကောင်းပါသည်။ ကျွန်တော့်အား နှိုးဆော်နေသော မသိစိတ်နှင့် စောင့်ရှောက်နေသော ပုဂ္ဂိုလ်များကိုလည်း တွေးမိရုံတင်မိပါသည်။ ကျွန်တော်၏ ဘဝတွင် ကြိုတင်ပြင်ဆင်ခြင်းဟူသော မသိစိတ်က နှိုးဆော်သည့် အသိတရားက လိုအပ်သောအချိန်တွင် ပေါ်လာတတ်သည်က ထူးခြားဆန်းကြယ်လှပါသည်။

ထိုညက အတွင်းအပြင် ငြိမ်သွားသော အချိန်တွင် အိမ်မဲကြီးတွင် နေထိုင်ကြသည့် ဝန်ထမ်းမိသားစုများက စုပေါင်း၍ ချက်ပြုတ်ကြပြီး ကျွန်တော်တို့အား ညစာကျွေးသောကြောင့် နေ့လယ်စာနှင့် ညစာကို ပေါင်း၍ စားကြရသည်။ ဟင်းများမှာလည်း အသားဟင်း မပါပါ။ ထောင်အပြင် အကျဉ်းသားများ စိုက်ပျိုးထားသော တောင်ယာထွက် ဘူးသီး၊ ရုံပတီသီး ခရမ်းသီး စသည်တို့ကို စုပေါင်း၍ ချက်ထားသော ဟင်းများသာဖြစ်ပါသည်။ သို့သော်လည်း ဆာဆာနှင့် ထမင်းစား၍ အလွန်ကောင်းသည်။





ကျွန်တော် ထမင်းစားနေစဉ်၌ပင် ဇနီးသည်ကို အမှတ်ရမိသည်။ သူမကလည်း အမျိုးသမီးထောင်မှူးဖြစ်၍ အမျိုးသမီး အချုပ်ထောင်ကျသူများအား ထောင်မကြီးမှ သီးသန့်ထောင်သို့ ပြောင်းရွှေ့ထားသောကြောင့် သူမလည်း သီးသန့်ထောင်အတွင်း၌ပင် နေရပေလိမ့်မည်။ ၎င်းသီးသန့်ထောင်နှင့် ကျွန်တော်တို့ နေထိုင်သောအိမ်မှာ အတန်ငယ်ဝေးသည်။ သွားလာရာတွင် မတော်တဆ သေနတ်ကျည်ဆန်မှန်လျှင် အခက်တွေ့မည်ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော် ဇနီးသည်ဖြစ်သူနှင့် အိမ်အတွက် စိုးရိမ်ပူပန်မိသည်။ သို့သော်လည်း ထိုညက တာဝန်ကျရာ အိမ်မဲကြီးကင်းတဲတွင် အိပ်စရာ နေရာမရှိသဖြင့် သေနတ်ပိုက်ပြီး ငုတ်တုတ် မိုးလင်းခဲ့ရသည်။

✿ ✿ ✿

❑

ထောင်အတွင်းရှိ သောင်းကျန်းကျော်ရှိသော အချုပ်သား၊ အကျဉ်းသားများကတော့ အဆောင်များ မီးလောင်ကုန်သောကြောင့် မည်သို့ နေထိုင်စားသောက် အိပ်စက်ကြရမည်ကို မသိနိုင်တော့ပါ။ အုတ်ရိုးမကြီး အတွင်းမှ အပြင်သို့ လွတ်မြောက်သွားသူ အကျဉ်းသား တစ်စုံတစ်ယောက်မှုတော့ မရှိသေးပါ။ မျှော်စင်ကင်းများလည်း တစ်နေ့လုံးတစ်ညလုံး ပစ်ခတ်နေကြသော်လည်း နောက်တစ်နေ့မနက်အထိ ပစ်ခတ်သံမစဲသေးပါ။ သို့သော်လည်း သေနတ်ပစ်ခတ်သံများကတော့ ယခင်ကလောက် မများတော့ပါ။

ထိုအချိန်တွင် အချုပ်ရုံးမှ ကျွန်တော့်တပည့်ဖြစ်သူ တပ်သားအောင်သက်ဦး ရောက်ရှိလာသည်။ စားစရာ၊ တရုတ်မုန့်ကလေးများလည်း ပါသည်။ ထောင်ဝင်စာဈေးတန်းရှိ စားသောက်ဆိုင်များလည်း ပိတ်ထားသောကြောင့် သူ မည်သည့်နေရာက ရှာကြံ၍ဆွဲခဲ့သည် မသိပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတို့ . . . အခြေအနေ ကောင်းရဲ့လား။ အထဲမှာတော့ အိပ်ဆောင်အားလုံးနီးနီး မီးလောင်လို့ ကုန်သွားပြီ။ အိပ်ဆောင်အမှတ် (၁)ကတော့ တချို့တစ်ဝက် မီးလောင်ပြီး ကျန်နေခဲ့တယ်။ ကျွန်တော်တို့ (၁) ဆောင်၊ (၂)ဆောင်ကစပြီး (၄)၊ (၅) အိပ်ဆောင်တွေပါ ပြာပုံဘဝရောက်သွားပြီး အမှတ်(၃)အိပ်ဆောင်ကတော့ နောက်ဆုံးမှ မီးရှို့ခံရတာ"

"ဒါနဲ့ ထောင်ဆေးရုံကြီး အခြေအနေကရောကွ"

"ထောင်ဆေးရုံကြီးတော့ မီးမလောင်ဘူး . . . ဆရာ။ ကျန်နေခဲ့တယ်"

"ဒါနဲ့ တို့ဝန်ထမ်းတွေ ဘယ်သူ ထိခိုက်သေပျောက်ကြသေးလဲ"

"ဝန်ထမ်းတချို့ တိုက်ထဲမှာ အဖမ်းခံထားရတယ်လို့တော့ သိရတယ်"

"သေနတ်၊ ကျည်ဆန်မှန်ပြီး ဒဏ်ရာရတာကတော့ ထောင်ပိုင်ကြီးဦးစိန်ငွေ။"

"ဟေ . . . ငါတို့ အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ငွေလား။ အခု အခြေအနေ ဘယ်လိုရှိသေးလဲ"

"ဆရာ . . . ကျွန်တော်တို့ ထောင်ပိုင်ကြီး ဦးစိန်ငွေ မဟုတ်ဘူး။ မှူးချုပ်စီမံကိန်းဌာနက ထောင်ပိုင်ကြီး ဦးစိန်ငွေပါ"

"ဘယ်လိုအခြေအနေ ရှိသလဲ။ အသက်အန္တရာယ် စိုးရိမ်ရသလား"

"အခြေအနေ ကောင်းပါတယ် . . . ဆရာ။ ကျည်ဆန်က ရိုင်ဖယ်ကျည်ဆန် မဟုတ်ဘူး။ ဂရင်နာကျည်ဆန် ခဲလုံးသေးသေးလေးတွေ ဗိုက်ကို မှန်တာပါ။ အဲဒါ အရေးပေါ် အင်းစိန်ဆေးရုံကိုတင်တော့ ပြင်ပလူအုပ်ကြီးက အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ငွေမှတ်ပြီး သတ်မယ်၊ ဖြတ်မယ်နဲ့ ဝိုင်းလာကြသေးတယ်။ အဲဒါ သက်ဆိုင်ရာ ဆရာဝန်တွေက တောင်းပန်ပြီး ခေါင်းဆောင်တွေနဲ့ ဘုန်းကြီးတွေခေါ်ပြမှ အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ငွေ မဟုတ်ဘဲ တခြားဦးစိန်ငွေ ဖြစ်နေတာကြောင့် နောက်ဆုတ်ပြီး ပြန်သွားကြတယ်"





"အေး . . . အင်မတန် ဝမ်းသာတယ်ကွာ။ ငါတို့ အင်းစိန်ထောင်ပိုင် ဦးစိန်ငွေက စည်းနဲ့ကမ်းနဲ့ အုပ်ချုပ်တော့ နာမည်ကျော်ကြားတာပေါ့။ လူကောင်းတွေအပေါ်မှာ ကောင်းသလောက် လူဆိုးသူခိုးတွေအပေါ်မှာတော့ တို့ထောင်ပိုင်ကြီးက အလွန်ပညာပေးတတ်တယ်"

"အေး . . . နောက်သတင်းကရော ဘာထူးသေးလဲ"

"အကျဉ်းသားဆိုးတွေက ခေါင်းဆောင်ပြီး တိုက်ခန်းတွေကို မီးထားတယ်ဆရာ။ မိန်းဂျေးက ကျွန်တော်တို့ လုံခြုံရေးအဖွဲ့လည်း မီးတုတ်တွေနဲ့ အပစ်ခံရတာကြောင့် တစ်ရုပ်လိုက်ရတယ်။ လျှပ်စစ်မီးကလည်း ပျက်သွားပြီ။ အကျဉ်းသားဆိုးတွေက တိုက်ခန်းတွေကို သိမ်းပိုက်ပြီး အုတ်စည်းနီးသာခြားတဲ့ တစ်ဖက်က အမျိုးသမီးဆောင်ကို မီးရှို့ဖို့လုပ်တယ်။

ဂါတ်မကြီးပေါ်ကိုလည်း လောက်လွှဲတွေနဲ့ မီးတုတ်တွေ ခတ်ဆီထည်းတွေကို ပစ်တင်ကြတယ်။ အဲဒါတွေကို ညွှန်မှူး ဗိုလ်မှူးစန်ဝင်းကိုယ်တိုင် အင်းစိန်က မီးသတ်ကားနှစ်စီးကို ထောင်ထဲသွင်းပြီး စွန့်စားရေဖျန်းလို့ မီးကူးစက်ဘဲ ငြိမ်းသွားတာ။ မီးသတ်ကားသာ ထောင်ထဲမဝင်နိုင်ရင်တော့ ဂါတ်ကြီးမျှော်စင်ကို မီးလောင်ပြီး အထဲက သိမ်းဆည်းထားတဲ့ ကျည်ဆန်တွေ လက်ပစ်ဗုံးတွေ ပေါက်တာနဲ့တင် ထောင်တံခါးကြီး ပွင့်ထွက်သွားနိုင်တယ်လေ"

"အေးကွာ . . . မင်းဆီက သတင်းတွေကြားရတော့ အဆိုးထဲက အကောင်းပါပဲ။ ဒါနဲ့ မင်းအပြန်ကျရင် သီးသန့်ထောင်ထဲကို ဝင်သွားပြီး ဦးနီးသည်တို့ အခြေအနေကို မေးကြည့်ပေးပါဦး။ နောက်ပြီးတော့ ထောင်ရှေ့တန်းအိမ်မှာလည်း အိမ်ဖော်မလေးရယ်၊ ခယ်မရယ်၊ သမီးလေးရယ်ရှိတယ်။ ငါတို့က အခြေအနေအရ အိမ်မပြန်နိုင်တော့လို့ မင်းပဲ သွားကြည့်ပေးပါဦး။ နောက်ပြီး ဖြစ်နိုင်ရင် အကျိုးအကြောင်းလေး ပြန်ပြောပေးပါဦး။ မင်း အနံတီကြီးနဲ့တွေ့ရင်တော့ ငါတို့အတွက် အစားအသောက်တွေကို အိမ်ခြံကြီးဝန်ထမ်းလိုင်းက စုပေါင်းပြီး ချက်ပြုတ်ကျွေးတယ်။ မငတ်သွားကြောင်းပေးစမ်းပါကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ ... ဆရာ၊ ဒါဆို ကျွန်တော်ပြန်မယ်။ တခြား ဘာမှာစရာရှိသေးလဲ"

"အေး ... အခြေအနေကောင်းရင် ငါလည်း ခဏတဖြုတ် ပြန်လာခဲ့မယ်လို့ ပြောပေးကွာ။ မင်းအန်တီ ဒေါ်ခင်မြကြွယ်နဲ့ တွေ့ရင်လည်း အိမ်ပြန်ခွင့်ရရင်လည်း သတိထားလို့ မှာပေးပါ။ ရမ်းသမ်းပစ်ကြတဲ့ ကျည်ဆန်တွေက ပလူပျံနေတာ။ လမ်းသွားရင် မှန်မှာစိုးလို့ သတိပေးရတာပါ"

"ဟုတ်ကဲ့ပါ ဆရာ"

"ဩော် ... ဆရာ၊ ဒါနဲ့ ကျွန်တော်ပြောဖို့ မေ့သွားတာ တစ်ခုရှိတယ်။ မနေ့ကမနက်က ကျွန်တော်တို့ ဝန်ထမ်းတွေ ထောင်အရှေ့ပိုင်းကို ရောက်နေတုန်း ဆရာ အချုပ်ရုံးထဲကို ဝင်လာတာဆို။ သီသီကလေး လွတ်သွားတာတဲ့။ ကျန်ခဲ့တဲ့ ထောင်မှူးကြီး ဦးစိန်လွင်တော့ အချုပ်ရုံးအနေ့ ထွက်အပြေးမှာ အကျဉ်းသားတွေက ခဲနဲ့ ပိုင်းထုကြတယ်။ ခေါင်းပေါက်ပြီး တော်တော်များများလည်း ဒဏ်ရာရတယ်။ သူ့စက်ဘီးကလေးကိုလည်း အချုပ်သား အကျဉ်းသားတွေက မီးရှို့ပစ်လိုက်ကြတယ်။ ဆရာကိုလည်း သူ့ကို အသိမပေးဘဲ ကိုယ်လွတ်ရုန်းသွားတယ်ဆိုပြီး ဒေါပွနေတယ် ... ဆရာရေ့"

"မင်းကွာ ... စဉ်းစားကြည့်ပါဦး။ အရေးအခင်း ကာလကြီးထဲမှာ ဘယ်အဆောင်က စရှုမလဲဆိုပြီး ငါတို့ ဝန်ထမ်းတွေ အမြဲမပြတ် သတိထားနေကြရတာ ငါတို့ သန္ဓေဝန်ထမ်းတွေ အနေနဲ့တော့ ဒီလိုကိစ္စမျိုးတွေ ကြားနေပြီး အတွေ့အကြုံ ရနေကြပြီ။ ဦးစိန်လွင်တို့က သန္ဓေဝန်ထမ်းမဟုတ်ဘဲ တခြားဌာနက ပြောင်းလာတာဆိုတော့ အရိပ်အကဲနဲ့ အခြေအနေကို အကဲမခတ်တတ်ကြဘူး။ ဒါကြောင့် သူခံရတာ။ သူ့ကို ငါက အချုပ်ရုံး အထွက်မှာ အော်ပြီး နှုတ်ဆက်ခဲ့ပါသေးတယ်။ သူက ဒီလို အရေးအခင်း ကာလကြီးထဲမှာ ရုံးစားပွဲမှာထိုင်ပြီး ဘာတွေ အလုပ်ရှုပ်နေမှန်းမသိ။ အဆောင်ထဲမှာ ကိုယ့်လက်ရင်းတပည့်တွေ၊ ဝန်ထမ်းတွေရှိတာပဲ၊ ကြိုတင်သတင်းယူပြီး ဖျတ်လတ်နိုးကြားမှုတော့ ရှိရမှာပေါ့"





"ဆရာ့အကြောင်းကို ပြောရဦးမယ် ... ဆရာ။ ဆရာ အလွန်ကံကောင်းပြီး ကြိုတင်စီစဉ်တတ်တယ်တဲ့။ အချုပ်ရုံးက ဝန်ထမ်းတွေ ပြောနေကြတာက အဲဒီနေ့က ဆရာ ခြောက်လုံးပြူးသေနတ်ကိုယူလာမယ်။ မှတ်တမ်းစာအုပ်တွေ၊ နှုတ်ခမ်းမွေး ရိတ်လိုက်မယ်ဆိုတော့ ဆတ္တာသည်က ဆရာ့သင်တုန်းဓားနဲ့တောက်ပြီး ပြန်ပေးဆွဲဖို့ အစီအစဉ်ရှိသတဲ့။ အဲဒါက တစ်ပိုင်း။ နောက်တစ်ခုက ဆရာ့ဆိုင်ကယ်ကြီးကို အချုပ်ရုံးထဲမှာ သိမ်းဆည်းထားရာကနေ တစ်ရက်စောပြီး ထုတ်သွားလို့ ဆိုင်ကယ်ထဲက ဓာတ်ဆီထုတ်ပြီး မီးမရှို့လိုက်ရတာလို့ အချုပ်သား၊ အကျဉ်းသားတွေ ပြောဆိုနေကြတာတွေ၊ အခန်းလူကြီး ဆရာတပည့် မြင့်ဦးက ကြားလို့ ပြန်ပြောပြလို့ သိရတာပါ"

"ဟ ... အဲဒါနဲ့ မြင့်ဦးရော ဘာဖြစ်သွားသေးလဲ"

"သူကလည်း လျင်တယ်ဆရာ။ သူ့ကို ဝိုင်းထားတဲ့ ကြားထဲက ထွက်ပြီး လုံချည်ချွတ်၊ အလံဖြူထောင်ပြီး ထောင်ဝင်းအရှေ့ဘက် ပြေးလာပြီး အော်ဟစ်အကူအညီတောင်းလို့ ဂိတ်ကြီးရှေ့က ဝန်ထမ်းတွေက နောက်ကလိုက်လာတဲ့လူတွေကို ပစ်ခတ်ခြောက်လှန့်ပြီး ကယ်လိုက်ရတယ်။ အခု သူ့ကို ထောင်ဝင်စာရုံထဲမှာ ထားတယ်ဆရာ။ ဒဏ်ရာတွေက အများကြီးပဲလို့ သိရတယ်။ ဒါပေမဲ့ အသက်အန္တရာယ်ကိုတော့ မစိုးရိမ်ရဘူး။ ထောင်ဆရာဝန်တွေက ကြပ်မတ်ပြီး ကုသပေးနေပါတယ်"

"အခန်းလူကြီး မြင့်ဦးဆိုသူမှာ ကျွန်တော်တို့ အမှတ် (၂) အိပ်ဆောင်၌ အရေးပါအရာရောက်သော အကျဉ်းသားတစ်ဦးလည်း ဖြစ်သည်။ ရောက်လာသမျှ အချုပ်သားအသစ်တွေကို သူ့ခန်းမှာ သွန်သင်ဆုံးမပေးတာကြောင့် အဆောင်တစ်ခုလုံးမှာရှိတဲ့ အချုပ်သားတွေအားလုံးက သူနဲ့ မတည့်ကြဘူး။ သူ့ကို ချစ်သူလည်း ရှိပြီး မုန်းသူလည်း ရှိတာပေါ့ ... ဆရာ။ သူက ဝန်ထမ်းတိုင်းနဲ့လည်း တည့်အောင် ပေါင်းတတ်တယ်။ အချုပ်သား အကျဉ်းသားတွေက သူ့ကို ဝန်ထမ်းတွေဘက်က လူဆိုပြီး အခုလို အရေးအခင်းကာလမှာ တော်လှန်ကြတာပေါ့"

www.burmeseclassic.com



"အေးကွာ ‥ မြင့်ဦးကို မင်းတွေ့ရင်လည်း ပြောလိုက်ပါ။ ငါလည်း မကြာခင် အခြေအနေ အေးချမ်းရင် လာတွေ့ပါ့မယ်လို့။ ငါတို့လည်း အခု တော့ ကိုယ့်ဒုက္ခနဲ့ကိုယ် ကိုယ့်တာဝန်နဲ့ကိုယ် အိမ်တောင် မပြန်နိုင်ဘူး။ ဖြစ် သလို နေနေရတယ်လို့ ပြောပေးစမ်းပါကွာ"

"ဟုတ်ကဲ့ပါ ... ဆရာ၊ ကျွန်တော် ပြန်တော့မယ်။ အကြောင်းထူး ရင်လည်း ကျွန်တော် လာပြောပါဦးမယ်"

"အေး ... အေး ... ကောင်းပါပြီကွာ"

တပ်သားသက်ဦးပြန်သွားတော့ ကျွန်တော်တို့အဖွဲ့ သူ ယူဆောင် လာသည့် တရုတ်မုန့်များကို ဝေမျှစားသောက်ကြရပြီး ရေနှင့် မျောချရ သည်။

ထောင်တွင်းအရေးအခင်း စတင်ဖြစ်ပွားသော (၂၆-၈-၈၈)ရက်နေ့ ညမှာပင် လျှပ်စစ်မီးများ ပြတ်တောက်၍ မိန်းဂျေးမှ လုံခြုံရေးတပ်ဖွဲ့ ရုပ် သိမ်းသွားသည်နှင့် အကျဉ်းသားဆိုးများက ထောင်အနောက်ဘက် အလုပ် ကြီးဝင်းဘက်သို့ ဝင်ရောက်ကြပြီး အလုပ်ရုံအဆောင်များကို မီးရှို့ကြ ပြန်သည်။ ထို့နောက် အလုပ်ကြီးဝင်းဘက်၌ မွေးမြူထားသော မွေးမြူရေး ဝက်များကိုလည်း သတ်ဖြတ်၍ စားသောက်ကြသည့်အပြင် အလုပ်ရုံ အသီးသီး အတွင်းဘက်မှ ကောင်းနိုးရာရာ ပစ္စည်းများကို ဖောက်ထွင်းပြီး ခိုးယူကြ ကြောင်း သိရှိရပါသည်။

"ဦးသိန်းဝင်းရေ ... အထဲမှာ အကျဉ်းသားတွေက တစ်သောင်း ကျော် ရှိတယ်။ ဖြစ်တဲ့နည်းနဲ့ အသေခံပြီး ထောင်ဖောက်ထွက်ပြေးကြမှာ။ ဒါကြောင့် ပြစ်ဒဏ်နည်းတဲ့ အကျဉ်းသားတွေနဲ့ ပြစ်ဒဏ်မချရသေးတဲ့ အချုပ် သားအကုန်လုံးကို စိစစ်ပြီး လွှတ်ပေးဖို့ အထက်က အရေးပေါ် အမိန့်ရောက် လာတယ်။ ဒါကြောင့် ခင်ဗျား တံခါးကြီးက ထောင်မှူးကြီး ဦးကျော်စိန်နဲ့ တွဲပြီး အချုပ်သားတွေကို ကြီးကြပ်လွှတ်ပေးပါ။ ထောင်ကျ အကျဉ်းသား တွေဆိုတော့ ထောင်ကျရုံးက ထောင်မှူးမြင့်စိန်တို့အဖွဲ့က စိစစ်ပြီး လွှတ် ပေးလိမ့်မယ်။ ပိုင်းဝန်းပြီး လုပ်ကြတာပေါ့ဗျာ။ အရေးကြီးတာက နှစ်ကြီး



သမား အကျဉ်းသားတွေနဲ့ သေဒဏ်အမိန့်ချထားတဲ့ ကြိုးသမားတွေ ရော ယောင်ပြီး လွတ်မြောက်မသွားဖို့ အရေးကြီးပါတယ်"

"ဟုတ်ကဲ့ပါ ... ထောင်ပိုင်ကြီး"

သို့နှင့် ညနေပိုင်း မိုးချုပ်စအချိန်တွင် စတင်ပြီး ကျွန်တော်တို့ အချုပ်သား၊ အကျဉ်းသားများအား စိစစ်ပြီး စတင်၍ လွှတ်ပေးပါသည်။ ဆေးကုသူများ ပါလာလျှင်တော့ သီးသန့်ထောင်ဘက်သို့ ထောင်ကားကြီး များဖြင့် လက်နက်ကိုင်အစောင့်များထည့်ပြီး ပြောင်းရွှေ့ပေးရသည်။

စိစစ်ပြီး လွှတ်ပေးသော အချုပ်ထောင်ကျများကိုလည်း ထောင် အုတ်တံခါးကြီးမှ ဒီအတိုင်း လွှတ်ပေးခြင်း မဟုတ်ပါ။ ထောင်ကားကြီးများ ပေါ်တင်၍ အင်းစိန်မီးရထား ဘောလုံးကွင်းနှင့် ဟီးနိုးဂိတ်လေဟာပြင် ဈေးရှေ့တွင် သွားရောက်ပြီး ထိုအချိန်က လူထုကို ခေါင်းဆောင်နေသော ခေါင်းပေါင်းနဖူးစီးနှင့် လက်ပတ်အနီများ ဝတ်ထားကြသည့် ကျောင်းသားများ နှင့် ဘုန်းတော်ကြီးများထံ အပ်နှံ၍ လွှတ်ပေးရခြင်းဖြစ်ပါသည်။

ထိုနေရာများ၌လည်း မြန်မာလူမျိုးများ ထုံးစံအတိုင်း ယောက်ျား မိန်းမ၊ ကျောင်းသားများက ထောင်ကလွတ်လာသူ မှန်သမျှကို လမ်းစရိတ် ငွေပေးခြင်း၊ မုန့်ပဲသရေစာများပေးခြင်းဖြင့် လှုံ့စွာ စည်ကားလှသည်။

ကျွန်တော့်တွင်လည်း အရေးအခင်းကာလ အခြေအနေဆိုးများ ကြောင့် ခြောက်လုံးပြူးသေနတ်ကို ခါး၌ချိတ်ထားသော်လည်း အရေးပေါ် အသုံးပြုရန် ငွေကျပ်လေးထောင်ကျော်ခန့်ကို ယူနီဖောင်းအိတ်နှစ်ဖက်၌ ခွဲ၍ ထည့်ထားရသည်။ လွတ်မြောက်သူများအထဲတွင် ရင်းနှီးသော အချုပ်သား၊ အကျဉ်းသားများ ပါဝင်ကြသောကြောင့် လမ်းခရီးစရိတ် ငွေတောင်းကြရာ နောက်ဆုံးတွင် ကျွန်တော်ဆောင်ထားသော ငွေလေးထောင်ကျော်အနက် လေးငါးရာခန့်သာ ကျန်ရှိတော့သည်။

ထိုစဉ်က ငွေတန်ဖိုးမှာ အတော် တန်ဖိုးရှိပါသည်။ ရန်ကုန်နှင့် အင်းစိန်အငှားကားခမှာ လေးရာကျပ်ခန့်သာ ရှိသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

❑

(၂၇–၈–၈၈)ရက်နေ့ ညနေပိုင်းတွင် အကျဉ်းသား၊ အချုပ်သား တစ်ထောင်ကျော် လွှတ်ပေးခဲ့ရာတွင် နာမည်ကြီး အချုပ်သား၊ သျှောင်ကြီးဖွေနှင့် (KNDO) မြင့်သိန်းတို့ ပါဝင်သွားပါသည်။ ကျွန်တော်တို့ မသိ၍ မဟုတ်ပါ။ သိသိကြီးဖြင့် လွှတ်ပေးခဲ့ရခြင်းဖြစ်ပါသည်။ ပထမအသုတ်တွင် ထိုစဉ်အခါက မြောက်ဥက္ကလာဘက်တွင် ခေါင်းဖြတ်၍သတ်ခဲ့သော အမှုများကြောင့် သျှောင်ကြီးဖွေ ပါလာသည်။ သူက ပုံစံပြောင်းလာခြင်းဖြစ်သည်။ ဆံပင်ရှည်သျှောင်ကြီးကို ဖြတ်၍ ခေါင်းတုံးတုံးပြီး ဦးထုပ်ဆောင်းလာခြင်းဖြစ်သည်။ သို့သော် သူ၏မျက်နှာကို ကျွန်တော် အလွတ်ကျက်မှတ်ထားသောကြောင့် မှတ်မိနေပါသည်။

ထောင်တံခါးဝကြီး၏ လက်ယာဘက်အခန်းတွင် ကျွန်တော်တို့ ထောင်ပိုင်ကြီး ဦးစိန်ဌေးနှင့်အတူ ညွှန်ချုပ်အဟောင်းအသစ်များနှင့် ညွှန်ကြားရေးမှူးများလည်း အတူတကွ ရှိနေကြပါသည်။ ထို့ကြောင့် ကျွန်တော်က ထောင်မှူးကြီးဦးကျော်စိန် (ယခင်ထောက်လှမ်းရေးက တပ်ကြပ်ကြီးကျော်စိန်) ဖြစ်ပြီး ဝန်ကြီး၏ တပည့်ဖြစ်သောကြောင့် ထောင်မှူးကြီးရာထူးသို့ (၁၉၈၈) ခုနှစ်အစပိုင်းတွင် တန်း၍ရသည်။





ကျွန်တော်၏ အချုပ်ဆောင်အမှတ်(၂)၌ တာဝန်ကျသော ထောင်မှူးဦး (.........)ကတော့ အရာခံဗိုလ်အဆင့်မှ ပြောင်းရွှေ့လာသူဖြစ်ပြီး ထိုစဉ်အခါက မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ၏ တင်းပြည့် ပါတီဝင်တစ်ဦးလည်း ဖြစ်သည်။ မင်္ဂလာဒုံ နိုင်ငံရေးသင်တန်းကျောင်းမှ ဝန်ထမ်းတစ်ဦးလည်း ဖြစ်ပါသည်။ သို့သော် သူက အရာခံဗိုလ်ဖြစ်ခဲ့သော်လည်း ထောင်မှူးကြီးရာထူးကို မရရှာပါ။ ထောင်မှူးရာထူးဖြင့်သာ တာဝန်ထမ်းဆောင်ရသူဖြစ်သည်။

လွှတ်လူတန်းစီသည့်အထဲတွင် သျှောင်ကြီးဖွေ ပါလာသည်။ ထိုစဉ်က ကျွန်တော်တို့ထောင်တွင် မှတ်တမ်းမှတ်ရာ စာအုပ်များ အချုပ်သား၊ အကျဉ်းသားဆိုးများက မီးရှို့ဖျက်ဆီးလိုက်ကြသောကြောင့် မှတ်တမ်းမှတ်ရာ စာအုပ်များ မကျန်ရှိတော့ပါ။ ထို့ကြောင့် ကျွန်တော်တို့ တာဝန်ရှိသူများ မှတ်ဉာဏ်နှင့် မျက်စိကိုသာ အားကိုးပြီး လွှတ်လူများကို လွှတ်ပေးကြရခြင်းဖြစ်ပါသည်။

"ကဲ ... နာမည်ကြီးအချုပ်သား ခေါင်းဖြတ်လူသတ်တဲ့ သျှောင်ကြီးဖွေတော့ ပါလာပြီ။ ဘယ်လိုလုပ်ကြမလဲ ... ဦးကျော်စိန်"

ဟု ကျွန်တော်က မေးပြောကလေး ပြောသောအခါ သူက ...

"အစ်ကိုကြီးရယ် ... အချုပ်ဟူသမျှ အကုန်လွှတ်လို့ ထောင်ပိုင်ကြီးက ပြောထားတာပဲ။ လွှတ်လိုက်ရုံပေါ့ဗျာ"

"အင်း ... ခင်ဗျားက ထောင်ပါးမဝသေးတော့ ဒီလိုပဲပြောမှာပေါ့။ လူကြီးတွေရဲ့ ဥပဒေဆိုတာ မျှော့ကြိုးလိုပဲဗျ။ လိုသလို ဆန့်နိုင်၊ ကွေးနိုင်တယ်။ သျှောင်ကြီးဖွေလို နာမည်ကြီးအချုပ်သားတွေက တစ်တိုင်းပြည်လုံး ဟိန်းနေအောင် ကျော်ကြားတာ။ ဒါကြောင့် ခင်ဗျားနဲ့ ကျွန်တော် ညွှန်မှူးအခန်းထဲဝင်ပြီး လူကြီးတွေဆုံကြတုန်း သတင်းပို့လိုက်ကြရအောင်"

"ဟာ .... အစ်ကိုကြီးကလည်း အဆူခံ၊ အဆဲခံရတော့မှာပေါ့။ ဒီအတိုင်း လွှတ်လိုက်ရင်လည်း ပြီးတာပါပဲ"

"ကိုကျော်စိန် ... ရှေ့ရေးကို ကြိုမြင်ပါ။ ကျွန်တော်ကတော့ အမြဲတမ်း၊ ရှေ့ကို ကြိုပြီးတွေးတယ်။ သွားပြီး သတင်းပို့ရင် အဆူခံ၊ အဆဲ၊



www.burmeseclassic.com

www.burmeseclassic.com



ခံရမှန်းလည်း သိတယ်။ ဒါပေမဲ့ အဲဒါဟာ သက်သေခံချက်ဗျ။ ကျွန်တော်တို့မှာ တာဝန်သိသိနဲ့ သတင်းပို့ပေမဲ့ သူတို့ကလွှတ်ဆိုရင် လွှတ်ပစ်လိုက်တာ။ အန္တရာယ်မကင်းပေဘူးလား''

''အေးဗျ ... အဲဒါလည်း ဟုတ်သား''

''ဟုတ်သား ... လုပ်မနေနဲ့။ တကယ်တမ်း တာဝန်ရှိသူတွေက တံခါးထောင်မှူးကြီးဖြစ်တဲ့ ခင်ဗျား။ ကျွန်တော်ကတော့ ထောင်ပိုင်ကြီး တာဝန်ပေးလို့ အကူသဘောနဲ့ လုပ်နေရတာ''

''ဟုတ်ကဲ့ပါဗျာ ... အားကိုးပါတယ် ... အစ်ကိုကြီးရယ်''

ထို့ကြောင့် ကျွန်တော်ပင် ဦးဆောင်ပြီး ရန်ကုန်တိုင်းညွှန်မှူးရုံးခန်းထဲမှ လူစုံတက်စုံရောက်ရှိနေသော လူကြီးများအား ဦးဆောင်ပြီး သတင်းပို့ရတော့သည်။

''မြောက်ဥက္ကလာဘက်က ခေါင်းဖြတ်ပြီး လူတွေသတ်လို့ အရေးအခင်းအတွင်း နာမည်ကြီးတဲ့ သျှောင်ကြီးဖွေဆိုတာ ခေါင်းတုံးရိတ်၊ ပုံစံပြောင်း ဦးထုပ်ဆောင်းပြီး လွှတ်ရမည့် သူတွေထဲမှာ ပါလာပါတယ်။ အဲဒါကို သတင်းပို့တာပါ ခင်ဗျာ''

ထိုစဉ်တွင် လူကြီးထဲမှ တစ်ယောက်က ...

''တော်တော်စောက်သုံးမကျတဲ့ ... ထောင်မှူးကြီးပဲ။ အချုပ်ဟူသမျှ လွှတ်ရမယ်လို့ ဝန်ကြီးက အမိန့်ထုတ်ထားတာ။ မင်းတို့ မသိဘူးလား။ သျှောင်ကြီးဖွေက အချုပ်သားမဟုတ်လား။ နှစ်ရှည်ထောင်ဒဏ်တော့သေးဘူးဆိုရင် လွှတ်လိုက်ပေါ့''

''ဟုတ်ကဲ့ပါခင်ဗျ ... သျှောင်ကြီးဖွေက အချုပ်သားပါ။ အမှုတွေအများကြီးရှိပေမဲ့ ထောင်မကျသေးပါဘူး''

''အေး .... အဲဒါဆိုရင် အရှင်းကြီးပဲ။ လွှတ်လိုက်ပေါ့ကွာ''

ကျွန်တော်တို့နှစ်ဦး ညွှန်မှူးရုံးခန်းအတွင်းမှ ပြန်ထွက်လာပြီး တံခါးကြီးတွင် တန်းစီ၍ ထိုင်နေကြသော သျှောင်ကြီးဖွေတို့ အဖွဲ့ကို လွှတ်ပေးလိုက်ရပါတော့သည်။

ထိုစဉ်တွင် ဦးကျော်စိန်က ...





''အစ်ကိုကြီး ... ကျွန်တော်ပြောသားပဲ။ အဆူခံ၊ အဆဲခံရမယ်လို့။ ဘယ့်နှယ့်လဲ ... ကျွန်တော်ပြောသလိုပဲ မဟုတ်လား''

''အေး ... အဲဒါ သက်သေခံ လက်မှတ်ယူတာ။ နောက်ပိုင်းကျတော့ ခင်ဗျား သိပါလိမ့်မယ်။ ထောင်ပါးမဝသေးရင် အသာနေပါ။ ကျွန်တော်ပဲ အဆဲခံပြီး ဦးဆောင်လုပ်ပါ့မယ်''

ထိုစဉ်က ထောင်မှူးကြီး အသစ်ဖြစ်လာသူ ဦးကျော်စိန်မှ ယခင်ကထောက်လှမ်းရေးမှ တပ်ကြပ်ကြီးကျော်စိန်ကဲ့သို့ အစွယ်မထောင်တော့ပါ။ ကျွန်တော်ပြောသမျှ လိုက်နာဆောင်ရွက်ပါသည်။

နောက်တစ်ဖွဲ့ လွှတ်လူအုပ်စုကို တံခါးကြီးအတွင်းသွင်းပြီး စစ်ဆေးတော့ ကရင်သောင်းကျန်းသူ အဖွဲ့ခေါင်းဆောင် KNDO မြင့်သိန်းပါလာပြန်သည်။ ထိုပုဂ္ဂိုလ်မှာ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်း လူသတ်မားပြတိုက်ရာတွင် နာမည်ကြီးဖြစ်ပြီး ၎င်းကို ဖမ်းဆီးစဉ်ကလည်း တပ်မတော်မှ အကျအဆုံး အလွန်များခဲ့ပါသည်။ ထို့အပြင် အင်းစိန်ထောင်မှ နောင်မှီအောင်မြေ ရဲဘက်စခန်းများသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသော ထောင်မှူးကြီး ဦးကျော်လှိုင်နှင့် သူ၏ မရီးဖြစ်သူတို့ကို စခန်းအလှူပွဲ ကျင်းပနေစဉ် ဝင်ရောက်စီးနင်းရင်း သတ်ဖြတ်ခဲ့သူလည်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က ...

''ကဲ ... ကိုကျော်စိန်၊ ဒီမှာ (KNDO) ခေါင်းဆောင်မြင့်သိန်း ပါလာပြန်ပြီ။ ခင်ဗျားသွားပြီး လူကြီးတွေကို သတင်းပို့လိုက်ဦး''

''အစ်ကိုကြီးက လုပ်ပြန်ပါပြီ။ ကျွန်တော် သတင်း မပို့ရဲဘူးဗျ။ မြင့်သိန်းက အချုပ်ပဲမဟုတ်လား၊ လွှတ်ပစ်လိုက်ရအောင်''

''အင်း ... အဲဒါကြောင့် ခင်ဗျားခက်တာပဲ။ အခု သွားသတင်းပို့လို့ အဆဲခံရတယ်ဆိုတာ ဂုဏ်ယူစရာဗျ။ ကျွန်တော် အစောပိုင်းက ပြောသလို သက်သေခံလက်မှတ်ယူတာ။ နောက်ပိုင်းဖြစ်ပေါ်လာမဲ့ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုတွေကျရင် ခင်ဗျား တွေ့ရလိမ့်မယ်။ အဲဒီအခါကျမှ ခင်ဗျား ကျွန်တော့်ကို ကျေးဇူးတင်နေလိမ့်မယ်''

www.burmeseclassic.com



ထိုအခါ၌လည်း ကျွန်တော်ပင် အမိုက်ခံပြီး KNDO ခေါင်းဆောင်မြင့်သိန်းပါလာကြောင်း ညွှန်မှူးအခန်းထဲတွင်း ဝင်၍ လူကြီးများထံ သတင်းပို့ရပြန်ပါသည်။

ကျွန်တော်တို့ အဆူအဆဲ ခံရပြန်ပါသည်။ သို့သော် ကျွန်တော့်အကြောင်းကိုသိသော ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးတင်ဦးကတော့ ပြုံး၍ နေပါသည်။ သို့နှင့် ထိုနေ့ညက လူ (၁၀၀၀)ကျော် လွှတ်ပေးလိုက်ရပါသည်။

၂၈–၈–၈၈ နေ့တွင်တော့ ကျား၊ မ အကျဉ်းသား အချုပ်သားပေါင်း (၃၇၅၄)ဦးကို ထပ်မံလွှတ်ပေးခဲ့ပါသည်။ (၃၀–၈–၈၈) ရက်မှာတော့ ကျွန်တော်၏ အိပ်ဆောင်အမှတ်(၅)ဝင်းထဲ၌ ပိတ်မိနေသော ယိုးယား (ထိုင်း) အကျဉ်းသား (၅၀၀)ခန့်ကို ယိုးဒယားသံရုံးသို့ လွှဲပြောင်းပြီး လွှတ်ပေးခဲ့ရပါသည်။

(၃၁–၈–၈၈) ရက်နေ့တွင် ထောင်အတွင်း၌ Frc အမှုဖြစ် အင်းစိန်ထောင်အတွင်း၌ အနှစ်(၂၀)ကျော်ကြာ အချုပ်ခံနေကြရသော တရုတ်နိုင်ငံသား (၇၀၀)ခန့်ကို လွှတ်ပေးရသည်။ ၎င်းတို့မှာ Stateless ခေါ် တိုင်းမဲ့ပြည်မဲ့ အကျဉ်းသားများဖြစ်ကြပြီး တရုတ်နိုင်ငံကလည်း လက်မခံပါ။ သို့သော် ယခု အရေးအခင်းအတွင်းမှာတော့ ၎င်းတို့အား တရုတ်သံရုံးသို့ လွှဲပြောင်းပြီး လွှတ်ပေးလိုက်ပါသည်။

(၂၇–၈–၈၈) ရက်နေ့မှစတင်ပြီး အကျဉ်းသား၊ အချုပ်သားများအား လွှတ်ပေးခဲ့ရာ (၂၂–၉–၈၈)ရက်နေ့အထိ စုစုပေါင်း လူဦးရေ (၈၉၀၀) အား လွှတ်ပေးခဲ့ပြီး ဖြစ်ပါသည်။ ထောင်စဆူသော (၂၆–၈–၈၈)ရက်နေ့ကတော့ ပြင်ပမှ ဝန်းရံထားသည့် ဆန္ဒပြလူအုပ်ကြီးမှာ ထောင်တွင်းမှ အကျဉ်းသားများအား ချက်ချင်းလွှတ်ပေးရန် တောင်းဆိုခဲ့ပါသည်။ ယခုတော့လည်း အကျဉ်းသားတွေကို မလွှတ်ပေးပါရန် အကျဉ်းသားတွေက လူဆိုးလူမိုက်တွေ ရပ်ကွက်ထဲဝင်လာကြပြီး အိမ်တွေကို မီးရှို့၊ ရေတွင်းရေကန်တွေကို အဆိပ်ခပ်ဖို့ လုပ်နေကြပြီဟု ဆိုကြပြန်သည်။

ထိုအခြေအနေ အရိပ်အခြည်အနေများကို မြင်သောကြောင့် အရေးအခင်းကာလအတွင်း ကျွန်တော်တို့ အချုပ်သား၊ အကျဉ်းသားများက



လွှတ်ရာတွင် ထောင်ဘူးဝမှ တိုက်ရိုက်သွားလိုရာ သွားစေရန် လွှတ်ပေးခြင်းမဟုတ်ဘဲ ခရီးဆက်လက်သွားလာနိုင်ရန်အတွက် လမ်းဆုံလမ်းခွများ ဖြစ်ကြသော အင်းစိန်ဟီးနိုးဂိတ်၊ လေဟာပြင်ဈေးရှေ့နှင့် အင်းစိန်မီးရထားဘောလုံးကွင်း၊ အင်းစိန်ဘူတာအနီးတွင် ထောင်ကားများဖြင့် တင်၍ သွားရောက်လွှတ်ပေးခြင်းဖြစ်သည်။ ထိုတွင်လည်း ကားပေါ်မှချ၍ သွားလိုရာသွားစေရန် လက်လွှတ်စပယ် လွှတ်ပေးခဲ့ခြင်းမဟုတ်ပါ။ အသင့်စောင့်ဆိုင်းနေကြသော နဖူးစည်း အနီရောင်ဝတ်ကျောင်းသားများနှင့် သက်နံးဝတ် ဘုန်းတော်ကြီးများအား အပ်နှံ၍ လွှတ်ခဲ့ခြင်းသာဖြစ်ပါသည်။

ကျွန်တော်တို့ဌာန၏ လူကြီးများ အစီအမံဖြစ်ပါသည်။ ထောင်အတွင်းမှ အကျဉ်းသားများ၊ အချုပ်သားများအား အုပ်စုလိုက် လွှတ်ပေးခဲ့မည်ဆိုပါလျှင် ထောင်ဝင်းအတွင်း၌လည်း စုရုံးပြီး ပြဿနာရှာကြမည်။ ထောင်ဝင်းအပြင်ရောက်လျှင်လည်း အင်းစိန်ဈေးရှေ့၌ ထိုစဉ်အခါက တစ်ယောက်ပြီးတစ်ယောက် လူထုကို ကယ်တင်ရှင်ခေါင်းဆောင်ကြီးများ လုပ်၍ ဟောပြောနေကျသော ပုဂ္ဂိုလ်များနှင့် ပူးပေါင်းပြီး ရုတ်ရုတ်သဲသဲ လုပ်ကြမည်ဖြစ်ကြောင်း ကြိုတင်ပြီး သိရှိထားသောကြောင့် ခပ်ဝေးဝေးသို့ သွားရောက်ပြီး လွှတ်ပေးရခြင်းဖြစ်ပါသည်။

အင်းစိန်ထောင်ကြီးကို (၁၈၈၉)ခုနှစ်မှာ အင်္ဂလိပ်တွေ စ,ဆောက်ပါတယ်။ (၁၈၉၂)ခုနှစ်မှ ပြီးပါတယ်။ အာရှမှာတော့ အကြီးဆုံး ထောင်ကြီးတစ်ထောင်ဖြစ်ပါတယ်။ အလွန်ကြီးပြီး ခန့်ညားထည်ဝါလှတဲ့ ထောင်ကြီးအဝေးက လှမ်းကြည့်မိရင်တောင် ကြောက်ရွံ့တုန်လှုပ်သွားအောင် လန့်စရာထောင်ကြီးပါ။

(၁၉၄၂) ခု၊ အင်္ဂလိပ်တွေ ဆုတ်ခွာသွားတုန်းကလည်း အင်းစိန်ထောင်ကြီးကို မီးရှို့ဖျက်ဆီးမသွားဘူး။ ဂျပန်တွေ ဝင်လာတုန်းကလည်း အင်းစိန်ထောင်ကြီးကို မဖျက်ဆီးဘူး။ မီးမရှို့ဘူး။ ဂျပန်တွေ ထွက်သွားတုန်းကလည်း လုပ်မသွားဘူး။ (၁၉၄၈–၄၉) ကရင်တွေ အင်းစိန်ကို သိမ်းတုန်းကလည်း မီးမရှို့သွားဘူး။ ရောင်စုံသူပုန် သောင်းကျန်းသူတွေလည်း အင်းစိန်ထောင်ကြီးကို မီးရှို့မဖျက်ဆီးကြဘူး။ ရှစ်လေးလုံး ကာလကျတော့

www.burmeseclassic.com



မှ သောင်းကျန်းသူ အကျဉ်းသားဆိုးတွေ လက်ချက်နဲ့ အင်းစိန်ထောင်ကြီး မြာပုံဘဝ ရောက်သွားရတာကိုတော့ တွေး၍တွေးပြီး စိတ်မကောင်းဖြစ်မိတယ်။

✿ ✿ ✿

❑

အရေးအခင်းကာလအတွင်း အချုပ်သား၊ အကျဉ်းသားများက အင်းစိန်ထောင်ကြီးကို မီးရှို့ဖျက်ဆီးလိုက်သော်လည်း လုံခြုံရေးအစောင့်များနှင့် (၁၈)ပေမြင့်သော အင်္ဂလိပ်ခေတ်ကတည်းက ဆောက်လုပ်ခဲ့သည့် ထောင်အုတ်ရိုးကြီးမှာ ထူထဲခိုင်မြဲလှသောကြောင့် သူတို့ ကျော်တက်ပြီး ပြေးသွားဖို့ အခွင့်မသာတော့ပါ။ ထောင်အတွင်း၌လည်း အိပ်စက်နားနေရန် အဆောင်များ မရှိတော့ပါ။ မီးလောင်ပြာကျသွားပြီး သောက်စရာရေလည်းမရှိ၊ စားစရာလည်း နတ္ထိ၊ လျှပ်စစ်မီးလည်း ပျက်သွားသောကြောင့် မှောင်နဲ့မည်းမည်းကြီးအတွင်း၌ အလွန် ဒုက္ခရောက်ကြသည်။

ထို့အပြင် အကျဉ်းသား၊ အချုပ်သားချင်း ယခင်က ရန်ငြိုးရန်စများကို တေးထားကြပြီး ယခုမှ အုပ်စုဖွဲ့၍ လက်စားချေသတ်ဖြတ်ပွဲများကို လုပ်ကြတော့သည်။ ထို့ကြောင့် ထောင်အတွင်း၌ နေထိုင်ကြရသောလူကောင်း အကျဉ်းသားများမှာ ကျိုးလန့်စာစားနေကြရပြီး အမိုးအကာမဲ့ အိပ်ဆောင်အုတ်တံတိုင်းအကာများ ခြေရင်းတွင်ဝပ်၍ မှောင်မည်းကြီးအတွင်း၌ နေကြရသည်။

အကျဉ်းသားဆိုးများကတော့ ထောင်ဆေးရုံကြီးရှိ ဆေးဝါးပစ္စည်းများ သိုလှောင်ခန်းကို ဖောက်သည်။ မူးယစ်ဆေးဝါး အမှုများဖြင့် ရောက်ရှိလာကြသော အကျဉ်းသားများအတွက် ထောင်ဆေးရုံစတိုခန်းအတွင်း သိမ်းထားရှိသော ဘိန်းဖြတ်ဆေးများကို ယူဆောင်၍လည်းကောင်း၊ ထောင်ဆေးရုံအတွင်းရှိ လူနာအကျဉ်းသားများအတွက်ပေးသော အုန်းဆံမွေ့ရာများကို





ယူဆောင်၍လည်းကောင်း၊ အလုပ်ကြီးဝင်းဘက် အကာအကွယ်ကောင်းသောနေရာများတွင် နေရာယူကြပြီး ဘိန်းဖြတ်ဆေးများကို မှိုဝဲသောက်သုံးရင်း စိမ်ယူကြသည်။

အချို့ အကျဉ်းသားများကတော့ ထောင်အတွင်းရှိ သံတို၊ သံစသံချောင်းများအား လက်နက်ပြုလုပ်ပြီး အကျဉ်းထောင် အလုပ်ကြီးဝင်းအတွင်း၌ မွေးမြူထားသော ဝက်အကောင်ရေ (၄၀၀)ခန့်အား သတ်ဖြတ်ပြီး မီးကင်၍ စားကြ၊ သောက်ကြ၊ မြည်းကြသည်။ သောက်စရာအနေနှင့် အကျဉ်းထောင်ဖိုကြီးမှ ဆားများကိုယူပြီး အလုပ်ဘက်ဝင်းအတွင်းရှိ ကုန်ကြမ်းဂိုဒေါင်မှ ပေါ်လစ်ပုလင်းများထဲသို့ ဆားခတ်ပြီး အရောင်တင်ဆေး ဆေးချိတ်များ အနည်ထိုင်သည်နှင့် အပေါ်ယံအရည်ကြည် အရက်ပျံများကို မူးယစ်စေတတ်သော အရက်အဖြစ် သောက်သုံးရင်း ဝက်သားကင်များဖြင့် မြည်းကြသည်။ ၎င်းတို့အဖွဲ့မှ တရားမဲ့ ထင်တိုင်းကြဲနေကြခြင်းဖြစ်ပြီး တစ်ယောက်က မွေးမြူရေးဝက်တစ်ကောင်သတ်၍ ပေါင်ကိုယူလျှင် နောက်တစ်ယောက်က ထိုဝက်ကို မစားတော့ နောက်ဝက်အသစ်တစ်ကောင်ကို သတ်ပြန်သည်။

ထို့ကြောင့် မွေးမြူရေးဝက်များ ကုန်သောအခါတွင် ထောင်တွင်းကင်းလှည့်ရာ၌ အသုံးပြုသော စစ်ခွေးများဘက်သို့ လှည့်ကြပြန်သည်။ ထို့ကြောင့် စစ်ခွေးများလည်း အတုံးအရှုံး သေဆုံးကုန်သည်။ ဝက်များခွေးများကို တစ်ကောင်လုံးကုန်အောင် ဝေမျှစားခြင်း မဟုတ်ဘဲ လိုအပ်သောအသားများကိုသာ ခုတ်ယူ၍ စားကြသောကြောင့် အကျဉ်းထောင်အလုပ်ဘက်ဝင်းအတွင်း၌ ခွေးသေ၊ ဝက်သေများဖြင့် ပုပ်ဟောင်နံစော်နေသည်။

ထို့အပြင် ဘိန်းဖြတ်ဆေးများနှင့် အရက်ပျံများကို မူးယစ်ဆေးဝါးအမှတ်ဖြင့် တရားလွန် သောက်သုံးကြသောကြောင့်လည်းကောင်း၊ အကျဉ်းသားဆိုးများ တစ်ဦးနှင့်တစ်ဦး အဝေမတည့်ဘဲ ခိုက်ရန်ဖြစ်ပွားပြီး သတ်ဖြတ်ကြသောကြောင့်လည်းကောင်း၊ အကျဉ်းထောင် အလုပ်ဘက်ဝင်းအတွင်း၌ ဝက်သေ၊ ခွေးသေ၊ လူသေများဖြင့် လွန်စွာ ဆိုးရွားနံစော်နေပါသည်။

အကျဉ်းသား၊ အချုပ်သားများအား ထောင်ကိုဖောက်ထွက်မထွက်ရန်အတွက် ကိုယ်ပိုင်ခံဝန်ဖြင့် လွှတ်ပေးခဲ့သော အချိန်တွင် ထိုလူဆိုးများ



www.burmeseclassic.com

www.burmeseclassic.com



လွှတ်လူများအဖြစ် ပါမလာကြတော့ပါ။ အလုပ်ဘက်ဝင်းအတွင်း၌ ဆေးဝါး လွန်၍ သေဆုံးကုန်ကြပြီဖြစ်ပါသည်။

အကျဉ်းသား၊ အချုပ်သားများကို (၉၆၀၀)ခန့် လွှတ်ပေးခဲ့ပြီး ဖြစ်သော်လည်း နှစ်ကြီးအကျဉ်းသားများနှင့် သေဒဏ်ကျ အကျဉ်းသားများက အင်းစိန်ထောင်အတွင်းရှိ တိုက်ခန်းများကို အပိုင်စီးပြီး အခရေးဆိုနေကြခဲ့ဖြစ်ပါသည်။ သို့သော် တပ်ဖွဲ့က အကျဉ်းထောင်ကို ပြန်လည်သိမ်းယူအုပ်ချုပ်ပြီး တိုက်ခန်းများမှ လူဆိုးများအဖွဲ့ကိုသာ သီးသန့်ချန်လုပ်ထားခြင်းဖြစ်ပါသည်။ ၎င်းတို့မှာ ရဲဘက်ဖိုကြီးမှ ရိက္ခာများနှင့် ရေများကို ကြိုတင်စုဆောင်းထားကြသော်လည်း ရက်ကြာလာသည်နှင့်အမျှ အစားအသောက်နှင့် ရေများ ပြတ်လတ်လာကြပြီး ဖြစ်ပါသည်။

✿ ✿ ✿

ညဘက် လုံခြုံရေးကင်းလှည့်ရာတွင် အကျဉ်းထောင် ခုမှုစ (၂၆-၈-၈၈)ရက်နေ့မှစ၍ ကျွန်တော်တို့တပ်စိတ်အား အခြေချ အထိုင်ကင်းမဟုတ်တော့ဘဲ လှုပ်ရှားသွားလာရာတွင် လှည့်ကင်းအဖြစ် အထက်လူကြီးများက တာဝန်ပေးလာပါသည်။ ဟီးနိုးရိန်းဂျားကားကြီးတစ်စီး စက်ကလေးသေနတ်စက်လက်ပါ ကျည်အပြည့်အစုံဖြင့် အင်အားတိုးချဲ့ပေးထားပါသည်။ တစ်နာရီလျှင်တစ်ကြိမ် ထောင်အုတ်ရိုးကြီးကိုပတ်၍ စစ်ဆေးရပြီး အင်းစိန်ထောင်အရှေ့တွင် ပြန်လည်နားရသည်။ တစ်နာရီနားပြီး တစ်ကြိမ် ကင်းပတ်ရခြင်းဖြစ်ပါသည်။

ထိုနေ့က ညဉ့်သန်းခေါင် (၁၂)နာရီ အချိန်ခန့်တွင် ကျွန်တော်တို့ ကင်းပတ်အဖွဲ့ ကင်းပတ်ပြီး ထောင်ရှေ့သို့အရောက်တွင် ကျွန်တော့်အား ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းခေါ်သည်ဟု ဝန်ထမ်းတစ်ဦး အကြောင်းကြားလာသည်။ ထို့ကြောင့် ကျွန်တော် ကားပေါ်ကဆင်းပြီး အကျဉ်းထောင်





ဘူးတံခါးနှင့် ဝင်းအတွင်းဝင် သံဇကာတံခါးအနီး၌ ခက်တီစားပွဲချ၍ အရက်ထိုင်သောက်နေသော ညွှန်မှူးထံသို့ သွားရောက်အလေးပြုပြီး သတင်းပို့ရာ ညွှန်မှူးမှာ အရက်အတော်မူးနေဟန်တူပါသည်။ သူက ကျွန်တော့်အား –

"ထောင်မှူးကြီးလုပ်ပြီး ခင်ဗျားက သတ္တိမရှိဘူးလား။ ကျုပ်ဆိုရင် မာစတာဂျစ်ကားနဲ့ တစ်ယောက်တည်း ကင်းလှည့်တာ၊ ခင်ဗျားလို ကြောက်မနေဘူး"

ဟုဆိုကာ သူ၏ခါးမှ ပစ္စတိုသေနတ်ကိုဖြုတ်၍ စားပွဲပေါ်သို့ တင်ပြီး ကျွန်တော့်အား စိန်ခေါ်ဟန်ပြုပါသည်။ ကျွန်တော့်တွင်လည်း ခါး၌ ကျည်အပြည့်ထိုး၍ ချိတ်ထားသော ခြောက်လုံးပြူးသေနတ်က အရံသင့်ရှိပါသည်။ ကျွန်တော် အမှတ်မထင် သေနတ်ကို စမ်းလိုက်မိသည်။ သို့သော် သူက လူကြီး အရက်မူး၍ စိန်ခေါ်တာပါဟု ဘာသာတွေး၍ စိတ်ကိုဖြေလျှော့ရသည်။ နောက် သူက ပြောပါသေးသည်။

"နောက်ဆို ခင်ဗျားတစ်ယောက်တည်း ကျုပ်လို ကင်းလှည့်ပါလား။ သတ္တိကြောင်တဲ့စကားတွေကြောင့် ထောင်ပျက်ရတာ"

ဟု ပြောပြန်ပါသည်။

ထိုအခါတွင် ရိန်းဂျားကားကြီးအား ထောင်ဘူးဝကို ဖင်ပေးပြီး ရပ်နားထားသော ကျွန်တော်၏ ကင်းလှည့်အဖွဲ့ထံမှ စက်ကလေးသေနတ်အား မောင်းတင်၍ ညွှန်ကြားရေးမှူးဘက်သို့ ချိန်ထားသည်ကို တွေ့လိုက်ရသည်။ ထို့ကြောင့် ကျွန်တော် အပြေးအလွှား သွားရောက်တားဆီးလိုက်ရတော့သည်။

"ဟေ့ကောင်တွေ . . . မလုပ်ကြနဲ့၊ သည်းခံကြစမ်းပါ"

"ဆရာကလည်း ဒီလို တိုင်းပြည်ကြီး ပျက်နေတဲ့အချိန်အတွင်းမှာ ဒီလို လူကြီးကိုပစ်သတ်တာ ဘာဖြစ်တာမှတ်လို့၊ ဆရာရှောင်နေစမ်းပါဗျာ။ ကျွန်တော်တို့ဘာသာ ဖြေရှင်းပါ့မယ်"

"ငါက မင်းတို့အဖွဲ့ခေါင်းဆောင် ငါ့အမိန့်ကို မနာခံကြဘူးလား"

ဟု၍ မာန်မဲပြောဆိုတော့မှ သူတို့အဖွဲ့ စက်ကလေးသေနတ်အနီးမှ ခွာကြသည်။ ဒါတောင် တစ်ဦးက ပြောသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က တစ်တောင့်ချင်းပစ်မှာ မဟုတ်ဘူးဆရာ။ အတွဲလိုက် အွဲလိုက်မှာ။ နေ့မအိပ်ရ ညမအိပ်ရဖြစ်သလို မဝရေစာစားနေရတဲ့ ကျွန်တော်တို့အဖွဲ့ကို သူက ညွှန်မှူးလုပ်ပြီး စော်ကားတာတော့ မခံနိုင်ဘူးဆရာ"

"အေးပါကွာ . . . ငါ့ကို စမ်းသပ်တာနေမှာ။ မင်းတို့နဲ့ မဆိုင်ပါဘူး။ စိတ်လျှော့ကြစမ်းပါ"

ထိုညွှန်မှူးမှာလည်း ကျွန်တော်တို့ အခြေအနေကို မြင်တွေ့ကြားသိရည်ဖြစ်ပါသည်။ ထို့ကြောင့် နေရာမှထပြီး ထောင်အတွင်း ဝင်သွားတော့သည်။

ညွှန်မှူးဦးစိန်ဝင်းမှာ ကျွန်တော်သိသလောက် အေးဆေးသူ တစ်ယောက်ဖြစ်ပါသည်။ ထိုစဉ်ထိုအခါက ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးတင်ဦး၏ ခေါက်ရိုက်အဖွဲ့သို့လည်း သူ စိတ်မဝင်စား၍ မလာပါ။ အရက်တော့ အလွန် ကြိုက်တန်တုပါသည်။ တစ်လတစ်ခါ၊ အဖွဲ့ဝင်များ စုညီစုဝေးပြီး အရက်သောက်သည့်ပွဲကိုတော့ သူ မပျက်မကွက် လာတတ်သည်။

ခေါက်ခင်များ၌လည်း စွပ်ကျယ်ဝတ်ပြီး ဘောင်းဘီတိုကလေးဖြင့် ထောင်အုတ်မိုးကိုပတ်ပြီး နှစ်ပတ်၊ သုံးပတ်ပြေးရင်း လေ့ကျင့်ခန်း လုပ်လေ့ရှိပါသည်။ လူအေးတစ်ယောက်ဟု ကျွန်တော်တို့ သတ်မှတ်ထားသောသူက ယနေ့ညမှ အဘယ်ကြောင့် ဖောက်ပြန်သွားသည်ကို ကျွန်တော် ဝေခွဲမရဖြစ်ရသည်။ နောက်မှ သြော် . . . သူကလည်း လူဘဲ စိတ်ခံစားချက် တစ်ခုကြောင့် အရက်အမူးလွန်ပြီး မထိန်းသိမ်းနိုင်ဘဲ ပြောဆိုမိခြင်းဖြစ်လိမ့်မည်ဟု ကျွန်တော် တရားနှင့် ဖြေမိပါသည်။

ထိုညက ကျွန်တော်သာ ဟန့်တား တားဆီးခြင်း မပြုခဲ့ပါလျှင် ကျွန်တော်၏ လက်မရွံ့တပည့်များက တကယ်ပင် ပစ်ခတ်သတ်ဖြတ်ကြမည်လား မပြောနိုင်ပါ။ စိတ်၏အလိုကို လိုက်ခြင်းကြောင့် မှားတတ်ကြပါသည်။ စိတ်အတွင်း ဒေါသကြောင့် အမှောင်တိုက်ဖုံးနေရင် လူဆိုသည်မှာ မျက်တောင်တိုး ဆင်ခြင်မှုကင်းမဲ့ပြီး လုပ်လေ့လုပ်ထ ရှိကြသည်မှာ လူ့စိတ်ပင်ဖြစ်ပါလိမ့်မည်။

✿ ✿ ✿

# ၁၉၀၀ ခုနှစ်၊ အရေးအခင်းပြီးနောက် အခြေအနေ

❑

ကျွန်တော်တို့ အကျဉ်းဦးစီးဌာန ဝန်ထမ်းများမှာ အရေးအခင်းအတွင်း ...စွာ ပင်ပန်းကြပါသည်။ မိသားစုကိုပင် မငဲ့အားဘဲ လုံခြုံရေးတာဝန် ...ည်မလုန် စွန့်စွန့်စားစား ထမ်းဆောင်ခဲ့ကြပါသည်။ အခြားသော တပ်ဖွဲ့ ...သီးနှင့် ရုံးဝန်ထမ်းများ အရေးအခင်းကာလတွင်း၌ စီတန်းလှည့်လည် ...တွင် ပါဝင်ခြင်း၊ လူစုလူဝေးဖြင့် တရားဟောခြင်း၊ စသဖြင့် အနုပညာ ...များ ဖြစ်ကြသော အဆိုတော်နှင့် ရုပ်ရှင်မင်းသား၊ မင်းသမီးများ၊ စာရေး ...များ၊ လူတန်းစားပေါင်းစုံ ပါဝင်ကြသော်လည်း ကျွန်တော်တို့ အကျဉ်း ...င်ဝန်ထမ်းများမှာ ကြီးလေးသော လုံခြုံရေးကိစ္စများကြောင့် ပြင်ပထွက် ... ချဖြိုနေနေသာသာ ထမင်းပင် နပ်မှန်အောင်မစားရ၊ အိပ်ရေးဝဝပင် ...ကြရပါ။ မိသားစုကိုပင် လှည့်မကြည့်နိုင်ခဲ့ပါ။ ထိုသို့ ရှင်းပ်ခွဲခွဲ ...န်များ စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့ကြသော်လည်း အရေးအခင်းကြီး

www.burmeseclassic.com



ပြီးနောက် အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးတွင် ညွှန်ချုပ်၊ ဒုချုပ်နှင့် ညွှန်မှူးများ ပါဝင်သော ခုံရုံးအဖွဲ့မှ ခေါ်ယူစစ်ဆေးခြင်းကို ခံကြရတော့သည်။

ကျွန်တော့်မှာလည်း အကျဉ်းထောင်လောကကို စိတ်ကုန်ပြီးသောကြောင့် ဖြစ်လိုရာဖြစ်စေ၊ မိမိကိုယ်ကိုမိမိ ကာကွယ်မှုမပြုဘဲ ဖြစ်ပျက်သမျှကို အမှန်အတိုင်း ထွက်ဆိုခဲ့ပါသည်။ ထိုအခါတွင် ဒုချုပ်လုပ်သူက ...

"ကဲ ... မင်းရဲ့ထွက်ဆိုချက်တွေကိုတော့ ငါတို့ စုံစုံလင်လင် နားထောင်ပြီးပြီ။ အဲဒီတော့ ဒီဖြစ်စဉ်တွေမှာ တာဝန်ရှိတာ ဘယ်သူတွေလဲ"

"တာဝန်ရှိသူတွေကတော့ အကျဉ်းဦးစီးဌာန အုပ်ချုပ်သူအားလုံးပဲ။ ဒီအထဲမှာ ကျွန်တော်လည်း ပါတယ်"

"နေစမ်းပါဦး ... မင်းက ကိုယ့်အပြစ်ကိုယ် ဝန်ခံတာလား"

"ကျွန်တော်လည်း တတ်စွမ်းသမျှ ကြိုးစားပြီး တာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ဒါပေမဲ့ အခုလို အင်းစိန်ထောင်ကြီး မီးလောင်ရတာ အုပ်ချုပ်သူတွေရဲ့ ပေါ့လျော့မှုကြောင့်လို့ ကျွန်တော်ထင်တယ်"

"မင်းက ငါတို့အားလုံး တာဝန်ရှိတယ်လို့ ပြောချင်တာလား"

"ဟုတ်ပါတယ်"

ကျွန်တော်က ထိုသို့ပြောတော့ ဗိုလ်မှူးဆမ်ဂျွမ်းက ...

"ဟဲ့ကောင်လေး ... လူကြီးကို ပြန်မပြောနဲ့"

ဟု ဟန့်တားပါသည်။

"ဒီကောင်က အာဂပဲ"

ဟုလည်း ဒုချုပ်က မှတ်ချက်ချသည်။

ထိုအခါမှ ဗိုလ်မှူးဆမ်ဂျွမ်းက ဝင်၍ ...

"ထောင်မှာ ဘယ်သူ အကြီးဆုံးလဲ။ ထောင်ပိုင်ကြီး မဟုတ်လား။ သူ့မှာ တာဝန်အရှိဆုံး မဟုတ်လား"

ဟု လမ်းကြောင်းပေးပါသည်။

ကျွန်တော်ကလည်း မဟုတ်မခံ ပြန်ပြောမိသည်။





"ထောင်ပိုင်ကြီးမှာ တာဝန်အရှိဆုံးဆိုတာ မှန်ပါတယ် .. ဗိုလ်မှူး။ ဒါပေမဲ့ ထောင်အုပ်ချုပ်ရေးမှာ သူတစ်ယောက်တည်း အုပ်ချုပ်လို့ ရတာမှ မဟုတ်ဘဲ။ နောက်ပြီး ပြင်ပကဝင်လာတဲ့ ထောင်အရာရှိ အသစ်တွေက အကျဉ်းသား၊ အချုပ်သားတွေရဲ့ အရိပ်အကဲတွေကို နားမလည်ဘဲ အဓိက အကြောင်းရင်းပဲ"

"အေး ... အဲလို လူသစ်တွေက နားမလည်ရင်လည်း ထောင်မှာ တာဝန်အရှိဆုံး ထောင်ပိုင်ကြီးလုပ်သူက ပြောဆိုဆုံးမရမှာပေါ့။ တပည့် မကောင်း ဆရာ့ခေါင်းတဲ့။ သားသမီးမကောင်းရင် မိဘခေါင်းပေါ့။ အဓိက အပြစ်ရှိတာက အင်းစိန်ထောင်အုပ်ချုပ်တဲ့ ထောင်ပိုင်ကြီး ဦးစိန်ငွေမဟုတ်လား"

ကျွန်တော် အင်းမလုပ် အဲမလုပ် နေလိုက်သည်။ သူတို့၏ အဓိက ပစ်မှတ်မှာ ထောင်ပိုင်ကြီး ဦးစိန်ငွေကို ရည်ရွယ်ကြောင်း ကျွန်တော် သဘောပေါက်မိပါသည်။ ထိုအရေးအခင်းကာလကလည်း ထောင်ပိုင်ကြီး ဦးစိန်ငွေမှာ သူ့စိတ်တိုင်းကျ လုပ်ပိုင်ခွင့်ရသူမဟုတ်ကြောင်းကိုလည်း ကျွန်တော်တို့ ကိုယ်တွေ့မျက်မြင် ဖြစ်သောကြောင့် သဘောပေါက်ရသည်။

ထို့နောက်ပိုင်းတွင် ကျွန်တော်တို့ အင်းစိန်ထောင်အဖွဲ့ စစ်ခေါင်းကွဲကြတော့သည်။

(၁၈-၉-၈၈)ရက်နေ့တွင် နိုင်ငံတော်အာဏာကို တပ်မတော်က ထိန်းသိမ်းလိုက်တော့သည်။ လမ်းမပေါ်တွင် လူစုလူဝေးဖြင့် အရေးဆိုမှုများ ပျောက်ကွယ်သွားတော့သည်။ အရေးအခင်းကာလအတွင်း ပေါ်ပေါက်လာသည့် တောကြောင်များ၊ လုယက်ဆိုးသွမ်းသူများနှင့် ထောင်ထွက်များလည်း ငြိမ်သွားတော့သည်။ မီးလောင်ပြီး ပြာပုံဘဝသို့ ရောက်သွားသော အင်းစိန်ထောင်ကြီးကိုလည်း အကျဉ်းသားလုပ်အားဖြင့်ပင် တစ်လကိုးသီတင်း ရှင်းလင်းရသည်။ တစ်နေ့လျှင် ဟီးနိုးတီအိုးကားကြီးဖြင့် လေးငါးစီး ရှင်းလင်းသယ်ထုတ်မှ မီးလောင်ပြင်မှ အမှိုက်များ ရှင်းလင်းသွားတော့သည်။

ပြောင်သလင်းခါသွားသော ထောင်ကြီးကို နောက်ထပ်ရောက်လာကြမည့် အချုပ်သား၊ အကျဉ်းသားများအတွက် အရေးပေါ် အဆောက်



www.burmeseclassic.com

www.burmeseclassic.com



အဆိုတွေကို နေ့မအားညမအား ပြန်လည်ဆောက်ကြရပြန်တယ်။ ယခင်က အင်္ဂလိပ်များ ဆောက်လုပ်သွားသည်က နှစ်ထပ်အဆောက်အအုံကြီးများ ဖြစ်ကြသည်။ အခု ကျွန်တော်တို့ ပြန်ဆောက်နေရသည်များက အရေးပေါ် တစ်ထပ်အဆောင်များ ဖြစ်ကြသည်။

တပ်မတော်က နိုင်ငံတော်အာဏာကို သိမ်းယူပြီး တစ်ပတ်အကြာ၌မူ အချုပ်သားများ၊ ရဲအချုပ်ကားပြာကြီးများဖြင့် တစ်အုပ်ပြီးတစ်အုပ် ရောက်လာကြတော့သည်။ အရေးအခင်းကြောင့် တိမ်းရှောင်နေသော ဝန်ထမ်းထိန်းများလည်း တစ်ဖွဲဖွဲ ပြန်လည်ရောက်လာကြပြီး တာဝန်ကျရာ တာဝန်ဝတ္တရားများကို တစ်ဖန်ထမ်းဆောင်ကြပြန်သည်။

ငုင်းဝန်ထမ်းငယ်များကိုလည်း အပြစ်မတင်ရက်ပါ။ ထောင်အတွင်း၌ ဆူကြဲပူကြဲနဲ့ တိုင်းပြည်ပျက်သော အချိန်အခါလည်း ကျွန်တော်တို့၏ အထက်လူကြီးများ၏ မိသားစုများပင် ထောင်ဝင်းအတွင်းရှိ မိမိတို့အိမ်များမှ ထွက်ပြီးဘေးကင်းမည်မှာ ထင်ရသော ဆွေမျိုးမိတ်ဂ်ဟများထံသို့ ပြောင်းရွှေ့ပုန်းအောင်းပြီး နေကြရပါသေးသည်။ ကျွန်တော်တို့ ထောင်ပိုင်ဦးစိန်ဒွေး ကိုယ်တိုင်ကိုပင် အထက်လူကြီးများက ထောင်ဝင်းအတွင်း၌ မနေစေဘဲ လုံခြုံရာသို့ ပြောင်းရွှေ့နေရန် တိုက်တွန်းခဲ့ပါသည်။ ထို့ကြောင့်လည်း ထောင်ပိုင်ကြီး ဦးစိန်ဒွေးကို အင်းစိန်ထောင်ဝင်း အရှေ့ဘက်ရှိ CTD ဝင်းအတွင်းရှိ ရဲမှူးကြီးအိမ်တွင် ပုန်းလျှိုး၍ နေထိုင်ခဲ့ရကြောင်း ကျွန်တော်တို့ ကြားသိရပါသည်။

ထို့ကြောင့်လည်း အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးကို အရေးအခင်းကာလအတွင်း ဦးစီးဦးဆောင်ပြီး အုပ်ချုပ်မည့်သူမရှိပါ။ အရာရှိများနှင့် အချို့ဝန်ထမ်းများကသာ တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် တာဝန်ကျေကျေ ထမ်းဆောင်ခြင်းကြောင့်သာ အင်းစိန်ထောင်အုတ်တံတိုင်းကြီး မကျိုးမပေါက်ဘဲ အချုပ်သားအကျဉ်းသားများအား ကိုယ်တိုင်ခံဝန်ဖြင့် အချိန်မှီ ဩဇာခြေရ လွှတ်ပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။ အခြားနယ်ထောင်များတွင် အုတ်ရိုးကျော်ပြေးသူများ၊ အကျဉ်းထောင်ဘူးတံခါးကြီးအား ဝင်စီးပြီး မီးရှို့၍ ထွက်ပြေးလွတ်မြောက်သွားသူများ စသဖြင့် ဆိုးဝါးသော အဖြစ်အပျက်များ ကျန်ရစ်ခဲ့ပါသည်။





အရေးအခင်းပြီးစ အချိန်၌ပင် မီးသတ်ဌာနက ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဖော်မင်းနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ် ဗိုလ်မှူးအုန်းဟန် ဆိုသူတို့ ရောက်ရှိလာသည်။ ညွှန်ကြားရေးမှူးအသစ် ဗိုလ်မှူးတွေလည်း ရောက်လာကြပြန်သည်။ ကျွန်တော်တို့၏ ယခင် ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဗိုလ်မှူးကြီးတင်ဦးအား မီးသတ်ဌာနသို့ ပြောင်းရွှေ့တာဝန်ပေးလိုက်သည်။ ဒုတိယညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးသာဒိုးကိုလည်း တာဝန်မှ ရပ်စဲပြီး အနားပေးလိုက်သည်။

ထို့ကြောင့်လည်း အထက်က ရောက်လာကြသူ ပုဂ္ဂိုလ်များမှာ နိုကျရှေ့ကိုယ် အသစ်များဖြစ်ကြသည်။ ထိုပုဂ္ဂိုလ်အသစ်များကလည်း အရေးအခင်းပြီးစတွင် လွန်စွာ ဝီရိယကောင်းကြသည်။ မနက်မိုးလင်းပြီး ထောင်ဖွင့်သူ့ပေါင်းစစ်ဆေးပြီးသည်နှင့် ရောက်ရောက်လာကြသည်။

ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းနှင့် ထောင်ပိုင်ကြီးတို့က နေ့မီးညမီးဖြင့် အပြင်းအထန်ဆောက်လုပ်နေသော အိမ်ဆောင်အသစ်များကို ထိုက်လံပြသရသည်။

အထက်က ပြောခဲ့သလို စစ်တပ်က အာဏာသိမ်းပြီး တစ်ပတ်ခန့်အကြာတွင် အရေးအခင်းကာလက လုယက်သူများ၊ အစိုးရဂိုဒေါင် ဖောက်သူများနှင့် ခေါင်းဖြတ်သတ်သော တရားခံများကို ဖမ်းဆီး၍ ထောင်သို့ ရှေ့ဦးပေါက်လာပို့ကြသည်။ နောက်ပိုင်းလည်း တဖွဲဖွဲကျ ရောက်ရှိလာကြသူများမှာ အရေးအခင်းကာလများက လူစုလူဝေးကို ခေါင်းဆောင်ပြီး လှုံ့ဆော်အောင်းလုပ်၍ သတ်ဖြတ်လုယက်သူများ၊ ရေတွင်းရေကန် အဆိပ်ခတ်သူများစသဖြင့် အရေးအခင်းနှင့် ပတ်သက်ဆက်နွယ်သူများ ဖြစ်ကြပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

□

ထောင်တွင်း အရေးအခင်းပြီးစအချိန်တွင် ကျွန်တော်တို့ ပြင်ပ ထင်းတာဝန်ထမ်းသူများ ညကင်းစောင့်ရန်အတွက် ထောင်တွင်းမိန်းဂျေး၌ ထပ်မံရောက်ပြီး တာဝန်ထမ်းဆောင်ရပြန်သည်။ အိပ်ဆောင်များ မီးရှို့ခံရပြီး ပြာကုန်တဝရောက်ပြီး အချုပ်သား အကျဉ်းသားများလည်း မရှိတော့။ တိုက်ခန်း များအတွင်း၌ နှစ်ကြီးသမားများ၊ ကြိုးသမားများနှင့် ဆူပူမှုခေါင်းဆောင် တချို့ ရှိသည်။ ၎င်းတို့အဖွဲ့က တိုက်ခန်းများကို အပိုင်စီးထားသေးသည်။ ထောင်အရာရှိနှင့် ဝန်ထမ်းများကို တိုက်ဝင်းအတွင်းသို့ အဝင်မခံပါ။ ထို အုပ်စုကလေးကို အကျဉ်းထောင်ဝန်ထမ်းများက အချိန်မရွေးဝင်ရောက်ပြီး အကြမ်းဖက်၍ အပြတ်ရှင်းနိုင်ပါသည်။ သို့သော် အုပ်ချုပ်သူလူကြီးများက ဆွေးနွေးသံပိုးမှုများကို ဖယ်ရှောင်လိုဟန်ဖြင့် ညှိနှိုင်းပြီး စောင့်ကြည့်နေကြ သည်။

ကျွန်တော်တို့ ဝန်ထမ်းအဖွဲ့များလည်း လုံခြုံရေးတာဝန်ရှိသော ကြောင့် မိန်းဂျေးတွင် နေ့ပိုင်းနှင့် ညပိုင်းတာဝန်ခွဲခြား၍ အလှည့်ဝင်ရသည်။ ထွေထွေထူးထူးလည်း မရှိသေးသောကြောင့် အားလပ်ပြီး အနားရကြသည် ဟု ဆိုနိုင်ပါသည်။ ထောင်သန့်ရှင်းရေး ပြန်လည်ဆောက်လုပ်ရေးအဖွဲ့က တော့ အပျက်အစီးနှင့် အမှိုက်များကို ရှင်းလင်းဖယ်ရှားပြီး ထောင်အပြင် ဘက်သို့ ဟီးနိုးကားကြီးများဖြင့် သယ်ထုတ်နေကြပါသည်။ ကျွန်တော်တို့





အဖွဲ့က ညလုံခြုံရေးကင်း တာဝန်ကျသည်။ မိန်းဂျေး၌ အထိုင်ကင်းချပြီး ဗိုဝိုင်းကြီးအတွင်း၌ တစ်လှည့်စီ ဂျူတီခွဲ၍ ညအိပ်ကြရသည်။

လျှပ်စစ်မီးများကို ကျွန်တော်တို့ တာဝန်ကျရာ မိန်းဂျေးနှင့် ဗိုဝိုင်း ကြီး တိုက်ခန်းများတစ်ဝိုက်သာ ရရှိပြီး တစ်ထောင်လုံး မဲမှောင်နေသည်။ အနံ့ဆိုးများ၊ မီးလောင်ညှော်နံ့များက တစ်ထောင်လုံး ပျံ့နေသည်။ အသက်ရှူ၍ ပင် မဝပါ။ လေးဖက်လေးတန် အုတ်ရိုးကြီးကာရံထားသော ထောင်အတွင်း ၌ အနံ့ဆိုးများက မပျယ်လွင့်ဘဲ လှိုက်၍တက်နေသည်။

ညအချိန်တာဝန်ကျရာတွင် ကောင်းစွာ အိပ်စက်ကြရသည်တော့ မဟုတ်ပါ။ အနံ့ဆိုးများကြောင့်လည်းကောင်း၊ ဗိုဝိုင်းခေါင်မိုးပေါ်သို့ တနိုင်း နိုင်းကျနေသော ခဲအသံများကြောင့်လည်း ဖြစ်သည်။ ဝန်ထမ်းများက သရဲ ခြောက်သည်ဟုထင်ပြီး လွန်စွာ ကြောက်လန့်နေကြသည်။ ပတ်ဝန်းကျင် က မှောင်အတိ။

ယခင်က မီးတထိန်ထိန်ဖြင့် လူများ သောင်းနှင့်ချီ၍ နေထိုင်ခဲ့ကြ သော အကျဉ်းထောင်ရွာကြီးမှာ ယခုတော့ သချိုင်း၊ သုသာန်တစပြင်လို ငြိမ်သက်မှောင်မည်းပြီး တိတ်ဆိတ်နေသည်။ ဗိုဝိုင်းကြီးခေါင်မိုးအပေါ်သို့ တနိုင်းဒိုင်းကျနေသော ခဲများနှင့် ကောင်းကင်ယံတွင် အုပ်စုဖွဲ့ပျံသန်းပြီး တဂစ်ဂစ်အော်မြည်နေကြသော ငှက်ဆိုးများအသံကသာ ကြောက်မက်ဖွယ် ကောင်းသော ညဥ့်ယံကို စိုးမိုးနေပါတော့သည်။

ဝန်ထမ်းများ အကြောက်အလန့် ပြေစေရန်အတွက် ကျွန်တော် စုံထောက်လုပ်ပြီး ဗိုဝိုင်းကြီးခေါင်မိုးပေါ်သို့ ကျလာသည့် ခဲများကိုလည်း လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်မိတော့မှ ခဲများမဟုတ်ကြဘဲ ငှက်ဆိုးများ ချီ လာပြီး ဗိုဝိုင်းကြီး၏ ခေါင်မိုးမျှော်စင်ပေါ်သို့ နားရင်း ပြုတ်ကျလာသော ဓာတ်သီးများ ဖြစ်နေပါသည်။ ခဲများ ပြဿနာကို ဖြေရှင်းနိုင်သော်လည်း ဝန်ထမ်းများက အကြောက်မပြေကြပါ။ အဆောင်ဝင်းအသီးသီးနှင့် ဆောင် ဆေးရုံဝင်းအတွင်း၌ လူသေများကို မလုံမခြုံ မြှုပ်နှံထားကြောင်း သိရှိနေကြ သောကြောင့်လည်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုဝိုင်းကြီးကို ပတ်၍ရှေ့လျှောက်လျှင် မီးလောင်ထားသော အိမ်ခြေ ဆောင်များမှ အုတ်တံတိုင်းအကျိုးအပဲ့များနှင့် မီးလောင်တိုင်တော်စိုး အမိုးမဲ့ အခန်းများကို မီးတိုးမဲသဲ မြင်ရသည်။ အလုပ်တက်စင်းသို့ သွားရာလမ်း တစ်လျှောက် မှောင်အတိကျနေသည်။ အထူးဆောင်ဝင်းအတွင်းရှိ ဘုရား စေတီကလေး၏ ဆွဲလွဲသံကိုတော့ လေတိုးလျှင် တချွင်ချွင် ကြားနေရ သည်။ သို့သော် လေတိုးသည်နှင့် အနံ့ဆိုးများက ဝေါင်းခနဲထ၍ သမြင့် ကြက်သီးထပြီး လွန်စွာ ကြောက်လန့်စရာ ကောင်းလှပါသည်။

ညဥ့်တာဝန်ကျသည်ကို အောင့်အည်းသည်းခံပြီး မနက်(၇)နာရီ ခန့်တွင်နေ့ လုံခြုံရေးအဖွဲ့ ဝင်ရောက်လာသည်နှင့် တာဝန်လွှဲပြောင်းရသည်။ ကျွန်တော်တို့အဖွဲ့ အိမ်ပြန်ပြီး အနားယူ အိပ်စက်ကြရတော့မည်ဖြစ်သည်။

ထောင်မှူးကြီးဦးလှမြင့်နှင့် မိန်းဂျေးတပ်ကြပ်ကြီး ဝင်းမြင့်တို့အဖွဲ့ ဝင်လာကြပြီး ကျွန်တော်တို့ အဖွဲ့နှင့် တာဝန်လွှဲပြောင်းသည်။ ထိုစဉ်တွင် တိုက်ဝင်းတံခါးမှ၍ အကျဉ်းသားတစ်ဦး ထွက်လာသည်။ သူက ဝန်ထမ်း များနှင့် သူတို့တိုက်ခန်းများကို သိမ်းပိုက်ထားသည့် လူဆိုးခေါင်းဆောင်များ အဖွဲ့ကို ညှိနှိုင်းဆက်သွယ်ပေးနေသော ဖောက်ထွင်းဝိဇ္ဇာ သူခိုးမြင့်သိန်း ဖြစ်သည်။ ကျွန်တော်၏ တပည့်ရင်းတစ်ဦးလည်း ဖြစ်ပါသည်။ ကျွန်တော့် အား သူက တောင်း၍ နှုတ်ဆက်သည်။

"ဆရာ ... ပြန်တော့မလို့လား။ Breakfast စားပြီးပြီလား"

"အခုမှ ဂျူတီထွက်ရမှာ။ အိမ်ကျမှ စားမှာပေါ့ကွ"

"ကျွန်တော်တို့ တိုက်ခန်းထဲ လိုက်စားပါလား။ ဆရာ့ကို စပါယ် ရှယ် ပြုစုကျွေးမွေးပါ့မယ်"

"ဟေ ... မင်းတို့က ဘာတွေကျွေးမှာလဲ။ ဘယ်က ရလို့လဲ"

"ဒီလိုပေါ့ ... ဆရာရယ်။ ကြံဖန်ရတာပေါ့။ ဆရာ့တပည့်အစွမ်း အစသိတယ်မဟုတ်လား။ လိုက်ခဲ့ပါ ... ဆရာရယ်။ အန္တရာယ် မဖြစ်စေရပါ ဘူး။ ကျွန်တော် လုံးဝတာဝန်ယူပါတယ်။ နောက်ပြီး ဆရာ့ကိုလည်း အမှတ်တရ လက်ဆောင်ပေးချင်လို့ပါ"





ထိုစဉ် တပ်ကြပ်ကြီးဝင်းမြင့်က မျက်ရိပ်ပြပြီး ခေါင်းယမ်းပြသည်။ ထောင်မှူးကြီး ဦးလှမြင့်ကတော့ ဘာမျှမပြောပါ။ ကျွန်တော်၏ လုံခြုံရေးအဖွဲ့ တပည့်များကတော့ တားကြသည်။ မလိုက်လျှင်လည်း ကျွန်တော် သတ္တိ ကြောင်ရာ ကျပေတော့မည်။ သူက အဖွဲ့လိုက်ခေါ်သည်မဟုတ်ပါ။ ကျွန်တော့် တစ်ယောက်တည်းကိုသာ ရွေးချယ်ခေါ်ယူခြင်းဖြစ်ပါသည်။ ထို့ကြောင့်..

"ကဲ ... လာ ... မြင့်သိန်း သွားကြစို့"

ကျွန်တော်တို့ မိန်းဂျေးရှေ့၏ ရေကန်အနီးမှ တိုက်ခန်းများကို ဝင်သည့် တံခါးအနီးသို့ လျှောက်ခဲ့ကြသည်။ ထိုအခါ မိန်းဂျေးမှ တပ်ကြပ် ကြီး ဝင်းမြင့်က 'ဆရာ' ဟု လှမ်းခေါ်ပြီး ...

"ဖြစ်ပါ့မလား ... ဆရာ။ အရေးအခင်းအတွင်းကလည်း ဆရာ့ ကို ပြန်ပေးဆွဲဖို့ လုပ်ကြသေးတယ်။ အခုလည်း သူတို့နယ်မြေထဲမှာနော်"

"ထားစမ်းပါကွာ ... ငါလည်း ယောက်ျားပါပဲ။ နောက်ပြီးတော့ ငါ့တပည့်အရင်းကြီး သူခိုးမြင့်သိန်း ပါပါတယ်"

"ဟုတ်ပါတယ် ... ကျွန်တော်ကိုယ်တိုင် ပါပါတယ်။ ဘာမျှ အန္တရာယ်မရှိစေရပါဘူး။ တိုက်ထဲမှာ ကျွန်တော်တို့အဖွဲ့ နေရထိုင်ရပုံကလေး ကို ပြချင်လို့ပါ"

စိုးရိမ်ဟန်ရှိနေသော တပ်ကြပ်ကြီးဝင်းမြင့် ဘာမျှ ပြန်မပြောတော့ ပါ။ သူကလည်း ကျွန်တော်၏ တပည့်လက်ရင်း လူယုံဖြစ်သည်။ ကျွန်တော် သာ တစ်စုံတစ်ခုဖြစ်ပါက သူက လက်နက်ကိုင်အဖွဲ့ဖြင့် ထောင်ပိုင်ဆီမှာ ပင် အမိန့်မစောင့်ဘဲ သူသေကိုယ်သေ တိုက်ကိုဝင်စီးမည့် လူစားမျိုး ဖြစ် သည်။

ကျွန်တော်နှင့် မြင့်သိန်း တိုက်ခန်းအတွင်းသို့ ဝင်ခဲ့ကြသည်။ တိုက်ခန်းအတွင်း၌ တိုက်ထောင်မှူးရုံးခန်းနှင့် အနီးရှိ အမှတ်(၆)တိုက်ခန်း များကို မီးရှို့ဖျက်ဆီးထားပြီးဖြစ်သည်။ သူတို့အဖွဲ့က အမှတ်(၄)တိုက်ခန်း အတွင်း၌ ရုံးခန်းဖွင့်လှစ်ထားခြင်းဖြစ်သည်။ ကျွန်တော်တို့ အမှတ်(၄)တိုက် ခန်းအဝရောက်တော့ တိုက်ခန်းအတွင်း၌ လျှပ်စစ်မီးများ ထိန်ထိန်လင်းနေ



www.burmeseclassic.com

www.burmeseclassic.com



ပြီး စားပွဲနှင့် ဆုံလည်ကုလားထိုင်ပေါ်၌ မျက်နှာကြက်ပန်ကာကို ဖွင့်ထားသေးသည်။ ဆုံလည်ကုလားထိုင်ပေါ်၌ သူတို့၏ အဖွဲ့ခေါင်းဆောင် အီဆင်က အခန့်သား ထိုင်နေသည်၊ အကျဉ်းသားသုံးဦး။ လေးဦးကတော့ အနီးတွင် မတ်တတ်ရပ်၍ ကျွန်တော့်အား စောင့်ကြိုနေကြပါသည်။

သူက အကျဉ်းဦးစီးဌာန ကာကီရောင် ယူနီဖောင်းကို အကျအန ဝတ်ဆင်ထားပြီး ပခုံးနှစ်ဖက် လက်မောင်းလက်ဖျံအထိ ကျွန်တော်တို့ အကျဉ်းထောင်အရာရှိများ တပ်ဆင်ကြသည့် ငွေကြယ်ပွင့်များကို အပြည့်တပ်ဆင်ထားသည်။ ကျွန်တော့်ကိုမြင်တော့ သူကလည်း ဆုံလည်ကုလားထိုင်မှထ၍ နှုတ်ဆက်ပါသည်။

"ဆရာထောင်မှူးကြီး ... ထိုင်ပါ။ မနက်စာ မစားရသေးဘူး ထင်ပါရဲ့။ စားလိုရာကို ပြောပါ။ ဒီထဲမှာ အကုန်ပြည့်စုံပါတယ်"

သူတို့ခင်းကျင်းထားသော ပစ္စည်းများမှာ အကျဉ်းထောင်ဆေးရုံ ဆေးရုံအုပ်ကြီးရုံးခန်းတွင် အသုံးပြုသော ပစ္စည်းများဖြစ်ကြပါသည်။ သူ၏ နောက်ဘက်တွင်လည်း ထောင်ဆေးရုံသုံး ရေခဲသေတ္တာကြီးနှင့် အနီးတွင်ရှိသည့် ဆေးရုံသုံး စင်ကလေးပေါ်တွင် နိုင်ငံခြားဖြစ် ဝီစကီအရက်ပုလင်းများက တန်းစီ၍ ထောင်ထားသေးသည်။ တိုက်ခန်းအတွင်း၌ အတော်စိမ်ကျွှာ နေထိုင်ကြခြင်းဖြစ်သည်။

လျှပ်စစ်အင်ဂျင်နီယာဖြစ်သူ သူခိုးမြင့်သိန်း လုပ်ကိုင်စီစဉ်ထားသော အသုံးအဆောင်များ ဖြစ်ပါလိမ့်မည်။

"ရပါတယ်ကွာ ... ဘာပဲဖြစ်ဖြစ် စားစရာတစ်ခုခုရရင် ဖြစ်ပါတယ်"

ထို့ကြောင့် သူခိုးမြင့်သိန်းက အနီးတွင်ရပ်နေသည့် အကျဉ်းသားတစ်ဦးအား ...

"ပေါင်မုန့်နဲ့ ကြက်ဥကြော်ကွာ။ နောက်ပြီး ဆရာက ကော်ဖီလား လက်ဖက်ရည်လား။ မိုင်လို၊ အိုဗာတင်းလား။ ဟောလစ်လား၊ သောက်ချင်တာကို ပြောပါဆရာ။ ဒီမှာ အားလုံး အပြည့်အစုံ ရှိပါတယ်"





"ရပါတယ်ကွာ ... လွယ်ရာကို လုပ်ပါ။ ငါ့အကြိုက်ကတော့ လက်ဖက်ရည်ချိုပဲ"

"ရပေါ့ ... ဆရာရယ်။ ကဲ .... လုပ်ကြစမ်းဟေ့။ အမြန်ဆုံးနဲ့ အကောင်းဆုံး လုပ်ကြစမ်းကွာ"

ကျွန်တော်တို့ စောင့်ဆိုင်းနေသည့် အချိန်အတွင်း သူခိုးမြင့်သိန်းက တိုက်ထဲတွင် မည်သူအသုံးပြုသည်ဟု မသိရသော ကြေးစည်ကလေးတစ်ခုကို ယူဆောင်လာပြီး ကျွန်တော့်အား ပေးသည်။

"ဆရာ ... ဒီကြေးစည်က နှယ်နှယ်ရရ မဟုတ်ဘူး။ ထောင်ထဲကို ရောက်လာကြတဲ့ ဆရာကြီးများ (ဘိုးတော်များကို ပြောလိုဟန်ရှိသည်။) အစဉ်အဆက် အသုံးပြုခဲ့တာက ကြေးစည်ဆိုပေမယ့် သာမန်ကြေးဝါနဲ့ လုပ်တဲ့ ပစ္စည်းမဟုတ်ဘူး ဆရာ။ ရှားပါးပြီး အဖိုးတန်တဲ့ ကြေးဖြူနဲ့ လုပ်ထားတာ။ ဆရာက ပုတီးစိပ်၊ တရားထိုင်တတ်တော့ အသုံးတည့်မှာပါ။ မေတ္တာပို့ အမျှဝေပြီးတိုင်း ဒီကြေးစည်ကလေးကို ထုပြီး လူ၊ နတ်၊ ဗြဟ္မာ သတ္တဝါတွေမက ကျွန်တော်တို့အဖွဲ့ကိုလည်း မေတ္တာပို့ပေးပါ"

"ဩော် ... နေပါဦးကွ။ မင်းတို့အဖွဲ့က ဘာဖြစ်နေလို့လဲ"

"မပြောနိုင်ဘူး ... ဆရာရေ့ အခု အခြေအနေအရ သမ္ဗေသတ္တာ ကမ္မသကာပဲ"

"မင်းတို့အားလုံး စိတ်ချမ်းချမ်းသာသာ နေကြပါကွာ။ အခု နိုင်ငံရေး အခြေအနေအရ စစ်တပ်က အာဏာသိမ်းလိုက်ပြီဆိုတော့ နောက်ပိုင်းမှာ မင်းတို့အဖွဲ့တွေ အုပ်ချုပ်တဲ့ အဖွဲ့အသစ်တွေနဲ့ ရင်ဆိုင်ကြရတော့မယ်။ ငါတို့လည်း အပြောင်းရွှေ့ခံရပြီး ဘယ်ရောက်ဦးမလဲ မသိနိုင်ဘူး။ အဲဒီတော့ ငါပြောချင်တာက ကိစ္စတွေအားလုံးလည်း ပြီးဆုံးသွားပြီဆိုတော့ စိတ်ကိုလျှော့ မေတ္တာဘာဝနာ ပွားကြပေါ့ကွာ။ စိတ်လိုက်မာန်ပါ မလုပ်ကြနဲ့တော့"

"ဟုတ်ကဲ့ပါ ... ဆရာ။ ကျွန်တော်တို့လည်း အရင်လို အေးချမ်းတဲ့ ဘဝကလေးကို ပြန်လိုချင်နေကြပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်တွင် ကျွန်တော် ကြိုက်နှစ်သက်သော လက်ဖက်ရည်ချိုနှင့် ပေါင်မုန့်ကြက်ဥကြော်၊ တိုက်ပန်းကန်ပြားအတွင်း၌ အကျအနထည့်၍ ခက်ရင်းနှဲ့ ဇွန်းကိုပင် တင်ထားပေးသေးသည်။ အသန့်အပြန့်ကြိုက်သော ကျွန်တော့်အတွက် အောက်ခံပန်းကန်ပြားလေးအတွင်း၌ သန့်ရှင်းစင်ကြယ်သော ခေါက်သုံး လက်သုတ်ပဝါကလေးကိုပင် ခေါက်၍ ထည့်ထားပေးသေးသည်။

ထို့ကြောင့် ကျွန်တော်လည်း ဗိုက်ဆာဆာဖြင့် သူတို့ ညွှန်ခံကျွေးမွေးသော ပေါင်မုန့်ကြက်ဥကြော်နှင့် လက်ဖက်ရည်ချိုသောက်သုံးရာ လက်ဖက်ရည်ချိုမှာ လွန်စွာကောင်းမွန်သည့် လက်ဖက်ခြောက်အမျိုးအစားကို နှပ်၍ အသုံးပြုထားခြင်းဖြစ်ပါသည်။

ထို့နောက် အီဆပ်က . . .

"ကိုမြင့်သိန်းရေ . . . ဆရာ့ကို လက်ဆောင်တစ်ခုခု ပေးလိုက်ဦး ဆရာ။ ကျွန်တော်တို့ စုဆောင်းထားတဲ့ အထဲကပေါ့"

ကျွန်တော်က . . .

"နေပါစေကွာ . . . မင်းတို့ အခုလို ကျွေးမွေးပြုစုတာကိုပဲ အလွန်ကျေးဇူးတင်လှပါပြီ။ ငါ ဘာလက်ဆောင်မှလည်း မလိုချင်ပါဘူး"

သူ့ရဲ့မြင့်သိန်းက . . .

"ဆရာကလည်း ကျွန်တော်တို့ အရေးအခင်းကာလအတွင်းက ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေကို ပြောတာပါ။ တစ်ခုခုတော့ အမှတ်တရ ယူပါ . . . ဆရာရယ်။ မကြာမီလည်း အုပ်ချုပ်သူ လူကြီးတွေနဲ့ ညှိနှိုင်းပြီး ကျွန်တော်တို့ ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းတွေကို ပြန်အပ်ရတော့မှာ။ ကျွန်တော်ကတော့ ဝါသနာပါတော့ စက်ပြင်ပစ္စည်း အစုံပါတဲ့ Toolbox သေတ္တာကလေးကို လက်ဆောင်ပေးချင်ပါတယ်။ ကျွန်တော်တို့ အဖွဲ့ထောင်အတွင်း ဗဟိုပစ္စည်းသိုလှောင်ရေး ဂိုဒေါင်ကြီးက ရထားတဲ့ ပစ္စည်းလေးပါ။ အဖိုးမတန်ပေမဲ့ ဆရာ့အတွက် အမှတ်တရနဲ့ အသုံးဝင်မှာပါ"

"အေးပါကွာ . . . ကျေးဇူးပဲ။ ကဲ . . . ငါပြန်တော့မယ်။ မင်းတို့လည်း ကောင်းကောင်းမွန်မွန် နေကြပေါ့ကွာ"

"ဟုတ်ကဲ့ပါ ဆရာ"



မြင့်သိန်းက Toolbox သေတ္တာကလေးကို လက်စွဲပြီး ကျွန်တော့်အား ပြန်လိုက်ပို့ပါသည်။ လမ်းတွင် ကျွန်တော်က . . .

"မင်းတို့ အသုံးအဆောင်ပစ္စည်းတွေကတော့ ထောင်ဆေးရုံက ဟာတွေမှန်း ငါသိပါတယ်။ ဒါပေမဲ့ နိုင်ငံခြား အရက်ပုလင်းမျိုးစုံနဲ့ စားစရာ၊ သောက်စရာ အကောင်းစားတွေက ဘယ်ကရတာလဲ။ မင်းတို့လည်း အပြင်ထွက် သွားလာနိုင်တာ မဟုတ်ဘူး။ နောက်ပြီး ငါတို့ အကျဉ်းဦးစီးဌာနဝန်ထမ်းတွေနဲ့ အဆက်အသွယ်မရှိဘဲ အဲဒီပစ္စည်းတွေက ဘယ်လို ရောက်လာခဲ့တာလဲ"

"ဟဲ . . . ဟဲ . . . ဆရာကလည်း ကျွန်တော်တို့နဲ့ အဆက်အသွယ်လုပ်နေတာ ဘယ်သူတွေလဲ စဉ်းစားကြည့်ရင် အဖြေပေါ်ပါတယ်"

"အေး . . . လုပ်စမ်းပါဦးကွ။ ဘယ်သူတွေလဲ"

"ကျေးဇူးရှင်တွေကို ပြစ်မှားသလိုများ ဖြစ်နေမလားတော့ မသိဘူး။ ဒါပေမဲ့ ကိုယ့်ဆရာအရင်းဆိုတော့ အတွင်းစကား ပြောခဲ့ရမှာပေါ့။ ဆရာ့အနေနဲ့တော့ အတတ်နိုင်ဆုံး မပေါက်ကြားရအောင် စောင့်ထိန်းပေးပါ ဆရာရယ်"

"အေးပါ . . . ငါ သဘောပေါက်ပါတယ်။ ငါ့ရင်ထဲမှာပဲ ထားမှာပါ ပါ့မယ်"

"ကျွန်တော်တို့အဖွဲ့က စားသောက်စရာ ဆီ၊ ဆန်၊ ဆားတွေကို အရေးအခင်းကာလအတွင်းမှာ တစ်ဖက်ဖိုကြီးထဲက ကဲ့သွင်းပြီး စုဆောင်းထားတာ . . . ဆရာ။ ဒါကြောင့် စားသောက်စရာတွေ ကျွန်တော်တို့အဖွဲ့အတွက် လနှင့်ချီပြီး စားလို့ရအောင် ပြည့်စုံပါတယ်။ ဒါပေမဲ့ အရေးတကြီး လိုအပ်တာက ရေပဲ။ (၁)ဆောင်က ရေစက်ကြီးကို အကျဉ်းသားတွေက မီးရှို့ဖျက်ဆီးလိုက်တော့ ကျွန်တော်တို့အတွင်းမှာ ရေမရတော့ဘူးဆရာ။ အဲဒါကြောင့် ကျွန်တော်တို့က ထောင်ပိုင်ကြီးနဲ့ ညှိနှိုင်းပြီး ရေတောင်းထားတာ။

ထောင်ပိုင်ကြီးကလည်း ထောင်တွင်းရေစက်ကြီး ပျက်ဆီးသွားပြီး ရေပိုက်တွေက ရေမလာတော့ မီးသတ်ကားကြီးတွေနဲ့ ရေသယ်ပြီး တိုက်ဝင်းအဝမှာ ဖြင့်ထိုးပေးတယ်။ အဲဒီကမှ မီးသတ်ရေပိုက်တွေနဲ့ သယ်တယ်။ အဲဒါ

www.burmeseclassic.com



တွေနဲ့ အုတ်ကန်တွေအထဲကို နေ့စဉ် ရေဖြည့်ပေးတယ်။ အဲဒါတွေနဲ့ ကျွန်တော်တို့အဖွဲ့ သုံးတယ်၊ ချိုးတယ်၊ သောက်တယ်ပေါ့ ... ဆရာရယ်။

အဲဒီ ရေပေးတဲ့ကျေးဇူးကြောင့် မီးသတ်က ရဲဘော်တွေကို ကျွန်တော်တို့ အရေးအခင်းကာလအတွင်း ထောင်တွင်းကိုဒေါင်တွေက ဖောက်ထွင်းပြီး စုဆောင်းထားတဲ့ ပစ္စည်းတွေကို လက်ဆောင်ပြန်ပေးတယ်။ သူတို့က မီးသတ်ကားအနောက်ဘက်က ပိုက်တွေထည့်တဲ့ ခေါင်းကြီးထဲကို ထည့်ပြီး ယူသွားကြတာ။ နောက်တစ်နေ့တွေမှာတော့ ကျွန်တော်တို့အတွက် စားစရာ သောက်စရာတွေကို ယူလာပေးတယ်။ တစ်ဦးကျေးဇူး တစ်ဦးပေါ့ ... ဆရာရယ်။

နောက်ပိုင်း အဖိုးတန်ပစ္စည်းတွေကို ကျွန်တော်တို့ကပေးပြီး နိုင်ငံခြားအရက်အကောင်းစားနဲ့ စားစရာတွေကို မှာပြီး ဖိမ်ကျကျ နေကြတာပါပဲ ... ဆရာရယ်"

"အေး ... ကောင်းကွာ၊ ဟိုအဖွဲ့က ဝန်ထမ်းအချင်းချင်း ဌာနဆိုင်ရာ အချင်းချင်း သစ္စာမရှိကြတာတော့ အမှန်ပဲ။ မင်းတို့အဖွဲ့တွေ အမျိုးသမီးအဆောင်ကို မီးတင်ရှို့တုန်းက သူတို့အဖွဲ့တွေ မီးသတ်ကား (၂)စီးနဲ့ ထောင်ထဲဝင်ပြီး စွန့်စွန့်စားစား မီးငြိမ်းပေးလို့ ငါတို့က ကျေးဇူးတင်နေတာ။ အခုတော့ ပြောင်းပြန်ဖြစ်သွားပြီပေါ့။ အေးလေ ... ဒါဟာလည်း ဖြစ်တတ်တဲ့ သဘာဝပါပဲ။ လွယ်ရင် သူကြွယ်တောင် သူခိုးဖြစ်သေးတာပဲ။ မင်းတို့ကလည်း မင်းတို့ ယောက္ခမပစ္စည်းလို ပေးကမ်းကြတာကိုး"

"ဆရာကလည်း ပေးကမ်းခြင်းသည် အောင်မြင်ရာ၏လို့ ရှေးလူကြီးသူမတွေပြောတဲ့ စကားပုံတောင် ရှိသေးတာပဲ"

"အေးပါကွာ ... ထားလိုက်ပါတော့။ အကျိုးအကြောင်း သိရလို့ ငါ စိတ်ကောင်းဖြစ်ပေမဲ့ ဒီကိစ္စကို ရင်ထဲမှာပဲ ထားမှာပါ။ အရေးအခင်းဖြစ်ပြီး အင်းစိန်ထောင်တစ်ခုလုံး မီးလောင်ပျက်စီးမှုတော့ ဒါတွေဟာလည်း ဖြစ်တတ်တဲ့ ဓလေ့ပါပဲ"

ငါမှာလည်း မင်းသိတဲ့အတိုင်း အကျဉ်းထောင် ပုံသေပိုင်ပစ္စည်း ဌာနကို ကိုင်ရတဲ့အတွက် အရင်ကတည်းက ပျောက်ဆုံးပျက်စီးသွားတဲ့



ပစ္စည်းအဟောင်းတွေကို မီးစာရင်းပြပြီး ပျက်ဖျယ်ဖို့ အခွင့်အရေး ရသွားတာကတော့ အမြတ်ပဲ ဆိုရမှာပေါ့။ ဖြစ်သမျှ အကောင်းချည်းပဲလို့ မှတ်ပေရော့ ... မြင့်သိန်းရေ"

ကျွန်တော် သူခိုးမြင့်သိန်း၏ ပခုံးကလေးကိုပုတ်ပြီး အားပေးနှုတ်ဆိတ်လိုက်ရပါသည်။ ကျွန်တော်တို့နှစ်ဦး တိုက်ခန်းဝင်းတံခါးကို ဖွင့်၍ ထွက်လာကြတော့ မိန်းဂျေးမှ တပ်ကြပ်ကြီးဝင်းမြင့်တို့အဖွဲ့ သေနတ်များကို အသင့်ဖြင့်ဆင်ထားရာမှ နေရာတကျ ပြန်လည်ထားကြပြီး စိတ်သက်သာရာ ရကြတန့် တူပါသည်။

တပ်ကြပ်ကြီးဝင်းမြင့်က ...

"ဆရာရယ် ... တော်ပါသေးရဲ့၊ ထောင်ပိုင်ကြီးနဲ့ ညွှန်ချုပ်အဖွဲ့လည်း ဝင်လာမယ်လို့ ဖုန်းဆက်ထားတယ်။ ဆရာကလည်း ထွက်မလာဘဲ ကြာလွန်းလို့ ကျွန်တော်တို့တစ်တွေ ရင်မောပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေတာ"

ထိုအခါတွင် သူခိုးမြင့်သိန်းက ...

"ဆရာကြီးဝင်းမြင့်ကလည်း ကျွန်တော် တစ်ယောက်လုံး ရှိပါတယ်ဆိုနေမှ"

"အေး ... မင်းပါလို့ ငါတို့က ပိုစိုးရိမ်ကြတာ"

"အင်း ... ဆရာကတော့ လုပ်ပြီ။ ကျွန်တော်တို့က အခြေအနေနဲ့ အချိန်အခါကို သိပါတယ် ဆရာရယ်။ ထောင်ထဲက တိုက်ခန်းကျဉ်းကလေးထဲမှာ နေရပေမဲ့ ပြင်ပကသတင်းတွေကို ကျွန်တော်တို့ အမြဲတမ်း နားစွင့်နေတာပါ။ တိုက်ထောင်မှူးရုံးကို မီးမရှို့ခင် အဲဒီရုံးခန်းမှာ ဝန်ထမ်းတွေ သာအပ်ထားကြတဲ့ ရေဒီယိုတွေ၊ ကက်ဆက်တွေကို ကျွန်တော် ပြုပြင်ပြီး ပြင်ပကအခြေအနေ သတင်းတွေကို နားထောင်ရလို့ ကျွန်တော်တို့ အားလုံး သိနေကြတာပါ ဆရာ"

ထိုအခါမှ ကျွန်တော်က ...

www.burmeseclassic.com



"အေးကွာ ... မင်းလို လျှပ်စစ်အင်ဂျင်နီယာ ဖောက်ထွင်းဝိဇ္ဇာ သူခိုးကို ငါတို့ လျှော့တွက်လိုက်မိတယ်။ ကြိုးသမားတွေနဲ့ နှစ်ကြီးသမား တွေရဲ့ တိုက်ခန်းသော့တွေကိုလည်း မင်းပဲဖွင့်ပေးတာ မဟုတ်လား"

"ဟုတ်ပါ ... ဆရာရယ်။ ကျွန်တော့်အတွက်တော့ ကမ္ဘာပေါ်မှာ အာမခံသော့မှ မပေါ်သေးတာဘဲ။ ဆရာတို့အမြင်မှာ ယကြာချေကြရင် စာ တလေးတွေ၊ ငှက်ကလေးတွေကို လှောင်အိမ်ထဲက လွှတ်ပေးရင် ကုသိုလ် ရတယ်ဆို မဟုတ်လား။ ဒါကြောင့် ကျွန်တော်ကလည်း တိုက်ခန်းကျဉ်း ကလေးထဲမှာ မလွတ်မလပ်နေရရှာတဲ့ အကျဉ်းသားတွေကို အရေးအခင်း ကာလအတွင်း လွတ်လွတ်လပ်လပ်နေရအောင် လွှတ်ပေးရတာပါ ဆရာ ရယ်။ ဒါလည်း ကုသိုလ်ရတာပဲ မဟုတ်လား"

တပ်ကြပ်ကြီးဝင်းမြင့်က ...

"အေး ... အေး ... ကြိုးသမားတွေကို မင်းက တိုက်ခန်းထဲက လွှတ်ပေးတော့ ကုသိုလ်ရမရတော့ မသိဘူး။ နောက်ပိုင်းမှာတော့ မင်းလည်း တိုက်ခန်းအောင်းရမှာ အသေအချာပဲပေါ့"

ထိုစဉ်အခါ၌လည်း သူခိုးမြင့်သိန်းမှာ ... 'တဟဲဟဲ' ရယ်၍ ပျော် ပျော်ပါးပါးပင် ...

"ဆရာရယ် ... နောင်ခါလာ၊ နောင်ခါချေးပေါ့။ အပြစ်ပေးရင် လည်း ခံရုံပေါ့ ... ဆရာရယ်။ သေခါနီးရိက္ခာယူဆိုတဲ့ စကားပုံလို အရေး အခင်းကာလအတွင်း ကျွန်တော်လည်း ပျင်းတာနဲ့ လျှပ်ရှားမိတာပါ ... ဆရာရယ်။ ကျွန်တော်က ဘယ်ဘက်ကမှ မဟုတ်တာ ဆရာတို့ အသိ ပဲ။ ကြားနေဝါဒကျင့်သုံးတဲ့ ဖောက်ထွင်းဝိဇ္ဇာသူခိုး အကောင်းစားကလေး ဆရာတို့ရယ်"

တပ်ကြပ်ကြီးဝင်းမြင့်က ...

"ကဲ ... သူခိုးရေ ... တိုက်ထဲပြန်ဝင်ပေတော့။ ဟိုမှာ မင်းအဖေ တွေ လာမယ်လို့ ဖုန်းဆက်ထားတယ်။ တော်ကြာ မင်းကို မြင်သွားရင် ငါတို့ပါ အမှုပတ်နေဦးမယ်"

"ဟုတ်ကဲ့ပါ ... ဆရာရယ်"



သူခိုးမြင့်သိန်း တိုက်ဝင်းထဲပြန်ဝင်သွားတော့ ကျွန်တော်တို့လည်း လူကြီးများ ဝင်မလာခင် ထောင်တွင်းမှ ထွက်ရန် အလျင်အမြန် လှုပ်ရှား ရသည်။ သို့မဟုတ်ပါက ညွှန်မှူး၊ ညွှန်ချုပ်အသစ်များ လိုက်လံစစ်ဆေး ရာနေရာသို့ လုံခြုံရေးအတွက် နောက်က တကောက်ကောက်လိုက်ပြီး တာဝန်ယူရဦးမည် ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ ကံကောင်းပါသည်။ ဘူးတံခါးကြီးကိုရောက် တော့ ထောင်ပိုင်ကြီး ဦးစိန်ဌေး အဖွဲ့ကို တွေ့ရသည်။ ကျွန်တော်တို့ ည တာဝန်အဖွဲ့ အလုပ်တာဝန်ပြီး၍ အပြင်ထွက်ပြီး အနားယူတော့မည်ဖြစ် ကြောင်း သတင်းပို့ရာ ထောင်ပိုင်ကြီးက ခေါင်းညိတ်ပြပါသည်။

ထို့ကြောင့် ကျွန်တော်တို့ တန်းစီပြီး ထွက်ခဲ့ကြသည်။ ဂိတ်ခန်း ရှေ့တွင် မှာစရာရှိတာမှာ၍ လူစုခွဲလိုက်ကြသည်။ ကျွန်တော် ထောင်ရှေ့ ရှိ နေထိုင်ရာ အိမ်ဝင်းအတွင်းသို့ ရောက်စဉ်ပင် မော်တော်ကားသံများကြား ရသည်။ အကျဉ်းထောင် ဘူးတံခါးကြီးဖွင့်သံ ဂိတ်ကြီးမျှော်စင်အပေါ်ထပ် မှ သေနတ်မြှောက် အလေးပြုသံ ကြားရပါတော့သည်။

ညွှန်မှူး၊ ညွှန်ချုပ်အသစ်အဖွဲ့များ ထောင်တွင်း ဝင်ရောက်စစ်ဆေး ရန် လာရောက်ကြခြင်း ဖြစ်ပါသည်။

အရေးအခင်းကာလအတွင်း၌ အင်းစိန်ထောင်ကြီး မီးလောင်ပျက် စီးပြီး ထိုစဉ်အခါက အကျဉ်းထောင်အုပ်ချုပ်ရေးတွင် ပါဝင်ခဲ့ကြသော ကျွန် တော်တို့ ထောင်အရာရှိများအား အကျဉ်းဦးစီးဌာနရုံးချုပ်တွင် ခုံရုံးဖွဲ့၍ အစစ် ဆေးခံခဲ့ရကြောင်း အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ထိုသို့ အစစ်ဆေးခံရပြီးနောက် ချက်ချင်း ဆုံးဖြတ်ချက်အမိန့် ထွက်မလာကြသေးပါ။ ထောင်တွင်း၌လည်း အကျဉ်းသား အချုပ်သားအသစ် များ ထပ်မံရောက်ရှိခြင်း မရှိသေးဘဲ တိုက်ခန်းများအတွင်းတွင် နေထိုင်ကြ သည့် အကျဉ်းသားဆိုးများကို လုံခြုံရေး ယူထားရခြင်းလောက်သာ ရှိပါ သည်။

www.burmeseclassic.com

www.burmeseclassic.com

❑

အရေးအခင်း ဖြစ်ပြီးနောက်ပိုင်းတွင် ညွှန်ချုပ်၊ ညွှန်မှူးအသစ်များ ဌာနအသီးသီးက ပြောင်းရွှေ့လာကြပြီး နေရာယူကြပါတယ်။ မီးသတ်က ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးဖော်မင်း အကျဉ်းဦးစီးဌာနကို ရောက်ရှိလာပြီး ညွှန်ကြားရေးမှူးချုပ် လုပ်တယ်။ ယခင် စီမံကိန်းဌာနက ဒုတိယ ဗိုလ်မှူးကြီး အုန်းဟန်ကတော့ ဒုတိယ ညွှန်ကြားရေးမှူးချုပ်ပေါ့ဗျာ။

ညွှန်ကြားရေးမှူးအသစ် ဗိုလ်မှူးတွေလည်း တဖွဲဖွဲ ရောက်လာကြတယ်။ ကျွန်တော်တို့ဌာန ညွှန်ကြားရေးမှူးချုပ်ကြီး ဗိုလ်မှူးကြီးတင်ဦးကိုတော့ မီးသတ်ဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် ပြောင်းရွှေ့ပစ်လိုက်တယ်။ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးသာဒိုးကိုတော့ တာဝန်မှ ရပ်စဲပြီး ပင်စင်ပေးလိုက်တယ်။

ကျွန်တော်တို့ ရန်ကုန်တိုင်း ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းကိုတော့ ပုသိမ်ထောင်အုပ်စုကို ညွှန်ကြားရေးမှူးအဖြစ် ပြောင်းရွှေ့ပစ်လိုက်တယ်။ ထောင်ပိုင်ကြီး ဦးစိန်ဌွေးကိုတော့ အရေးအခင်းဖြစ်စဉ် အင်းစိန်ထောင်ကြီး မီးလောင်ပျက်ဆီးရခြင်းအတွက် တာဝန်အရှိဆုံးဟု သတ်မှတ်ပြီး မယူမနေရ ပင်စင်ပေးလိုက်ပါသည်။



တခြားရုံများ ပြောင်းရွှေ့ထုတ်ပယ် အပြစ်ပေးခြင်းများကိုတော့ ကျွန်တော် မမှတ်မိလိုပါ။ သို့သော် လွန်စွာသဘောကောင်းပြီး အုပ်ချုပ်ရေးကောင်းမွန်၍ အမြော်အမြင်ရှိသော ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးတင်ဦးနှင့် ထောင်ပိုင်ကြီးဦးစိန်ဌွေးတို့အား အကျဉ်းဦးစီးဌာနမှ ဖယ်ရှားခြင်းကိုတော့ ကျွန်တော်တို့ လွန်စွာ စိတ်မကောင်းဖြစ်မိပါသည်။

အရေးအခင်းကာလအတွင်း အင်းစိန်ထောင်ကြီး မီးလောင်ပြာကျသွားသည်ကို ထိုစဉ်ထိုကာလ အခြေအနေအရ မည်သူမျှ တားဆီးပိတ်ပင်၍ ရနိုင်သော အခြေအနေမဟုတ်ပါ။ ထောင်အပြင်၌လည်း အရေးအခင်းများ ဖြစ်ပွားပြီး ထောင်တွင်း၌လည်း ပုန်ကန်ထကြွကြသောကြောင့် မထိန်းနိုင် မသိမ်းနိုင်ကာလတွင် အကျဉ်းသားများ ထောင်ဖောက်ပြီး ပရမ်းပတာ လွတ်မြောက်ကုန်မည့်ဘေးကတော့ ကျွန်တော်တို့၏ အုပ်ချုပ်သူ လူကြီးများ အစွမ်းကုန် ကာကွယ်တားဆီးနိုင်ခဲ့ပါသည်။

အကယ်၍ အကျဉ်းသား တစ်သောင်းကျော်သာ ထောင်ကြီးပွင့်ပြီး ပရမ်းပတာ လွတ်မြောက်ကုန်လျှင်တော့ မည်သို့ ဖြစ်ပွားမည်ထင်ပါသလဲ။ လောလောဆယ် အင်းစိန်မြို့ကြီး မီးရှို့ခံရမည်။ လုမည်။ ယက်မည်။ ထောင်သောင်းကနင်းဖြင့် သေကြ၊ ကျေကြ၊ ပျက်ဆီးကြမည်မှာ မလွဲကေန် ဖြစ်ပါသည်။

အရေးအခင်းကာလ အကျဉ်းသားတွေ ထောင်ကြီးကို မီးရှို့ပြီး ထောင်ပွင့်အောင် ဆူပူကြတုန်းက ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးတင်ဦးနှင့် ဒုတိယဗိုလ်မှူးသာဒိုး၊ ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းနှင့် ထောင်ပိုင်ကြီး ဦးစိန်ဌွေးတို့က ဦးစီးဦးဆောင်ပြုပြီး လက်အောက်ရှိ အရာရှိ၊ အရာခံ၊ အကြပ်တပ်သားတွေက စွမ်းစွမ်းတမံ ကာကွယ်စောင့်ရှောက်ခဲ့ကြသောကြောင့် အကျဉ်းသား ထောင်ဘူးတံခါးကြီးလည်း ပွင့်ထွက်မသွားအောင် လေးဖက်လေးလံ အုတ်ရိုးများကို ကျော်ပြီးလည်း အကျဉ်းသား တစ်ယောက်မျှ လွတ်မြောက်ထွက်ပြေးသွားနိုင်ခြင်းလည်း မရှိခဲ့ကြပါ။

ထောင်အတွင်းရှိ အကျဉ်းသား၊ အချုပ်သား အင်အားတစ်သောင်းကျော်ကို ထောင်ဖွင့်၍ ထွက်ပြေးမသွားနိုင်ကြစေရန် စွမ်းစွမ်းတမံ ကာကွယ်

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ခဲ့ကြခြင်းဖြစ်ပါသည်။ အကျဉ်းထောင်ဝန်ထမ်းများမှာ မည်သူ တစ်ဦးတစ်ယောက်မျှ ကြောက်ရွံ့၍ အလုပ်တာဝန်ကို စွန့်ခွာပြီး ထွက် ပြေးသွားကြခြင်းလည်း မရှိပါ။

အထက်တစ်နေရာတွင် ဖော်ပြခဲ့သလို တခြားဌာန တပ်ဖွဲ့များမှလို အရေးအခင်းကာလ သမဂ္ဂဖွဲ့၍ ဆူပူသူ လူအုပ်စုများနှင့်ပေါင်းပြီး စိတ်ဓာတ် လှုပ်လည်း ဆန္ဒပြခြင်း၊ စင်မြင့်ပေါ်သို့တက်၍ တရားဟော၊ စည်းရုံးခြင်း လည်း မပြုခဲ့ကြပါ။ အင်းစိန်အကျဉ်းထောင်အရာရှိ ဝန်ထမ်းအားလုံး အရေး အခင်းကာလအတွင်း၌ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော အာဂ သတ္တိခဲပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။

ဟော . . . အခုတော့ ထိုသို့ အသက်ကိုစွန့်၍ စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့ကြသော အရာရှိ ဝန်ထမ်းဟောင်းများအားလုံးကို ချီးမြှောက် ဂုဏ်ပြုသုပေးရမည့်အစား အပြစ်ပေးအရေးယူ၍ ခွဲခြားလိုက်ပြီဖြစ်ပါသည်။

ကျွန်တော်တို့ အင်းစိန်ထောင် အရာရှိနှင့် ဝန်ထမ်းများအဖွဲ့ တတ်ခေါင်းကွဲခြင်း ဖြစ်ပါသည်။

ထောင်ပိုင်ကြီး ဦးစိန်ရွှေ (အငြိမ်းစားထောင်အရာရှိတစ်ဦး) ၏ ရေးသားထုတ်ဝေခဲ့သော 'ကျွန်တော်နှင့် (၈၈၈၈) ကာလ အင်းစိန်ထောင်' ဟူသော စာအုပ်တွင် သူရင်ဖွင့်၍ ရေးသားခဲ့သော စာပိုဒ်အချို့ကို ကောက် နုတ် ဖော်ပြလိုပါသည်။

ကျွန်တော်ရဲ့ အင်းစိန်ထောင်ပိုင်ကြီးနေရာကို လူစားရှာကြတယ်။ ကျွန်တော့်ကိုလည်း ပြောင်းပစ်မယ်ပေါ့။ လောလောဆယ် လူစားရှာမရသေး ခင်တော့ ကျွန်တော့်ကို အင်းစိန်ထောင်ကြီး ကောင်းအောင် လုပ်ပေးပါတဲ့။ နောက်ပြောင်းလာတဲ့ ညွှန်ချုပ်၊ ဒုချုပ် အသစ်တွေက ပြောကြတာပေါ့။ အရေး အခင်းပြီးပြီးခြင်း ရောက်လာကြတဲ့ အသွင်ပြောင်း၊ ဗိုလ်မှူးတွေ ဗိုလ်ကြီး တွေကို ထောင်အတွေ့အကြုံ သင်ပေးပါတဲ့။ အလုပ်တွေ သင်ပေးပါတဲ့။ နောက်ရောက်လာတဲ့ ဗိုလ်ကြီးတွေကို ဒုတိယထောင်ပိုင်ရာထူး ပေးတယ်။ ဗိုလ်မှူးတွေကိုတော့ ထောင်ပိုင်ရာထူးပေးတယ်။



ကျွန်တော်တို့ သန္ဓေဝန်ထမ်းဖြစ်ကြတဲ့ ထောင်မှူး၊ ထောင်မှူး ကြီးတွေ တက်စရာ ရာထူးမရှိကြတော့ဘူးပေါ့။

တစ်နေ့မှာတော့ ကျွန်တော့်ကို ညွှန်ချုပ်အသစ်ကြီးနှင့် ဒုချုပ်တို့ ခေါ်တာနဲ့ အကျဉ်းဦးစီးဌာန ရုံးချုပ်ကို သွားတွေ့ရတယ်။ အဲဒီတုန်းက အင်းစိန်ထောင်အုပ်စု ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းလည်း ရှိသေးတယ်။ သူ့ကိုမခေါ်ဘဲ ကျွန်တော့်ကို တစ်ယောက်တည်း ခေါ်တွေ့တာ။ သူတို့ပြော တာက . . .

"ထောင်ပိုင်ကြီး . . . အင်းစိန်ထောင်မှာရှိတဲ့ ဝန်ထမ်းဟောင်းတွေ ကို ရွှေ့ပစ်ရမယ်။ လောလောဆယ်တော့ ထောင်မှူးနဲ့ ထောင်မှူးကြီးတွေ ကို စပြီးတော့ ပြောင်းရွှေ့မယ်။ အင်းစိန်ထောင်ကြီး အုပ်ချုပ်မှုကောင်းဖို့လို တယ်။ ခင်ဗျားမကြိုက်တဲ့ အရာရှိတွေ၊ စာရင်းပေးပြီး ပြောပါ။ ချက်ချင်း ရွှေ့ပေးမယ်။ ခင်ဗျားကြိုက်တဲ့ အရာရှိတွေရှိရင်လည်း ပြောပါ။ ခေါ်ပြီး ပြောင်း ရွှေ့ခန့်ထားပေးမယ်ဟု ပြောပါသည်။

ကျွန်တော် မျက်လုံးပြူးသွားရသည်။ အကျဉ်းထောင်မှာ အရေး အခင်းကာလအတွင်း သစ္စာရှိရှိ တာဝန်သိသိ ကိုယ်ကျိုးစွန့် အနစ်နာခံလို့ စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြတဲ့ အရာရှိတွေကို အင်းစိန်ထောင်က ပြောင်းပစ်ပြီး ကြိုက်တဲ့လူကို ခေါ်ပေးမယ်ဆိုရင် ရန်ကုန်တိုင်းထောင်အုပ်စု ညွှန်ကြားရေးမှူး ဗိုလ်မှူးစိန်ဝင်းနဲ့ ညှိပါလို့ ကျွန်တော် ပြန်ပြောတော့ . .

သူတို့က . . .

"သူနဲ့ ညှိစရာမလိုဘူးတဲ့။ သူ့ကိုပါ ပြောင်းပစ်မှာလို့ ဆိုသဗျ"

"ဘာအပြစ်နဲ့ ဘယ်လိုလုပ်လိုက်ကြတာလဲဗျာ"

"အင်းစိန်ထောင်ကြီးကို အရေးအခင်းကာလအတွင်း အကျဉ်းသား သွေတာ မီးရှို့ပြီးထွက်ပြေးဖို့ကြံတာ ညွှန်မှူးဗိုလ်မှူးစိန်ဝင်းက မီးသတ်ကား ကြီးကို ထောင်ထဲသွင်းပြီး သူကိုယ်တိုင် ရှေ့ကဝင်ပြီး ငြိမ်းသတ်နိုင်ခဲ့လို့ ထောင်ဘေးကြီးပွင့်မသွားတာ။ ဒါကြောင့် အကျဉ်းသားတွေ ထွက်ပြေးလို့ မရတာ။ အခုတော့ အဲဒီလို အသက်စွန့်ပြီး စွမ်းစွမ်းတမံ တာဝန်ထမ်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ခဲ့တဲ့သူကိုလည်း ဝုဏ်ပြုချီးမြှောက်ရမည့်အစား အင်းစိန်မှာ မထားတော့ဘူးတဲ့ ပြောင်းပစ်မှာတဲ့ဗျာ”

“ဘယ်သူ့လက်ချက်လဲ၊ ဘယ်သူတွေက ကတုံးကတိုက် လုပ်ကြတာလဲ။ ကျွန်တော်တို့ အချင်းချင်း မြွေမြွေချင်းတော့ ခြေမြင်တာပေါ့ဗျာ။ အင်းစိန်ထောင် ထောင်ပိုင်ကြီးနေရာကို လိုချင်တဲ့လူတွေ တစ်ပုံတစ်ခေါင်းကြီးပေါ့။ ညွှန်ချုပ်အသစ်ကို သွားပြီးတိုကြ၊ တိုက်ကြ၊ ကုန်းချောကြလို့ ဖြစ်ပါလိမ့်မယ်။

ညွှန်မှူး ဗိုလ်မှူးစိန်ဝင်းဆိုရင်လည်း အတော်ချမ်းသာနေတယ်။ ထောင်ပိုင်ကြီး ဦးစိန်ဒွေးလည်း မန္တလေးမြို့မှာ တိုက်ကြီးကို ဟိန်းနေအောင် ဆောက်ထားတယ်။

အင်းစိန်ထောင် ထောင်မှူးကြီးတွေဆိုရင်လည်း သူတို့အကွက်နဲ့ သူတို့ သူတို့စားပေါက်နဲ့သူတို့ အကျဉ်းသားတစ်ယောက်ကို ထောင်ထဲမှာ ထောင်းထောင်းမွှန်မွှန်နေရအောင် အဲဒီ ထောင်မှူး၊ ထောင်မှူးကြီးတွေဆီမှာ သွားအပ်ထားရင် ထောင်ထဲမှာ ကောင်းကောင်းမွန်မွန်နေရတယ်။ သူတို့ကို အပ်ထည်လို့ခေါ်တယ်။ ဘောင်ချာလို့လည်း ခေါ်တယ်။ တစ်ယောက်ကို အပ်ရင် အနည်းဆုံး (၅၀၀၀)ကျပ် ပေးရတယ်တဲ့။

အင်းစိန်ထောင်မှ ထောင်မှူး၊ ထောင်မှူးကြီးတွေဆိုရင် အတော်ချမ်းသာနေကြသတဲ့။ ထောင်ဝင်စာပြပေးရတဲ့ ထောင်မှူးတစ်ယောက်ဆိုရင် တစ်နေ့ (၃၀၀၀)၊ (၄၀၀၀) အောက်ဆိုက်ရသတဲ့။ အကျဉ်းဦးစီးဌာနကို ပြောင်းလာတဲ့ လူသစ်၊ ဒုချုပ်နဲ့ ညွှန်ချုပ်ကို သွားပြောကြသတဲ့ဗျာ။

အဲဒီခေတ်က မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ခေတ်။ ပါတီကောင်စီခေတ်ဖြစ်လို့ ဌာနတွေမှာရှိတဲ့ ဝန်ထမ်းတွေအားလုံးဟာ ကိုယ့်လခနဲ့ကိုယ် မြီးမြီးချွေတာ စားနေကြရတယ်။ ဘာအကြံအဖန်မှလည်း မလုပ်ဝံ့ကြဘူး။ မလုပ်ရဲကြဘူး။ သိက္ခာရှိရှိ ထိန်းထိန်းသိမ်းသိမ်း နေလာခဲ့ကြတဲ့ ဝန်ထမ်းတွေက များပါတယ်။

ကျွန်တော် မန္တလေးထောင်မှာ (၇)နှစ် နေခဲ့ရတယ်။ တိုင်းအဆင့် အရာရှိတွေကို ကျွဲဆည်ကန်ရပ်ကွက်အသစ်မှာ (ပေ၁၀၀–ပေ၈၀) မြေကွက်



ဝေငှပေးတယ်။ တစ်ကွက်ကို ငွေ (၉၀၀၀)ကျပ် ပေးသွင်းရတယ်။ ပင်စင်ယူရင် နေဖို့။ အဲဒီအကွက်ပေါ်မှာ နံကပ်အိမ်ကလေး ဆောက်တာပါ။ ကြီးကြီးကျယ်ကျယ် တိုက်အိမ်ကြီး မဟုတ်ပါဘူး။ အကျဉ်းထောင်မှာ အုပ်ချုပ်ရတဲ့ ထောင်ပိုင်ကြီးဆိုပြီး ကျွန်တော်တို့လည်း ချမ်းသာတဲ့သူတွေ မဟုတ်ကြဘူး။ ရရစားစားပါပဲ။ အနှစ်နှစ်အလလက စုဆောင်းထားတဲ့ ရွှေကလေး၊ ငွေကလေး ရှိလို့သာ နံကပ်အိမ်ကလေးကို မဖြစ်မနေ ဆောက်ခဲ့ရခြင်းဖြစ်ပါတယ်။

ညွှန်ချုပ်ကြီးအသစ်နှင့် ဒုချုပ်တို့က ခေါ်ပြီးဆွေးနွေးတော့ ကျွန်တော် ဘာမှမပြောခဲ့ပါဘူး။ နားပဲ ထောင်ခဲ့တာပါ။ နောက် သူတို့က ဆက်ပြောပါသေးတယ်။ မန္တလေးက ညွှန်မှူး ဗိုလ်မှူးကျော်ထွန်းကိုလည်း ပြောင်းပစ်မှာတဲ့။ သူ့ကိုလည်း မထားဘူး။ မန္တလေးထောင်ကြီးလည်း ပျက်စီးနေပြီ။ အကျင့်ပျက်ဝန်ထမ်းတွေ အားလုံးကို ပြောင်းပစ်မှာလို့ ပြောပါတယ်။

ကျွန်တော်နဲ့အတူတူ အရေးအခင်း ကာလတစ်လျှောက်လုံးမှာ စိတ်ဓာတ်မပျက်ပြားဘဲ လက်တွဲလုပ်ခဲ့ကြတဲ့ ကိုယ့်ရဲ့ ရဲဘော်ရဲဘက်ဝန်ထမ်းတွေကို အရေးအခင်းပြီးတော့မှ ‘ဒီလူမကောင်းဘူး၊ ဟိုလူမကောင်းဘူးလို့’ ကျွန်တော်ပြောရင် ကျွန်တော့် လူကြီးဆန်ရာ ဘယ်ကျတော့မလဲ။ လူကြီးမပီသတော့ဘူးပေါ့။ ဘယ်သူ့ကို လဲပေးပါ။ ဘယ်သူ့ကို ပြောင်းပေးပါလို့ ကျွန်တော် တစ်ခွန်းမှ မပြောခဲ့ပါဘူး။

သူတို့နဲ့တွေ့တိုင်းလည်း မကြိုက်တဲ့လူရှိရင် ပြောနော်။ လဲပေးမယ်လို့ အမြဲပြောလေ့ရှိပါတယ်။ ကျွန်တော်ကတော့ ဟုတ်ကဲ့လို့ပဲ ပြန်ပြောခဲ့ပါတယ်။ ရန်ကုန်တိုင်းညွှန်မှူး ဗိုလ်မှူးစန့်ဝင်းကို (၃၁–၃–၈၉) ရက်နေ့မှာ ဧရာဝတီတိုင်း ပုသိမ်ထောင်အုပ်စုကို ပြောင်းပစ်တယ်။ သူ့နေရာမှာ အစားဝင်လာတဲ့ ညွှန်မှူးအသစ်ကတော့ ကသာ–ကယား တပ်ရင်းက တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်လှလာမယ်တဲ့။ သူမလာခင် ကျွန်တော့်ကို ရန်ကုန်တိုင်းထောင်အုပ်စု ညွှန်မှူးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ပါတဲ့။

၁၉၈၉ ခုနှစ်၊ မတ်လထဲမှာပဲ အင်းစိန်ထောင်က ထောင်မှူးကြီး (၄)ယောက်နှင့် ထောင်မှူး (၁၀)ယောက်ကို ပြောင်းပစ်ပါတယ်။ ပြောင်းရွှေ့

www.burmeseclassic.com

www.burmeseclassic.com



ခံရတဲ့ သူတွေရဲ့ နေရာကို အစားဝင်လာမဲ့ ထောင်မှူး၊ ထောင်မှူးကြီးတွေ စာရင်းကို ကြည့်လိုက်တော့ သုံးမရတဲ့သူတွေက တစ်ဝက်လောက်ပါနေတယ်။

ဟိုထောင်က ပုတ်ထုတ်။ ဒီထောင်က ပုတ်ထုတ်၊ သုံးမရတဲ့ အရာရှိတွေ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ချက်ချင်း ဒုချုပ်ကို သွားတွေ့ပြီး တင်ပြရပါတယ်။

အဲဒီအခါမှာ ဒုချုပ်က ...

"ခင်ဗျားကြိုက်တဲ့လူ ပြောဆိုတော့လည်း မပြောဘူး။ မကြိုက်တဲ့လူ ပြောပါဆိုတော့လည်း မပြောဘူး။ အခုမှ လာပြီးပြောမနေနဲ့တော့တဲ့"

ဒါကြောင့် ကျွန်တော်ကတော့ ..

"အဲဒီလူတွေနဲ့တော့ ကျွန်တော် တွဲပြီး မလုပ်နိုင်ဘူး"

လို့ ဒုချုပ်နဲ့ ကျွန်တော် အချီအချ ပြောနေကြတုန်း ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးဖော်မင်း ရောက်လာတယ်။ ကျွန်တော့်ကို တွေ့တော့ ...

"ထောင်ပိုင်ကြီးလည်း ရောက်နေပါလား"

တဲ့။ ဒုချုပ်က ရှင်းပြတယ်။

"ကျွန်တော်တို့က မကြိုက်တဲ့လူ ပြောပါ၊ ကြိုက်တဲ့လူ ခေါ်ပေးမယ်လို့ ပြောတုန်းကတော့ ထောင်ပိုင်ကြီးက အင်းမလုပ်၊ အဲမလုပ် ဘာမှ မပြောခဲ့ဘူး။ အခု အင်းစိန်ထောင်က အရာရှိတွေရွှေ့ပြီး သူတို့နေရာကို အစားထိုးတော့မှ အစားထိုးလူသစ်တွေကို မကြိုက်ဘူးလို့ လာပြောနေတယ်။ ဒါကြောင့် ကျွန်တော်ကလည်း တစ်ခွန်းမခံ ပြန်ပြောရတော့တယ်"

"အခု ပြောင်းရွှေ့လာမဲ့ လူတွေနဲ့ဆိုရင် အင်းစိန်ထောင်ကြီး ကောင်းလာမှာ မဟုတ်ဘူး။ ရွှေ့ပြောင်းခံရတဲ့ ထောင်မှူး၊ ထောင်မှူးကြီးတွေထက် အဆက်ဆက်ကသာရင် ကျွန်တော် မပြောလိုပါဘူး။ အခုတော့ သူတို့လောက်မှ လုပ်ရည်ကိုင်ရည် မရှိကြတဲ့ လူတွေဖြစ်နေလို့ ကျွန်တော်က တင်ပြရတာပါ"

လို့ပြောတော့ ညွှန်ချုပ်ကြီးဗိုလ်မှူးကြီးဖော်မင်းက ဝင်ပြီး ဖျန်ဖြေပေးတယ်။



"အခုရောက်လာမယ့် အရာရှိအသစ်တွေကို ထောင်ပိုင်ကြီး သုံးကြည့်ပါ။ တစ်လ၊ နှစ်လရှိရင် မကြိုက်တဲ့လူကို ပြောပါ။ အဲဒီတော့မှ လဲပေးပါ့မယ်တဲ့။ အခုတော့ အမိန့်ထွက်ပြီး ချက်ချင်းပြန်ပြင်ဖို့ မကောင်းပါဘူး"

ဆိုတာနဲ့ ကျွန်တော် ဒုချုပ်ရုံးခန်းက ပြန်ထွက်ခဲ့ရပါတယ်။

အင်းစိန်ထောင် ပြန်ရောက်တော့ ကျွန်တော် ဗိုလ်မှူးစိန်ဝင်းကို တင်ပြတယ်။ ဖြစ်ခဲ့တာတွေ၊ ပြောခဲ့တာတွေကိုလည်း ပြန်ပြောပြပါတယ်။

သူ့အနေနဲ့လည်း ဧရာဝတီတိုင်း၊ ပုသိမ်ထောင်ကို ပြောင်းဖို့ အမိန့်ထွက်ပြီး ဖြစ်နေတာကြောင့် မျက်နှာမကောင်းရှာပါဘူး။ သူ ပြောတာကတော့ ...

"ထောင်ပိုင်ကြီး ... သည်းခံပါ။ ကျွန်တော်က တပ်ကဆိုတော့ အထက်ကအမိန့်ကို နာခံရမယ်။ ကောင်းကောင်း မကောင်းကောင်း နာခံရမယ်။ မကြိုက်ရင်လည်း ပေးတဲ့အတိုင်း၊ ခိုင်းတဲ့အတိုင်း လုပ်ရုံပဲ။ ပြန်ပြောလို့ မရဘူး။ အမိန့်မနာခံတဲ့အပြစ်ဟာ တပ်မှာ သိပ်အပြစ်ကြီးတယ်"

ဗိုလ်မှူးစိန်ဝင်းက ပြောင်းသွားပြီး မကြာဘူး။ တစ်နေ့ ညနေပိုင်းအပြန်မှာ အချုပ်သားတွေဆီက ဘိန်းဖြူအထုပ်ကလေး လေးငါးထုပ် မိတယ်။ ရာဇဝတ်ဖမ်းဆီးမိတာက ထောင်အလယ်အုပ်ချုပ်ရေးရုံး မိန်းဂျေးမှာပဲ။ အဲဒီမှာ တပ်ကရောက်လာတဲ့ အရာခံဗိုလ်ကို ထောင်မှူးကြီးရာထူးပေးပြီး ခေါ်ထားတာ။ သူလည်း ရောက်စပဲ။ သူ့ကို မိန်းဂျေးမှာ တာဝန်ပေးထားတာ ဘိန်းဖြူလေးငါးထုပ်ကို ရာဇဝတ်ဖမ်းဆီးမိတာက တာဝန်ကျနေတဲ့ ဝန်ထမ်းတွေနဲ့ မိန်းဂျေးက ရာဇဝတ်ရေး အကျဉ်းသားအဖွဲ့ပါ။ အဲဒီဘိန်းဖြူတွေကို တာဝန်ကျ ဝန်ထမ်းတွေက မိန်းဂျေးမှာထိုင်နေတဲ့ ထောင်မှူးကြီးအသစ်ကို သွားအပ်လိုက်တယ်။

အဲဒီ အရာခံဗိုလ်တစ်ဖြစ်လဲ ထောင်မှူးကြီးအသစ်က ဘိန်းဖြူထုပ်တွေကို ကျွန်တော် တာဝန်ခံထောင်ပိုင်ကြီးကို လာအပ်နှံပြီး တိုင်တန်းရောတတ်ဘဲ ကျော်ပြီး ရုံးချုပ်က ဒုချုပ်ကိုသွားတင်ပြတယ်။ ချက်ချင်းပဲ ရုံးချုပ်က ညွှန်ချုပ်နဲ့ ဒုချုပ်တို့ လိုက်လာကြပြီး ထောင်အလယ် မိန်းဂျေးအထိ

www.burmeseclassic.com



သွားကြည့်ကြတယ်။ တံခါးကြီးကနေ ထောင်မှူးတစ်ယောက်က ကျွန်တော့်ကို ကြိုပြီး သတင်းပို့ထားတယ်။ မိန်းဂျေးမှာ ဘိန်းဖြူမိလို့ ဆိုတာ ကြားလာခဲ့တော့ ထောင်မှူးကြီးဒုချုပ်နဲ့ ညွှန်ချုပ်ကြီးကို ချက်ချင်း သွားသတင်းပို့တယ်ဆိုတော့ ကျွန်တော် စိတ်မကောင်းဖြစ်ရပါတယ်။

ညွှန်ချုပ်နဲ့ ဒုချုပ်လာတဲ့ ကားသံကြားတာနဲ့ ကျွန်တော် တံခါးကြီးကနေ ထွက်ပြီး စောင့်နေပါတယ်။ သူတို့ဝင်လာပေမဲ့ ကျွန်တော့်ကို ဘာမှ မပြောဘူး။ တံခါးကြီးမှာ တာဝန်ကျတဲ့ ထောင်မှူးကို ကြိမ်းဝါးသွားတယ်။

"မင်း ပြုတ်သွားမယ်။ တံခါးကြီးမှာ ကောင်းကောင်းမရှာလို့ ဒီဘိန်းဖြူထုပ်တွေဟာ ထောင်ထဲ မိန်းဂျေးအထိ ရောက်သွားတာ။ မိန်းဂျေးမှာ တစ်ကလာတဲ့ ထောင်မှူးကြီးတို့ ရှာလို့ဖွေလို့တွေ့တာတဲ့။ ထောင်ကကောင်တွေ အလကားပဲတဲ့ဗျာ"

ကျွန်တော့်မှာ အတူလက်တွဲလုပ်ခဲ့တဲ့ ထောင်ပိုင်လေး ဦးလှဖေကလည်း မရှိတော့ဘူး။ ဒုထောင်ပိုင် ဦးသောင်းလွင်ကလည်း မရှိတော့ဘူး။ ညွှန်ကြား ဗိုလ်မှူးစိန်ဝင်းကလည်း မရှိတော့ဘူး။ ကျွန်တော့်လက်အောက်အဖြစ် ပို့ထားတာက ရုံးချုပ်က ဒုတိယထောင်ပိုင်ဦးလှကြည်။ သူက ထောင်အတွေ့အကြုံ မရှိဘူး။ သူ့လုပ်သက်တစ်လျှောက်လုံး ဗဟိုပစ္စည်းသိုလှောင်ရေးရုံးနဲ့ ရုံးချုပ် 'ထောက်' ဌာနမှာပဲ ယူနီဖောင်းဝတ် ဝတ်ပြီး စာရေးအလုပ် လုပ်ခဲ့ရတာ။

ဒါကြောင့် အကျဉ်းထောင်အုပ်ချုပ်ရေးမှာ သူနဲ့တွဲလုပ်ဖို့ အဲခါင် မပြောလှဘူး။

(၁၉၈၉) ခုနှစ်၊ ဧပြီလ (၅)ရက်နေ့မှာ ရုံးချုပ်မှာ ညွှန်မှူး အစည်းအဝေးလုပ်လို့ ကျွန်တော် တက်ခဲ့ရတယ်။ အဲဒီအစည်းအဝေးမှာ ဒုချုပ်က ထောင်ထဲ ဘိန်းဖြူမိတဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော့်ကို ...

"ခင်ဗျားတို့ အင်းစိန်ထောင် တံခါးမကြီးက ထောင်မှူးနဲ့ ဝန်ထမ်းတွေ ရှာဖွေရေး သိပ်ညံ့တယ်။ ထောင်ထဲကို ဘိန်းဖြူရောက်သွားတယ်။ မိန်းဂျေးမှာ တစ်ကပို့ထားတဲ့ ထောင်မှူးကြီးအဖွဲ့က ရှာတော့မှ ဘိန်းဖြူမိတယ်တဲ့"





အဲဒါတော့ ကျွန်တော်က ရှင်းပြရတယ်။

"ကျွန်တော်တို့ အင်းစိန်ထောင်မှာ အရေးအခင်းကာလနောက်ပိုင်း ဝင်လာတဲ့ အချုပ်သစ်တွေဟာ တစ်နေ့တစ်နေ့ကို အမှုစစ်ဆေးဆဲ အချုပ်သား (၁၅၀၀)၊ (၂၀၀၀)လောက် မြို့နယ်တရားရုံးတွေကို ထုတ်ပေးနေရတယ်။ မနက် (၇)နာရီလောက်မှစပြီး ရုံးထုတ်ပေးရတာ နေ့လယ် (၁၂)နာရီကျော် မွန်းလွဲ (၁)နာရီလောက်မှ ပြီးတယ်။ တစ်ခါ ညနေ ရုံးပြန်တော့လည်း ည(၆)နာရီ (၇)နာရီအထိ လက်ခံရတယ်။

ဒါကြောင့် ဒီလောက်များတဲ့ အချုပ်တရားခံတွေကို တစ်ဦးချင်း သေသေချာချာ အကျဉ်းထောင်ဘူးတံခါးကြီးမှာ ရှာဖို့ အချိန်မရပါဘူး။ ရုံးပြန်ကား တစ်စီးနှစ်စီးလောက်ပဲ အလစ်အငိုက်မှာ အသေအချာ ရှာရပါတယ်။ သတင်းရရင်တော့ အဲဒီကားနဲ့ပါလာတဲ့ အချုပ်ရုံးပြန်တွေကို အသေအချာ ရှာပါတယ်။ ရုံးအပြန်အချုပ်ကား အစီး (၂၀)ကျော်ကိုတော့ အသေအချာ ရှာနိုင်ပါဘူးလို့ အမှန်အတိုင်း ရှင်းပြရပါတယ်။

ဟိုးယခင်ကာလတုန်းက ရန်ကုန်ထောင်ကြီးမှာ အချုပ်ရုံးထွက်တွေအတွက် သီးသန့် အချုပ်ဆောင် နှစ်ဆောင်ရှိတယ်။ ဘားလမ်း အချုပ်ထောင်လည်း ရှိသေးတယ်။ အခုတော့ ရန်ကုန်ထောင်ကြီးနဲ့ ဘားလမ်း အချုပ်ထောင်လည်း မရှိတော့ဘူး။ မြို့နယ် အသစ်တွေကလည်း တိုးလာတယ်။ ထောင်ထဲမှာလည်း အကျဉ်းသား (၅၀၀၀)ကျော်သာ ထားနိုင်တဲ့ ထောင်ဟာ အခုဆိုရင် တစ်သောင်းကျော်လောက် လက်ခံပြီးထားနေရတယ် ဆိုလဲ ကျွန်တော် ရှင်းပြပါတယ်။

ဒါပေမဲ့ သူတို့က ရေဘူးပေါက်တာ မလိုချင်ဘူး။ ရေပါတာကိုပဲ လိုချင်ကြတဲ့သူတွေ။

ဒုချုပ်က ထောင်ပိုင်ကြီး ဦးအောင်နွဲ့ကိုခေါ်ပြီး ကျွန်တော့်ရှေ့မှာ အင် မေးတယ်။ ထောင်ထဲမှာ မထားရ၊ မရှိအပ်တဲ့ ပစ္စည်း၊ (Prohibited articless) ပစ္စည်းတွေဟာ ဘာတွေလဲ။ ဥပဒေက ဘာတွေဆိုထားသလဲဆိုတော့ ထောင်ပိုင်ကြီး ဦးအောင်နွဲ့က Jail manual စာအုပ်ကြီးကို လှန်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ထဲမှာ မရှိသင့်တဲ့ ပစ္စည်းတွေကတော့ မူးယစ်ဆေးဝါး ဘိန်း၊ ဘိန်းဖြူ၊ ဆေးခြောက်၊ အရက်၊ အရက်ပုံ။ ထွက်ပြေးရင် အသုံးပြုနိုင်တဲ့ ကြိုး၊ လှေကား၊ ဝါးလုံးတိုင်၊ အန္တရာယ်ပေးနိုင်တဲ့ တုတ်၊ ဓား သံချောင်း၊ သံချွန်၊ အပ်တောင် မရှိရပါဘူး"

လို့ ပြန်ပြောတယ်။

ဒီတော့ ဒုချုပ်က ထောင်ပိုင်ကြီးဦးအောင်နဲ့ကို ...

"တော်ပြီ ... သိပြီ။ ရပြီ"

ဆိုပြီး ကျွန်တော့်ဘက်ကို လှည့်တယ်။

"ထောင်ထဲမှာ အဲ့ပစ္စည်းတွေ မရှိရဘူးလို့ ထောင်ဥပဒေက ဆိုထားတဲ့အတွက် အဲ့ပစ္စည်းတွေ ထောင်ထဲမှာ မရှိအောင်လုပ်ပါ။ မရောက်အောင်လုပ်ပါ။ မလုပ်နိုင်ရင် ထွက်ဗျာ"

အဲဒီအချိန်မှာ အတူရှိနေတဲ့ ညွှန်ချုပ်ကြီးကတော့ ဘာမှမပြောရှာဘူး။ ညွှန်ကြားရေးမှူး အသစ်တွေကလည်း ဝင်မပြောကြပါဘူး။ သူတို့အားလုံးက စိတ်မကောင်းတဲ့ဟန်နဲ့ ကျွန်တော့်ကို ဝိုင်းကြည့်နေကြတယ်။ အဲဒီနေ့က အစည်းအဝေးဟာ တစ်ဝက်တစ်ပျက်နဲ့ပဲ နိဂုံးချုပ်ပါတယ်။ ဆက်ပြီး အစည်းအဝေးမဖြစ်တော့ဘူး။ ဘာကြောင့်လဲဆိုတော့ ညွှန်ချုပ်ကြီးက အစည်းအဝေး တစ်ဝက်တစ်ပျက်နဲ့ အစည်းအဝေးခန်းထဲက ထွက်သွားလို့ အစည်းအဝေး ပျက်သွားတာပေါ့။

မြင်ကွင်းကတော့ ဝမ်းနည်းစရာပါပဲ။ ကျွန်တော်လည်း အစည်းအဝေးက ပြန်လာတော့ အောက်ထပ်ရုံးခန်းမှာ ရုံးပြန် မထိုင်တော့ဘူး။ အိမ်ပေါ်တက်ပြီး အိပ်ရာထဲ လဲနေလိုက်တယ်။ အောက်ထပ်ရုံးခန်းမှာ ကျွန်တော့်ကိုစောင့်ပြီး လက်မှတ်ထိုးခိုင်းကြမယ့် ရုံးအုပ်စာရေးကြီးနဲ့၊ ထောင်မှူး ထောင်မှူးကြီးတွေကိုလည်း အရေးတကြီး လက်မှတ်ထိုးစရာရှိရင် အိမ်ပေါ်တက်ခဲ့။ အရေးမကြီးရင် မနက်ဖြန်မှ လက်မှတ်ထိုးပေးမယ်လို့ ဖုန်းနဲ့ လှမ်းပြောလိုက်ရတယ်။





စိတ်မာတ်ကျလို့ လက်မှတ်ကလေးတောင် မထိုးချင်တော့ဘူး။ အလုပ်လည်း မလုပ်ချင်တော့ဘူး။ အိမ်က ဇနီးဖြစ်သူက ... 'နေမကောင်းဘူးလား' တဲ့။

သံပုရာရည်တစ်ခွက် ဖျော်ပေးလို့ ပြောလိုက်ရတယ်။ ကျွန်တော့်အနားမှာလည်း ဘယ်သူမှ မရှိစေချင်တော့ဘူး။ တစ်ယောက်တည်းပဲ နေချင်တာနဲ့ ဇနီးဖြစ်သူကိုလည်း အကြောင်းရှာပြီး မောင်းထုတ်လိုက်ရခြင်းပါ။

ကျွန်တော် အဲဒီမှာပဲ တစ်ထိုင်တည်း ဆုံးဖြတ်ချက်ချလိုက်မိတယ်။ ငါ အလုပ်ကထွက်တော့မယ်။ နှစ်ပေါင်း (၄၀)က လုပ်ခဲ့တဲ့အလုပ်၊ အလွန်သံယောဇဉ်ကြီးမားခဲ့တဲ့ ထောင်အလုပ်၊ ကိုယ့်ရဲ့ ထမင်းရှင်အလုပ်၊ ကိုယ့်ရဲ့ ကျေးဇူးရှင်အလုပ်ကို အားတင်းပြီး သံယောဇဉ် ဖြတ်လိုက်ရတယ်။ အသက် (၆၀) ပြည့်တဲ့အထိ ကိုယ့်ရဲ့ ထမင်းရှင်၊ ကျေးဇူးရှင်အလုပ်ကို ရိုးသားဖြောင့်မတ်စွာ လုပ်ဖို့ စိတ်ပိုင်းဖြတ်ထားတာတွေကိုလည်း ရုပ်သိမ်းလိုက်ရတယ်။

ဒီလို ကျွန်တော် အလုပ်ကထွက်ဖို့ ကြိုးစားပြီး ဆုံးဖြတ်လိုက်ရတာ မလွယ်ဘူး။ ချီတုံချတုံဖြစ်နေတာ အကြာကြီးပဲ။ မနည်းအားတင်းပြီး ဆုံးဖြတ်လိုက်ရတယ်။ အခုလို ဆုံးဖြတ်လိုက်တော့ ကျွန်တော့်ခေါင်းထဲမှာ ကြည်လင်လာတယ်။ ပေါ့ပါးလာတယ်။ အားတွေ ပြည့်လာတယ်။ အိမ်သူသက်ထားပေးတဲ့ သံပုရာရည်တစ်ခွက်သောက်ပြီး ရုံးခန်းပြန်ဆင်းခဲ့တယ်။ လက်မှတ်ထိုးစရာတွေခေါ်ပြီး ထိုးပေးလိုက်တယ်။ လူလည်း ရွှင်ရွှင်ပျပျနဲ့ ငါ ဒီဝန်ထမ်းက ကျွတ်တော့မယ်ဆိုပြီး မြူးနေတယ်ဆိုပါတော့။

စာရေးသူ အလုပ်ကထွက်ဖို့ကို ဘယ်သူနဲ့မှလည်း မတိုင်ပင်ဘူး။ အနှစ်(၄၀)ကျော်ဘဝမှာ လက်တွဲဖော် ဆိုးတိုင်ပင် ကောင်းတိုင်ပင် ဓရှိအတူ ရှိအတူ အေးအတူပူအမျှနဲ့ ပေါင်းသင်းခဲ့တဲ့ ဇနီးမယားကိုလည်း မတိုင်ပင်တော့ဘူး။ ထွက်ခါနီး မိန်းမကိုနှိုးပြီး တိုင်ပင်နေရင် တောထွက်ဖြစ်မှာမဟုတ်ဘူး။ ဒါကြောင့် မတိုင်ပင်တော့ဘူးဗျာ။ မိန်းမကိုယ်တောင် မတိုင်ပင်တော့ ကိုယ်မွေးထားတဲ့ သားတွေသမီးတွေကိုလည်း ဘယ်တိုင်ပင်တော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



'ထောင်ပိုင်ကြီးကတော်ဆိုတဲ့ ဂုဏ်ပါဝါ အရှိန်အဝါတွေက ကြီး တယ်လေ။ 'မမ . . . မမ'နဲ့ နေကြတာ။ 'ဆရာကတော်'လို့ ခေါ်တဲ့လူက မရှား။ 'အန်တီ' လို့ခေါ်ကြတဲ့ တပည့်တပန်းတွေလည်း ရှိတယ်။ ဘယ်သွား သွား ဂုဏ်ရှိတယ်။ မျက်နှာရှိတယ်။ ဒီဘဝကို စွန့်ရမယ်ဆိုတော့ လွယ် လွယ်နဲ့တော့ စွန့်ဖို့ မလွယ်တာကတော့ အမှန်ပဲဗျာ။

သားတွေ၊ သမီးတွေဆိုတာကလည်း ထောင်ပိုင်ကြီးသား၊ ထောင် ပိုင်ကြီးသမီးဆိုတဲ့ ဂုဏ်ပါဝါ၊ အရှိန်အဝါတွေက ရှိတယ်။ ဘယ်သွားသွား မျက်နှာမငယ်ကြရဘူး။ ထောင်ပိုင်ကြီးကို နိုင်ငံတော်ကပေးထားတဲ့ Mazda Jeep နဲ့ ကျောင်းတက်ကြတယ်။ ကျောင်းပြန်ကြတယ်။ ကျောင်းပိတ်ရက် သူငယ်ချင်းတွေနဲ့ မြို့ထဲသွားချင်တဲ့အခါ 'ဖေဖေ ကားခဏပေးပါ' တဲ့။ ဒီတော့ ယူသွားပေါ့။ ဒီအခွင့်အရေးတွေဟာ ကျွန်တော် ပင်စင်ယူလိုက်ရင် ဘယ်ရှိတော့မလဲ။ ဘယ်ရတော့မလဲ။ သူတို့ကလည်း ကျွန်တော် ပင်စင်ယူ မှာ စိုးကြတယ်။ တိုင်ပင်လိုက်ရင် သဘောတူမယ့်လူ မရှိဘူး။ ပိုင်းဖျက်ကြ မှာ။ ကျွန်တော် တောထွက်လို့ ရမှာမဟုတ်ဘူး။ ဒါကြောင့် မတိုင်ပင်တော့ ဘူး။

ကျွန်တော် အရှိန်မပျက် ကိုယ်ရှိန်သတ်ပြီး အလုပ်တာဝန်တွေကို တန့်မပျက်လုပ်နေတယ်။ ညွှန်မှူးမရှိဘူး။ ကျွန်တော်ပဲ ညွှန်မှူး။ မနက် (၉)နာရီဆို ညွှန်ချုပ်ကြီးနဲ့ ဒုချုပ်တို့ ရောက်လာကြပြီး ကျွန်တော် ထွက် ကြိုပြီး ထောင်ထဲခေါ်သွားတယ်။ ဆောက်နေတဲ့ အဆောက်အအုံတွေ ဘယ် လောက်ထိ ပြီးစီးနေပြီဆိုတာ ကျွန်တော် လိုက်ပြတယ်။ ပြီးတော့ ရောက် လာတဲ့ အရေးအခင်းကာလ အကျဉ်းသားတွေကို လိုက်ပြတယ်။ သူတို့ကို တိုက်ထဲမှာ ထားရတယ်။ ညွှန်ချုပ်ကြီးတို့ လိုက်ကြည့်ကြတယ်။ ထောင်ထဲ မှာ နှစ်နာရီလောက် ကြာတယ်။ ထောင်ထဲကြည့်ပြီးရင် ထောင်အပြင်မှာ ရှိတဲ့ ဘန်ကာကင်းတွေ လိုက်စစ်ကြပြန်တယ်။

အရေးအခင်းပြီးပြီးချင်းပဲ အင်းစိန်ထောင်ကြီးရဲ့ ရွာမနောက်ဘက် ကို အုတ်တံတိုင်း ကာလိုက်တယ်။ အဲဒါတွေ လိုက်ကြည့်ပြီး ရုံးပြန်သွား





ကြတယ်။ ကျွန်တော်လည်း ညွှန်ချုပ်ကြီးတို့ကို ရုံးပြန်ပို့ပြီး ထောင်ထဲကို ပြန်လာခဲ့တယ်။ ဟိုတုန်းကဆို ဗိုလ်မှူးစိန်ဝင်းနဲ့ နှစ်ယောက်။ အခုတော့ ကျွန်တော်တစ်ယောက်တည်း ပြန်ခဲ့ရတယ်။ ဗိုလ်မှူးစိန်ဝင်းကို သွားသတိရ မိတယ်။ မနက်တိုင်းကတော့ ဒါနဲ့ပဲ အချိန်ကုန်သွားရတယ်။

ကျွန်တော် ၈၉၊ ဧပြီ ၁၂ရက်မှာ ညွှန်မှူးအနေနဲ့ ရုံးချုပ်မှာ အစည်းအဝေး တက်ရပြန်တယ်။ နောက်လာမယ့် ညွှန်မှူး မရောက်သေး တော့ ညွှန်မှူးတာဝန်ယူနေရတော့ အစည်းအဝေးခေါ်ရင် တက်ရမှာပေါ့။ ပြီးခဲ့တဲ့ အစည်းအဝေးမှာ ဖြစ်ခဲ့တာတွေကိုလည်း ကျွန်တော် စိတ်ထဲက ထုတ် ပစ်လိုက်ပြီ။ လွယ်လွယ်နဲ့တော့ ထုတ်လို့ မရဘူးပေါ့။ သူတို့ကလည်း မေ့ပစ် လိုက်ကြတယ်နဲ့ တူတယ်။ ကျွန်တော့်အပေါ်မှာ ရယ်ရယ်မောမော ရွှင်ရွှင် ပျပျ ဆက်ဆံကြတယ်။

အဲဒီအစည်းအဝေးမှာ အင်းစိန်ထောင် ညွှန်ကြားရေးမှူးအသစ် ဒုဗိုလ်မှူးကြီး ခင်မောင်လှ အခါလွန်သင်္ကြန်ပြီးရင် ရောက်မယ်တဲ့။ ရက်တွက် ကြည့်တော့ တစ်ပတ်တောင် မလိုတော့ဘူး။ အစည်းအဝေးက ပြန်လာပြီး ကျွန်တော် စဉ်းစားရပြန်တယ်။ အခု စဉ်းစားတာက အလုပ်ဆက်လုပ်သင့် လုပ်သင့် မဟုတ်ဘူး။ ထွက်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုတော့ မပြင်တော့ဘူး။ ခု စဉ်းစားတာက နောက်ရောက်လာမယ့် ညွှန်မှူးရောက်မှ တင်ရမလား။ သူမရောက်ခင် ကျွန်တော် ညွှန်မှူးတာဝန်ယူထမ်းနေတုန်း တင်ရင်ကောင်း မလား။ နောက်လူက တင်မပေးရင် ကျွန်တော် ဘယ်လိုလုပ်မလဲ။ ကျွန်တော် အမျိုးမျိုးစဉ်းစားတယ်။ စဉ်းစားပြီး ဆုံးဖြတ်လိုက်တယ်။ နောက်ညွှန်မှူး အလာကို မစောင့်တော့ဘူး။

မနက်ဖြန်ဆိုရင် သင်္ကြန်ကျပြီ။ ဧပြီလ ၁၃ ရက်။ နှစ်ဆန်းတစ် ရက်နေ့အထိ ရုံးပိတ်ထားတယ်။ ဧပြီလ ၁၈ ရက်မှာ ညွှန်မှူးအသစ်ရောက် မယ်တဲ့။ သင်္ကြန်ပြီး ဧပြီလ ၁၈ ရက်နေ့ အလုပ်ဝင်မယ်တဲ့။ ကျွန်တော် အဲဒီ နေ့က အစောကြီး ရုံးခန်းရောက်သွားတယ်။ အလုပ်ကထွက်ဖို့သာ ဆုံးဖြတ် လိုက်တာ ဘာအကြောင်းပြပြီး အလုပ်က ထွက်ဖို့။ ထွက်ခွင့်ပေးဖို့ ဘာကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြရမှာလဲ။ သူတို့က ဖြုတ်ရင်တော့ လွယ်တယ်။ ကျွန်တော်တို့က ထွက်ချင်ရင်တော့ မလွယ်ဘူး။ ကျန်းမာရေး အကြောင်းပြရမှာလား။ အကြောင်းပြရမှာက ကျန်းမာရေးပဲ အကြောင်းပြဖို့ရှိတယ်။ ကျန်းမာရေးအကြောင်းပြရင်လည်း ဆရာဝန်ကြီးတွေဆီ သွားရမယ်။ ဆေးစာရအောင် လုပ်ရမယ်။ ဒါလည်း သိပ်တော့မလွယ်ဘူး။ ကြာမယ်။ ချက်ချင်းရမှာ မဟုတ်ဘူး။ အနည်းဆုံး နှစ်လသုံးလ ကြာမယ်။ ကျွန်တော် ဒီလောက်ထိ အကြာခံနိုင်ဘူး။ မစောင့်နိုင်ဘူး။

နဝတတက်တော့ နိုင်ငံရေးလုပ်ချင်တဲ့ ဝန်ထမ်းတွေ နိုင်ငံရေးလုပ်ချင်ရင် အလုပ်ကထွက် လုပ်ခွင့်ပြုမယ်တဲ့။ ကျွန်တော် မဆလမှာ နှစ်ပေါင်း (၂၀)လောက် ပါတီစိတ်မှူး တာဝန်ထမ်းဆောင်ခဲ့တယ်။ ပါတီကိစ္စတွေမှာ တက်တက်ကြွကြွ ပါဝင်ခဲ့တယ်။ အခွင့်အရေးလိုချင်လို့ မဟုတ်ဘူး။ ကျွန်တော် မဆလ ပါတီကို ယုံကြည်လို့။ ဒီစနစ်ကို ကြိုက်လို့ လုပ်ခဲ့တာ။ ကျွန်တော် တင်းပြည့်ပါတီဝင်အမှတ်(၁၃၆၇၉၂၆) ရက်စွဲ ၁၄–၉–၇၉ အဲဒါတာ ကျွန်တော် အလုပ်ကထွက်ဖို့ ရနိုင်မည့်အချက်ပဲ။ ဒီအကြောင်းပြချက်နဲ့ဆိုရင် ဘယ်သူမှ တားလို့မရဘူး။ ဒါကြောင့် ကျွန်တော် လျှောက်လွှာရေးတင်လိုက်တယ်။ အလုပ်ကထွက်ဖို့ လျှောက်လွှာ။

လျှောက်လွှာတွင် ...

"ကျွန်တော်သည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီတွင် နှစ်ပေါင်း (၂၀)ကျော် တက်တက်ကြွကြွ ဆောင်ရွက်ခဲ့သည့် ပါတီစိတ်အတွင်းရေးမှူး ဖြစ်ပါသည်။ ကျွန်တော်၏ တင်းပြည့်ပါတီဝင်အမှတ်မှာ (၁၃၆၇၉၂၆) ဖြစ်သည်။ ယခုအခါ ကျွန်တော်သည် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ (တစည)တွင် အလုပ်ကထွက်ပြီး နိုင်ငံရေးလုပ်ဖို့ ဆုံးဖြတ်ထားသည့်အတွက် ကျွန်တော့်အား အလုပ်က ထွက်ခွင့်ပြုပါ" လို့။

ကျွန်တော့်ကို အလုပ်ကထွက်ခွင့်ပြုဖို့ လျှောက်လွှာနဲ့ ညွှန်မှူးအနေနဲ့ ဆက်တင်ပေးရမှာဆိုတော့ ညွှန်မှူးအနေနဲ့ 'ကန့်ကွက်ရန်မရှိ' ဆိုပြီး





စာတစ်စောင်၊ ပေါင်း စာနှစ်စောင်ကိုရေးပြီး ညွှန်မှူးရုံးက ထောင်မှူးကြီး ကျော်ဇောကို ခေါ်ပေးလိုက်တယ်။ ထောင်မှူးကြီးကျော်ဇောက ဖတ်ကြည့်ပြီး ...

"ဟာ ... ဆရာကလည်း မလုပ်ပါနဲ့ ... ဆရာရယ်"

လို့ သူက အတင်းတောင်းပန်တယ်။ ဒီတော့ ကျွန်တော်နဲ့ အတူ ယှဉ်ပြီး ရုံးထိုင်နေတဲ့ ဒုတိယတာဝန်ခံ အရာရှိ ဦးလှကြည်ကလည်း ကျွန်တော့်ကို တောင်းပန်တယ်။

"ဆရာရယ် ... ထွက်စာ မတင်ပါနဲ့။ ကျွန်တော်လည်း အင်းစိန် ရောက်စရှိပါသေးတယ်။ ကျွန်တော် ထောင်အတွေ့အကြုံ မရှိပါဘူး။ ဆရာနဲ့ တွဲလုပ်ပါရစေ။ မထွက်ပါနဲ့ ဆရာ"

တဲ့။ ထောင်မှူးကြီးကျော်ဇောကလည်း အတင်းတားတယ်။ ကျွန်တော် ထောင်မှူးကြီးကျော်ဇောကို အော်မစ်လိုက်တယ်။

"မင်း ငါခိုင်းတာ လုပ်ကွာ။ အခုသွား လက်နှိပ်စက်ရိုက်ပြီး မြန်မြန်ယူခဲ့။ မင်းတို့ ငါ့ကို တားလို့မရဘူး။ ငါ ဆုံးဖြတ်ပြီးသား။ သိကြားမင်း ဆင်းပြီးတားလို့တောင် ငါလက်ခံမှာ မဟုတ်ဘူး"

လို့ပြောလိုက်တော့ သူတော်တော် စိတ်မကောင်းဖြစ်သွားပြီး ကျွန်တော့်လျှောက်လွှာ စာကြမ်းတွေကိုယူပြီး လက်နှိပ်စက်နဲ့ ရိုက်ပေးတယ်။ ပြီးတော့ ယူလာပြီး ကျွန်တော့်ကိုပေးတယ်။ အလုပ်က ထွက်ခွင့်ပြုပါဆိုတဲ့ လျှောက်လွှာမှာ လက်မှတ်ထိုးပေးလိုက်တယ်။ နောက် ညွှန်မှူးအနေနဲ့ ဆက်လက်ထောက်ခံ တင်ပြပါသည်ဆိုတဲ့ စာရွက်မှာလည်း လက်မှတ်ထိုးပေးလိုက်ပြီးတော့ ထောင်မှူးကြီး ကျော်ဇောကို ရုံးချုပ်က ထောင်ပိုင်ကြီး ဦးအောင်နွဲ့ လက်ထဲ သွားထည့်ခိုင်းလိုက်တယ်။

ထုံးစံအတိုင်း မနက်(၉)နာရီခန့်လောက် ရှိတယ်။ ညွှန်ချုပ်ကြီး ဗိုလ်မှူးကြီးဇော်မင်းနဲ့ ဒုချုပ်တို့ ရောက်လာကြတယ်။ အင်းစိန်ထောင်ပြောင်းလာတဲ့ ညွှန်မှူးအသစ် ဒုဗိုလ်မှူးကြီး ခင်မောင်လှလည်းပဲ ပါလာတယ်။ ကျွန်တော် တံခါးက ဆီးကြိုတယ်။ ညွှန်ချုပ်ကြီးက ...



www.burmeseclassic.com

www.burmeseclassic.com



"ထောင်ပိုင်ကြီး . . . ဒါ အခု အင်းစိန်ထောင်ကို ညွှန်မှူးနဲ့ ပြောင်းလာတဲ့ ဒုဗိုလ်မှူးကြီးခင်မောင်လှ၊ ထောင်ပိုင်ကြီးနဲ့ အတူတွဲလုပ်ကြမယ့် ညွှန်မှူးအသစ်"

တဲ့။ ကျွန်တော့်ကို ညွှန်မှူးအသစ်နဲ့ မိတ်ဆက်ပေးတယ်။ ဒုဗိုလ်မှူးကြီး ခင်မောင်လှက လက်ကမ်းလာတော့ ကျွန်တော်ကလည်း လက်ကမ်းပြီး နှုတ်ဆက်လိုက်တယ်။ ညွှန်မှူးအသစ်က . . .

"တွေ့ရတာ ဝမ်းသာပါတယ်"

တဲ့ ကျွန်တော်က ဘာမှပြန်မပြောမိဘူး။ ညွှန်ချုပ်ကြီးတို့နဲ့အတူ ထောင်ထဲ ဝင်လိုက်သွားတယ်။ ကျွန်တော်လည်း ခါတိုင်းလိုပဲ မူမပျက် တန်မပျက် ဆောက်လုပ်နေတဲ့ အဆောက်အအုံတွေရော၊ တိုက်ခန်းတွေထဲ မှာထားတဲ့ အကျဉ်းသားအားလုံးကို လိုက်ပြတယ်။

ညွှန်ချုပ်ကြီးကို ကြည့်ရတာ ကျွန်တော်တင်ထားတဲ့ လျှောက်လွှာ သူတို့လက်ထဲ မရောက်သေးဘူးနဲ့တူတယ်။ ဣန္ဒြေမပျက် ရယ်ရယ်မောမော နဲ့ပဲ အပြင်ထွက်လာကြတယ်။ အပြင်မှာ အုတ်ရိုးကာနေတာနဲ့ ခါတိုင်းလို ဘန်တာတင်းတွေ ကြည့်ပြီး ရုံးပြန်သွားကြတယ်။ ကျွန်တော်လည်း ရုံး အထိ လိုက်ပို့ပြီး ပြန်လာခဲ့တယ်။ ထောင်ပြန်ရောက်တော့ နေ့လယ် ၁၂ နာရီ ထောက်ရှိပြီ။ ခဏ ရုံးခန်းမှာထိုင်ပြီး အိမ်ပေါ်ပြန်တက်ခဲ့တယ်။

အိမ်ပေါ်ရောက်တော့လည်း ထမင်းစားချင်တဲ့စိတ် မရှိတာနဲ့ ထမင်း မစားသေးဘဲ အိပ်ရာပေါ်မှာ လဲနေလိုက်တယ်။ ထောင်ပိုင်ကတော်ကြီး အနားရောက်လာပြီး ယူနီဖောင်းလည်း မချွတ်သေးပါလားတဲ့။ ထမင်းရော မစားသေးဘူးလားတဲ့။ ၁၂ နာရီ ကျော်နေပြီ။ ချူးလိုက်ရမလားတဲ့။ ခဏ နေပါဦးကွာ . . . တော်ကြာ စားတာပေါ့လို့ ပြောနေတုန်း မာဒေါါဂျစ်ကားသံ ကြားလိုက်ရတယ်။ တံခါးကြီးဖွင့်သံလည်း ကြားလိုက်ရတယ်။ ပြီးတော့ ဖုန်းဝင်လာတယ်။ ကောက်ကိုင်လိုက်တော့ ညွှန်မှူးရုံးခန်းက ထောင်မှူးကြီး ကျော်ဖေ . . .

"ဆရာ . . . ညွှန်မှူးအသစ် ရောက်နေတယ်။ ဆရာ့ကို ခေါ်ပေးပါ တဲ့"





ကျွန်တော် အောက်ပြန်ဆင်းသွားတယ်။ ယူနီဖောင်းတော့ မချွတ် ရသေးဘူး။ ဖိနပ်က ချွတ်ထားတော့ ခြေညှပ်ဖိနပ်နဲ့ပဲ အောက်ဆင်းသွား တယ်။ ညွှန်မှူးရုံးခန်းက တံခါးကို ထောင်မှူးကြီးကျော်ဖေက ဖွင့်ပေးတော့ ကျွန်တော် အထဲရောက်သွားတယ်။ ကျွန်တော့်ကို ညွှန်မှူးအသစ်က . . .

"ထိုင်ပါ . . . ထောင်ပိုင်ကြီး"

တဲ့။ ကျွန်တော့်ကို လေးလေးစားစား ဖိတ်မန္တက ပြုတယ်။ ကျွန် တော် သူနဲ့နီးတဲ့ ကုလားထိုင်မှာ ထိုင်လိုက်တယ်။ ကျွန်တော့်ကို ကြည့် ပြီး . . . .

"ထောင်ပိုင်ကြီး . . . ထွက်စာတင်တယ်ဆိုင်"တဲ့။

ကျွန်တော်ကလည်း ပြုံးပြုံးကလေးနဲ့ . . .

"ဟုတ်ပါတယ် . . . ဗိုလ်မှူး"

လို့ လေးလေးစားစား ပြန်ဖြေလိုက်တယ်။

ကျွန်တော့်ကို ညွှန်မှူးအသစ်က . . .

"မလုပ်ပါနဲ့ . . . ထောင်ပိုင်ကြီးရာ။ ကျွန်တော်လည်း အခုမှ ပြောင်း လာတာ။ ထောင်အကြောင်းဆို ဘာမှမသိပါဘူး။ အတွေ့အကြုံတွေရှိတဲ့ ထောင်ပိုင်ကြီးနဲ့ တွဲပြီး လုပ်ချင်ပါတယ်။ ထောင်ပိုင်ကြီးတင်တဲ့ လျှောက်လွှာ ညွှန်ချုပ်ကြီးဆီ မရောက်သေးပါဘူး။ လျှောက်လွှာ ပြန်ယူပါ။ ကျွန်တော် နဲ့ တွဲလုပ်ကြရအောင်ပါ။ ထောင်ပိုင်ကြီး ကျွန်တော်နဲ့ တွဲလုပ်ကြည့်ပါ။ စိတ်ချမ်းသာရပါစေမယ်။ စိတ်မချမ်းသာဘူးဆိုရင် ထွက်ပါ။ တွဲလုပ် ကြည့်ပါဦး"

ဆိုပြီး ထွက်စာကို အတင်းပြန်ယူခိုင်းတယ်။ သူ ကျွန်တော့်ကို အနူးအညွတ်ကို တောင်းပန်ရှာတယ်။

"ဗိုလ်မှူး . . . ကျွန်တော်ဟာ အရေးအခင်းကာလတစ်လျှောက်လုံး ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်း မစားရ၊ စိတ်ရောလူရော အတော် ပင်ပန်းခဲ့ကြတယ်။ မနည်းကို တောင့်ထားနေရတယ်။ ကိုယ့်ကိုယ်ကိုယ် မလဲအောင် အားတင်းနေကြရတာ။ ကျွန်တော့်ကျန်းမာရေးလည်း အတော်

www.burmeseclassic.com

www.burmeseclassic.com



ချုချာသွားတယ်။ အစားမမှန်၊ အအိပ်မမှန်တော့ ကျန်းမာရေးလည်း မကောင်းတော့ဘူး။ ဒါကြောင့်ပါ။ တခြား ဘာအကြောင်းမှ မရှိပါဘူး”

ဆိုတော့ သူ ကျွန်တော့်ကို ကြည့်ပြီး . . .

“ထောင်ပိုင်ကြီး . . . ကျန်းမာရေး အများကြီးကောင်းပါတယ်။ ကျွန်တော် မေတ္တာရပ်ခံပြီး အနူးအညွတ်တောင်းပန်တာကိုတော့ လက်ခံပါ။ လျှောက်လွှာ ပြန်ယူပါ”

တဲ့။ ကျွန်တော်ကလည်း လုံးဝလက်မခံဘူး။ ကျန်းမာရေးကြောင့်ပါ။ ဒါကြောင့်ပါလို့ အတန်တန် ပြန်ပြောတယ်။ ကျွန်တော် လက်မခံမှန်းသိတော့ . . .

“ဒီလိုဆိုရင် ထောင်ပိုင်ကြီး ပြန်နားပါတော့”

ဆိုတာနဲ့ ကျွန်တော် အိမ်ပေါ်ပြန်တက်ခဲ့တယ်။ သူလည်း ညွှန်ချုပ်ကြီးဆီ ပြန်သွားတယ်။

နေ့လယ် (၂) နာရီလောက်ရှိတော့ ကျွန်တော့်ဆီ ထောင်ပိုင်ကြီး ဦးအောင်နဲ့ ရောက်လာတယ်။ ကျွန်တော် အိမ်ပေါ်မှာပဲ ရှိသေးတယ်။ ရုံးခန်း ပြန်မရောက်သေးဘူး။

“ထောင်ပိုင်ကြီးပေးတဲ့ လျှောက်လွှာ ကျွန်တော့်ဆီမှာပဲ ရှိသေးတယ်။ ညွှန်ချုပ်ကြီးဆီ မတင်ရသေးဘူး။ အားလုံးကတော့ မထွက်စေချင်ကြဘူး။ ကျွန်တော်နဲ့ ထောင်ပိုင်ကြီးကလည်း ညီအစ်ကိုတွေလို နေကြတော့ ကျွန်တော်ကိုယ်တိုင်လည်း မထွက်စေချင်ဘူး ထွက်စာ ပြန်ယူပါ”

တဲ့။ ကျွန်တော်တင်ထားတဲ့ လျှောက်လွှာပြန်ယူလာပြီး ကျွန်တော့်ကိုပြန်ပေးတယ်။ ကျွန်တော် လက်မခံတော့ သူ ပြန်ယူသွားတယ်။ အဲဒီနေ့မှာ ညွှန်ကြားရေးမှူး ဆမ်ဂျွမ်းနဲ့ ဗိုလ်ကြီးဝင်းမြင့်တို့ ရောက်လာကြပြီးတယ်။ ကျွန်တော့်ကို ဆက်လုပ်ဖို့ မေတ္တာရပ်ခံကြတယ်။ တိုက်တွန်းကြတယ်။ ကျွန်တော်က ဘာအကြောင်းမှတော့ မဟုတ်ပါဘူး။ ကျန်းမာရေးကြောင့်ပါ။ ဒါကြောင့် ကျွန်တော် ထွက်စာတင်တာပါလို့ ကောင်းကောင်းမွန်မွန် ပြောတော့ သူတို့လည်း ဘာပြောမရမှန်းသိတာနဲ့ လက်လျှော့ပြီး ပြန်သွားကြတယ်။





နောက်တစ်နေ့မှာလည်း ညွှန်မှူး ဗိုလ်မှူးသန်းလှနဲ့ ရင်းနှီးတဲ့ မိတ်ဆွေ၊ လုပ်ဖော်ကိုင်ဖက်တွေ ရောက်လာကြပြီး တားကြတယ်။ ထွက်စာ ပြန်ယူဖို့ တိုက်တွန်းကြသေးတယ်။ လောလောဆယ် အင်းစိန်ထောင်ကြီးအတွက် ထောင်ပိုင်ကောင်းကောင်းကလည်း မရှိဘူး။ ခဏလောက်သည်းခံပြီး လုပ်ပေးပါလို့ ပိုင်းပြောကြတယ်။ ရောဝတီတိုင်းရောက်နေတဲ့ ဗိုလ်မှူး စိန်ဝင်းကလည်း ပုသိမ်ကနေ ဖုန်းနဲ့လှမ်းဆက်တယ်။

“ထောင်ပိုင်ကြီး . . . စိတ်လိုက်မာန်ပါ မလုပ်လိုက်ပါနဲ့။ အစစ ကျွန်တော်နဲ့ အတူလုပ်ခဲ့တုန်းကလို လုပ်ပေးလိုက်ပါ။ တင်ထားတဲ့ ထွက်စာကို ပြန်ယူလိုက်ပါ”

တဲ့။ အဲဒီတော့မှပဲ ကျွန်တော် အလုပ်က ထွက်စာတင်တာကို ထောင်ပိုင်ကတော်ကြီးနဲ့ သားသမီးတွေ သိကြတော့တယ်။ စိတ်မကောင်းကြဘူးပေါ့။ မျက်နှာတွေလည်း မကောင်းရှာကြဘူး။ ဘာမှတော့ မပြောရှာကြပါဘူး။ ဖေဖေ့သဘောတဲ့။

ထွက်စာတင်ထားတာ ချက်ချင်းမကျသေးတော့ အလုပ်ကတော့ ဆက်လုပ်နေရသေးတယ်။ အလုပ်မဆင်းလို့ကလည်း မဖြစ်ဘူးလေ။ တာဝန်မပျက် လုပ်ပေးနေရသေးတယ်။ ညွှန်ချုပ်ကြီးက မနက်ဆို ထောင်စစ်ရအောင် ဒုညွှန်ချုပ်ကြီးနဲ့အတူ ရောက်လာပြီး ဟိုတုန်းက သူတို့လာရင် ဗိုလ်မှူးစိန်ဝင်းနဲ့ အတူကြိုပြီး ထောင်ထဲလိုက်ပြကြရတယ်။ ခုတော့ ညွှန်မှူးအသစ်နဲ့ နှစ်ယောက်ကြိုပြီး ထောင်ထဲလိုက်ပြရတော့ ဗိုလ်မှူးစိန်ဝင်းကို သွားသတိရမိတယ်။

ကျွန်တော်ကလည်း ဟန်မပျက်နေတယ်။ သူတို့ကလည်း ဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခွန်းမှ မဟာကြဘူး။ မသိသလိုပဲ နေကြတယ်။ ကျွန်တော် ထွက်စာတင်ထားတာ တစ်လလောက်ရှိတော့ ဘာသံမှမကြားတာနဲ့ ကျွန်တော် ရုံးချုပ်က ‘ရေး’ ဌာနကို သွားမေးတယ်။ သူတို့က ကျွန်တော်တင်တဲ့ ထွက်စာသူတို့ဆီ မရောက်သေးဘူးတဲ့။

တစ်နေ့ အင်းစိန်ထောင်မှာ အကြပ်ကြီး မွမ်းမံသင်တန်းဆင်းပွဲရှိတယ်။ ရန်ကုန် အမြန်လမ်းက ညွှန်ကြားရေးမှူး ဗိုလ်ကြီးညွှန့်လွင်နဲ့ တွေ့



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ ကျွန်တော့်ကို အကျဉ်းဦးစီးရောက်နေတာ အတော်ကြာပြီ။ ရင်းနှီးနေတော့ ကျွန်တော်က ...

"ဗိုလ်ကြီး ... ကျွန်တော် ထွက်စာတင်ထားတာ ဗိုလ်ကြီး သိတယ်နော်။ အခု တစ်လကျော်ပြီ။ ကျွန်တော့်ထွက်စာဟာ ရေးဌာနကိုလည်း မရောက်သေးဘူးတဲ့။ ကျွန်တော်လည်း လုံးဝ မလုပ်ချင်တော့ဘူး။ ဗိုလ်ကြီး ... ကူညီပါ"

လို့ပြောတော့ ဗိုလ်ကြီးထွန်းလွင်က ...

"ကျွန်တော် စုံစမ်းပေးပါ့မယ်။ စိတ်ရှည်ရှည်ထားပြီး ကိုယ့်ဘက်က တာဝန်မပျက် ဆက်လုပ်နေပါ"

တဲ့။ ကျွန်တော့်ထွက်စာကို တင်လည်းမတင်ပေးကြဘူး။ အခုဆို တစ်လကျော်ပြီ တင်ထားတာ။ ခုထိ ရေးဌာနကို မရောက်သေးဘူးဆိုတော့ ကျွန်တော့်စိတ်ဓာတ်တွေ ကျသွားတယ်။ အလုပ်လည်း မလုပ်ချင်တော့ဘူး။ ညွှန်ချုပ်ကြီးနဲ့သွားတွေ့ပြီး အတိအလင်းပဲ ကျွန်တော် ထွက်စာတင်ထားတဲ့ အတိုင်း ထွက်ခွင့်ပြုဖို့ သွားပြောရင် ကောင်းမလားလို့ စဉ်းစားသေးတယ်။ နောက်မှ ငါတင်တာ တစ်လကျော်ကျော်ပဲ ရှိသေးတယ်။ နှစ်လပြည့်အောင် စောင့်မယ်။ ကျွန်တော်တင်ထားတာက (၁၉၈၈)၊ ဧပြီလ (၁၈) ရက်။ ဇွန် (၁၈) ရက်ဆို နှစ်လပြည့်ပြီ။ နှစ်လပြည့်တော့မှ အကြောင်းမထူးရင် ညွှန်ချုပ်ကြီးကို ကိုယ်တိုင်ဝင်တွေ့ပြီး မေးမယ်ပေါ့။

ကျွန်တော် ထွက်စာတင်တာ နှစ်လပြည့်တော့မယ်။ တစ်ပတ်စောင့် မလိုတော့ဘူး။

(၁၉၈၈)၊ ဇွန်လ (၁၂)နေ့လယ်မှာ ဒုချုပ်ကြီးက ဖုန်းနဲ့ ...

"ထောင်ပိုင်ကြီး ... အားလား။ အားရင် ခဏလာပါ"

တဲ့။ ကျွန်တော် ချက်ချင်း ထ,သွားလိုက်တယ်။ စိတ်ထဲမှာတော့ ဘာကိစ္စများ ပါလိမ့်ပေါ့။ တင်တားတဲ့ ထွက်စာပဲ ကျလာလို့လား။ ဆက်လုပ်ဖို့ ပြောမလို့လားပေါ့။ ကျွန်တော်ရောက်သွားတော့ ....

"ထောင်ပိုင်ကြီး ... ထိုင်ပါ"





တဲ့။ နောက်ပြီး အံဆွဲထဲက စာတစ်စောင် ထုတ်ပေးပြီး ...

"ကျွန်တော်တို့က ထောင်ပိုင်ကြီးနဲ့ အတူတွဲလုပ်ချင်လို့ ထောင်ပိုင်ကြီးတင်တဲ့ ထွက်စာကိုတောင် ဝန်ကြီးဆီ မတင်ဘူး။ ဒီမှာ ထောင်ပိုင်ကြီးတင်တဲ့ ထွက်စာ"

တဲ့။ ကျွန်တော်တင်တဲ့ ထွက်စာကိုတောင် ကျွန်တော့်ကို ပြလိုက်သေးတယ်။

"ဒီဟာက အရေးအခင်းကာလ အကျဉ်းသား ဆူပူမှုတွေဖြစ်ပြီး ထောင်ကြီး မီးရှို့ခံလိုက်ရတဲ့အတွက် ထောင်ပိုင်ကြီးမှာ တာဝန်မကင်းဘူးဆိုပြီး ဝန်ကြီးက အနားပေးလိုက်တာ အမိန့်စာပါ"

တဲ့။ ဖတ်ကြည့်လိုက်တော့ ကျွန်တော့်ကို (၆-၆-၁၉၈၈) ရက်မှစပြီး မယူမနေရ ပင်စင် (Force to retire) ပေးလိုက်ပါတယ်။

အရေးအခင်းကာလက ... အတူတူ လက်တွဲလုပ်ခဲ့ကြသူတွေ ထောင်ကြီးမီးလောင်တော့ အကျဉ်းသားတွေ ထွက်ကုန်မှာစိုးလို့ ထောင်ကြီး ဖွင့်မသွားအောင် အသေအလဲ ကာကွယ်ခဲ့ကြတဲ့ ကျွန်တော်တို့အဖွဲ့ တစ်ကွဲ တပြား ဖြစ်သွားတယ်။

နောက်ဆုံးကျန်ရစ်ခဲ့တဲ့ ကျွန်တော့်ကို မယူမနေရ ပင်စင်ပေးလိုက်တော့ တစ်ယောက်မှ မကျန်ရစ်တော့ဘူးပေါ့။ တာဝန်ကျေကျေ မိုးလင်းအောင် တက်ညီလက်ညီကခဲ့ကြတဲ့ ကျွန်တော်တို့ ကျွန်တော်တို့ဇာတ်အဖွဲ့ကြီး မိုးလင်းတော့ ပွဲသိမ်းသွားခဲ့ရတယ်။ ဇာတ်ခေါင်းကွဲသွားခဲ့ရတယ်ဗျာ။

ထိုစဉ်အခါက ကျွန်တော်တို့ပင် ခံလိုက်ရသည်ဟု ထင်မြင်မိသော်လည်း ယခုအခါတွင် အင်းစိန် ဗဟိုအကျဉ်းထောင်ကို အရေးအခင်းကာလအတွင်း စွန့်စွန့်စားစား အုပ်ချုပ်စီမံခဲ့သော တာဝန်ခံထောင်ပိုင်ကြီး ဦးစိန်မြ၏ ရင်တွင်းစကားများကို ဖတ်ရှုသိရှိရသောအခါမှ ကျွန်တော်တို့ အရာရှိငယ်များ ခံစားရသည်ထက် သူ့ဘဝက ပိုမိုဆိုးရွားသွားကြောင်းကို ကိုယ်ချင်းစာစိတ်ဖြင့် စာနာနားလည်မိပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းဦးစီးဌာန ညွှန်ချုပ်ကြီးဦးဇော်မင်းမှာ သဘောကောင်းပုံ ရသော်လည်း ဒုချုပ်လုပ်သူ ဒုတိယဗိုလ်မှူးကြီး အုန်းဟန်မှာ အကျဉ်းဦးစီး ဌာန ရုံးချုပ်စီမံကိန်းတွင် ဌာနတွင် ညွှန်ကြားရေးမှူးရာထူးမှ တစ်ဆင့်တက် ပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးသို့ တက်လာသူဖြစ်သောကြောင့် အကျဉ်းထောင်အခြေအနေကို အတန်ငယ် သဘောပေါက်နားလည်သည်ဟု ထင်မြင်ယူဆရသည်။ အရပ်စကားဖြင့် ပြောလျှင်တော့ ထောင်ပါးဝသူ တစ်ယောက်ဖြစ်သည်။

ထို့ကြောင့်လည်း လက်အောက်ခံဝန်ထမ်းများက ညွှန်ချုပ်ကို မကြောက်ရဘဲ ဒုချုပ်ကို ကြောက်နေရသည်။ ကျွန်တော်လည်း ဒုချုပ်လုပ် သူ ဦးအုန်းဟန်နှင့် ကျွန်တော်တို့ အရေးအခင်းကာလ အင်းစိန်ထောင် အရာ ရှိများအား ခုံရုံးဖွဲ့၍ စစ်ဆေးရာတွင် ဒုချုပ်နှင့် မချေမငံ ဆက်ဆံခဲ့ဖူးပြီး ဖြစ်သည်။ အင်းစိန်ထောင်ကြီး မီးလောင်သွားကတည်းက ကျွန်တော် အကျဉ်းထောင်လောကကို အလွန်အလွန် စိတ်ပျက်မိသည်။

ထို့ကြောင့် အလုပ်ကထွက်ရလျှင်လည်း မထူးဟု ခံယူထားသူ ဖြစ်သည်။ ယခုအခါ ထောင်ပိုင်ကြီးဦးစိန်ဒွေး၏ စာများကို ဖတ်ရတော့မှ ကျွန်တော်တို့ထက် ရာထူးကြီးသူတစ်ဦးလည်း ဒုချုပ်၏ စနက်မလွတ်ကင်း ခဲ့မှန်း သိရှိရပါတော့သည်။ ကျွန်တော်တို့ ထောင်အရာရှိများ အသီးသီး အင်းစိန်မဟုတ်အကျဉ်းထောင်ကြီးမှ ပြောင်းရွှေ့ရန် အမိန့်စာများ အသီးသီး ထွက်လာပါတော့သည်။

✿ ✿ ✿

# သုံးကျောင်းပြောင်းသော ဘုန်းကြီး

❑

အရာရှိများအနေဖြင့် နယ်ထောင်များသို့လည်း ပြောင်းကြရသည်။ အလုပ်စခန်းအသီးသီးသို့လည်း ပြောင်းရွှေ့ကြရသည်။ ကျွန်တော်နှင့် ဖနီး ဖြစ်သူ ထောင်မှူးဒေါ်ခင်မြကြွယ်တို့ကတော့ အကျဉ်းဦးစီးဌာန ရုံးချုပ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ကြရသည်။

ကျွန်တော်က စီမံကိန်းဌာန အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ဒွေးနှင့် နာမည်တူ အဆင့်တူ CMA မှ ပြောင်းရွှေ့တာဝန် ထမ်းဆောင်လာသူ ထောင်ပိုင်ကြီး ဦးစိန်ဒွေး (စီမံကိန်း)၏ လက်အောက်တွင် ယူနီဖောင်းဝတ် စာရေးကြီးအဖြစ် တာဝန်ထမ်းဆောင်ရခြင်းဖြစ်ပါသည်။ စီမံကိန်းဌာန ညွှန် ကြားရေးမှူးလုပ်သူကတော့ ဗိုလ်မှူးကြီးစံလင်းဖြစ်ပါသည်။

ဆရာဦးစိန်ဒွေးက အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ဒွေးလို ကြည်တည် ခန့်ခန့် နေသူမဟုတ်။ ဝန်ထမ်းများနှင့် ခင်ခင်မင်မင် ရောနှောဆက်ဆံ

www.burmeseclassic.com

www.burmeseclassic.com



တတ်သည်။ ကျွန်တော်တို့နှင့်ပင် မကြာခဏ အရက် အတူတွဲသောက်တတ်သူလည်း ဖြစ်သည်။ သို့သော် သူက အလုပ်ဝတ္တရားနှင့်ပတ်သက်ပြီး အလွန်တိကျသူဖြစ်သလို၊ ရစ်တတ်သူလည်း ဖြစ်သည်။

ထို့ကြောင့် ကျွန်တော်တို့ လက်အောက်ခံဝန်ထမ်းနှင့် အရာရှိများက သူ့ကို ဗန္ဓုလဦးစိန်ရွှေဟု နာမည်ပြောင်ပေးထားကြသည်။ စစ်သူကြီးမဟာဗန္ဓုလ၏ ငယ်နာမည်မှာ မောင်ရစ်ဖြစ်သောကြောင့် စီမံကိန်းဦးစိန်ရွှေကိုလည်း အင်းစိန်ထောင်ပိုင်ကြီး ဦးစိန်ရွှေနှင့် ကွဲပြားစေရန်အတွက် ခွဲခြားပြီး နာမည်ပြောင်ပေးထားခြင်း ဖြစ်ပါသည်။

ထိုကိစ္စကို သူသိသော်လည်း မသိချင်ဟန် ဆောင်နေသည်။ နောက်ပိုင်း သူတို့ လူကြီးများအချင်းချင်းလည်း သူ့ကို မောင်ရစ်ဟု ကျွန်တော်တို့ နောက်ပြောင်ပေးထားသည့် နာမည်ပြောင်အတိုင်း စနောက်ခေါ်ကြကြောင်း သိရှိရပါတော့သည်။

ကျွန်တော့်အမျိုးသမီး ဒေါ်ခင်မြကြွယ်ကတော့ အကျဉ်းဦးစီး 'ရေး' ဌာနတွင် တာဝန်ထမ်းဆောင်ရပါသည်။ အကျဉ်းဦးစီးဌာန ဝန်ထမ်းများ၏ အရေးအရာကိစ္စများကို ကိုင်တွယ်ဖြေရှင်းရခြင်း ဖြစ်ပါသည်။

မည်သို့ပင်ဆိုစေ မနက် (၉) နာရီခွဲတွင် ရုံးတက်ရပြီး ညနေ (၄) နာရီခွဲတွင် ရုံးဆင်းရသည်။ အစိုးရ ရုံးပိတ်ရက်များ၌လည်း ကောင်းစွာ အနားယူနိုင်ပြီး ကိစ္စရှိလျှင် သွားလိုရာသို့လည်း သွားနိုင်သည်။

အင်းစိန်ဗဟိုအကျဉ်းထောင်တွင် တာဝန်ထမ်းဆောင်စဉ်ကတော့ မနက် (၅) နာရီခွဲတွင် တန်းစီ၊ အလံတော်အလေးပြုပြီး ထောင်ဖွင့်ရသည်။ ညနေပိုင်း၌လည်း ထောင်ပိတ်၊ လူပေါင်းစာရင်းလုပ်ပြီး ဘုတ်များ ထိုးပြီး အဝင်အထွက် လူပေါင်းကိုက်ညီမှသာလျှင် ထောင်ပိတ်ပြီးစီးကြောင်း အရာရှိများ လက်မှတ်ထိုးပြီးမှ ထောင်ထဲက ထွက်ရသည်။ ထိုအချိန်မှာ ည (၇)နာရီခန့်ဖြစ်သည်။ တစ်ခါတစ်ရံ လူပေါင်းမကိုက်ညီပါက ည (၁၀)နာရီကျော် (၁၁)နာရီခန့် တစ်ခါတစ်ရံ လူပေါင်းမကိုက်သောကြောင့် ထောင်ပိတ်အဖွဲ့ဝင်များ တစ်ဆောင်ပြီးတစ်ဆောင် အဖွဲ့ပြောင်း၍ စစ်ဆေးရပါသည်။



လူပေါင်းပိုနေလျှင်တော့ ပြဿနာမရှိသော်လည်း လူလိုနေလျှင်တော့ ပြဿနာအကြီးအကျယ်ဖြစ်သည်။ ပုန်းအောင်းနေပြီလား။ အုတ်ရိုးကျော်၍ ထွက်ပြေးလွတ်မြောက်သွားပြီလား စသဖြင့် အသည်းအသန်ရှာဖွေရတော့သည်။ နောက်ဆုံး အကျဉ်းထောင် စိုက်ပျိုးရေး တောင်ယာများအတွင်းနှင့် အလုပ်ကြီးဘက် အလုပ်ရုံများပါမကျန် ချောင်ကြိုချောင်ကြားအနှံ့ ရှာဖွေကြရပါသည်။

အကျဉ်းထောင် ဝန်ထမ်းဆိုသည်မှာ လက်နက်ကိုင်ယူနီဖောင်းဝတ် တစ်ဖွဲ့ဝင်ဖြစ်သောကြောင့် (၂၄)နာရီ တာဝန်ရှိပါသည်။ ယခု ကျွန်တော်တို့ ရုံးချုပ်တွင် ယူနီဖောင်းဝတ်ပြီး လူအများ အုပ်ချုပ်ရေးတာဝန်ကို ထမ်းဆောင်ရခြင်းမဟုတ်ဘဲ စာရွက်စာတမ်းများနှင့် စာရေးတာဝန်ကိုသာ ထမ်းဆောင်ကြရသောကြောင့် အလုပ်တာဝန်မှာ လွန်စွာပေါ့ပါးပြီး လွတ်လပ်ခြင်းအရသာကို ခံစားရပါတော့သည်။

အုပ်ချုပ်သူ ထောင်ပိုင်ကြီးဦးစိန်ရွှေ (စီမံကိန်း)ကလည်း လက်အောက်ငယ်သားများနှင့် ရောရောနှောနှောနေပြီး ပွင့်လင်းပါသည်။ ညွှန်ကြားရေးမှူးလုပ်သူ ဗိုလ်မှူးကြီးစံလင်းကလည်း သဘောကောင်းပါသည်။ သူက မကြာခဏတော့ ခရီးထွက်ပြီး စခန်းများကို လှည့်ပတ်စစ်ဆေးတတ်သည်။ ထိုအချိန်မျိုးတွင် သူ၏ ကိုယ်ရေးအရာရှိ PA ထောင်မှူးညီညီကိုသာမက ကျွန်တော့်ကိုပါ ခေါ်တတ်သည်။

ထို့ကြောင့် ညွှန်ကြားရေးမှူးနှင့် ကျွန်တော်တို့အဖွဲ့ မြစ်ဝကျွန်းပေါ်နှင့် သထုံ၊ မော်လမြိုင်ဘက်ရှိ စခန်းများသို့ အရောက်များသည်။ စီမံကိန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအထာမှာ အလွန်ထူးဆန်းသည်။ သူက ဗိုလ်မှူးကြီးချင်း ရာထူးတူဖြစ်သောကြောင့် ဒုချုပ်နှင့် ညွှန်ချုပ်ကိုလည်း မကြောက်ပါ။ သူလုပ်ချင်ရာ လုပ်တတ်သည်။

အကျဉ်းဦးစီးဌာန ညွှန်ချုပ်ရုံးဝင်းအတွင်းရှိ သစ်ပင်ကြီးများတွင် ရုက္ခစိုးနတ်စင်များ ဆောက်လုပ်လှူဒါန်းပြီး ဘုံမိမာန်ပေးလှူသည်ဟု သူက ဆိုတတ်သည်။ ကျွန်တော်တို့ကိုလည်း သစ်ပင်ကြီးများတွင် ရုက္ခစိုးနတ်စင်များ ဆောက်လုပ်လှူဒါန်းပြီး မေတ္တာပို့ကြရန် ပြောလေ့ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း သူနှင့်ကျွန်တော်တို့ နယ်လှည့်ခရီးထွက်ကြလျှင် သူက ဒရိုင်ဘာအနီးရှိ ကားခေါင်းထဲတွင်ထိုင်ပြီး ရွှတ်ဖတ်သရဇ္ဈာယ်နေသည့်အပြင် ရွာအဝင်၊ မြို့အဝင်တိုင်းတွင် ကားဒရိုင်ဘာအား ဟွန်းသုံးချက်တီးစေပြီး သူက မေတ္တာပို့သည်။ အစပိုင်းတွင် ကားဆရာနှင့် ကျွန်တော်တို့ သဘောမပေါက်ကြပါ။ နောက်ပိုင်းတွင်မှ ထိုညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစံလင်းက ရွာအဝင်၊ မြို့အဝင် ဆိုင်ရာပိုင်ရာ အစောင့်များအား ကားဟွန်းတီး၍ မေတ္တာပို့ပြီး ခွင့်တောင်းခြင်းဖြစ်ကြောင်း သိရှိရပါတော့သည်။

ထို့ကြောင့် ကျွန်တော်တို့က ထိုပုဂ္ဂိုလ်ကြီးကို နောက်ကွယ်တွင် မှော်ဆရာကြီးဟု နာမည်ပြောင်ပေးရပါသည်။ တကယ်တမ်းတော့ ထိုနာမည်ပြောင်များမှာ ကျွန်တော် အစပြု၍ မှည့်ခေါ်သော အမည်များဖြစ်ကြသည်။ သို့သော် ထိုလူကြီးများ၏ အလေ့အကျင့်များနှင့် လိုက်ဖက်သောကြောင့် နာမည်ပြောင်များမှာ လူသိများပြီး စွဲမြဲတွင်ပါသည်။

ရုံးချုပ်စီမံကိန်းဌာနတွင် ကျွန်တော် တာဝန်ထမ်းဆောင်ခြင်းဖြင့် စိတ်ရှုပ်ထွေးနေရသော အမှုကိစ္စများမှ လွတ်ကင်းပြီး ချမ်းချမ်းသာသာနှင့် သာယာကြည်နူးစွာ ပထမနှစ် ... ဆိုင်ကယ်ဂျစ် ... ဝိဇ္ဇာသားများကဲ့သို့ ...

ကျွန်တော့်တွင်လည်း ... ကျွန်တော် အလွန်ချစ်မြတ်နိုးသော (kawasaki) ဆိုင်ကယ်ကြီးကို ဖနီးသည်အလိုကျ မိသားစုစီးနိုင်ရန်အတွက် ဖင်မလီယာကာဟောင်းတစ်စီးဖြင့် လဲလှယ်ပြီး အသုံးပြုရင်းက ကားပွဲစားတန်းသို့ ရောက်ရှိပြီး သာမည်ထင်ပါက အလိုက်ပေး၍လည်းကောင်း၊ အပိုတ်ယူ၍လည်းကောင်း လဲလှယ်စီးနင်းရင်း ဝယ်ရောင်း ကားပွဲစားဖြစ်မှန်းမသိဖြစ်လာသည်။ စီမံကိန်း ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစံလင်း၏ (B-600) လေးဘီးကားကို ပြောင်းပေးခြင်း၊ သူလိုချင်သော ယခင်က တိုင်းမှူးများစီးကြသည့် မာစတာ (1300) ဆီဒင်ဗင်နက်ပြာရောင် ကားလေးကိုလည်း ကျွန်တော် မရ ရအောင်ရှာပြီး ဈေးသက်သာစွာဖြင့် ဝယ်ပေးနိုင်ခဲ့သည်။

ထို့ကြောင့်လည်း ညွှန်ကြားရေးမှူး၏ ဇနီးဖြစ်သူ ရှမ်းမကြီးက ကျွန်တော့်ကို အလွန်ချစ်ပါသည်။ သူတို့တွင် အကျဉ်းဦးစီးဌာနက ခန့်ထား





သော ကားဒရိုင်ဘာဝန်ထမ်းများ ရှိသော်လည်း သူတို့ဇနီးမောင်နှံ မြို့ထဲသို့ ထွက်ကြလျှင် ထိုမာစတာဆီဒင်ကားအား မောင်းရန်အတွက် ကျွန်တော့်ကိုသာ ခေါ်လေ့ရှိပါသည်။

သို့နှင့် အကျဉ်းဦးစီးဌာန ရုံးချုပ်တွင် ကျွန်တော်တို့ ပျော်ရွှင်စွာ တစ်နှစ်ခန့် တာဝန်ထမ်းဆောင်ခဲ့ရပါသည်။ ထိုအခြေအနေကို မရှုဆိတ်တော့ ကံဇာတ်ဆရာက လုပ်လိုက်ပြန်ပြီဖြစ်သည်။ ကျွန်တော့်အား အကျဉ်းဦးစီးဌာန စီမံကိန်းဌာနမှ အင်းစိန်ထောင်လက်အောက်ခံ သီးသန့် အကျဉ်းထောင်ကလေး၏ တာဝန်ခံအဖြစ် တာဝန်ပြောင်းလဲပေးခြင်းဖြစ်ပါသည်။

အရေးအခင်းပြီးစဖြစ်သောကြောင့် ထိုထောင်ကလေးတွင် နိုင်ငံရေးသမား ခေါင်းဆောင်အချို့နှင့် ကိုရီးယားလူပေါင်း ဗုံးခွဲဖျက်ဆီးသူ ကင်ပိန်ချူးတို့ ရှိသည်။ သူ့အား သီးသန့်အဆောင်တွင် တစ်ယောက်တည်းထားပြီး ဝန်ထမ်းများက ကြည့်ရှုစောင့်ရှောက်ကြရသည်။ သူနှင့်အမှုတွဲ ကိုရီးယားလူမျိုး ဗိုလ်မှူး ဇင်ဘိုကတော့ ဖမ်းဆီးစဉ် ကိုယ်တိုင်ဗုံးဖောက်ခွဲ၍ ခုခံသောကြောင့် ခြေပြတ်၊ လက်ပြတ်နှင့် ကြိုးဒဏ်စီရင်ခဲ့ပြီးဖြစ်သည်။ ဗိုလ်ကြီးဖြစ်သူ ကင်ပိန်ချူးကတော့ သဘောကောင်းသည်။ အစောင့်ဝန်ထမ်းများနှင့် ရင်းနှီးအောင်နေသည်။ အရှေ့တိုင်းသား ကိုရီးယားလူမျိုးဖြစ်သော်လည်း ထောင်မှကျွေးသည့် ကြက်သားကြော်၊ ဝက်သားကြော် ပေါင်မုန့်ထောပတ်သုတ်ကို ငြီးငွေ့ဟန်တူသည်။

အစောင့်ဝန်ထမ်းကလေးများ စားသောက်ရန် ယူလာကြသည့် ငါးပိရည်၊ အတို့အမြုပ်နှင့် ချဉ်ရည်ဟင်းကို သူ အလွန်သဘောကျသည်။ သူ့ဟင်းဖြင့်လည်း လဲ၍စားသည်။ နောက်ပိုင်း၌ ငပိရည်ကြိုက်သူဖြစ်သွားသည်။ သူနေသည့် အဆောင်ကလေးဝန်းကျင်ရှိ ကန်စွန်းပင်ကလေးများမှာ ပြုန်းတီးသွားတော့သည်။

ကင်ပိန်ချူးက မြန်မာလိုမတတ်သော်လည်း မြန်မာဝန်ထမ်းများနှင့် နေ့စဉ် ဆက်ဆံပြီး အနေနီးသောကြောင့် မြန်မာစကားကို အနည်းငယ် နားလည်သည်။ သူက အင်္ဂလိပ်စကားကိုလည်း နားလည်ပါသည်။ ကျွန်တော်နှင့် ပထမပိုင်းတွေ့လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဂွတ်မောနင်း ... ဆရာ"

ဟု နှုတ်ဆက်တတ်သည်။

ထို့ကြောင့် ကျွန်တော်က ကိုရီးယားလို ကျွန်တော့်အား သင်ပေးရန် ပြောတော့ သူက မှတ်မှတ်ရရ သူက စကားတစ်ခွန်းသင်ပေးသည်။ ထို စကားမှာ ...

"အာနွှန်း ဟပ်စမန်းခယူ ဟွန်းဆင့်နိ"

(Good Morning . How are you) ဟူသော အဓိပ္ပာယ်ရသည်ဟု ဆိုပါသည်။

ကျွန်တော်လည်း ထိုနှုတ်ဆက်စကားလေးကိုသာ ကင်ပိန်ချုပ်ထံ မှ ရရှိခဲ့ခြင်းဖြစ်ပါသည်။ သီးသန့်ထောင်တွင် ထိုစဉ်အခါက မနက်ပိုင်း (၆)လနောက် ပြစ်ဒဏ်ကျခံရပြီး အပြင်ဘုတ်အကျဉ်းသားများအား ထုတ်ပေး ပြီးနောက် ထောင်အပွင်း၌ ကျန်ရစ်ခဲ့သူများမှာ နိုင်ငံရေးသမားနှင့် တင်ပိန်ချုပ်တို့သာ ရှိသောကြောင့် (၁၀)ဂဏန်းသာ ကျန်ရှိပါသည်။

ထို့ကြောင့်လည်း လွန်စွာ တိတ်ဆိတ်ငြိမ်သက်နေသည်။ ကျွန်တော် တို့လည်း နေ့လယ်စာ စားပြီးသည်နှင့် အေးချမ်းသော ရုံးခန်းအတွင်း ပတ် လက်ကုလားထိုင်ဖြင့် နားနားနေနေ မှေးစက်နိုင်ပါသေးသည်။ ရုံးချုပ်တွင် တာဝန်ထမ်းဆောင်ရသည်ထက် ပို၍ ဖိမ်ကျသလိုပင် သီးသန့်ထောင်ဝင်း အတွင်း၌ ယခင်က အကျဉ်းသားများ စိုက်ပျိုးထားခဲ့သော ဒန့်သလွန်ပင်နှင့် စပါးလင်ပင်များက ပေါများလှသောကြောင့် ဝန်ထမ်းများစားသုံးရုံတွင်သာမက အခြားအရာရှိများသို့လည်း ပေးဝေနိုင်ပါသည်။

ထိုသို့ ဖိမ်ကျနေသော ကျွန်တော့်အား ကံဇာတ်ဆရာက လှည့်စား ပြန်ပါသည်။ ကျွန်တော့်အထင်တော့ ကံဇာတ်ဆရာဆိုသည်မှာ ဒုချုပ် ကြီး ဦးအုန်းဟန်ပင် ဖြစ်ပုံရပါသည်။ သူက ကျွန်တော်တို့ အင်းစိန်ထောင် ရှိ အရာရှိဟောင်းများကို မျက်စိစပါးမွေး စူးနေသည်။ မျက်စိထောင့် ထောက်၍ ကြည့်နေသူတစ်ဦးလည်းဖြစ်သည်။ ကျွန်တော်တို့ကလည်း မည် သည့်အရာရှိကြီးများ အိမ်သို့မျှ မသွား၊ ခစားခြင်းလည်း မပြု၊ အောက်ကျို့





ခံခြင်းလည်းမရှိ၊ လက်ဆောင်ပေး၍ ရင်းနှီးအောင်လုပ်ခြင်းလည်း မရှိ ပါ။

ထို့ကြောင့်လည်း ဟိုလှည့်၊ ဒီလှည့်နှင့် စမ်းသပ်ခံနေရခြင်းလည်း ဖြစ်ပါမည်။ ကျွန်တော်တို့ အကျဉ်းထောင် သန္ဓေဝန်ထမ်းများအနေဖြင့် တော့ အပြောင်းအရွှေ့ တာဝန်ထမ်းဆောင်နေရခြင်းမှာ ရိုး၍နေပါသည်။ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည့် နေရာများကလည်း များလှပြီဖြစ်ပါ သည်။ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးမှာ ကျွန်တော်၏ စတင်အလုပ်ဝင် ရာ မိခင်ထောင်ကြီးဖြစ်ခဲ့သော်လည်း စခန်းအသစ်များ ပေါ်လာပြီး ရန်ကုန် မန္တလေး အမြန်လမ်းစီမံကိန်းကို လွှန်စွာပင်ပန်းပြီး တောကြီးမျက်မည်း အတွင်း၌ နှစ်နဲ့ချီပြီး ဖွဲ့ဆော်ဦးတာဝန်ထမ်းဆော်ခဲ့ရသော ကျွန်တော့်မှာ ငှက်ဖျားရောဂါကြောင့် မသေကောင်းမပျောက်ကောင်း ရန်ကုန်သို့ ပြန်လာ နိုင်ခြင်းဖြစ်ပါသည်။

ထိုစခန်းများတွင် ရိုးမငှက်များက ဆိုးသလို၊ ဝမ်းရောဂါကလည်း ဖြစ်ပွားကြသည်။ ဝန်ထမ်းနှင့် ရဲဘက်များ သေဆုံးကြသည်မှာ မနည်းပါ။ အရာရှိလုပ်သူများကိုယ်တိုင်လည်း ဆင်ဆင်ခြင်ခြင် ကျန်းမာရေးကို ဂရုစိုက် ပြီး နေထိုင်ကြသော်လည်း ငှက်ဖျားရောဂါကြောင့် ဝေဒနာ အပြင်းအထန် ခံစားရပြီး ဆေးရုံတက်ရသူများမှာ အများအပြားပင်ဖြစ်ပါသည်။

ရန်ကုန်–မန္တလေး အမြန်လမ်းစခန်းမှ ကျွန်တော် (၁၉၈၁)ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ရောက်ရှိပြီး အိမ်ထောင်ကျသည်။ သို့သော် ဝန်ထမ်းပီပီ (၁၉၈၄) ခုနှစ်၌ ကော့သောင်းဆီအုန်းစိုက်ပျိုးရေး စခန်းများသို့ ထွက်ရပြန်သည်။ တနင်္သာရီရိုးမအခြေ တောတွင်းစခန်း ဖြစ်ပါသည်။ ထို့တွင် နှစ်နှစ်ကျော်ကာလ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကျွန်တော် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြောင်းရွှေ့ပြီး ပြန်လည်ဝင် ရောက်ရပြန်သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com



□

ပဲခူးရိုးမ ငှက်ဖျားဒဏ်ကို ရန်ကုန်–မန္တလေး အမြန်လမ်းစီမံကိန်း၌ အပြင်းအထန် ခံစားခဲ့ရဖူးသောကြောင့်လား မသိပါ။ ကျွန်တော် တနင်္သာရီရိုးအခြေ ဆီအုန်းစိုက်ပျိုးရေးစခန်းများ၌ တာဝန်ထမ်းဆောင်ရတော့ ငှက်ဖျားရောဂါ ထပ်မံဖြစ်ပွားခြင်း မဖြစ်တော့ပါ။ တနင်္သာရီ ဒေသမှာလည်း ထွေးသွားပေါ်တွင် အဆိုးဝါးဆုံး (G & F Type) ငှက်ဖျားအမျိုးအစားရှိသည်။ ဝန်ထမ်းနှင့် ရဲဘက်အတော်များများ ငှက်ဖျားရောဂါကြောင့် သေကျေပျက်စီးကြသည်။

သို့သော် ကျွန်တော် ထိုဒေသတွင် ငှက်ဖျားရောဂါ ခံစားခဲ့ရခြင်း မရှိပါ။ ပဲခူးရိုးမတောင်ခြေတွင် နေထိုင်စဉ်က အတွေ့အကြုံများကြောင့်လည်းကောင်း၊ ကျန်းမာရေး လိုက်စားပြီး ကာကွယ်ဆေးကို အပတ်စဉ် မှီမှန်သောက်ခြင်းကြောင့်လည်းကောင်း ဖြစ်ပါလိမ့်မည်။

ထိုဆီအုန်းစခန်းများတွင် နေထိုင်စဉ် ရောက်စအချိန်ကလည်း တောထဲတောင်ထဲ အနေအထိုင်အစားအသောက် လွန်စွာဆိုးဝါးသောကြောင့်လည်းကောင်း၊ မိသားစုနှင့် ခွဲခွာနေရသောကြောင့်လည်းကောင်း



အလုပ်မှထွက်ချင်စိတ် မကြာခဏ ဖြစ်ပေါ်လာမိသည်။ သို့သော်လည်း ကြိတ်မှိတ်၍ သည်းခံပြီး နေလာတော့လည်း ပတ်ဝန်းကျင် သဘာဝနှင့် သဟဇာတဖြစ်ပြီး နေ၍ထိုင်၍ ရလာသည်။

ကျွန်တော် ဝါသနာပါသော သစ်ခွပန်းရှာခြင်း၊ ဆေးပင်ဝါးပင် ရှာဖွေစုဆောင်းခြင်း၊ သေနတ်ထမ်း၍ အမဲလိုက်ခြင်းတို့ကြောင့်လည်း လှုပ်ရှားမှုများသောကြောင့် ကျန်းမာရေးကောင်းမွန်ပြီး ငှက်ဖျားရောဂါ မဝင်ခြင်းလည်း ဖြစ်နိုင်ပါသည်။ (၁၉၈၆) ခုနှစ်တွင် အင်းစိန်ဗဟိုအကျဉ်းထောင်သို့ ပြန်လည်ရောက်ရှိပြီး တာဝန်များ ထမ်းဆောင်ရသည်။ တာဝန်များသော်လည်း မိသားစုနှင့် အတူတကွ နေထိုင်ရသောကြောင့် ပင်ပန်းသည်ဟုပင် မထင်မိပါ။ ဟော . . . အခုတော့ အင်းစိန်ထောင်ကြီး မီးလောင်ပြာကျပြီးနောက် ကျွန်တော်တို့အဖွဲ့တွေ ဖရိုဖရဲ ပြိုကွဲပြီး ပြောင်းရွှေ့ကြရတော့ ကျွန်တော့်မှာ အများတကာထက် ဆိုးပါလိမ့်မည်။ ရှေးလူကြီးသူမများ၏ စကားပုံအတိုင်းဆိုရလျှင် "သုံးကျောင်းပြောင်းသော ဘုန်းကြီး၊ သုံးလင်ပြောင်းသော မိန်းမ လောကကြီးတွင် မတင့်တယ်" ဟု ဆိုရိုးစကား ရှိပါသည်။

ဟော . . . အခုတော့ ကျွန်တော် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ရသည်မှာ သုံးနေရာပင် မကတော့ပါ။ ယခုပင် အင်းစိန်ဗဟိုအကျဉ်းထောင်မှ ရုံးချုပ်၊ ရုံးချုပ်မှ သီးသန့်ထောင်၊ သီးသန့်ထောင်မှ ယခု အင်းစိန်ထောင်ကြီး အရှေ့တွင်ရှိသည့် ကျွမ်းကျင်မှုဆိုင်ရာ သင်တန်းကျောင်းတွင်သော အကျဉ်းဦးစီးဌာန ဝန်ထမ်းများအား စာတွေ့၊ လက်တွေ့ လေ့ကျင့်ပေးရာ သင်တန်းကျောင်းသို့ ဒုတိယ ကျောင်းအုပ်အဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြန်ပါသည်။

အင်းစိန်ထောင်ဝင်းအတွင်း၌သာ ဟိုနေရာ၊ ဒီနေရာပြောင်းရွှေ့တာဝန်ထမ်းဆောင်ရခြင်းဖြစ်သောကြောင့် မိသားစုနှင့် မခွဲမခွာရဘဲ အတူနေထိုင်နိုင်ပါသေးသည်။

သင်တန်းကျောင်း၌ ကျောင်းအုပ်ကြီးလုပ်သူမှာ တပ်မတော်အကြောက်တပ်မှ ပြောင်းရွှေ့လာသော ဗိုလ်ကြီးကျော်မောင်ဆိုသူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူက တပ်မတော်တွင် ဗိုလ်ကြီးအဆင့် (သုံးပွင့်)ဖြင့် တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်သော်လည်း အကျဉ်းဦးစီးဌာနရောက်တော့လည်း သူ့ကို (သုံးပွင့်) ဒုတိယ ထောင်ပိုင်ရာထူးကိုပါ ပေးခြင်းဖြစ်သည်။ ယခင်က တပ်ကြပ်ကြီး ကျော်စိန်လိုလူမျိုးပင်။ နောက်ခံဆရာသမား အင်အားရှိသောကြောင့် အကျဉ်းထောင်ဘက်သို့ ပြောင်းရာတွင် ထောင်မှူးကြီးရာထူးကို တန်း၍ရသည်။

ယခု ဗိုလ်ကြီးကျော်မောင်ကတော့ နောက်ခံအင်အား ရှိပုံမရပါ။ အလွန်အေးဆေးသော သူလည်းဖြစ်ပါသည်။ အသက်အရွယ်ကလည်း (၅၀) ကျော်၊ (၆၀)နားနီးပြီ ဖြစ်ပါသည်။ သို့သော်လည်း သူက အကျဉ်းဦးစီး သန္ဓေဝန်ထမ်းဟောင်းဖြစ်သော ကျွန်တော့်ကို အားကိုးပါသည်။ သင်တန်းကျောင်း၌ ကျွန်တော်သည် အုပ်ချုပ်ရေး၌လည်း ပါသည်။ သင်တန်းသားများ တွေ့ဆုံမေးမြန်းရာ၌လည်း ပါသည်။ သင်တန်းခန်းမအတွင်း၌ ဌာနဆိုင်ရာ သင်တန်းဆရာများ လာရောက်ပို့ချကြသော်လည်း လိုအပ်သော ဘာသာရပ်တိုင်း၌ ကျွန်တော်ပင် Lecture ဝင်ပေးရသည်။

ကျွန်တော်၏ လက်အောက်တွင် ထောင်မှူးတစ်ဦးနှင့် အကြပ်ထပ်သား ဝန်ထမ်းများ များစွာရှိပါသည်။ သို့သော် နေရာတိုင်း၌ ကျွန်တော် ပါဝင်နေရသည်။ နောက်ဆုံး သင်တန်းသား ဝန်ထမ်းများ အပြစ်ရှိ၍ ရုံးတင်ရလျှင်ပင် ကျွန်တော်နှင့် အဆင်မပြေ၊ အမြင်မကြည်လင်သော အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းဟန်ထံသို့ ရုံးတင်ပေးသည်။

ထို့ကြောင့် ယခင်က ထိုပုဂ္ဂိုလ်နှင့် ထိပ်တိုက်မတွေ့ဆုံရန် ရှောင်ရှားနေနိုင်သော်လည်း အကျဉ်းဦးစီးဌာန သင်တန်းကျောင်းတွင် တာဝန်ကျရသောအခါ မဆုံမဖြစ် ဆုံတွေ့ရတော့သည်။ ထို့အပြင် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး အမှုများ စစ်ဆေးရာတွင် ကျွန်တော့်မှာ အကျဉ်းဦးစီးဌာန သန္ဓေလူဟောင်းတစ်ဦးအနေဖြင့် အမြဲတမ်းလိုလို ပါရှိပြီး ဗိုလ်ကြီးအပြောင်းပြောင်း ပုဂ္ဂိုလ်များနှင့်တွဲဖက်၍ အမှုကို နာကြားစစ်ဆေးရသည်။

ကျွန်တော့်မှာ အမှုများ စစ်ဆေးနေစဉ်အတွင်း၌ အခြားသူများလို လက်ရေးဖြင့် လိုက်ရေး၍ လက်နှိပ်စက်တင်သော အလေ့အထ မရှိ





ပါ။ အမှုကို စစ်ဆေးမေးမြန်းပြီး တိုက်ရိုက်ပင် လက်နှိပ်စက်သမားအား ခေါ်ပေးခြင်းဖြစ်သည်။ ထို့ကြောင့် အမှုစစ်ဆေးရာတွင် အတော်လျင်မြန် ခရီးပေါက်သည်။ သုံးသပ်ဆုံးဖြတ်ချက်များကိုတော့ ဥက္ကဋ္ဌလုပ်သူနှင့် တိုင်ပင်ညှိနှိုင်းပြီးမှ ကျွန်တော် လက်ရေးဖြင့် ရေးသည်၊ ပြင်ဆင်စရာရှိသည်များကို ပြင်ဆင်သည်။ ပြည့်စုံမှ လက်နှိပ်စက်ပေါ် တင်ခြင်းဖြစ်သည်။ အလေ့အကျင့်ကြောင့် အများအယွင်းနည်းသည်။

ကျွန်တော်နှင့် တွဲဖက်၍ တာဝန်ယူရသော စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အလွန်စိတ်ချမ်းသာကြသည်။ လူကြီးများလည်း သဘောကျကြဟန် တူပါသည်။ ထို့ကြောင့် ကျွန်တော်တို့အဖွဲ့မှာ စစ်တွေ၊ မန္တလေး၊ တောင်ကြီး၊ မြစ်ဝကျွန်းပေါ်မြို့များ အနှံ့သို့ ကွင်းဆင်းပြီး စစ်ဆေးရေး ဆင်းကြရတော့သည်။

တစ်နေ့တွင် ကျွန်တော်နှင့် ဗိုလ်ကြီးသာဦးတို့အဖွဲ့ မန္တလေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးရုံးတွင် ထောင်မှူးတစ်ဦးအား ရာထူးချထားရာမှ အပြစ်ပေးကာလ ပြည့်သော်လည်း မူလရာထူးအား ပြန်လည်ခန့်ထားခြင်း မပြုသေးသောကြောင့် ထိုထောင်မှူးက ညွှန်ကြားရေးမှူးချုပ်ရုံးသို့ တိုင်စာပို့သည်။ ထိုအမှုကို ကျွန်တော်နှင့် ဥက္ကဋ္ဌလုပ်သူ ဗိုလ်ကြီးသာဦးတို့အဖွဲ့ သွားရောက်စစ်ဆေးရသည်။

ဖြစ်စဉ်မှာ ထိုရာထူးချထောင်မှူးအား မူလရာထူး ပြန်လည်ခန့်ထားရန် အကျဉ်းဦးစီးဌာနရုံးချုပ်မှ အကြောင်းကြားစာ ပေးပို့သော်လည်း မန္တလေးတိုင်း ထောင်အုပ်စု ညွှန်ကြားရေးမှူးချုပ်ရုံးရှိ စာရေးတစ်ဦးက အမှတ်တမဲ့ သူ၏စားပွဲအံဆွဲထဲတွင် ထည့်ထားခဲ့ပြီး တခြားအရာရှိများအား အကြောင်းမကြားဘဲ သူ၏မိခင်ကြီး မုံရွာမြို့တွင် အသည်းအသန်ဖြစ်နေကြောင်း သတင်းရရှိသောကြောင့် အလျင်အမြန် ထွက်ခွာသွားခြင်းဖြစ်သည်။

ထို့ကြောင့် ထိုအကြောင်းကြားစာအား သက်ဆိုင်ရာ လူကြီးများက မသိရှိသောကြောင့် တောင်ကြီးစခန်းခွဲတွင် တာဝန်ကျနေသော ရာထူးချခံ ထောင်မှူးအား ဆက်လက်၍ အကြောင်းမကြားနိုင်ခဲ့ခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တမင်ကြံရွယ်၍ လုပ်ဆောင်ခြင်းမဟုတ်သော်လည်း မန္တလေးထောင်အုပ်စု ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ထမ်းဆောင်နေသည့် စာရေး၏ ပေါ့လျော့မှုသာဖြစ်ပါသည်။

ထိုအကြောင်းအရာများကို စစ်ဆေးတွေ့ရှိရသော ကျွန်တော်တို့ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေးအဖွဲ့က ထိုစာရေးကို ထိုက်သင့်သလို အပြစ်ပေးအရေးယူရန် ထိုဌာနမှ ထောင်မှူးကြီးလုပ်သူ ထောင်မှူးကြီးဦးမြဦးမှာ အပြစ်မရှိ၍ အရေးမယူပါရန် ဆုံးဖြတ်ချက်တွင် ထောက်ခံတင်ပြခဲ့သည်။ ထိုဆုံးဖြတ်ချက်ကို ဖတ်ရှုရသော အကျဉ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းဟန်က မကျေမနပ်ရှိနေကြောင်း ကြားသိရသည်။ သူက မန္တလေးထောင်အုပ်စု ညွှန်ကြားရေးမှူး ဗိုလ်မှူးကျော်ထွန်းကိုလည်း မနာလိုမုန်းတီးနေသူဖြစ်ပြီး အထက်တွင် ထောင်ပိုင်ကြီးဦးစိန်ဗွေး ရေးသားတင်ပြခဲ့သလို အငြိုးအတေးထားသူလည်း ဖြစ်သည်။

ထို့ကြောင့် မန္တလေးထောင်အုပ်စု ညွှန်ကြားရေးမှူးရုံးတွင် တာဝန်ခံဖြစ်သော ထောင်မှူးကြီးဦးမြဦးအား ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့က အပြစ်မရှိဟု သုံးသပ်ဆုံးဖြတ်သည်ကို မကျေနပ်သောကြောင့် ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့အား ခေါ်တွေ့သည်။ ထိုအချိန်တွင် ကျွန်တော်တို့အဖွဲ့၏ ဥက္ကဋ္ဌလုပ်သူ ဗိုလ်ကြီးသာဦးမှာ ပြင်ပသို့ သွားနေသောကြောင့် မရှိပါ။

ထို့ကြောင့် ကျွန်တော်ပင် ဒုချုပ်နှင့် သွားတွေ့ရသည်။ သူက ကျွန်တော့်အား ဆူပူကြိမ်းမောင်းပြီး ထောင်မှူးကြီးဦးမြဦးအား အပြစ်ပေးအရေးယူရန် အမိန့်ချသည်။ ကျွန်တော်မှ ဤအမှုတွင် တကယ်တမ်း အပြစ်ရှိသူမှာ ညွှန်မှူးရုံးစာရေးကြီးသာဖြစ်သောကြောင့် ထိုစာရေးကြီးကို အပြစ်ပေး အရေးယူရန် ကျွန်တော်တို့ စုံစမ်းစစ်ဆေးရေးအဖွဲ့က ထောက်ခံတင်ပြထားပါကြောင်း၊ သို့ရာတွင် ထောင်မှူးကြီးဦးမြဦးမှာ ထိုအမိန့်စာကို မတွေ့မမြင်၊ မသိရှိခဲ့ရသောကြောင့် အပြစ်မရှိ၍ အရေးယူ၍ မရပါကြောင်း၊ ပြန်လည်တင်ပြရာ ကျွန်တော့်အား ကျွန်တော်တို့ အမှုစစ်ဆေးထားသည့် ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးရေး အမှုတွဲစာအုပ်ကြီးဖြင့် လှမ်း၍ပေါက်ပါသည်။ ကျွန်တော်ကလည်း လူကြီးမဆန်သော ဒုချုပ်အား နှုတ်ဆက်အလေးပင် မပြုတော့ဘဲ သူ၏ရုံးခန်းထဲမှ ထွက်ခဲ့ပါတော့သည်။

နောက်ပိုင်းတွင် ထောင်မှူးကြီးဦးမြဦးမှာ ထိုအမှု၌ တာဝန်ရှိကြောင်း ကျွန်တော်တို့အဖွဲ့ဥက္ကဋ္ဌ ဗိုလ်ကြီးသာဦးအား ပြင်ခိုင်းပြီး (၆) လ ရာထူးတိုးစာမေးပွဲ ဖြေဆိုခွင့်မပြုရဟု အမိန့်ထုတ်လိုက်လေတော့သည်။ ထို့ကြောင့် ထို(၆)လအတွင်း၌ သုံးလေးငါးနှစ်မှတစ်ကြိမ် ဖြေဆိုခွင့်ရှိသော ရာထူးတိုးစာမေးပွဲတွင် ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ထောင်မှူးကြီး ဦးမြဦးမှာ ဖြေဆိုခွင့်မရတော့ပါ။

ထိုအဖြစ်ကြောင့်လည်း သူငယ်ချင်းဖြစ်သူ ထောင်မှူးကြီးဦးမြဦးက ကျွန်တော့်ကို သူငယ်ချင်းအချင်းချင်း မကူညီကောင်းလားဟုထင်ပြီး စိတ်ခုမိသည်။ ကျွန်တော်၏အခြေအနေမှာ 'ဆုတ်လဲစူး၊ စားလည်းရူး'ဟူသော စကားပုံအတိုင်း ဖြစ်ပါတော့သည်။ ဤသည်မှာ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ကျွန်တော် ဒုတိယအကြိမ် ထိပ်တိုက်တွေ့ဆုံပြီး ပြဿနာဖြစ်ကြရခြင်း ဖြစ်ပါသည်။

တတိယအကြိမ် ဒုချုပ်နှင့် ပြဿနာဖြစ်ရခြင်းကတော့ သင်တန်းကျောင်း မနက်အစောပိုင်း သင်တန်းသားများ PT ပြေးရာတွင် ကျွန်တော် လိုက်ပါခြင်း မရှိ၍လည်းကောင်း၊ သင်တန်းသားများအား PT မပြေးခင် မနက်စာမကျွေးဘဲ ဝမ်းဗိုက်ဟောင်းလောင်းဖြင့် ပြေးခိုင်းသည်ဟူသော စွပ်စွဲချက်များဖြင့် ပြဿနာရှာမြန်ပါသည်။

အမှန်တကယ်တော့ မနက်အစောပိုင်း သင်တန်းသားများ ကျန်းမာရေး လေ့ကျင့်ခန်းများ PT ပြေးရာတွင် အစားအသောက်စားထား၍ မရပါ။ ထို့ပြင် သူ့တာဝန်နှင့်သူ ကာယကြံ့ခိုင်၍ လေ့ကျင့်ပေးသော PT ဆရာလည်း သီးသန့်ရှိသောကြောင့် ကျွန်တော် ဒုတိယကျောင်းအုပ်လုပ်သူမှာ မနက်စောစော သင်တန်းသားများနှင့်အတူ လိုက်လံပြီး PT ပြေးရန်မလိုပါ။ သင်တန်းကျောင်း၌ စတင်ဖွင့်စဉ်ကတည်းက ဤကဲ့သို့ပင် အလေ့အထ ရှိခဲ့ပါသည်။

www.burmeseclassic.com



မည်သည့်သင်တန်းကျောင်း အရာရှိများမှ မနက်စောစော ထ၍ PT ခေါ် သင်တန်းသားများ ကျန်းမာရေးလေ့ကျင့်ရာတွင် လိုက်လံလုပ်ဆောင်ခြင်း မရှိခဲ့ပါ။ သို့သော်လည်း ကျွန်တော့်အား အသားလွတ် အချိုးအစားတွေး ထားပြီး မဲနေသော ဒုချုပ်ကြီး ဦးအုန်းဟန်က တတိယအကြိမ် ထိုးနှက်ခြင်း ဖြစ်ပါသည်။

နောက်ဆုံး စတုတ္ထအကြိမ်ကတော့ ဒီဇင်ဘာလအတွင်း၌ဖြစ်သည်။ ထိုအချိန်အခါက အင်းစိန်ဗဟိုအကျဉ်းထောင်အတွင်း၌ အကျဉ်းသား၊ အချုပ်သားများလည်း တဖွဲဖွဲ ပြန်လည်ရောက်ရှိနေကြပြီဖြစ်သည်။ မြို့နယ်ရဲစခန်းအချုပ်၊ အချုပ်ခန်းများတွင် နေရာမဆံ့သောကြောင့် နောက်ဆုံးတွင် လုံခြုံရေးအရ အကျဉ်းထောင်သို့ပင် ပို့ကြရာ အရေးအခင်းကာလအပြီး အကျဉ်းထောင်များ ပြန်လည်ဖွင့်သည်နှင့် အချုပ်သား၊ အကျဉ်းသားအင်အားမှာ ဦးရေ (၁၀၀၀၀)ခန့် ချက်ချင်း ပြည့်သွားသည်။

✿ ✿ ✿

❑

အကျဉ်းထောင်အတွင်း၌လည်း ယခင်က အင်္ဂလိပ်ခေတ်အခေါက် လုပ်ခဲ့သော ကျယ်ဝန်းလှသည့် နှစ်ထပ်အိပ်ဆောင်ကြီးများ မဟုတ်တော့ဘဲ အရေးပေါ် ဆောက်လုပ်ခဲ့သော တစ်ထပ်အဆောင်များသာ ဖြစ်ကြသောကြောင့် အကျဉ်းသား၊ အချုပ်သားများ အဆောင်အသီးသီး၌ ပြည့်ကျပ်၍ နေပါသည်။

ထို့ကြောင့်လည်း တစ်လျှင် နှစ်ကြိမ်သုံးကြိမ်ခန့် ထောင်လုံးကျွတ် လေ့ကျင့်ခန်း လုပ်ရသည်။ ထောင်လုံးကျွတ်လေ့ကျင့်ခန်းဆိုသည်မှာ အကျဉ်းထောင်အတွင်း၌ ရုတ်တရက် အရေးပေါ်အကျဉ်းသား၊ အချုပ်သားများ



ထကြွပုန်ကန်ပြီး ဆူပူအဓိကရုဏ်းဖြစ်လျှင် ဝန်ထမ်းများက မည်ကဲ့သို့ စနစ်တကျ နှိမ်နင်းရမည်ကို လေ့ကျင့်ပေးခြင်း ဖြစ်ပါသည်။ ထိုသို့သော အချိန်အခါတွင် အကျဉ်းသား အချုပ်သားများအား သက်ဆိုင်ရာ အကျဉ်းသား အခန်းလူကြီးက အချုပ်သားအကျဉ်းသားများအား ထောင်လုံးကျွတ် လေ့ကျင့်ခန်းလုပ်သည်။ သံချောင်းမြွေသံကြားသည်နှင့် သက်ဆိုင်ရာ အိပ်ခန်းအသီးသီးသို့ ချက်ချင်း စုရုံးသွင်းပြီး အခန်းတံခါးကိုပိတ်၍ တန်းစီပြီး ပုံစံထိုင်ရသည်။

ဝန်ထမ်းများက တုတ်များ၊ ဒိုင်းများ၊ ကိုင်ဆောင်၍ ဟန်ရေးပြ လေ့ကျင့်ရခြင်း ဖြစ်ပါသည်။ အကျဉ်းသား၊ အချုပ်သားအားလုံးအား အိပ်ဆောင်များ အတွင်းသို့သွင်းပြီး စနစ်တကျရှိသောအခါမှ အေးစေဟူသော ခရာကို ထောင်ဘူးဝခန်းမကြီးပေါ်မှ အချက်ပေးမှုတ်ပြီး သံချောင်းကို တစ်ချက်ချင်း ရိုက်သည်။ လေ့ကျင့်ခန်းပြီးဆုံးပြီဟု အချက်ပြခြင်းဖြစ်ပါသည်။ ထိုနေ့က ကျွန်တော်တို့ သင်တန်းသားများနှင့် ထောင်ဝန်ထမ်းအရာရှိများ ထောင်လုံးကျွတ်လေ့ကျင့်ခန်းပြုလုပ်ပြီးစီး၍ ထောင်တွင်းမှ ပြန်လည်ထွက်ခွာရန် တန်းစီစစ်ဆေးနေစဉ် ဒုချုပ်နှင့် ညွှန်ကြားရေးမှူး၊ ထောင်ပိုင်ကြီးတို့အဖွဲ့က မိန်းဂျေးရုံးခန်းအတွင်း၌ ထိုင်၍ ကြည့်ရှုနေကြသည်။

ကျွန်တော်နှင့် သင်တန်းသားများအဖွဲ့ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာရန်လုပ်တော့ ဒုချုပ်ဦးအုန်းဟန် မိန်းဂျေးရုံးခန်းအတွင်း ကြည့်ရှုနေရာမှ ထွက်လာပြီး ကျွန်တော့်အား ...၊

"မင်းက ဘာကောင်လဲ"

ဟု မေးသည်။ ကျွန်တော်ကလည်း လေးလေးစားစားပင် ...

"သင်တန်းကျောင်းက ထောင်မှူးကြီးပါ"

ဟု ဖြေသည်။ သူမသိ၍ မေးခြင်းမဟုတ်မှန်း သိသည်။ ကျွန်တော် သိ၍နေပါသည်။ ဘာပြဿနာရှာချင်လို့မှန်းလည်း မသိပါ။

"ဒီလို အရေးကြီးတဲ့ တာဝန်ချိန်မှာ မင်းက ဘာလို့ ဂျာကင်အပြာကြီး ဝတ်ထားရတာလဲ"

ကျွန်တော်က ဂျာကင်အပြာကြီးကို ချွတ်၍ ...

www.burmeseclassic.com



"ကျွန်တော် ယူနီဖောင်းအပြည့်အစုံ ဝတ်ထားပါတယ်။ ဒီမှာကြည့် ပါ။ အကျဉ်းထောင်ဥပဒေအရ ထောင်လှန့်လုပ်တဲ့အချိန်မှာ ယူနီဖောင်း တစ်ဝက်၊ တစ်ပျက်ဝတ်ပြီး အရေးပေါ်တာဝန်ထမ်းဆောင်နိုင်တယ်လို့ လည်း ပါရှိပါတယ်။ အခု ကျွန်တော်က ယူနီဖောင်း အပြည့်အစုံဝတ်ပြီး ရာသီဥတုအေးလို့ ရဲဂျာကင်အပြာကို ဝတ်ဆင်လာရခြင်းသာဖြစ်ပါတယ်"

"အေး . . . ဒါပေမဲ့ မင်းကို ဒီတစ်ခါတော့ အပြစ်ပေးအရေးယူ မှ ဖြစ်တော့မယ်။ မင်းကို အခုဖွင့်တဲ့ မြန်မာပြည်မြောက်ပိုင်း ကချင်ပြည် နယ်က ဆွမ်ပရာဘွမ်စခန်းကို ပို့ပစ်မယ်"

"ဟုတ်ကဲ့ . . . ရပါတယ်။ ကျွန်တော်က ဝန်ထမ်းပဲ။ စေလိုရာစေ ပေါ့။ မလုပ်နိုင်ရင်လည်း အလုပ်တာဝန်က ထွက်လိုက်ရုံပေါ့"

"မင်းက စိန်ခေါ်တာလား။ မင်း မထွက်ရဲပါဘူး"

"ဟုတ်ကဲ့ . . . စောင့်ကြည့်နေပါ။ ကျွန်တော်က အကျဉ်းထောင် သနေ့ဝန်ထမ်း ခေါက်ရိုးကျိုးနေပြီဖြစ်လို့ ဥပဒေနဲ့ စည်းကမ်းကို လေးစား လိုက်နာပါတယ်။ ပို့လိုရာကို ပို့ပါ။ အဲဒီကို အရောက်သွားမယ်။ စခန်းကို ရောက်ပြီးမှ ဝန်ထမ်းလက်စွဲဥပဒေအတိုင်း ထွက်ခွင့်တင်ပါ့မယ်"

ကျွန်တော် သူ့ကို လေးလေးစားစား အလေးပင် မပြုတော့ဘဲ ကျွန်တော်၏ သင်တန်းသားများအား တန်းစီပြီး ဦးဆောင်၍ ထောင်အပြင် သို့ ထွက်ခဲ့ပါတော့သည်။ မိန်းဂျေးတွင်ထိုင်နေကြသော ထောင်ပိုင်ကြီးနှင့် ဒုန်ကြားရေးမှူးများကတော့ စိတ်ကောင်းဟန် မတူကြပါ။

ထိုနေ့က သင်တန်းကျောင်းပြန်ရောက်တော့ ကျွန်တော်ကျောင်း အုပ်ကြီး ဗိုလ်ကြီးကျော်မောင်အား ပြန်လည်ပြောပြမိသည်။ ဗိုလ်ကြီးလည်း စိတ်ကောင်းဟန် မတူပါ။

"ကျွန်တော် မကြာခင် ဆွမ်ပရာဘွမ်စခန်းကို ပြောင်းရတော့မယ် ထင်တယ်။ ဗိုလ်ကြီး စခန်းသစ်ဖွင့်တာနဲ့ ထိပ်ဆုံးက ကျွန်တော်ဆိုသလို ဖြစ်ဖြစ်နေတာတော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမဲ့လည်း သဗ္ဗေသတ္တာ ကမ္မသကာ ဆိုသလိုပေါ့။ ဝန်ထမ်းပဲ ထွက်လိုက်ဦးမယ် ဗိုလ်ကြီးရေ . . . ဒီ





တစ်ခါကိစ္စကတော့ ကျွန်တော် အကျဉ်းဦးစီးဌာနကို အလွန်စိတ်ကုန်သွားပြီ။ ဒီလို အငြိုးအတေးထားပြီး လူကြီးမဆန်ချင်တဲ့ ပုဂ္ဂိုလ်မျိုးတွေ အုပ်ချုပ် တဲ့ လက်အောက်မှာလည်း မနေချင်တော့ပါဘူး။

ဆွမ်ပရာဘွမ်စခန်းမှာ သုံးလေးလနေပြီး တာဝန်ကျေအောင် လုပ် မယ်။ ပြီးရင် အလုပ်ကထွက်ပါ့မယ် . . . ဗိုလ်ကြီး"

"ကိုသိန်းဝင်းရယ် . . . စိတ်လျှော့ပါ။ ဒုချုပ်ကလည်း အခြားလူကြီး တွေရှေ့မှာ ခင်ဗျားကို ဟန့်လုပ်ပြီး ကြိမ်းမောင်းတာ ဖြစ်ပါလိမ့်မယ်။ တကယ် လုပ်မယ် မထင်ဘူး။ ခင်ဗျားမှာ ဥပဒေချိုးဖောက်တဲ့ အပြစ်ကြီးကြီးကျယ်ကျယ် ရှိတာမှ မဟုတ်ဘဲ။ ခေတ္တအောင့်အည်းပြီး သည်းခံစမ်းပါဗျာ"

"ဗိုလ်ကြီး . . . အဲဒီလူကြီးနှင့် ကျွန်တော်က ရှေးဘဝက ဘယ်လို ရေစက်မှန်းမသိ။ မျက်နှာမြင်တာနဲ့ အမြင်မကြည်လင်တော့ဘူး။ အထက် အုပ်ချုပ်သူ အရာရှိနဲ့ အောက်က အုပ်ချုပ်ခံဝန်ထမ်းဆိုတာ တစ်ဦးနဲ့ တစ်ဦး ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ နေကြရမှာမဟုတ်လား။ ကျွန်တော့် မှာ အပြစ်ရှိရင်တော့ ကြိုက်သလို အရေးယူ အပြစ်ပေးနိုင်ပါတယ်။ ကျွန် တော်ပေါ်ယာကျားပဲ အပြစ်ရှိရင် ရင်စီးပြီးခံပါ့မယ်။ အခုတော့ဗျာ . . . မကြာ ခဏ ပြဿနာကို မီးထွန်းပြီးရှာနေတော့ အဲ့လိုလူမျိုးတွေရဲ့ လက်အောက် မှာ အလုပ်မလုပ်ချင်တော့ပါဘူး"

"ကိုသိန်းဝင်းရယ် . . . ဆွမ်ပရာဘွမ်စခန်းဆိုတာ မြန်မာပြည် မြောက်ပိုင်း မြစ်ကြီးနားမြို့နဲ့တောင် မိုင်(၁၀၀)လောက်ဝေးမှန်း စစ်ဆင်ရေး တုန်းက ကျွန်တော်လည်း ရောက်ခဲ့ဖူးပါတယ်။ တောတွင်းလမ်းပန်းအဆက် အသွယ်ကလည်း အလွန်ခက်ခဲတော့ စားရေး၊ သောက်ရေး၊ နေရေး၊ ထိုင် ရေး၊ ကျန်းမာရေးလည်း အလွန်ဆိုးတယ်ဗျ။ တကယ်လို့ ပြောင်းရွှေ့ရရင်လည်း ဆေးဝါးအစုံအလင် ယူသွားဗျ။ အဲဒီစခန်းကလည်း ရန်ကုန်နဲ့ဝေးတော့ ခင်ဗျား ဒုချုပ်နဲ့တွေ့ပြီး ပြဿနာဖြစ်စရာ အကြောင်းမရှိတော့ဘူးပေါ့"

"ဝေးလေ ကောင်းလေဆိုတာ မှန်ပေမဲ့ ကျွန်တော် ဒီတစ်ခါ မကျေနပ်ဘူးဆရာ။ သူ့ကိုလည်း ပို့တဲ့နေရာ သွားမယ်။ အဲဒီရောက်ရင်

www.burmeseclassic.com



တာဝန်ကျေအောင် တာဝန်ထမ်းဆောင်ပြီးမှ ထွက်မယ်လို့ ပြောခဲ့ပြီးပြီ။ ဒါကြောင့် ဗိုလ်ကြီး ကျွန်တော့်ကို မတားပါနဲ့တော့။ ယောက်ျားစကား တည်အောင်လုပ်ရမယ်''

ထိုနေ့က သောကြာနေ့ဖြစ်သည်။ နောက်အပတ် တနင်္လာနေ့တွင် အကျဉ်းဦးစီးဌာနချုပ် 'ရေး'ဌာနတွင် တာဝန်ကျနေသော ကျွန်တော်၏ ဇနီးဖြစ်သူ ထောင်မှူးဒေါ်ခင်မြကြွယ်က ကျွန်တော့်အား အကျဉ်းဦးစီးဌာန လေ့ကျင့်ရေးသင်တန်းကျောင်းမှ မြစ်ကြီးနားမြို့နယ် ဆွမ်ပရာဘွမ်စခန်းသို့ ပြောင်းရွှေ့ရန် ဒုချုပ်ရုံးမှ အမိန့်စာ ထွက်လာပြီဖြစ်ကြောင်း ပြောပါသည်။

မျှော်လင့်ပြီးသား ကိစ္စဖြစ်သောကြောင့် ကျွန်တော် မပူတော့ပါ။ ကျွန်တော်၏ လုပ်လေ့လုပ်ထအကျင့်အတိုင်း အမိန့်စာ လက်ထဲသို့ မရောက် သေးသော်လည်း ကျွန်တော်၏ အလုပ်တာဝန်များကို လွှဲပြောင်းပေးရန် ကြိုတင်၍ ပြင်ဆင်ရတော့သည်။ ညနေပိုင်းတွင် ကျွန်တော်၏ ဇနီးသည် ပေးပို့လိုက်သော အမိန့်စာကို ကျွန်တော် ရရှိပါသည်။ ညပိုင်း မိသားစုများ မြင်ဆုံကြတော့ စိတ်မကောင်းဖြစ်ကြသည်။ သို့သော်လည်း 'မင်းမှုထမ်း ကမ်းနားသစ်ပင်' ဟူသော စကားပုံလို 'သူ့ဆန်စား ရဲရဲ'မည် ဖြစ်သော ကျွန်တော် စေလိုရာစေ၊ တာဝန်ကျရာသို့ ပြောင်းရွှေ့ရတော့မည် ဖြစ်ပါ သည်။

✿ ✿ ✿

❑

၁၉၉၁ ခုနှစ်၊ နှစ်စ ဇန်နဝါရီလ ပထမပတ်အတွင်း၌ပင် ကျွန်တော် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့ရတော့သည်။ ပြောင်းရွှေ့တာဝန်ထမ်းဆောင် ရသည်မှာလည်း အခြားသူများနှင့် မတူပါ။ အင်းစိန်ဘူတာတွင် ထိုးထား သော စင်းလုံးငှားရထားကြီးနှင့်အတူ ရဲဘက် (၄၀၀)နှင့် ပြောင်းရွှေ့ ဝန်ထမ်း (၂၅)ဦးခန့်ကို ခေါ်ဆောင်ပြီး ခရီးထွက်ရခြင်းဖြစ်ပါသည်။

ခရီးစဉ်မှာ အဆင်တော့ပြေသည်။ ထိုစင်းလုံးငှား ရထားကြီးသည် အင်းစိန်ဘူတာမှ စတင်ထွက်ခွာလာပြီး မန္တလေး မြို့ဟောင်းဘူတာတွင် ရပ်နား၍ ရိက္ခာများတင်ရသည်။ နေ့လယ်စာကိုတော့ အင်းစိန်ထောင်က စီစဉ်ပေးပြီး ထမင်းထုပ်များ ပေးလိုက်သောကြောင့် ရထားပေါ်၌ပင် စားရ ပြီး ညနေစာကိုတော့ တောင်ငူ ဘူတာရောက်မှ တောင်ငူထောင်ပိုင် ဦးသန်းမိုး တို့က ထမင်းထုပ်များ လာရောက်ပေးပြီး ကျွန်တော်နှင့် တွေ့ဆုံပြီး ကျွန် တော့်အား စိတ်လိုက်မာန်ပါ အလုပ်က မထွက်ရန် တားကြပါသည်။

ရထားကြီးမှာ တစ်ညလုံးခုတ်မောင်းပြီး နောက်တစ်ရက်မနက်ခင်း၌ မန္တလေး မြို့ဟောင်းဘူတာသို့ ဆိုက်ရောက်ပါသည်။ ထိုတွင် မန္တလေးထောင်

www.burmeseclassic.com

www.burmeseclassic.com



မှ ထမင်းထုပ်နှင့် ရိက္ခာပစ္စည်းများ လာရောက်ပို့သော သူငယ်ချင်းဖြစ်သူ ထောင်မှူးကြီးဦးမြဦးနှင့် ပြန်ဆုံကြသည်။ ထိုအခါမှ ကျွန်တော်က ဒုချုပ်နှင့် ဖြစ်ခဲ့ရသည့် အဖြစ်အပျက်များကို ဇာတ်စုံခင်းပြီး ရှင်းလင်းပြရတော့သည်။

ထောင်မှူးကြီး ဦးမြဦးလည်း သူငယ်ချင်း အချင်းချင်းဖြစ်၍ ကျွန်တော်ရှင်းပြသည်ကို သဘောပေါက်လက်ခံသည်။ သူ ကျွန်တော့်အပေါ် အထင်မှားခြင်းအတွက်လည်း တောင်းပန်ပါသည်။ မည်သို့ဆိုစေ အထင်မြင်မှားနေသော တစ်ဦးနှင့်တစ်ဦး အမြင်ကြည်လင်သွားပြီဖြစ်သောကြောင့် ကျွန်တော် ဝမ်းသာရပါသည်။

ထိုနေ့က မန္တလေးထောင်မှ ပေးပို့သော ရဲဘက်များနှင့် ရိက္ခာပစ္စည်းများကို ရထားပေါ်သို့ တင်ရသည်။ ကျွန်တော် အင်းစိန်ထောင်မှ ခေါ်ဆောင်လာသည်မှာ ရဲဘက် (၄၀၀)ယောက်ဖြစ်သည်။ မန္တလေးထောင်က ထပ်မံတင်ပေးသော ရဲဘက်အယောက်(၂၀)က နာမည်ကြီး ဘုန်းကြီးများကို ဖမ်းဆီး၍ ရဲဘက်ဝတ်စုံအဖြူရောင်ဖြင့် ရထားပေါ်သို့ တင်ပေးခြင်းဖြစ်သည်။ ထိုဘုန်းကြီးလူထွက်များက သင်္ကန်းအချွတ်ခံရသော်လည်း ဘုန်းတော်ကြီးများ ကျင့်ဝတ်အတိုင်း မွန်းတည့်ပြီးနောက် နေ့လွဲညစာ မစားပါ။ သမာဓိဖြင့်လည်း တည်ကြည်စွာ နေထိုင်ကြသည်။

ထို့ကြောင့် နောက်တစ်နေ့မနက်တွင် ရထားရပ်တန့်သော ဘူတာ၌ ကျွန်တော်က ဘူတာရုံဆိုင်များမှ စားစရာများဝယ်ပြီး အရုဏ်ဆွမ်းကပ်ရသည်။ မိုးကောင်းဘူတာသို့ရောက်မှ သူတို့အား မိုးကောင်းရဲဘက်စခန်းတာဝန်ခံ ထောင်မှူးကြီးဦးကျော်ထင်သို့ လွှဲပြောင်းအပ်နှံပေးရပြီး ရထားကြီး ဆက်လက်ထွက်ခွာလာခဲ့သည်။

မြစ်ကြီးနားမြို့ဝင်ခါနီး မြို့တောင်ဘူတာအနီးသို့ အရောက်တွင် အစုန်ရထား မိုင်းထိထားသောကြောင့် ရထားတွဲများ သံလမ်းပေါ်၌ ဖရိုဖရဲ ပြန့်ကျဲနေသောကြောင့် ကျွန်တော်တို့ ထိုဘူတာအနီးတွင် အဆန်ရထားကြီးကိုရပ်တန့်ပြီး ညအိပ်ကြရသည်။ ထိုနေရာရောက်မှ မချိုးရတာ ကြာပြီဖြစ်သော ရေကို ချိုးရသည်။ အစားအသောက်ကတော့ ရထားအနီးသို့ လာ





ရောက်ရောင်းချသော ဈေးသည်များထဲမှ ရှမ်းခေါက်ဆွဲ စသည်တို့ကို ဝယ်၍ စားကြရသည်။ နီးစပ်ရာ ရဲဘက်စခန်းမရှိသောကြောင့် ရထားအတွင်း လိုက်ပါစီးနင်းလာကြသည့် ဝန်ထမ်းနှင့် ရဲဘက်များလည်း သူတို့တွင် ပါလာကြသည့် ငွေကြေးများဖြင့် အစားအသောက်များ ဝယ်၍စားကြသည်။

မြန်မာပြည်မြောက်ပိုင်း မြစ်ကြီးနားမြို့အနီးသို့ ရောက်ရှိနေပြီဖြစ်သောကြောင့် ညအခါတွင် အလွန်ချမ်း၍ နေပါသည်။ နောက်တစ်နေ့မနက် (၁၀)နာရီခန့်မှ မိုင်းထိထားသော ရထားတွဲများအား ရှင်းလင်းပြီးသောကြောင့် ကျွန်တော်တို့ အဆန်ရထားကြီး ဆက်လက်ထွက်ခွာခွင့်ရပါသည်။

ကချင်ပြည်နယ် မြစ်ကြီးနားမြို့မှ KIA အဖွဲ့မှ ကျွန်တော်တို့အဖွဲ့အား စတင်ပြီး ဆီးကြိုနှုတ်ဆက်လိုက်ဟန် တူပါသည်။ ဝင်ပန်းကတော့ မလှပါ။ အစုန်ရထား မိုင်းထိထားသောကြောင့် မြစ်ကြီးနားမြို့သို့ ကျွန်တော်တို့ ရထားကြီး မိုးချုပ်စမှ ရောက်ရှိကြသည်။ မြစ်ကြီးနားထောင်နှင့် စခန်းများက အရာရှိနှင့် ဝန်ထမ်းများ ဟီးနိုးကားကြီးများဖြင့် အသင့် စောင့်ကြိုနေကြပါသည်။

ပထမဦးစွာ ပြောင်းရွှေ့ရဲဘက်များနှင့် ဝန်ထမ်းများကို ကားကြီးများပေါ်သို့ တစ်သုတ်ပြီးတစ်သုတ် တင်ဆောင်ပြီး မြစ်ကြီးနားမြို့အစွန်ရှိ ပိုးစာခြံရဲဘက်စခန်းသို့ ပြောင်းရွှေ့ရပြီး ရဲဘက်များ ကုန်စင်ပါမှ ကျွန်တော်နှင့် ပြောင်းရွှေ့လာသည့် အရာရှိများအဖွဲ့ ပိုးစာခြံရဲဘက်စခန်းသို့ လိုက်ကြရသည်။ စခန်းနှင့် ထောင်ကားကြီးများကတော့ မန္တလေးထောင်မှ ပေးပို့လိုက်သည့် ရိက္ခာပစ္စည်းများကို တစ်ညလုံး အခေါက်ပေါင်းများစွာ သယ်ယူနေရပါတော့သည်။

ပိုးစာခြံ ရဲဘက်စခန်းမှာ မြစ်ကြီးနားမြို့၏ အစွန်ပိုင်းရွှေစက်တော ရွာကြီးအနီး၌ တည်ရှိသည်။ အတော်ကျယ်ဝန်းပါသည်။ ယခင်က စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံကြီးကို အကျဉ်းဦးစီးဌာနက သိမ်းထားခဲ့ခြင်းဖြစ်သည်။ လျှပ်စစ်မီးလည်းရသည်။ အလယ်ပိုင်းတွင် စခန်းအုပ်ချုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ရုံးတာဝန်ခံနေထိုင်သော တိုက်အိမ်ကလေးရှိသည်။ ကျွန်တော်တို့လည်း ထိုတိုက်အိမ်ကလေးတွင် စုပေါင်းနေထိုင်ကြရခြင်းဖြစ်သည်။ ရဲဘက်စခန်းများကတော့ နောက်ကျောဘက်တွင်ရှိသည်။ သံဆူးကြိုးကာ ယာယီစခန်းသာဖြစ်ပါသည်။

စခန်း၏ အရှေ့ဘက်၌ သီးနှံများ စိုက်ပျိုးရန် နေရာလွတ်အတော်များများ ရှိသည်။ တောင်ပေါ်မြေဖြစ်၍ မြေနီအမျိုးအစားဖြစ်ပါသည်။

ပိုးစာခြံစခန်း တာဝန်ခံမှာ ဒုတိယထောင်ပိုင် ဦးငွေစံဖြစ်သည်။ ကျွန်တော်နှင့် အပတ်စဉ်တူတူဖြစ်သော်လည်း သူက ကျွန်တော့်ထက် ရာထူးတစ်ဆင့်ကြီးသူဖြစ်သည်။ သူငယ်ချင်းများဖြစ်ကြ၍ သူက ကျွန်တော့်ကို လှိုက်လှဲစွာ ကြိုဆိုပြီး နေရာချထားပေးပါသည်။ ထိုရုံးခန်း တိုက်အိမ်ကလေးအတွင်း၌ ကျောက်မိုင်းကော်ပိုရေးရှင်းမှ ပြောင်းရွှေ့လာသော ဒုတိယထောင်ပိုင်ဦးကျင်မောင်သန်းနှင့် ကျွန်တော်တို့၏ အပတ်စဉ်တူ၊ သူငယ်ချင်းဖြစ်သူ ချင်းထောင်မှူး ဦးဆွန်ဇာဝုန်းနှင့်အတူ ရှိနေကြပါသည်။

စခန်းတာဝန်ခံ ဦးငွေစံ၏ အရာရှိဗိုမှ ချက်ပြုတ်ပေး၍ ကျွန်တော်တို့အားလုံး စုပေါင်း၍ စားကြရခြင်းဖြစ်ပါသည်။ မြစ်ကြီးနားမြို့မှာ အသီးအနှံ အလွန်ပေါသည်။ ထို့ကြောင့်လည်း စားသောက်နေထိုင်၍ အဆင်ပြေကြသည်ကို သိရှိရပါသည်။

နောက်တစ်နေ့မနက်တွင် စခန်းတာဝန်ခံ ဦးငွေစံက စခန်းအတွင်း လှည့်လည်ပြသရင်း ကျွန်တော့်အား ဆူးကြိုးဝင်းနှင့် စိုက်ပျိုးရန်ပြင်ဆင်ထားသော တောင်ယာမြောင်းပေါင်များဘက်သို့ လိုက်လံပြသရင်း . . .

"သူငယ်ချင်းရေ . . . ကိုယ်တို့ စခန်းမှာက စက်ရေတွင်းမရှိဘူး။ ရိုးရိုးရေတွင်းပဲ နှစ်တွင်းရှိတယ်။ အဲဒီရေတွင်း ရေထဲကရေကို ငင်ပြီး သုံးကြရတာ။ ဗိုကြီးမှာ ချက်ပြုတ်ဖို့နဲ့ ရဲဘက်တွေ ရေချိုးဖို့ လုံလောက်ရုံရှိပေမဲ့ တောင်ယာစိုက်ပျိုးထားတဲ့ သီးနှံပင်တွေကိုတော့ ရေလုံလောက်အောင် မလောင်းနိုင်ဘူး။ အဲဒီအတွက် ကိုယ်လည်း အဆုံခံအကြိမ်းမောင်းခံနေရတယ်"





"ဘယ်သူက ဆူတာလဲ။ ကွပ်ကဲမှုရုံးကလား"

"မဟုတ်ဘူး . . . သူငယ်ချင်းရေ၊ ကိုယ်တို့ အကျဉ်းဦးစီးဌာန အရာရှိချင်းက သဘောပေါက်နားလည်ကြတယ်။ အခုဟာက ရေဘူးပေါက်တာကို မလိုချင်ဘဲ ရေပါတာကိုပဲ လိုချင်တဲ့ အထက်က အုပ်ချုပ်သူ ပုဂ္ဂိုလ်ကြီးတွေပဲ"

"ဘယ်လိုလဲဗျ . . . ကျွန်တော်တို့ အကျဉ်းဦးစီးဌာနက စစ်တပ်က အုပ်ချုပ်တာမဟုတ်ဘဲ သူ့အုပ်ချုပ်ရေးနဲ့ သူရှိတာပဲ။ အဲဒီပုဂ္ဂိုလ်ကြီးဆိုတာ ဘယ်သူလဲဗျ"

"တိုင်းမှူး ဦးကျော်ဘဇော် . . . ဗိုလ်ချုပ်ပေါ့။ ကိုယ်တို့စခန်းကို မကြာခဏ လာစစ်ဆေးတယ်။ ရာသီပင်တွေ စိုက်ခိုင်းတယ်။ ကိုယ်တို့မှာ စိုက်ဖို့ပျိုးဖို့ ရဲဘက်လုပ်အားတွေရှိပေမဲ့ ပျိုးပင်လောင်းတဲ့ရေက ရှားတော့ ပျိုးစေ့တွေက အပင်မပေါက်နိုင်ဘူး။ ပေါက်လာရင်လည်း မသန်စွမ်းလို့ မဖြစ်ထွန်းကြဘူး။

ဒီ မြစ်ကြီးနားမြို့က အသီးအရွက် အလွန်ပေါတာ။ ဝယ်ပြီးကျွေးလို့ အဆင်ပြေပါတယ်။ ဒါပေမဲ့ ကိုယ့်လုပ်အားနဲ့ကိုယ် အသီးအရွက်တွေကို ထုတ်လုပ်ရမယ်လို့ အဲဒီပုဂ္ဂိုလ်ကြီးက အမိန့်ရှိထားတယ်ဗျ။ ဒီစခန်းက အခြေအနေတွေကို သူ မသိဘူး။ ကျွန်တော်လည်း အဲဒီကိစ္စတွေကြောင့် စိတ်အလွန်ညစ်ရတယ်ဗျာ"

ဩော် . . . အထက်လူကြီးနဲ့ဝေးလေ ကောင်းလေလို့ ကျွန်တော် ထင်မြင်မိသော်လည်း မထူးခြားသော အုပ်ချုပ်ရေးပိုင်းက ပုဂ္ဂိုလ်ကြီးများကတော့ မြို့ပေါ်မှာနေနေ၊ တောဘက်မှာနေနေ၊ ရေဘူးပေါက်တာမလိုချင်ကြသူများဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော်တို့ မြို့ပြဝန်ထမ်းများမှာ အကျပ်အတည်း အခက်အခဲ တွေ့ကြရပါသည်။

"ကိုငွေစံရယ် . . . လျှပ်စစ်မီးရှိနေတာပဲ။ ရေစုပ်စက်ကလေးတွေ ဝယ်ပြီး သုံးလို့မရဘူးလား။ မြစ်ကြီးနားမြို့ပေါ်မှာ တရုတ်ပစ္စည်းတွေ ပေါပါတယ်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူငယ်ချင်းရေ ... အဲဒါတော့ ကိုယ်လည်း သိတာပေါ့။ ဒါပေမဲ့ လျှပ်စစ်မီးက မှန်တာမဟုတ်ဘူး။ နေ့ပိုင်း မလာတာများတယ်။ နောက်ပြီး ရေစုပ်စက်နဲ့ စုပ်လောက်အောင်လည်း ရေတွင်းထဲကရေက ရှိတာမဟုတ်ဘူး။ ရေပုံး၊ စက်သီးကြိုးနဲ့ ရေခပ်တာတောင် ရေတွင်းထဲမှာ ရေက ပြတ်ပြတ်သွားလို့ စောင့်ပြီးခပ်ရတယ်။ အဲဒါကြောင့် ရေစုပ်စက်ဝယ်သုံးရင်လည်း အသုံးမတည့်နိုင်ဘူး ... သူငယ်ချင်းရဲ့"

✿ ✿ ✿

❑

ထို ပိုးစာခြံစခန်း၌ စခန်းတာဝန်ခံ ဦးငွေစံက တာဝန်ပေးထားခြင်း မရှိပါ။ ကျွန်တော်တို့က ရှေ့တန်းစခန်းများသို့ ဆက်လက်ထွက်ခွာကြရမည့် အရာရှိများဖြစ်သောကြောင့် တာဝန်ပေးထားခြင်း မပြုခြင်းဖြစ်သည်။ အနားယူရင်း မိမိထွက်ရမည့်အလှည့်ကို စောင့်နေကြရခြင်းဖြစ်ပါသည်။

တစ်ပတ်ခန့်ကြာတော့ ကျွန်တော် ပျင်းလာသည်။ KIA နယ်မြေဖြစ်သောကြောင့် ညနေ နေစောင်းသည်နှင့် အပြင်မထွက်ရဲကြတော့။ လမ်းပေါ်၌လည်း အသွားအလာ ပြတ်တောက်ကုန်သည်။ မြစ်ကြီးနားမြို့လယ်ခေါင်တစ်ဝိုက်၌သာ လုံခြုံရေးကကောင်းပြီး ညပိုင်းမှာ စည်ကားခြင်းဖြစ်သည်။ ကျွန်တော်တို့ စခန်းအရာရှိနှင့် ဝန်ထမ်းများကတော့ ကတ္တရာလမ်းကြီးတစ်ဖက် ရွှေစက်ရှာလောက်သာ နေ့လယ်နေ့ခင်း သွားရောက်ကြပြီး လက်ဖက်ရည်နှင့် ခေါင်ရေသောက်ကြသည်။ မိမ်ဆွဲ၍ သောက်မနေရဲပါ။ ညနေစောင်းသည်နှင့် စခန်းသို့ အမြန်ပြန်လာပြီး လုံခြုံရာနေရာ၌သာ နေထိုင်ကြရသည်။





KIA အဖွဲ့ကလည်း မထင်ရင်မထင်သလို ညနေစောင်းသည်နှင့် ပစ်ခတ်တတ်သောကြောင့်ဖြစ်သည်။ စခန်းအရှေ့ ဝင်းဖေါက်အနီးတွင် လျှပ်စစ်မီး ဖြန့်ဖြူးသော ထရမ်စဖော်မာကြီးရှိသည်။ သို့သော် KIA အဖွဲ့က ပစ်ခတ်ဖျက်ဆီးထားသောကြောင့် သုံး၍မရတော့ပါ။

ထို့ကြောင့်လည်း စခန်းအတွင်း လျှပ်စစ်မီးကို နေ့၊ ည ပုံမှန်ရခြင်းဖြစ်ပါသည်။ ကျွန်တော် ပိုးစာခြံစခန်းတွင် နေထိုင်နေစဉ်အတွင်း မြစ်ကြီးနားမြို့ထဲသို့လည်းကောင်း၊ မြစ်ကြီးနားထောင်သို့လည်းကောင်း၊ ဧရာဝတီမြစ်ဆိပ်သို့လည်းကောင်း သွားရောက်လည်ပတ် ကြည့်ရှုတတ်သည်။ မြစ်ကြီးနားထောင်၊ တာဝန်ခံထောင်ပိုင်က ဦးသောင်းလွင်ဖြစ်သည်။ ကျွန်တော်နှင့် အင်းစိန်ထောင်၌ အတူလက်တွဲ၍ လုပ်ကိုင်ခဲ့ကြပြီး အရေးအခင်းကာလပြီးနောက် ပြောင်းရွှေ့ခံရသော အရာရှိများစာရင်းတွင် သူလည်း ပါပါသည်။

ထို့ကြောင့်လည်း ကျွန်တော်တို့ ဆုံတွေ့ကြလျှင် ထိုအကြောင်းတို့ ရင်နာနာနှင့် ဖွင့်ပြောဆိုတတ်ကြသည်။ ဦးသောင်းလွင်က မြစ်ကြီးနားမြို့ပေါ်တွင် တာဝန်ကျသောကြောင့် ပြဿနာမရှိသော်လည်း ကျွန်တော်ကတော့ မြစ်ကြီးနားမြို့နှင့် မိုင်(၁၀၀)ခန့်အကွာ တောတွင်းစခန်း၌ တာဝန်ထမ်းဆောင်ရမည်ဖြစ်သောကြောင့် ငှက်ဖျားရောဂါနှင့် KIA တို့၏ရန်စွယ်မှ ကင်းလွတ်လိမ့်မည်မဟုတ်ပါ။

မြစ်ကြီးနားထောင်နှင့် တွဲဖက်ထားသော ရှေ့တန်းစခန်းများ အုပ်ချုပ်ရေးရုံးကို ထောင်ဝင်းအရှေ့ဘက်တွင် ဖွင့်လှစ်ထားသည်။ ကွပ်ကဲမှုတာဝန်ခံ ထောင်ပိုင်ဦးဟန်မြင့်တို့က အုပ်ချုပ်နေသည်။ ထောင်ပိုင်ဦးဟန်မြင့်မှာလည်း ကျွန်တော်နှင့် ကော့သောင်းမြို့နယ် ဆီအုန်းစခန်းများတွင် အတူလက်တွဲပြီး နေထိုင်ခဲ့ရသောကြောင့် ရင်းနှီးခင်မင်ပါသည်။

မြစ်ကြီးနားထောင် အုတ်ရိုးအနောက်ဘက်၌လည်း ဆံထုံး၊ ကန်ပိုက်တီး စသော ရှေ့တန်းစခန်းများကို ကွပ်ကဲအုပ်ချုပ်ရသည့် ကျွန်တော်၏ သူငယ်ချင်းဖြစ်သူ ဒုတိယထောင်ပိုင် ဦးသိန်းထွန်း၏ ရုံးလည်း ရှိသည်။ ထို့ကြောင့် ကျွန်တော် မြစ်ကြီးနားထောင်သို့ သွားရောက်လည်ပတ်

www.burmeseclassic.com



လျှင် ဟိုကခေါ်၊ ဒီကခေါ်၊ ဟိုက ထမင်းဖိတ်ကျွေး၊ ဒီက ထမင်းဖိတ်ကျွေးနှင့် အပေါင်းအသင်းဟောင်းများနှင့် ပြန်လည်ဆုံတွေ့ကြရသောကြောင့် ပျော်စရာ အလွန်ကောင်းသည်။ ခံစားနေရသော မျက်မှောက်ဘဝ အခက်အခဲများကိုပင် မေ့ပျောက်သွားလေ့ရှိပါသည်။

ကျွန်တော်၏ စခန်းထွက်ရမည့်အလှည့်မှာ ဝေးသေးကြောင်း ကျွန်တော်၏ အရှေ့တွင် တန်းစီရှိနေသည်မှာ ဒုတိယထောင်ပိုင် ဦးကျော်မောင်သန်းဖြစ်ပြီး ဆွမ်ပရာဘွမ်စခန်းကို ထွက်ရမည်ဖြစ်ကြောင်း ပိုးစာခြံစခန်းတာဝန်ခံ ဦးငွေစံက ပြော၍ သိရသည်။ အကျဉ်းဦးစီးဌာန ရုံးချုပ်က ဒုချုပ်ဦးအုန်းဟန်က ကျွန်တော့်အား ဆွမ်ပရာဘွမ်စခန်းထွက်ဟု ပြောဆိုခဲ့သော်လည်း တကယ်တမ်းမှာ မြစ်ကြီးနားမြို့ပေါ်ရှိ နောက်တန်းစခန်းတာဝန်ခံက အလှည့်နှင့် လွှတ်ပေးသောကြောင့် နေရာကို သတ်မှတ်၍မရဘဲ အလှည့်ကျရာစခန်းသို့သာ ထွက်ကြရမည်ဖြစ်သည်။

တကယ်တမ်းတွင် ကျွန်တော် တာဝန်ကျသောစခန်းမှာ ခန္တီးစခန်းဖြစ်သည်။ ထိုစခန်းသို့ထွက်ရန် နှစ်လခန့်စောင့်ရဦးမည်ဟု ဦးငွေစံက ပြောသည်။ ကျွန်တော်က အလုပ်မှနုတ်ထွက်ရန် ရည်မှန်းထားသူဖြစ်ပြီး အင်းစိန်မှာကတည်းက နုတ်ထွက်စာတင်၍ အလုပ်မှ ထွက်နိုင်သော်လည်း ထမင်ပင် တာဝန်ကျရာနေရာစခန်းများသို့ အရောက်သွားပြီးမှ နုတ်ထွက်ရန် ကျွန်တော်က စီစဉ်ထားသူဖြစ်သည်။ ဒုချုပ်ပို့သော စခန်းသို့ အရောက်မသွားမီ လမ်းတွင် နုတ်ထွက်ပါက သတ္တိမရှိရာ ကျပေလိမ့်မည်။

ကျွန်တော်က ထိုကဲ့သို့ အလုပ်တာဝန်နှင့် ပတ်သက်လာလျှင် မာနကြီးသူတစ်ဦးလည်း ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်က ပိုးစာခြံစခန်းတာဝန်ခံ ဦးငွေစံအား ကျွန်တော် စောစီးစွာ ထွက်ရမည့် ဆွမ်ပရာဘွမ်စခန်းသို့ ထွက်လိုကြောင်းပြောတော့ သူက ...

"သူငယ်ချင်းရယ် ... ဒီစခန်းမှာ တစ်လ၊ နှစ်၊ ဖိမ်နဲ့နေစရာ မင်းကို ဘာတာဝန်မှလည်း ပေးမထားပါဘူး။ နောက်ဆုံး မင်း ပိုးစာခြံစခန်းမှာ နေချင်တယ်ဆိုရင်လည်း ငါ ကွပ်ကဲမှုတာဝန်ခံ ဦးဟန်မြင့်တို့နှင့်ညှိပြီး ငါ့စခန်းမှာပဲ နေရာတစ်နေရာ ပေးပါ့မယ်"





"ကျေးဇူးတင်ပါတယ် ... ကိုငွေစံ။ ဒါပေမဲ့ ကျွန်တော်က ဒုချုပ်လွှတ်တဲ့ ဆွမ်ပရာဘွမ်စခန်းကို သွားချင်တာဗျ။ အဲဒီစခန်းရောက်မှ နုတ်ထွက်စာတင်ပြီး အလုပ်ကထွက်မှာ"

"အင်း ... သူငယ်ချင်းကတော့ ဖွတ်ပဲဟေ့။ ငါတို့တွေ ထောင်မှူးဖြစ်အောင် ဘယ်လောက်တောင် သင်တန်းအမျိုးမျိုးတက်ပြီး ရုန်းကန်ကြိုးစားခဲ့ရတာကိုလည်း မင်းအသိပါပဲ။ ထောင်မှူးကြီးရာထူးဆိုတာ လွယ်လွယ်နဲ့ ရတာမှတ်လို့ နောက်ပြီး မင်းလည်း မကြာခင် ထောင်ပိုင်ဖြစ်တော့မှာ စိတ်ကိုလျှော့ပြီး သည်းခံစမ်းပါ ... သူငယ်ချင်းရယ်။ အခုလည်း အဝေးမှာ ရောက်နေပြီး ရုံးချုပ်က ဒုချုပ်ရဲ့စက်ကွင်းကလည်း လွတ်ကင်းနေပါပြီ"

"အေးဗျာ ... ခင်ဗျားပြောတာကို ကျွန်တော် သဘောပေါက်နားလည်ပါတယ်။ ဒါပေမဲ့ ယောက်ျားမာနအနေနဲ့တော့ အထိနိုက် မခံနိုင်ဘူးဗျ။ အဲဒါကြောင့် ဒုချုပ်သွားစေချင်တဲ့ ဆွမ်ပရာဘွမ်စခန်းကို ကျွန်တော် အရောက်သွားမယ်။ အဲဒီစခန်းကို တာဝန်ကျတဲ့ ထောင်ပိုင်ဦးကျော်မောင်သန်းနဲ့ ညှိပေးစမ်းပါဗျာ"

"အဲဒါကတော့ ကိုယ်ညှိပေးစရာတောင် မလိုဘူး။ သူငယ်ချင်းဘာသာ ဦးကျော်မောင်သန်းကို ပြောရုံနဲ့ ဦးကျော်မောင်သန်းက ထ,ကပြီး သူငယ်ချင်းကိုတောင် ထိုင်ရှိခိုးနေလိမ့်ဦးမယ်"

"ဘာကြောင့်လဲ ... ကိုငွေစံရေ"

"သူနဲ့ ညှိကြည့်ရင် အဖြေသိရပါလိမ့်မယ်။ သူက စခန်းမထွက်ချင်သေးဘူးဗျ။ အလှည့်ကျလို့သာ ထွက်ရမှာ"

ကျွန်တော် ဦးကျော်မောင်သန်းနဲ့ တွေ့ဆုံပြီး ညှိကြည့်တော့ သူက ဝမ်းသာအယ်လဲဖြင့် ကျွန်တော့်ကို လက်ဆွဲနှုတ်ဆက်ပြီး ...

"ဝမ်းသာလိုက်တာ ... ဦးသိန်းဝင်းရယ်။ ကျွန်တော်က ဆွမ်ပရာဘွမ်စခန်းကို မထွက်ချင်လို့ မဟုတ်ပါဘူး။ ပြည်မက ကျွန်တော့်ဇနီး ကျောင်းဆရာမ လိုက်လာမယ်ဆိုလို့ စောင့်နေရတာပါ။ ဆွမ်ပရာဘွမ်စခန်းကို ထွက်ရမှာ ရက်ပိုင်းပဲလိုတော့တာကြောင့် ကျွန်တော်နဲ့ ဇနီးသည် လွဲသွား

www.burmeseclassic.com



မှာကို အလွန်စိုးရိမ်တယ်ဗျာ။ စခန်းက ထွက်သွားရလျှင်လည်း အတော်နဲ့ တွေ့ရတော့မှာ မဟုတ်လို့ ကျွန်တော် စိတ်ညစ်နေတာ။ ခင်ဗျားက ကျွန်တော်နဲ့ လူစားလဲပြီး ထွက်ချင်တယ်ဆိုတော့ ကျွန်တော် ဘယ်လိုပြောရမှန်းမသိအောင် ကျေးဇူးတင်မိပါတယ်''

''အေးဗျာ ... ခင်ဗျားစိတ်ကျေနပ်ရင် ပြီးတာပဲ။ စခန်းတာဝန်ခံဦးငွေစံကိုသာ သတင်းပို့လိုက်တော့ဗျာ။ ကျွန်တော် ခင်ဗျားအစား ဆွမ်ပရာဘွမ်စခန်းကို ထွက်မယ်''

သို့နှင့် ရိက္ခာစုဆောင်းခြင်း ယာဉ်တန်းစီစဉ်ခြင်း (ခလရ၃၇) မှ လုံခြုံရေးလိုက်ပါမည့် စစ်တပ်နှင့် ညှိနှိုင်းပြီးနောက် ကျွန်တော် (၁၉၉၉) ခုနှစ်၊ ဇန်နဝါရီလကုန်တွင် ရဲဘက် (၄၀၀) ကို ခေါ်ဆောင်ပြီး (၃၇) စီးပါသောယာဉ်တန်းကြီးဖြင့် ဆွမ်ပရာဘွမ်စခန်းသို့ ဦးတည်ပြီး ထွက်ခဲ့ရပါတော့သည်။ ထိုအခါ၌လည်း (ခလရ၃၇)မှ ဗိုလ်ကြီးမြင့်လွင်ဆိုသူနှင့် မကြာခဏစကားများ ရန်ဖြစ်ကြရသည်။

သူက တစ်လမ်းလုံး အရက်သေစာသောက်စားပြီး ကျွန်တော်၏ ဝန်ထမ်းများနှင့် ရဲဘက်များအား ရိုက်နှက်ဆဲဆိုသောကြောင့်လည်း ဖြစ်ပါသည်။ ထိုခရီးမှာ တောင်တက်၊ တောင်ဆင်းခရီး၊ အင်္ဂလိပ်ခေတ်က ဖောက်လုပ်ခဲ့သော ကျောက်ကြမ်းလမ်း အပျက်ကြီးဖြစ်သောကြောင့် မော်တော်ယာဉ်များအား မြန်ဆန်စွာ မမောင်းနှင်နိုင်ပါ။ (Convoy) ခေါ် ယာဉ်တန်းကြီးဖြင့် တလှုပ်လှုပ် သွားလာရသည့်အပြင် လမ်းခရီး၌ ယာဉ်တစ်စီး စက်ချို့ယွင်းပါက ယာဉ်များတန်းစီရပ်ပြီး ပြင်ဆင်ရသောကြောင့် အချိန်အလွန်ကြန့်ကြာပါသည်။ အသုံးပြုရသော ယာဉ်များမှာလည်း စစ်တပ်မှ အသုံးပြုသော Cargo စစ်ကားကြီးများဖြင့် အရပ်ဘက်သုံး dotge ကားများဖြစ်ကြပါသည်။ ကားဟောင်းများဖြစ်၍ ခရီးမတွင်သလို KIA များရန်ကြောင့်လည်း ထင်တိုင်းသွား၍မရပါ။ ရှေ့ပိုင်းတပ်စိတ်က လမ်းမိုင်းရှင်းပြီး လုံခြုံရေးယူ၍ သွားနေရသော ခရီးလမ်းဖြစ်သည်။

တကယ်တမ်းတွင် လမ်းလျှောက်သည်က ကားကြီးများဖြင့် သွားသည်ထက် မြန်ပါလိမ့်ဦးမည်။ ထို့ကြောင့်လည်း မြစ်ကြီးနားမြို့မှ (၈၄)မိုင်



သာ ဝေးကွာသော ဆွမ်ပရာဘွမ်စခန်းသို့ (၆)ညအိပ် (၇)ရက်ကြာအောင် သွားခဲ့ရသည်။ အအိပ်အစားလည်း မမှန်ပါ။ လုံခြုံရသည်ဟု ဆိုသောနေရာတွင် ကားများကို အကွယ်အကာယူပြီး ကျောက်လမ်းပေါ်၌ ဖြစ်သလို အိပ်စက်ကြရခြင်းဖြစ်ပါသည်။

ဆွမ်ပရာဘွမ်စခန်းသို့ ရောက်တော့လည်း ဒရုခချောင်းဘေးတွင် ယာယီတည်ဆောက်ထားသော တောင်ထန်းမိုး ဝါးကပ်ကာ မြေစိုက်တဲကလေးများ ဖြစ်ပါသည်။ ထိုတွင် ကျွန်တော်တို့ထက် အရင်ရောက်ရှိနေသော အရာရှိများကတော့ ဒုတိယထောင်ပိုင်ဦးကြည်ဝင်းနှင့် ထောင်မှူးအာလျှန်တို့ ဖြစ်ကြပါသည်။

ထိုစခန်းအနီးရှိ တောင်ကုန်းပေါ်တွင် တပ်စွဲထားသည်က (ခလရ ၃၇) မှ ဗိုလ်မှူးကျော်ဝင်းဖြစ်သည်။ ခရီးရောက်မဆိုက် တစ်ညအိပ်စဉ်၌ပင် ရဲဘက် (၄၀) ခန့် မလုံခြုံသော တဲကလေးများအတွင်းမှ ထွက်ပြေးကြသောကြောင့် ဗိုလ်မှူးကျော်ဝင်းနှင့် ကျွန်တော် စကားများကြရသည်။ အမှန်မှာ ကျွန်တော်က ကျွန်တော့်အရင် ရောက်ရှိနေသော ဒုတိယထောင်ပိုင်ကြီးဦးကြည်ဝင်းအား ရဲဘက်နှင့် ဝန်ထမ်းများအား လွှဲပြောင်းအပ်နှံပြီးဖြစ်သောကြောင့် ကျွန်တော့်တွင် တာဝန်မရှိပါ။ ထိုအကြောင်းကို နောက်ပိုင်းမှ သိရှိသွားသော ဗိုလ်မှူးကျော်ဝင်းက ယခင်စခန်းတာဝန်ခံအဟောင်း ဦးကြည်ဝင်းအား ရှေ့တန်းစခန်းများသို့ထွက်စေပြီး ကျွန်တော့်အား ဆွမ်ပရာဘွမ်စခန်းတာဝန်ခံအဖြစ် တာဝန်ပေးသည်။

လုံခြုံမှုမရှိသော ဆွမ်ပရာဘွမ်စခန်းကိုလည်း ဒရုခချောင်းတစ်ဖက်ကမ်း (ခလရ ၃၇) တပ်စွဲထားသော တောင်ကုန်းအခြေနေရာတွင် ရှင်းလင်းပြီး ရဲဘက်စခန်း အသစ်ကြီးဆောက်လုပ်ရန် ဟာဝန်ပေးထားတော့သည်။ သက်နက်ပစ္စည်း မပြည့်စုံသောကြောင့် ကျွန်တော်အတော်ကြိုးစားရသည်။

ပထမဦးစွာ တောရှင်းပြီး ရဲဘက်စခန်းနှင့် ညီညွတ်စေရန် ဝါးများကို ကျားမှောက်၊ ကျားလုံ၊ စည်းရိုး နှစ်ထပ်ကာရသည်။ ပြီးမှ အတွင်း၌ ရဲဘက်များနေထိုင်ရာ ရင်ကွဲဘားတိုက်ကြီး ငါးလုံးဆောက်ရသည်။ သစ်၊ ဝါး ပေါသောဒေသဖြစ်သောကြောင့် ကျွန်တော် တစ်လနှင့် ပြီးဆောက်နိုင်

www.burmeseclassic.com

www.burmeseclassic.com



ပါသည်။ ထို့အပြင် စခန်းအင်္ဂါနဲ့ ညီညွတ်စေရန်အတွက် ထမင်းချက်ဖိုကြီးနှင့် ဝန်ထမ်းအိမ်ရာ၊ အရာရှိအိမ်ရာများကိုလည်း တဲများထိုး၍ ဆောက်လုပ်ရပြန်သည်။

ထိုသို့ ကြိုးစားပမ်းစား လုပ်ဆောင်ခဲ့သောကြောင့် လုံခြုံစိတ်ချရသော ဒရချရဲဘက်စခန်းအသစ်ကြီး ပေါ်ထွက်လာခဲ့သည်။ ထိုအခါမှ (ခလရ ၃၇) တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်းက ကျွန်တော့်အား ချီးကျူးပြီး ညီအစ်ကိုအရင်းလို ဆက်ဆံသည်။ ကျွန်တော့်မှာ စခန်းသစ်ကြီး စဆောက်လုပ်ရာ၌ပင် နုတ်ထွက်စာကို ရိက္ခာပို့ယာဉ်တန်းအကြုံဖြင့် နောက်တန်း ပိုးစာခြံမှတစ်ဆင့် ရန်ကုန်အကျဉ်းဦးစီးဌာန ရုံးချုပ်သို့ ပေးပို့ထားပြီးဖြစ်သည်။

ကျွန်တော်နှင့်အတူ အသစ်ပြောင်းရွှေ့လာသူ ထောင်မှူးအောင်ကြီးတလည်း နုတ်ထွက်စာ တင်ထားပြီးဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ဦး နုတ်ထွက်စာ တင်ထားကြသော်လည်း အလုပ်တာဝန်များကို ဖိဖိစီးစီး ကျေပွန်စွာ ထမ်းဆောင်ကြပါသည်။ ထိုနှစ် ဧပြီလအတွင်း၌ ကျွန်တော်တို့၏ နုတ်ထွက်စာကျကြောင်း နောက်တန်းပိုးစာခြံစခန်းမှ ရေဒီယိုဖုန်းဖြင့် အကြောင်းကြားသောအခါမှ တပ်ရင်းမှူး ဗိုလ်မှူးကျော်ဝင်း သိရှိသွားသည်။ ကျွန်တော်တို့အားလည်း အလုပ်မှ မနုတ်ထွက်ရန် အတန်တန်တားပြီး တိုင်းမှူးဗိုလ်ချုပ်ကျော်ဘထံသို့လည်း အကြောင်းကြားမည်ဟု ဆိုပါသည်။

ကျွန်တော်တို့ကိစ္စမှာ ကိုယ်ရေးကိုယ်တာ ကိစ္စဖြစ်သောကြောင့် ဗိုလ်မှူးအား မတားဆီးရန် တောင်းပန်ရပါသည်။ မကြာပါ။ ရဲဘက်နှင့် ရိက္ခာပို့ယာဉ်တန်း ရောက်ရှိလာပြီး ကျွန်တော်၏ နုတ်ထွက်ခွင့်ပြုသော အမိန့်စာများ ပါလာပါသည်။

ထို့ကြောင့် ရှေ့တန်းစခန်းများတွင် ရွှေ့ပြောင်းတာဝန်ထမ်းဆောင်ရပြီး ကျွန်တော်တို့စခန်းသို့ ပြန်၍နားသော ဒုတိယထောင်ပိုင် ဦးကြည်ဝင်းအား လွှဲပြောင်းပေးပြီး ကျွန်တော်နှင့် ထောင်မှူးအောင်ကြီးတို့ ယာဉ်တန်းကြုံဖြင့် ဒရချစခန်းအား စွန့်ခွာပြီး ပြန်ခဲ့ကြပါတော့သည်။

အလာခရီးတုန်းက ခြောက်ညအိပ်၊ (၇) ရက်ကြာသော လမ်းခရီးမှာ အပြန်တွင် ရဲဘက်နှင့် ရိက္ခာများလည်း မပါရှိတော့သောကြောင့် လမ်းခရီး



တွင် တစ်ညအိပ် နှစ်ရက်ခရီးဖြင့် ကျွန်တော်တို့ မြစ်ကြီးနားမြို့ ပိုးစာခြံစခန်းသို့ ဘေးမသီရန်မခဘဲ ပြန်လည်ရောက်ရှိကြပါတော့သည်။

ကျွန်တော်နှင့် တပည့်ထောင်မှူးအောင်ကြီးတို့ နောက်တန်းစခန်း ပိုးစာခြံသို့ ပြန်လည်ရောက်ရှိကြသော ကာလမှာ ဧပြီလ သင်္ကြန်အခါတွင်းကြီးဖြစ်သည်။ ရန်ကုန်မှစာများလည်း ရောက်ရှိနေရာ ဇနီးဖြစ်သူမှ အမြန်ဆုံးပြန်လာရန်နှင့် ကျွန်တော်တို့၏ နုတ်ထွက်စာများအား ဒုချုပ်ဦးအုန်းဟန်က လက်မှတ်ထိုးမပေးသောကြောင့် ကျွန်တော်၏ ဇနီးဖြစ်သူက ကိုယ်တိုင်ဝင် ညွှန်ချုပ်ကြီးနှင့် သွားတွေ့ပြီး နုတ်ထွက်စာများ လက်မှတ်ရေးထိုးစေ၍ ပို့လိုက်ကြောင်းကိုလည်း သိရှိရပါသည်။

ဇနီးဖြစ်သူက အမြန်ပြန်လာရန်ဟု ဆိုသော်လည်း သင်္ကြန်တွင်းအခါများဖြစ်၍ ကျွန်တော်တို့ ရထားလက်မှတ် မရပါ။ သင်္ကြန်ပြီးမှသာ ရထားလက်မှတ်ရသည်။ မြစ်ကြီးနားမှ မန္တလေးမြို့သို့ ပြန်ဆင်းပြီး မန္တလေးထောင်တွင် ခေတ္တတည်းခို၍ ရထားလက်မှတ်ဝယ်ရသည်။ အစိုးရတာဝန်ဖြင့် မဟုတ်တော့ဘဲ ကိုယ့်စရိတ်ကိုယ် အကုန်အကျခံ၍ ပြန်ရသောခရီးဖြစ်ပါသည်။

သို့သော် ကျွန်တော်တို့ နောင်တမရပါ။ ယခုလို နုတ်ထွက်ခွင့်ရ၍ အိမ်ပြန်ရခြင်းကိုပင် သက်ဆိုင်ရာ လူကြီးများအား ကျေးဇူးတင်နေမိသည်။ မိုးတွင်းအခါ၌ လမ်းများပျက်၊ တံတားများကျိုးပြီး အသွားအလာ လုပ်၍မရသော ဆွမ်ပရာဘွမ်စခန်းကြီးမှ လွတ်မြောက်လာ၍လည်း အလွန်ဝမ်းသာရပါသည်။

စခန်းတွင်ကျန်ရစ်ခဲ့သော ဝန်ထမ်းနှင့် ရဲဘက်တပည့်များအတွက်တော့ စိတ်မကောင်းဖြစ်မိပါသည်။ မိုးတွင်းအခါတွင် ရာသီဥတုက ဆိုးဝါးပြီး ငှက်ဖျားအလွန်ကြီးသော ဒေသဖြစ်သည်။ KIA သောင်းကျန်းသူများကလည်း နေ့လား၊ ညလား ဝင်ရောက်တိုက်ခိုက်ရန်တာဆူနေသော နေရာဖြစ်ခြင်းကြောင့်လည်း ကျွန်တော်တို့ အလုပ်က နုတ်ထွက်ပြီး နောက်တန်းသို့ ဘေးမသီရန်မခဘဲ အန္တရာယ်ကင်းစွာ ပြန်လာနိုင်ခြင်းအတွက်ကိုပဲ ဝမ်းသာပျော်ရွှင်နေမိပါသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# နိဂုံးပိုင်း

❑

စာရေးသူ ကျွန်တော် ဤ၀တ္ထု၏ နိဒါန်းအစပိုင်းတွင် ဖော်ပြခဲ့သလို ထောင်ဆိုသည်မှာ လူဆိုးလူကောင်း ဆေးသမား၊ လူသတ်သမား၊ နိုင်ငံရေးသမားနှင့် သူခိုးဂျပိုးများ စသဖြင့် လူပေါင်းစုံ စုဝေးနေထိုင်ကြသော ရပ်ကွက်ကြီးတစ်ခုဟု တင်စားလိုပါသည်။ အမှန်တကယ်လည်း အင်းစိန်ရွာအလယ်ရပ်ကွက်ကြီး တစ်ခုလုံးမှာ ထောင်ပိုင်ဧရိယာဖြစ်သည်။

ထောင်တွင်း၌လည်း အင်္ဂလိပ်ခေတ်က အများဆုံး အချုပ်သား အကျဉ်းသားအင်အား (၅၀၀၀)ဆံ့သာ သတ်မှတ်ထားခဲ့သော်လည်း ယခုအခါ၌ လူပေါင်း (၁၀၀၀၀) ကျော် ထားနေရပါသည်။ ၁၉၈၈ ခုနှစ်၊ အရေးအခင်းမဖြစ်မီ အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး မီးလောင်မပျက်စီးမီကတော့ အင်္ဂလိပ်ခေတ်လက်ရာ နှစ်ထပ်အဆောက်အအုံကြီးများနှင့် နောက်ထပ်တိုးချဲ့ ဆောက်လုပ်ထားသော တိုးချဲ့အိပ်ဆောင်များ ရှိကြသောကြောင့် လူ



(၁၀၀၀၀)ကျော်သော်လည်း အင်းစိန်ထောင်ကြီးအတွင်းသို့ ရောက်သည်နှင့် စနစ်တကျ နေရာချထားပေးနိုင်ခဲ့ပါသည်။

၁၉၈၈ ခုနှစ် အရေးအခင်းများဖြစ်ပွားပြီး အင်းစိန်ဗဟိုအကျဉ်းထောင်ကြီး မီးလောင်ပျက်စီးသွားပြီးနောက် ယခင် နှစ်ထပ်အဆောက်အအုံကြီးများနေရာတွင် တစ်ထပ်အဆောက်အအုံများသာ အရေးပေါ် ဆောက်လုပ်နိုင်ခြင်းကြောင့် နေရာကျဉ်းကျပ်ပြီး အခက်အခဲများ ရှိလာပါသည်။ သို့သော် အချုပ်သား၊ အကျဉ်းသားများဟု ဆိုသည့်အတိုင်း ထောင်သို့ ရောက်လာလျှင်တော့ ထားရာနေ၊ စေရာသွား၊ ကျွေးတာကိုပင် စားရပေလိမ့်မည်။

ထောင်ဆိုသည်မှာ တည်းခိုခန်းမဟုတ်ပါ။ လခပေးစရာလည်း မလိုပါ။ ပြစ်ဒဏ်ဖြင့် ရောက်ရှိလာကြသော အချုပ်သား၊ အကျဉ်းသားများဖြစ်ကြသောကြောင့် ကျဉ်းကျဉ်းကျပ်ကျပ်တော့ နေရပေလိမ့်မည်။

လူများသောကြောင့် ပြဿနာက များသည်။ ထောင်အတွင်း၌ ဆွေမျိုးညီအစ်ကို မောင်နှမသားချင်း၊ အပေါင်းအသင်း၊ သူငယ်ချင်းများလည်း သူ့အမှုတွဲ၊ သူ့အုပ်စုနှင့်သူ ပါလာပေလိမ့်မည်။ ထို့အပြင်လည်း ပြင်ပတွင် တစ်ဦးနှင့်တစ်ဦး ရန်ငြိုးရန်စရှိသူများလည်း ပါလာကြပါလိမ့်မည်။ ကျွန်တော် အုပ်ချုပ်သူ ဝန်ထမ်းများအနေဖြင့် ထိုသို့ ရန်ငြိုးရန်စရှိသူများအကြောင်းကို ကြိုတင်သိရှိလျှင်တော့ အဆောင်ခွဲခြား၍ ထားသည်။ ဆိုးသွမ်းသူများကိုတော့ တိုက်ခန်းအတွင်းသို့ သီးခြားခွဲပြီး ထားလေ့ရှိပါသည်။

သို့သော် လူသောင်းဂဏန်းကျော်ရှိသော ထောင်အတွင်း၌ ထိုတဲ့သို့ အကျိုးအကြောင်းသိပြီး ကြိုတင်ခွဲခြားထားနိုင်ခြင်း ကိစ္စကတော့ အလွန်နည်းပါသည်။ ထို့ကြောင့်လည်း ထောင်အတွင်း တရားဥပဒေအရ အရေးယူအပြစ်ပေးပြီး ချုပ်နှောင်ထားသော်လည်း အခွင့်အရေးရသည်နှင့် တစ်ဦးနှင့်တစ်ဦး တစ်စုနှင့်တစ်စု ခိုက်ရန်ဖြစ်ပွားကြတော့သည်။ ထောင်ဝန်ထမ်းများက အချိန်မီ မတားဆီး မကာကွယ်နိုင်လျှင်တော့ ထောင်အတွင်း လူသတ်မှုများကိုပင် မိုက်မိုက်မဲမဲ ကျူးလွန်တတ်ကြပါသည်။ အချို့ အကျဉ်းသား

www.burmeseclassic.com

www.burmeseclassic.com



အချုပ်သားများမှာ ထောင်တွင်းသို့ မကြာခဏ ရောက်ရှိလာပြီး ပြင်ပ၌လည်း ခုစရိုက်လုပ်ငန်းကို လုပ်ကိုင်စားသောက်ပြီး အသက်မွေးကြသူများ ဖြစ်ကြသောကြောင့် သေမထူး နေမထူးများ ဖြစ်ကြသည်။

ထို့ကြောင့်လည်း ထောင်အတွင်း ဥပဒေအရ ပုဒ်မအသီးသီးဖြင့် တရားစွဲဆို အရေးယူခံထားရသူချင်းဖြစ်သော်လည်း ထစ်ခနဲဆိုလျှင် အမျက်ဒေါသကို မထိန်းသိမ်းနိုင်ဘဲ ဆဲဆိုရန်ဖြစ်ကြရန် ဦးမလေးသူများဖြစ်ကြပါသည်။ တစ်ဦးနှင့်တစ်ဦး စကားများပြီး ဆဲဆိုကြိမ်းမောင်းကြလျှင် ဤသည်မှာ ရန်ပွဲကလေးဖြစ်သည်။ ထိုသည်မှ တခြားလူများပါလာပြီး တစ်ဖက်နှင့်တစ်ဖက် အုပ်စုဖွဲ့၍ ရိုက်နှက်ကြလျှင်တော့ ရန်ပွဲကြီးဖြစ်သည်။ ထိုမှတစ်ဆင့် တစ်ဖက်နှင့်တစ်ဖက် လူအများ ပါဝင်လာပြီး အုပ်စုဖွဲ့၍ ရိုက်နှက်ကြလျှင်တော့ ရုန်းရင်းဆန်ခတ် အဓိကရုဏ်းဖြစ်ပေတော့သည်။

ထိုမှ အိပ်ဆောင်များအားလုံးရှိ လူအများပါဝင်လာပြီး အုပ်စုဖွဲ့အချင်းချင်း ရိုက်နှက်ကြရုံသာမက ဝန်ထမ်းများကိုပါ အန္တရာယ်ပေးပြီး ရန်ပြုလာလျှင်တော့ အရေးအခင်း ဖြစ်ပေတော့သည်။

(၁၉၈၈) ခုနှစ် အချိန်ကာလက ထောင်ပြင်ရှိ ရပ်ကွက်၊ မြို့ရွာတစ်နိုင်ငံလုံး လူထုအုံကြွမှု အရေးအခင်းများ ဖြစ်ပွားနေသော်လည်း ထောင်အတွင်း၌ အုပ်ချုပ်ရေး ကောင်းမွန်မှုကြောင့် ထကြွပုန်ကန်ခြင်း မရှိကြသေးပါ။ သို့သော် အကျဉ်းထောင်သို့ ရောက်ရှိလာကြသည့် ဌာနအသီးသီးမှ အရာရှိအသစ်များကြောင့် ထောင်တွင်းအုပ်ချုပ်ရေးကို မကြေညက်နိုင်ဘဲ စုံစမ်းထောက်လှမ်းသောကိစ္စများ၊ အုပ်ချုပ်မှုကိစ္စများ၊ ကြိုတင် သတင်းရယူဆောင်းခြင်း အလေ့အထများ လျော့နည်းခဲ့သောကြောင့် (၂၆-၈-၈၈) ရက်နေ့တွင် အင်းစိန်ဗဟိုအကျဉ်းထောင် အကျဉ်းသားဆိုးများ၏ လက်ချက်ကြောင့် မီးလောင်ပြာကျခဲ့ရခြင်း ဖြစ်ပါသည်။

ကျွန်တော့်အမြင် ပြောရလျှင်တော့ နဂိုမူလက အရာရှိများ ထောင်ကို အုပ်ချုပ်ရလျှင်တော့ အကျဉ်းသား၊ အချုပ်သားများ၏ အထာကို သိရှိလာပြီး ထစ်ခနဲဆိုသည်နှင့် ကြိုတင်သတင်းရကြပြီး ကာကွယ်တားဆီး



နိုင်ခဲ့ပါသည်။ အကျဉ်းသား အချုပ်သားများကလည်း ယခင် မူလအုပ်ချုပ်သူ၊ လူဟောင်းများကိုတော့ ငယ်ကြောက်များ ဖြစ်ကြသည်။ ယခုတော့ အုပ်ချုပ်သူ အရာရှိများအသစ်၊ ပြောရလျှင်တော့ ထောင်ဥပဒေတို့လည်း ကြေညက်စွာ နားမလည်သေးဘဲ အကြံအဖန်နှင့် ငွေရရှိရေးကိုသာ ဦးတည်ပြီး လျင်မြန်စွာ ချမ်းသာလိုချင်ကြသော အကြောင်းများကြောင့် အကျဉ်းသားများ၏ စနက်ကို သဘောပေါက် နားမလည်ကြဘဲ ခံကြရခြင်းဖြစ်ပါသည်။

အကျဉ်းသား၊ အချုပ်သားဆိုသည်မှာ အမှုအခင်းအမျိုးမျိုးဖြင့် ထောင်တွင်းသို့ ရောက်ရှိလာကြသူများ ဖြစ်ကြသည်။ အမှုမှန်သည်လည်း ရှိမည်။ မမှန်သည်လည်းရှိမည်။ သို့သော် ထောင်တွင်းသို့ ရောက်ရှိကြသည့် အချုပ်သား၊ အကျဉ်းသားတိုင်း ထောင်မှ လွတ်မြောက်ရေးကိုတော့ တရားဝင်ဝင်၊ တရားမဝင်ဝင် ကြိုးစားကြသူချည်းဖြစ်ကြပါသည်။ ထောင်သို့ အကြိမ်ကြိမ် အခါခါ ရောက်လာကြသည့် လူဆိုးလူမိုက်၊ ဆိုးသွမ်းသူများကတော့ ထောင်တွင်းသို့ ရောက်သည်နှင့် လွတ်မြောက်ရေးနည်းလမ်းတို့ တရားမဝင် ရှာဖွေကြံဆ ဖန်တီးနေသူများ ဖြစ်ကြပါသည်။

ထိုခေတ်ထိုအချိန်ကာလက အကျဉ်းဦးစီးဌာနသို့ ပခုံးပြောင်း၍ တာဝန်ထမ်းဆောင်ကြသူများမှာ အလွန်များသည်။ သူတို့၏ သက်ဆိုင်ရာ လူကြီး မိတ်များဖြင့် ပြောင်းရွှေ့လာကြခြင်းဖြစ်သည်။ အကျဉ်းဦးစီးဌာနသို့ ရောက်ရှိလျှင် သူဌေးဖြစ်နိုင်သည်ဟု ယူဆကြသည်လားတော့ မသိနိုင်ပါ။ အကျဉ်းဦးစီးဌာနသို့ သမဝါယမ ဌာနမှ အရာရှိများ၊ ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့မှ အရာရှိများ၊ စစ်ဘက်မှ အရာရှိများ၊ ပြောင်းလာကြသည်မှာ ကျွန်တော် အထက်တွင် ရေးသားခဲ့သည့်အတိုင်း အကျဉ်းဦးစီးဌာန သန္ဓေဝန်ထမ်းများ ရာထူးတက်ရန် ကိစ္စများ ပိတ်ဆို့နေခဲ့ရသည်။

ထို့အပြင် ကျောက်မိုင်းလုပ်ငန်းကော်ပိုရေးရှင်းကို ဖျက်သိမ်းပြီး ရှင်းဌာနကို ဝန်ထမ်းများအား တစ်ဆင့်တိုးရာထူးဖြင့် အကျဉ်းဦးစီးဌာနသို့ ဝင်ရောက်လာခြင်းကြောင့်လည်း ပို၍ အခြေအနေကို ဆိုးဝါးစေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာ့တပ်မတော်မှာ အစဉ်အမြဲ နှပျိုတက်ကြွပြီး သွေးသစ်လောင်းနေသော အဖွဲ့အစည်းဟု ကျွန်တော်မြင်ပါသည်။ ထို့ကြောင့်လည်း အသက်အရွယ်ကြီးရင့်လာသူ တပ်မတော်အရာရှိများအား အရပ်ဘက်ဌာန အသီးသီးသို့ ပြောင်းရွှေ့စေပြီး ဌာန၏ အုပ်ချုပ်ရေးအထက်ပိုင်းတွင် နေရာယူကြတော့သည်။ သူတို့ကလည်း တပ်တွင် ဗိုလ်လုပ်လာသူများ ဖြစ်ကြသောကြောင့် နယ်ဘက်ဆိုင်ရာအဖွဲ့အစည်း ဌာနအသီးသီးသို့ ရောက်ရှိလာကြတော့လည်း ဗိုလ်လုပ်ချင်စိတ်က မပျောက်ပါ။ ဌာနအသီးသီးတွင် သူ့ဌာနနှင့်သူ ဖွဲ့စည်းပုံ အုပ်ချုပ်ရေးဥပဒေများ ရှိကြသည်။ ထိုသည်များကို ကြေညက်အောင် လေ့လာပြီး သဘောပေါက်ပါက ဗိုလ်လုပ်ခြင်းကို ကျွန်တော် လက်ခံပါသည်။ သို့သော်လည်း တောမရောက်၊ တောင်မရောက် ယခင် ဗိုလ်လုပ်ခဲ့သော အရှိန်အဝါဖြင့် ရောက်ရှိသည့် ဌာနတိုင်းတွင် သဘာရင့်သော ယခင် သန္တေအရာရှိကြီးများ ဝန်ထမ်းများကို ဆရာမတင်ဘဲ အောက်ကျို့ခံကြခြင်းကြောင့် ဌာနဆိုင်ရာ အသီးသီးက အုပ်ချုပ်ရေး ဥပဒေအဖွဲ့အစည်းများ ပျက်စီးကြရခြင်းဖြစ်သည်။

ထို့ကြောင့်လည်း လူထုအုံကြွမှုနဲ့ အရေးအခင်းကာလများကို ကြိုတင်သိမြင်ကြခြင်း မရှိဘဲ ပရမ်းပတာ စည်းမဲ့ကမ်းမဲ့ အုပ်ချုပ်ကြခြင်းကြောင့် ဆူပူအုံကြွမှုများ ဖြစ်ပေါ်လာခြင်းဟု ကျွန်တော်တို့ သုံးသပ်ထင်မြင်မိပါသည်။

၁၉၈၈ ခုနှစ်၊ အရေးအခင်းကာလများ၌ လူစုလူဝေးဖြင့် စင်မြင့်ပေါ်တက်၍ တရားဟောကြသူများလည်း လူဆိုးလူမိုက်များ ဖြစ်ကြသော လူပေါင်းမြောက်မြားစွာ ခေါင်းဖြတ်သတ်ဖြတ်ရာတွင် ပါဝင်ဦးဆောင်ခဲ့သော သျှောင်ကြီးဖွဲလို လူတန်းစားများ ပါဝင်သလို အဆိုတော်၊ ရုပ်ရှင်မင်းသား၊ မင်းသမီး၊ စာရေးဆရာ၊ အနုပညာရှင်ပေါင်းစုံ ပါဝင်ကြသလို ဌာနဆိုင်ရာ အသီးသီးမှ ဝန်ထမ်းများလည်း ခံစားရမှုပေါက်ကွဲပြီး အသီးသီးအသင်း အသင်း ပါဝင်လာကြသည်။ ကျောင်းသားများ ပါဝင်လာတော့ သူ၏ မိဘဆွေမျိုးများလည်း ပါဝင်လာကြသည်။ ဘုန်းကြီးများ ပါဝင်လာ



တော့ သူတို့၏ ယုံကြည်ကိုးကွယ်ဆည်းကပ်ရာ ဒကာ၊ ဒကာမများလည်း ပါဝင်လာကြတော့သည်။

ထိုမှတစ်ဆင့် မကျေနပ်ချက်များ ဆိုးဝါးရက်စက်သော ခံစားရချက်များကို ပေါက်ကွဲဖော်ထုတ်ပြီး ဟောကြ၊ ပြောကြ ဆူပူကြခြင်းသာ ဖြစ်ပါသည်။

အမှန်မှာ ကြာရှည်လှသော ကျပ်တည်းလှတဲ့ စစ်အုပ်ချုပ်ရေးကြောင့်လည်း ဖြစ်ပါသည်။ ထိုစဉ် ထိုအခါက သယံဇာတ မြေပေါ်မြေအောက်၊ အဖိုးတန် ပစ္စည်းများ ပေါများကြွယ်ဝလှသည့် မြန်မာပြည်ကြီးမှာ ကမ္ဘာ့အဆင်းရဲဆုံး နိုင်ငံများစာရင်းတွင် အောက်ဆုံးမှာ ပါဝင်နေသည်။ တိုင်းရင်းသား မြန်မာလူမျိုးတိုင်းမှာ စားဝတ်နေရေး ပြည့်စုံကြွယ်ဝလျှင်မည်သည့်အစိုးရ အုပ်ချုပ်သည်ဖြစ်စေ အူမတောင့်သောကြောင့် သီလစောင့်ပြီး အုပ်ချုပ်သူ အစိုးရကို တော်လှန်ပုန်ကန်ရန်ဝေးစွ၊ စိတ်ကူးထဲ၌ပင် ရှိကြသူများ မဟုတ်ကြပါ။ အင်္ဂလိပ်ခေတ်ကလည်း စားဝတ်နေရေး အဆင်ပြေကြသောကြောင့် ခေါင်းဆောင်ပိုင်းမှလွဲ၍ ပြည်သူလူထုကြီးက ငြိမ်ဝပ်ပိပြားစွာ နေခဲ့ကြသည်။

ဂျပန်များဝင်ရောက်လာမှ နိုင်ငံခြားသားများ အုပ်စိုးသည်မှာ ဆိုးဝါးလှကြောင်း မိမိလူမျိုးက မိမိတို့ကို အုပ်ချုပ်ခြင်းသာ အကောင်းဆုံးဖြစ်ကြောင်း သိမြင်သဘောပေါက်လာကြသည်။ ယခင်က ကိုယ့်ထီးကိုယ့်နန်းဖြင့် နေထိုင်ခဲ့ကြသော ဘဝများကို အောက်မေ့လွမ်းဆွတ်လာကြသည်။

ထို့ကြောင့် တစ်တိုင်းပြည်လုံး အုံကြွပြီး (၁၉၄၅) ခုနှစ်တွင် ဖက်ဆစ်ဂျပန်ကို တွန်းလှန်ခဲ့ကြပါသည်။

ဂျပန်ဖက်ဆစ်ခေတ်ပြီးလို့ အင်္ဂလိပ်ခေတ်သို့ ပြန်ရောက်ပြန်သည်။ ထိုအချိန်မှာတော့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အင်္ဂလိပ်အစိုးရနှင့် စစ်အေးတိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲများဖြစ်ကြသည်။ အာဇာနည် ပုဂ္ဂိုလ်ကြီးများ အလုပ်ကြခံရပြီးနောက် (၁၉၄၈)ခုနှစ် ဇန်နဝါရီလတွင် အင်္ဂလိပ်အစိုးရက မြန်မာပြည်အား

www.burmeseclassic.com

www.burmeseclassic.com



လွတ်လပ်ရေးပေးပြီး မြန်မာနှင့် တိုင်းရင်းသား လူမျိုးပေါင်းစုံ ပါဝင်ကြသော ပြည်ထောင်စု အစိုးရတက်လာသည်။ ထိုအချိန်၌လည်း လွတ်လပ်ရေးတိုက်ပွဲများကို ရှုပ်ရှုပ်ချွံချွံစုပေါင်းပြီး ဝင်ရောက်တိုက်ခိုက်ခဲ့ကြသူများ အချင်းချင်း စိတ်ဝမ်းကွဲကြတော့သည်။

ဦးနု အစိုးရက ပါလီမန်အုပ်ချုပ်ရေး ဥပဒေဖြင့် တိုင်းပြည်ကို အုပ်ချုပ်သည်။ ထိုအချိန်တွင် သဘောထားကွဲလွဲကြပြီး နစ်နီ၊ နစ်ဖြူ၊ သခင်သန်းထွန်းနှင့် သခင်စိုးတို့ ဦးဆောင်သော အလံနီ ကွန်မြူနစ်ပါတီက တောခိုပြီး ပုန်ကန်ကြတော့သည်။ ကရင်သောင်းကျန်းသူများကလည်း ထကြွပုန်ကန်ကြသည်။ မွန်နှင့် ကချင်သောင်းကျန်းသူများကလည်း ထကြွပုန်ကန်လာကြတော့သည်။

ထိုအခြေအနေကို ထိန်းသိမ်းသောအားဖြင့် တပ်မတော်က (၁၉၅၈) ခုနှစ်တွင် တိုင်းပြည်အာဏာကိုသိမ်းပြီး အိမ်စောင့်အစိုးရအဖြစ် အုပ်ချုပ်သည်။ ထိုအချိန်ကာလက ဦးနုခေါင်းဆောင်သော ပါလီမန်အစိုးရ၏ အုပ်ချုပ်ရေး အာဏာသက်ရောက်မှုမှာ ရန်ကုန်မြို့တစ်ပိုက်တွင်သာ ရှိသောကြောင့် ရန်ကုန်အစိုးရဟုပင် ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။

(၁၉၆၀) ခုနှစ်ခန့်တွင် တပ်မတော်က ဦးနုအစိုးရအား တိုင်းပြည်အာဏာကို ပြန်လည်လွှဲပြောင်းခဲ့သော်လည်း တစ်တိုင်းပြည်လုံး မငြိမ်မသက်ဖြစ်သောကြောင့် တော်လှန်ရေးအစိုးရက တိုင်းပြည်ကို အာဏာပြန်သိမ်းပြီး အုပ်ချုပ်ခဲ့ရပြန်သည်။

ကျွန်တော့်မှာ (၁၉၄၈) ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး ရပြီးစဉ်က ငယ်ရွယ်သေးသောကြောင့် ထိုခေတ်ထိုအခါက အခြေအနေများကို လူကြီးသူမ များပြောစကားနှင့် နောက်ပိုင်း စာအုပ်စာပေများ ဖတ်ရှုရာမှ သိရှိခဲ့ရခြင်းဖြစ်ပါသည်။ တကယ်တမ်းတွင် ကျွန်တော်တို့ ကြီးပြင်းခဲ့ရသည်မှာ ဥက္ကဋ္ဌကြီးဦးနေဝင်းဦးဆောင်သည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ် တစ်ပါတီအာဏာရှင် စနစ်အောက်၌ ကြီးပြင်းခဲ့ရခြင်းဖြစ်ပါသည်။

ဦးနေဝင်းမှာ စစ်တပ်မှ ခေါင်းဆောင်ဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင်လည်းဖြစ်သည်။ သို့သော် သူ့ခေတ်သူ့အခါတွင် မြန်မာပြည်ကြီးအား



နည်းလမ်းပေါင်းစုံသော အုပ်ချုပ်ရေးစနစ်များကို ပြောင်းလဲပြီး စမ်းသပ်အုပ်ချုပ်ခဲ့သည်။ သူက တက္ကသိုလ်ကျောင်းသားဘဝက လာသူဖြစ်သော်လည်း ကျောင်းသားများကို အလွန်ကြောက်ပြီး အလွန်နှိမ်သည်။ ပညာရေးစနစ်များကိုလည်း မကြာခဏ ပြောင်းလဲပြင်ဆင်သည်။

ကျွန်တော် သိရှိရသလောက် ရန်ကုန်တက္ကသိုလ်ဆိုသည်မှာ အင်္ဂလိပ်ခေတ်နှင့် မြန်မာပြည်လွတ်လပ်ရေး ရကာစ ဦးနုအစိုးရလက်ထက်အထိ အရှေ့တောင်အာရှတွင် ပညာရေးကဏ္ဍ၌ ထိပ်ဆုံးကဖြစ်သည်။ အဆင့်အတန်းလည်း အလွန်ရှိသည်။ ဘွဲ့ကြိုဘွဲ့လွန်ကိစ္စများတွင် အရှေ့တောင်အာရှသို့ တိုင်းပြည်အသီးသီးက မြန်မာပြည်ရှိ ရန်ကုန်တက္ကသိုလ်သို့သာ လာရောက်ကြပြီး ပညာသင်၊ ဘွဲ့ယူကြရသည်ဟု သိရှိရဖူးပါသည်။

ရန်ကုန်တက္ကသိုလ်ကြီးမှာလည်း ဖွဲ့စည်းပုံအရ အင်္ဂလန်မှ အောက်စဖို့ဒ် တက္ကသိုလ်ကြီး ဖွဲ့စည်းပုံအတိုင်း တည်ဆောက်အုပ်ချုပ်ခြင်းဖြစ်သည်ဟု သိရှိရဖူးပါသည်။ ထို့ကြောင့်လည်း အဆင့်အတန်း အလွန်ရှိပါသည်။ ကမ္ဘာ့နိုင်ငံများသို့ ဆန်တင်ပို့ရောင်းချရာတွင်လည်း မြန်မာနိုင်ငံက ကမ္ဘာပေါ်တွင် ထိပ်ဆုံးကဖြစ်သည်။ မြန်မာ့ဆန် အရည်အသွေးကလည်း အလွန်ကောင်းသည်။ ဆန်စပါးစိုက်သူ လယ်သမားများလည်း ဝမ်းဝ၍ ခါးလှကြသည်ဟု သိရှိရပါသည်။

ဦးနေဝင်းအစိုးရမှာ တော်လှန်ရေးအစိုးရပီပီ ယခင်က အုပ်ချုပ်ရေးပုံစံများကို ဖြိုဖျက်တော်လှန်ပြီး အုပ်ချုပ်ခဲ့သည်။ လယ်သမားများအတွက် အင်္ဂလိပ်ခေတ်ကတည်းက အတိုးကြီးစား၍ ချမ်းသာကြွယ်ဝသော ချစ်တီးကုလားများကို တော်လှန်ပယ်ဖျက်သည်။ ထို့နောက် အရင်းရှင်စနစ်ကို ပယ်ဖျက်သော အနေဖြင့် မြန်မာပြည်တွင် ချမ်းသာကြွယ်ဝကြပြီး စီးပွားရေးလုပ်ငန်းများ ခေါင်းထောင်အောင်မြင်နေကြသော စီးပွားရေး လုပ်ငန်းရှင်ကြီးများ၏ လုပ်ငန်းလုပ်ကွက်များကို ပြည်သူပိုင်သိမ်းသည်။

ထိုစဉ်အခါက ပြည်သူပိုင်သိမ်းသည်မှာ အကြီးစားသာမက အလတ်စား အသေးစားလည်း ပါဝင်ခဲ့ပါသည်။ တိုင်းပြည်ကြီးအား တံခါးပိတ်ထား

www.burmeseclassic.com

www.burmeseclassic.com



ကျင့်သုံးပြီး အုပ်ချုပ်သောကြောင့်လည်း တိုင်းပြည်ကြီးမှာ ချွတ်ခြုံကျပြီး ဆင်းရဲတွင်းနက်လှသည်။ ပြည်ပနိုင်ငံများကလည်း မြန်မာပြည်၏ တစ်ပါတီစနစ် တံခါးပိတ်ပြီး အုပ်ချုပ်သော အစိုးရ၏ မူဝါဒကြောင့်လည်း အဆက်အဆံ မပြုကြတော့။

ထို့ကြောင့် မြန်မာပြည်ကြီး ဆင်းရဲသထက် ဆင်းရဲတွင်းနက်လာသည်။ အိန္ဒိယနိုင်ငံမှာ ကျွန်တော်တို့ နိုင်ငံထက် တစ်နှစ်နောက်ကျ၍ (၁၉၄၈)ခုနှစ်တွင်မှ လွတ်လပ်ရေးရခဲ့သော်လည်း မဟာတ္တမ ဂန္ဒီကြီးနှင့် နေရူးတို့၏ ချမှတ်ခဲ့သော လမ်းစဉ်အတိုင်း တိုင်းပြည်ကြီးအား နောက်လူများက အုပ်ချုပ်ခဲ့ကြသောကြောင့် မြန်မာပြည်ထက် လွတ်လပ်ရေးအရ နောက်ကျသော်လည်း မြန်မာပြည်ထက်စော၍ ခေတ်မီဖွံ့ဖြိုးသော အိန္ဒိယနိုင်ငံကြီးဖြစ်သွားသည်။

ဦးနေဝင်း အစိုးရလက်ထက်တွင် အိမ်စောင့်အစိုးရအမည်မှ တော်လှန်ရေးအစိုးရ၊ ထိုမှ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီက စစ်သားများအား ယူနီဖောင်းလဲပြီး အရပ်ဝတ် ဝတ်၍ ဒီမိုကရေစီ နိုင်ငံသစ်... 

ယူနီဖောင်းလဲပြီး အရပ်ဝတ် ဝတ်၍ ဒြိမ်ဝပိပြားရေး အစိုးရဟူ၍ အမည် အမျိုးမျိုး ပြောင်းလဲခဲ့သည်။ သို့သော် အုပ်ချုပ်ရေးကတော့ တိုးတက်မလာဘဲ တစ်ပုံစံတည်းဖြစ်သည်။ တိုင်းပြည်ကြီးအား မျှောကြိုးစမ်းသလို စမ်းတဝါးဝါးဖြင့် ဟိုလိုပြောင်း၊ သည်လိုပြောင်း၍ စမ်းတဝါးဝါး စမ်းသပ် အုပ်ချုပ်ခဲ့ခြင်း ဖြစ်ပါသည်။

(၁၉၈၅) ခုနှစ်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ တရားဝင် ထုတ်ပြန်သုံးစွဲခဲ့သည့် ငွေကျပ် ၁၀၀ တန်များအား ကြေညာချက်များထုတ်ပြန်ပြီး တရားမဝင် ငွေစက္ကူများအဖြစ် ကြေညာပြီး သိမ်းဆည်းဖယ်ဖျက်ခဲ့သည်။ သို့သော် ထိုတစ်ချိန်က တရားဝင် ငွေစက္ကူများဖြင့် ပြန်လည်လဲလှယ်ပေးခဲ့သောကြောင့် ပြဿနာမရှိလှပါ။ ထိုစဉ် ထိုအခါက (၁၀၀) ကျပ်တန် ငွေစက္ကူဆိုသည်မှာ မြန်မာနိုင်ငံတွင် အကြီးဆုံးဖြစ်သည်။ လူတိုင်း ကိုင်နိုင်ကြခြင်း မရှိပါ။ ငွေတန်ဖိုးက အလွန်မြင့်သည်။

ထို့နောက် တစ်ဖန် (၁၉၈၇) ခုနှစ်ခန့်တွင် ၂၅ ကျပ်တန် ငွေစက္ကူများအား တရားမဝင်ကြေညာပြန်သည်။ ထို ၂၅ ကျပ်တန် ငွေစက္ကူများကတော့ ဆင်းရဲသားများ ကျောင်းသားနှင့် လူတိုင်းတွင်ရှိနိုင်သော ငွေစက္ကူများ ဖြစ်ကြပါသည်။ ထိုအချိန်ကတော့ ၂၅ ကျပ်တန် ငွေစက္ကူများအား တရားမဝင် ကြေညာပြီးနောက် အစိုးရဌာနဆိုင်ရာများမှလွဲ၍ ပြည်သူလူထုလက်တွင်း၌ ရှိနေကြသော ငွေများကို သိမ်းဆည်းခြင်းလည်း မပြု၊ ပြန်လည်လဲလှယ်ခြင်းလည်း မပြုတော့ပါ။ ထို့ကြောင့် အထိနာကြသော ဆင်းရဲသားများနှင့် ကျောင်းသားများ ခေါင်းထောင်ထလာကြသည်။



(၁၉၈၈) ခုနှစ် မတ်လကတည်းကစပြီး ကျောင်းသားနှင့် ပြည်သူပြည်သားများ ထကြွဆူပူမှု စတင်လာခဲ့ခြင်းဖြစ်ပါသည်။ ထို့ကြောင့် အင်္ဂလိပ်ခေတ်ဦးပိုင်းက ပေါ်ထွန်းခဲ့သော စကားပုံအတိုင်း 'ဖိလွန်းလျှင်ကြွ၊ ထိလွန်းလျှင်ချ' ဟူ၍ ပေါက်ကွဲလာကြခြင်းဖြစ်ပါသည်။ လူတစ်စုမှ လူထု၊ လူထုမှ တစ်နိုင်ငံလုံးသို့ မီးပွားကူးစက် ပျံ့နှံ့လာကြပြီး နောက်ဆုံးတွင် စက်မှုတက္ကသိုလ်ကျောင်းသားများ အရပ်သားများနှင့် ကြို့ကုန်းအနောက်ဘက်ရပ်ကွက်တွင် ခိုက်ရန်ဖြစ်ပွားရာမှ စနက်တံမီးကူးပြီး ပေါက်ကွဲမှုကြီး ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ထိုစဉ်အခါ ဥက္ကဋ္ဌကြီးဦးနေဝင်းက လုံထိန်းတပ်ဖွဲ့များနှင့် သေနတ်များဖြင့် ပစ်ခတ်ပြီး ရန်ပွဲကို နှိမ်နင်းခဲ့ရာ ကျောင်းသားခေါင်းဆောင် ဖုန်းမော်ကျဆုံးခဲ့သည်။ ထို့အပြင် ဥက္ကဋ္ဌကြီးက သေနတ်ဆိုတာ မိုးပေါ်ထောင်မပစ်ဘူး၊ တည့်တည့်ပစ်ရတာဟု ကြိမ်းဝါးခဲ့သည်၊ ကျောင်းသားနှင့် အရပ်သားများ အဓိကရုဏ်းဖြစ်ပွားရာတွင် လုံခြုံရေးရဲတပ်ဖွဲ့က (Recoiless gun)ဖြင့်သာ အဓိကရုဏ်း နှိမ်နင်းခဲ့သည်ဟု ဆိုပါသည်။

ထို (Recoiless gun) ခေါ် ပြောင်းရစ်မပါသည့် ပြောင်ချောသေနတ်များမှာ ခြောက်လုံးကျည်၊ ကိုးလုံးကျည်များထည့်၍ ပစ်ရသော ယခင် အင်္ဂလိပ်ခေတ်က ရှာလူကြီးများ ကိုင်ဆောင်ကြသည့် နှစ်လုံးပြူးသေနတ်လိုမျိုးဖြစ်သည်။ လူအုပ်စုကို ဖြိုခွင်းရာတွင် တစ်ထောင့်ချင်း မထွက်ဘဲ သေနတ်ပြောင်းအတွင်းမှ ကျည်ဆန်များ အစုလိုက်အပြုံလိုက်ထွက်ပြီး လူများစွာကို မှန်စေနိုင်သော သေနတ်မျိုး ဖြစ်ပါသည်။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့်လည်း စက်မှုတက္ကသိုလ်ကျောင်းသားများ အရေးအခင်းတွင် သေနတ်ကျည်ဆန်မှန်၍ သေဆုံးသူနှင့် ဒဏ်ရာရသူများ အများအပြားရှိခဲ့သည်။ ထို ဖုန်းမော်ကျောင်းသား အရေးအခင်းမှစတင်ပြီး ရန်ကုန်တက္ကသိုလ်နှင့် နယ်မြေအသီးသီးရှိ တက္ကသိုလ်ကောလိပ်များသို့ သတင်းကူးဆက်ပျံ့နှံ့ပြီး (၁၉၈၈) ခုနှစ် တစ်တိုင်းပြည်လုံး ကျောင်းသားများတွင် သာမက အလုပ်သမား၊ လယ်သမား ပြည်သူလူထု တစ်ရပ်လုံး ပါဝင်ဆင်နွှဲကြသည့် အရေးအခင်းကြီး ဖြစ်လာခဲ့ခြင်းဖြစ်ပါသည်။

အထက်တွင် ဖော်ပြခဲ့သလို အင်းစိန်ထောင်ကြီးကို အချုပ်သားအကျဉ်းသားများ (၂၆–၈–၈၈) ရက်နေ့တွင် မီးရှို့ဖျက်ဆီးခဲ့သည်။ သို့သော် အကျဉ်းသား၊ အချုပ်သားများအား နောက်ရက်များတွင် တရားဝင်ကိုယ်ပိုင်ခံဝန်ဖြင့် စနစ်တကျ လွှတ်ပေးခဲ့ပါသည်။ အရေးအခင်းပြီးတော့လည်း အုပ်ချုပ်ရေး ယန္တရားတွင် အကျဉ်းထောင်မရှိ၍ မရပါ။ တပ်မတော်က (၁၈–၉–၁၉၈၈) နေ့တွင် အာဏာသိမ်းပြီးနောက်ပိုင်း၌လည်း အကျဉ်းသား အချုပ်သားများဖြင့် အင်းစိန်ဗဟိုအကျဉ်းထောင်ကြီးအပါအဝင် တစ်နိုင်ငံလုံးရှိ အကျဉ်းထောင်များ၌ အကျဉ်းသား၊ အချုပ်သားများ ပြန်လည်ရောက်ရှိလာကြပြီး ယခင် အရေးအခင်းမဖြစ်မီ ကာလကအတိုင်းပဲ လူစည်ကား၍ နေပြန်ပါသည်။

ထို့ကြောင့် ထောင်နှင့် အရေးအခင်း၊ အရေးအခင်းနှင့် ထောင်ဟူသည်မှာ ခေတ်အဆက်ဆက် ဒွန်တွဲ၍ နေခဲ့ခြင်းဖြစ်ပါလိမ့်မည်။

တဖက်ပရိသတ်ကြီးအား လေးစားစွာဖြင့်—
ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com